
စိုးမိုးစာပေ

# ပျူး

## တိမ်တွေနဲ့ပန်းဝင်လာတဲ့ ပင်လယ်



Digital Art: Idea Kyaw & Wai Yan

# အခန်း ( ၁ )

အဝတ်တွေအပြည့်ပါသည့် ဇလုံကြီးကို ခါးစောင်းတင်ပိုက်၍ ရေချိုးခန်းဆီ လျှောက်လာခဲ့စဉ် ဧည့်ခန်းထဲမှာ လူတွေစုံနေသည် ကို သတိထားလိုက်မိ၏။

မမကြီးအခန်းထဲက ထွက်၍ ရေချိုးခန်းဆီ လျှောက်လှမ်းနေသော ကာလတိုလေးအတွင်းမှာ ဧည့်ခန်းမကြီးကို ဖြတ်သန်းရသည် ။

အားလုံး၏ မြင်ကွင်းထဲကို ပန် ရောက်သွား
စ ဉ ်မ ၂၁ စကားသံတွေကော
ရယ်မောတွတ်ထိုးခြင်းများအားလုံး ရပ်တန့်ကုန်ကြသည် ။

တိခနဲ တိတ်ကျသွားသည့် ရယ်သံတွေကြောင့် ဟိုအရင်ကဆို ပန် ခြေလှမ်းမှားခဲ့ဖူးသည် ။ အခုတော့လည်း ကြိုးစားထိန်းချုပ်နိုင်ခဲ့ပါပြီ။

ထုံးစံအတိုင်း သူတို့ အားလုံး၏ အာရုံများက ပန့်ထံမှာ ပြောင်းလဲရောက်ရှိကုန်လိမ့်မည် ။ ခုလောက်ဆို သူတို့ ပါးစပ်ထဲမှာ ပန့်အကြောင်းများ သာ ပြောဖြစ်ကြပါလိမ့်မည်။

ပန်သည် ဒီအိမ်မှာ ရှိသမျှ လူအားလုံး၏ မလိုလား မကြည်ဖြူခဲ့သောသူသာ ဖြစ်နေခဲ့သလား။

"ဟော့ ဟော့ အဲဒါကို လုံးဝ သုံးလို့ မရတော့ဘူး၊ မကိုင်နဲ့ "

အဝတ်လျှော်စက်ကို ဖွင့်လိုက်ပြီးသည့်လက်က နောက်က အော်ဟစ်လိုက်သံကြောင့် တွန့်ခနဲဖြစ်သွားခဲ့၏။

ဒေါ်ဇင်မာသည် ကိုကို့မာမီဖြစ်ကာ ပန့်ကို အမုန်းဆုံးလူသားတစ်ယောက်၊ ခေါ်သည် ကိုက နာမည်ကို သူများ လို "ပန်" ဟု အဖျားဆွတ်မခေါ်။

"တစ်ပွင့်ပန် ညည်း ဒီနေ့ကစပြီး အဝတ်ကိုလက်နဲ့ ပဲ လျှော်ရတော့မှာ ၊ ဒီအဝတ်လျှော်စက်ကို ပြန်ရောင်းပစ်ဖို့ ပြောပြီးသား၊ ပိုက်ဆံတောင် ယူသုံးထားပြီးပြီ၊ ညနေဆို လာယူကြလိမ့်မယ်"

ပြောပြီး ဒေါ်ဇင်မာက ပန် စုဆောင်းထားသည့် ဇလုံထဲမှာ ပြည့်မောက်နေသည့် အဝတ်တွေကို ငုံ့ကြည့်သည် ။

ပြီးတော့ ဒါလေးများ ဆိုသည့် မျက်ဝန်းများ နှင့် ပန့်ကိုကြည့်၍ ခါးတစ်ဖက်ထောက်လိုက်၏။

"ဒီအဝတ်လောက်လေးကို အဝတ်လျှော်စ

က်ကြီးနဲ့ လုပ်နေဖို့ မလိုပါဘူးအေ၊ ချက်ပြုတ်လျှော်ဖွတ်တယ်ဆိုတာ မိန်းကလေးအလုပ်ပဲ၊ ညည်းလည်း သူဌေးသမီးပေမယ့် ရာထူးကျသွားပြီ၊ တို့ တွေကလည်း ကျိုကျိုတက် ချမ်းသာခဲ့ပေမယ့် ခုတော့ အထည်ကြီးပျက် ဖြစ်နေပြီ၊ ညည်းကို သူဌေးသမီးမို့လို့ ဦးစားပေးစရာအကြောင်းလည်း မရှိတော့ဘူး၊ ပေးဖို့ လည်း မလိုဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ ဒီအိမ်မှာ ငါတို့ က ညည်းကို တောင့်တောင့်တတ မက်မက်မောမော ခေါ်တင်ထားတာမှ မဟုတ်တာ၊ ဒါတွေကို ညည်းနားလည်ပါတယ်”

ပြောရင်း နှုတ်ခမ်းမဲ့၍ မျက်စောင်းတစ်ချက်ကို တည့်တည့်ကြည့်ပြီးမှ ပစ်လွှတ်၏။ ထုံးစံအတိုင်း ပန် ဘာမှ မပြောနိုင်ခဲ့ပါ။

မုန်းပဲမုန်းနိုင်လွန်းသော ဖြူဖြူပြည့်ပြည့်မျက်နှာကြီးကို ငေးကြည့်နေရင်း ကိုယ့်ကိုယ်

ကိုယ် အပြစ်ဖို့ ခြင်းသာ ဖြေသိမ့်လိုက်ရသည်
။

ဒေါ်ဇင်မာသည် ပန့်ကို မျက်နှာမှ ခြေထောက်သို့ ကူးချီသန်းချီ နှစ်ခေါက်မျှ ပင့်လှန်ဝေ့ဝိုက်ကြည့်၍ အထင်အမြင်သေးခြင်းကို ပြသည်
။

ပြီးမှ နေရာမှ ချာခနဲ လှည့်ထွက်သွားခဲ့သည် ။

ထိုတစ်နေ့လည်လုံးမှာ ပန့် ရေချိုးခန်းထောင့်လေးမှာ ထိုင်၍ ဇလုံထဲမှာ ရှိသမျှ အဝတ်တွေ လျှော်ခဲ့ရသည် ။

ဖိနပ်စီးထားပေမယ့် ခြေဖျားကလေးတွေက ရေစိုနူးပွကာ တွန့်တွန့်ရှုံ့ရှုံ့တွေ ဖြစ်လာ၏ ။ လက်ဝါးပြင်တစ်ခုလုံးမှာ ကျိန်းစပ်နာကျင်ကာ မကြာခဏ ပေါက်ပြဲခဲ့ဖူးသော နေရာများမှာ ပြန်၍ ပေါက်ပြဲကုန်၏။

နောက်ဆုံးအဝတ်တစ်ထည်ကို ရေညှစ်လိုက်ပြီးသောအခါ လက်ဖဝါးသည် လက်ချောင်းကလေးများ ဆုပ်ဖြန့်သည့်ဒဏ်ကိုပင် မခံနိုင်တော့ဘဲ အဆမတန် နာကျင်နေပြီ ဖြစ်၏။

မျက်ရည်စက်တို့ သည် လည်း ပိုးပိုးပေါက်ပေါက် ကျလာကြသည် ။ ထိုစဉ် နောက်ဘက်က ခြေသံပြင်းပြင်းကို ကြားလိုက်ရပြီး

"မိပန်"

ခေါ်သံက မေလင်း၏ အသံဖြစ်သည် ။

မမကြီးက ကိုကို့အစ်မ။ မေလင်းကတော့ ကိုကို့ညီမပေါ့။

ကိုကို့ရှေ့မှာ ပန်ဟု သာ ခေါ်ပေမယ့် ကွယ်ရာမှာ မိပန်လို့ ပဲခေါ်သည် ။ ကိုကိုကိုယ်တိုင်ကလည်း အိမ်သားတွေအားလုံး ပန့်ကို ဘယ်လိုခေါ်ပြောသလဲ၊ ဘယ်လိုဆက်ဆံသလဲဆိုတာ စိတ်ဝင်တစားရှိခဲ့သည် မဟုတ်။

ကိုကို့ကို ပန် ချစ်သော်လည်း ကိုကိုက ပန့်ကို မချစ်မနှစ်သက်ခဲ့။

"အမလေး ဒါလေးလျှော့ရတာများ မျက်ရည်တွေဘာတွေကျလို့ ၊ ဘာလဲ ကိုကိုလေးပြန်လာရင် မျက်ရည်ခံထိုးမလို့ ကြိုတင်ကျနေတာလား၊ လုပ်မနေနဲ့ ဒီနေ့ ကိုကိုလေး လုံးဝပြန်လာမှာ မဟုတ်ဘူး ၊ အပျိုကြီးတို့ ကားနဲ့ ဘုရားဖူးပါသွားတယ်ဆိုတော့ အနည်းဆုံးနှစ်ညလောက်တော့ အိပ်ကြမှာ ၊ ခုလောက်ဆို အပျိုကြီးနဲ့ အိုကေနေပြီ အဟွန်း"

ပန့်မျက်နှာကို ဘေးတိုက်ကနေ ငုံ့ကြည့်၍ အားရပါးရပြောပြီး မျက်နှာရှေ့ကို လျှောက်လာသည် ။

လက်ထဲမှာ ပိုက်လာသည့် အဝတ်တစ်ထုပ်ကို တမင်ဖွ၍ ပစ်ချလိုက်၏။

"ဒီမှာ ငါ့စကတ်သုံးထည်နဲ့ အင်္ကျီသုံးထည်

ကျန်ခဲ့တယ်၊ သေချာလျှော်ပေး၊ ဩော် လှန်းရင် နေသိပ်ပူတဲ့ နေရာမှာ မလှန်းနဲ့ နော်၊ အင်္ကျီပစ်ရမယ်၊ ဒါပေမဲ့ မိုးချုပ်တာနဲ့ ခြောက်အောင်တော့ ဂရုစိုက်၊ ဒီစကတ်တွေထဲက တစ်ထည်ကို ညကျဝတ်မှာ သွားစရာရှိတယ်"

ပန် နာကျင်လှပြီဖြစ်သည့် လက်ဝါးကို မရဲတရဲ ဆုပ်ကြည့်၏။ စူးရှစွာ နာကျင်သွားခြင်းကြောင့် မျက်နှာကိုမော့၍ မေလင်းကို တောင်းပန်သလို ကြည့်မိသည်။

"တို့ လက်တွေ သိပ်နာနေပြီ မေလင်းရယ်၊ မနက်ဖြန်ကျမှ လျှော်ပေးလို့ မရဘူးလား၊ စောဒကတက်တာ မဟုတ်ပါဘူး၊ တောင်းပန်တာပါ"

"အို လက်တွေနာလည်း လုပ်ရမှာ ပဲ၊ ရှေ့လျှောက် ပိုတောင်လုပ်ရဦးမှာ အဝတ်လျှော်စက်က မရှိတော့ဘူး၊ တစ်အိမ်လုံးအဝတ် နင်ပဲ

လျှော်ရမှာ ၊ ဒီမှာ မိပန် နင့်ကြောင့် ငါတို့ မှာ ရွှေဥဥပေးနိုင်တဲ့ အစ်ကိုတစ်ယောက်လုံး တန်ဖိုးမဲ့စွာ ဆုံးရှုံးခဲ့ရတာ၊ နင့်လိုဘာမှ မဟုတ်တဲ့ သူဌေးအမည်ခံ ငမွဲမကို ယူခဲ့ရလို့ တို့ တစ်အိမ်လုံး မွဲတေကုန်ရတာ၊ မဟုတ်ရင် ခုလောက်ဆို ငါတို့ ဒီတိုက်ကြီးကိုလည်း တစ်ဝက်ပိုင်း ရောင်းပစ်ဖို့ မလိုဘူး၊ ကားလည်း လပေးနဲ့ ငှားစီးနေရမှာ မဟုတ်ဘူး ၊ ကိုကိုလေးက သူဌေး ဒိတ်ဒိတ်ကျဲကိုရနိုင်တဲ့ သူ၊ ယူလည်း ယူမလို့ နင် ဖွတ်ဝင်ရှုပ်လို့ အခုလို အားလုံးဒုက္ခရောက်ရတာ၊ အဲဒါ နင် တရားခံ၊ နင့်မှာ အပြစ်အရှိဆုံး၊ ဒီတော့ ဒီအိမ်ရဲ့ ဒုက္ခအားလုံး နင်ပဲ ခံရမယ်၊ မခံနိုင်ရင် ခုချက်ချင်းဆင်းသွား၊ ငါတို့ အားလုံးက နင့်ယောက်ျားကအစ လက်ခုပ်တောင် ထတီးကြဦးမှာ မယုံမရှိနဲ့ ”

မေလင်းက လက်ဖဝါးချင်းပွတ်၍ အားရပါးရပြောပြီး ဆံပင်တိုတို ကောက်ကော

က်လေးတွေကို လွှင့်ခါသွားအောင် ခေါင်းကို ယမ်းပစ်၏။

"ငါဖြင့် နင့်လောက်သည်းခံပြီး မျက်နှာပြောင်တဲ့ မိန်းမမျိုးနင့်ကျမှ ပဲ တွေ့ဖူးတယ်၊ တကယ် အိမ်မှာ မနေနိုင်အောင် ဒီလောက်ပိုင်းသမနေကြတာတောင် အတင်းကပ်တွယ်နေတယ်၊ အေးပေါ့ ငါ့အစ်ကိုက နင့်ရုပ်မျိုးနဲ့ စိတ်ကူးယဉ်မကြည့်ရဲလောက်အောင် ချောနေတာကိုး၊ နောက်ထပ် ဘဝဆက်တိုင်းရှာတာတောင် ရတော့မှာ မဟုတ်ဘူး ဆိုတော့ မိသလောက် ဆုပ်ဖမ်းထားရမှာ ပေါ့။ ကိုယ့်ဝင့်ကြွေးနဲ့ ကိုယ်ပဲလို့ သဘောထားပြီး လုပ်သာလုပ်"

မေလင်း ထွက်ခွာသွားသည့် ခြေသံကပြင်းသည် ။ နှလုံးသားတစ်ခုလုံးမှာ ဆတ်ခနဲ စူးခနဲ နာကျင်သွား၏။ ဟုတ်ပါတယ် ကိုကို့ကို ပန်

က ချစ်ခဲ့တာပါ။

ပန်နဲ့ကို လက်ထပ်ဖို့ ဘယ်လိုမှ စိတ်ကူးမရှိခဲ့ဘဲ ကိုကိုလက်ထပ်ခဲ့ရတော့ သူတို့ မလိုလားမှန်းသိရက်နဲ့ ပန်က လိုက်ခဲ့တာပါ။

သိနေရင်လည်း ခံလိုက်တော့ မိပန်။

ခံထိုက်တယ်လို့ တွေးမိရင်လည်း မငိုနဲ့တော့။

သူ့ကို ချစ်နေရရင် ပြီးရောဆို။

သူ့မျက်နှာကို မြင်နေရရင် နင် ကျေနပ်တယ်မဟုတ်လား လုပ်ပေးလိုက်စမ်း။

ပန် ခွေးခြေခုံပြားလေးမှာ ပြန်ထိုင်လိုက်သည် ။ ရေညှစ်ပြီးစီးထားသည့် အဝတ်တွေကိုဘေးရွှေ့ထားလိုက်ပြီး မေလင်း ချထားခဲ့သည့် အဝတ်တွေကို စုယူလိုက်သည် ။

သို့သော် ကျောနောက်မှ ခြေသံဖွဖွကလေး

တစ်ချက်ကြားလိုက်ရပြီး ပန်နံ့မျက်လုံးရှေ့သို့ ထမိအပြာပွင့် ခပ်မှိန်မှိန်နှင့် ခြေထောက်တစ်စုံ လာရပ်သည် ။

ပြီးတော့ ဖျတ်ခနဲ ထိုင်ချကာ ပန်ကိုင်ထားသည့် အဝတ်တွေကို ဆွဲယူလိုက်၏။

"ပေး မယု လျှော်လိုက်မယ် ပန်၊ ပန် သွားနားတော့"

မယုက ဒေါ်ဇင်မာ၏ တူမဝမ်းကွဲဖြစ်သည် ။ မမကြီးထက် အသက်တစ်နှစ်ငယ်ပေမယ့် ကိုကို့ထက်အကြီး ဖြစ်၏။

ဒီအိမ်မှာ လူအများကြားမှာ ဆို ခပ်ကွယ်ကွယ် တိတ်တိတ်ဆိတ်ဆိတ် နေတတ်ပေမယ့် ပန့်ကို အညှာတာဆုံး သံယောဇဉ်အရှိဆုံးဖြစ်သည် ။

"နေပါစေ မယုရယ်၊ မမကြီးသိသွားရင် မယုပါ အဆူခံနေရပါဦးမယ်"

မျက်ရည်တွေပြည့်ဝိုင်းကာ သနားဖွယ် ကောင်းသည့် ပန့်မျက်နှာလေးကို စိုက်ကြည့်၍ မယု စိတ်မကောင်းဖြစ်သွားမိသည် ။

လက်ဖဝါးလေးတွေကို ဆွဲလှန်ကြည့်လိုက် တော့ ပေါက်ပြဲသွေးစို့နေသည့် နေရာတွေမှာ ဆေးနီစက်တွေ တို့ ထားသလို မြင်ရက်စရာမ ရှိ။

"သွားနားပါ ညီမလေးရယ်၊ မယု စိတ်မ ကောင်းလိုက်တာ၊ သူတို့ အပေါ်ထပ်ကို တက် သွားကြပြီ၊ လုံးဝ ဆင်းလာမှာ မဟုတ်ဘူး ၊ သွားနားချေသွား၊ ဒါတွေအားလုံး မယုပဲ လှန်း ထားမယ်၊ ထပါကွယ်"

"မယုရယ်"

ကျေးဇူးတင်လွန်း၍ ပြောမထွက်။

မျက်ရည်စက်တို့ သာ ဒလဟော ဆင်းကျ လာကာ မယုပခုံးထက်မှာ မျက်နှာလေးဖေးတ

င်၍ ငိုချလိုက်မိသည်။

"ကိုယ့်မိဘဆီ ပြန်ပါလား ညီမလေးရယ်" လို့ မယု မပြောရက်ပါ။ ချိန်းကို ပန် ဘယ်လောက်ချစ်တယ်ဆိုတာ သူမ သိနေသည်။ သို့သော် အားလုံးမေတ္တာစက်ကွင်းအပြင်ကို ရောက်နေရှာသည့် အဖြစ်ကိုလည်း စာနာမိသည်။

အချစ်အတွက် ဤမျှ ပေးဆပ်သင့်ပါသလား။

ပန် ဆုံးဖြတ်ထားတာကို ဘယ်သူမှ မသိနိုင်ပါ။

အများ အမြင်မှာ မြို့စိတ်ပျော့နွဲ့နွဲ့ဟု ထင်ရသော်လည်း ပန့်ရင်ထဲမှာ ပြတ်သားသည့် ဆုံးဖြတ်ချက်တွေရှိနေသည်။

ထိုဆုံးဖြတ်ချက်သည် ကို့ကိုအပါးမှာ သာ ပန် ထာဝရရှိနေခွင့် ဖြစ်၏။

စာကြည့်တိုက်စားပွဲမှာ ထိုင်ရင်း ဒိုင်ယာရီ စာအုပ်လေးကို ဖွင့်ထားရင်းနှင့် မျက်ရည်တွေ ပြည့်တက်လာလိုက် နွေးခနဲ နွေးခနဲ လိမ့်ဆင်းသွားလိုက်။

ရင်ထဲက ခံစားချက်လေးတွေကို ရေးချဖို့ ဘောလ်ပင်န်ကို ကိုင်ထားသော်လည်း မျက်ရည်ကြောင့် မြင်ကွင်းက ဝေဝါးသွားသည့်အခါ မရေးနိုင်ဘဲ စောင့်နေရသည် ။

ကြည်လင်သွားသည့်အချိန်မှာ တုန်ယင်နေသည့်လက်က စာလုံးတွေကို ပုံဖော်မပေးနိုင်။ ထိုသို့ ကြည်လင်ခြင်း ဝေဝါးခြင်း ကာလနှစ်တန်ကြားမှာ ပန် အံကလေးကြိတ်၍ စာရေးဖို့ ကို အကြိတ်အနယ် အားမွေးနေခဲ့သည် ။

ကိုကို့ကို ပန်သိပ်ချစ်တယ်။

ကိုကို့နားမှာ ပဲ ပန် နေပါရစေ။

ကိုကို့ကိုချစ်ဖို့ မွေးဖွားလာခဲ့တဲ့ ပန်ပါ ကို

ကို။

ကိုကိုထားသလိုနေ စေရာသွားဖို့ အသင့်ရှိနေခဲ့တဲ့ ပန်ပါ။ ဘုရားတပည့်တော်မ တောင်းဆုပြုပါသည် ။

ဤဘဝမှာ အသက်မသေဆုံးမီ နာရီ၊ မိနစ်၊ စက္ကန့်လေးအတွင်းမှာ ဖြစ်ဖြစ် ကိုကို့အချစ်ကို ပန် ပိုင်ဆိုင်ခွင့်ရလိုပါ၏။

*

# အခန်း ( ၂ )

အသားက ဖြူလွန်းကာ ပါးမို့လေးတွေက နီမြန်းနေတတ်၏။ နှုတ်ခမ်းပါးလေးအစုံနှင့် နှာတံကလေးလည်း ပေါ်သည် ။

မျက်ခုံးတန်းတို့ သည် မည်းနက်ထူတန်းနေလျှင် အလွန်လှမှာ ဖြစ်သော်လည်း သေးမျှင်သော မျက်ခုံးတန်းလေးက အတော်ကြီး မှိန်ပျော့နေ၏။

မျက်ဝန်းလေးတွေကလည်း မှေးချင်သည် ။ သို့သော် မရှည်ပေမယ့် ထူကော့သည့် မျက်တောင်ကလေးများ နှင့် ပါးချိုင့်လေး နှစ်ဖက်ကြောင့် ရယ်လိုက်တိုင်း အလွန်ဖြူစင်

၍ ချစ်စရာကောင်းသော မျက်နှာကလေး ဖြစ်သွားတတ်ပြန်၏။

မနိမ့်မမြင့်ရှိသည့် အရပ်၊ ပခုံးလောက်သာ ရှည်သည့် ဆံနွယ်ပါးပါး ပျော့ပျော့လေးတွေက အားနည်းသလောက်ကောင်း၍ စိတ်ပျော့တတ်သူလေးမှန်း သိသာစေသည် ။ သူမလေးဟာ တစ်ပွင့်ပန်သာဖြစ်လေသည် ။

ကြီးကျယ်လိုက်တာ၊ စက်ရုံကြီးများ ပိုင်ရှင် ဦးကြာပန်းနှင့် ဒေါ်ချစ်ချစ်တို့ ၏ တစ်ဦးတည်းသော သမီးလေး။

"ဒီမွေးနေ့မှာ သမီးလေး ဘာယူချင်လဲ ပြော"

ပြောချင်တာပြောဖြစ်အောင် ဖြည့်ဆည်းပေးဖို့ အသင့်ပြင်ဆင်ထားပြီးသည့် ပြုံးအိနေသည့် မေမေ့မျက်နှာကို ငေးကြည့်၍ ပန်ဘာပြောရမှန်းမသိ။

ငါ ဘာပူဆာရမလဲဟု ပြေးလွှားတွေးကြည့်မိသော်လည်း ပူဆာချင်တာ ဘာမှ မရှိ။ မွေးနေ့ရောက်တိုင်း မေမေကော ဖေဖေကော ဒီလိုပဲ မေးနေကျဖြစ်သည်။

ပန်ကလည်း ဒီလိုပဲ စဉ်းစားနေကျဖြစ်ကာ နောက်ဆုံး ပန် မပူဆာတတ်သောကြောင့် မေမေတို့ ကပဲ ပန်လိုအပ်မည် နှစ်သက်မည်ထင်သည့် တစ်ခုခုကို ဝယ်ပေးတတ်မြဲ။ ခုလည်း မျက်တောင်လေး တဖျပ်ဖျပ်ခတ်၍ စဉ်းစားနေသည့် ပန့်ကို မေမေက ကြိုတင်သိမြင်နေသော အပြုံးနှင့် စိုက်ကြည့်နေ၏။

"ဘယ့်နှယ်လဲ၊ မွေးနေ့ကို မေ့နေတာလား၊ ပူဆာဖို့ ကို စဉ်းစားမထားတာလား၊ ထုံးစံအတိုင်း မေမေကပဲ ဝယ်ပေးရတော့မှာ လား"

"ဟော့ နေဦး ငါ့သမီး အဲဒီလောက် လောဘနည်းတာတော့ ငါ သိပ်မကြိုက်တော့ဘူးကွ၊ ရှိ

တာမှ ဒီသမီးတစ်ယောက်တည်း ငါတို့ မှာ ပေးချင်လိုက်ရတာ၊ ကျွေးချင်လိုက်ရတာ၊ သူ့မှာ ဘာမှ လိုချင်တာ စားချင်တာမရှိဘူး၊ အဝတ်အစားလည်း မက်ရမှန်းမသိဘူး၊ ရွှေငွေရတနာလည်း လိုချင်တယ်မရှိဘူး၊ တို့ ရှာဖွေနေရတာ အဓိပ္ပာယ်မရှိသလိုဘဲ”

ဖေဖေက ပန့်နားမှာ လာထိုင်ပြီး မေမေ့ကိုလည်း ပြောသလိုလို ပန့်ကိုလည်း ခေါင်းလေးတစ်ချက်ပုတ်၏။

“အစ်ကိုရယ် သုံးဖြုန်းနေတဲ့ သားသမီးဆိုရင်လည်း ရှင်ပဲ စိတ်ညစ်ရမှာ ၊ အေးတော့လည်း အေးလို့ တဲ့ ၊ သမီးလေးက မပူဆာတတ်လည်း မေမေတို့ ကပဲ ဝယ်ပေးရမှာ ပေါ့”

“ဒီလိုဆိုတော့လည်း သားသမီးနဲ့ မိဘကြားမှာ စိမ်းသွားတာပေါ့၊ တို့ ကလည်း ကလေးမပူဆာ မရင်းနှီးရဲလောက်အောင် တခမ်းတနား

တည်တည်တံ့တံ့ကြီး နေခဲ့တာ မဟုတ်ဘူး ၊ ကဲ သမီးပြောစမ်း ဒီမွေးနေ့မှာ တော့ သမီးပါး စပ်က တောင်းဆိုတာ တစ်ခုခု ဖေဖေကြားချင် တယ်၊ ဘယ်လောက် တန်ဖိုးကြီးကြီး ဖြစ်စေရ မယ် ရစေမယ်"

ဆံပင်တွေကို နဖူးထက်မှ သိမ်းလှန်နေရင်း မျက်နှာကျက်ကို မော့ကြည့် နေမိသည် ။

ဘာပူဆာရမလဲ၊ ငါဘာလိုချင်လဲ။

စဉ်းစားရင်း မျက်နှာလေး တဖြည်းဖြည်း တည်သွားခဲ့သည် ။

သိပြီ။ ပန်လိုချင်တာ နည်းခြင်းများ ခြင်းနှင့် တန်ဖိုးဖြတ်ယူနိုင်သည့် ပစ္စည်းတစ်ခုမဟု တ်။

"ဖေဖေ"

"ပြော သမီး"

မေမေလို့ ထပ်မခေါ်ဖြစ်ပေမယ့် ပန် မေမေ့ကိုလည်း လှည့်ကြည့်သည်။

"သမီးတောင်းဆိုတာကို တကယ်ပေးမှာလားဟင်"

"သမီးရယ် ပေးချင်လွန်းလို့ မေးနေတာကို ဘာများ တောင်းဆိုချင်လို့ လဲ ပြောသာပြော"

ဦးကြာပန်းက ပန့်ပခုံးလေးကိုပါ ချစ်စနိုးဖက်၍ ပြောဆိုရဲလာအောင် လမ်းဖွင့်ပေးနေသည်။

ထိုအချိန်မှာ ပန့် ရင်ထဲမှာ ကိုကို ရှိနေခဲ့ပြီးဖြစ်၏။

ကိုကိုသည် စွဲမက်ဖွယ်ကောင်းအောင် ချောသည်။ ဘယ်နေရာအနိမ့်အမြင့်၊ ရှေ့နောက် ဘယ်လိုပဲကြည့်ကြည့် ငေးကြည့်နေချင်အောင်

ချောပါ၏။

သို့သော် မေမေတို့ ဘယ်လိုမှ နှစ်သက်လက်ခံနိုင်မည်မဟုတ်သော အခြေအနေများ နှင့်သာ ကိုကိုဟာ ပန်နှင့်နီးစပ်နိုင်ဖို့ လည်း လမ်းမရှိပါ။

ပန့်ရင်ထဲကို ကောက်ခါငင်ခါ ဝင်ရောက်လာခဲ့သော တောင်းဆိုမှုဟာ ကိုကိုနှင့်သာ ပတ်သက်သည် ။

ကိုကို့ကို ပန် သိပ်ချစ်၏။

"ပြောလေ သမီး၊ ဖေဖေ စောင့်နေတယ်"

ဖေဖေ ပန့်ပခုံးလေးကို လှုပ်လိုက်တော့မှ ပန် ဖေဖေမျက်နှာကို ပြုံး၍ ကြည့်လိုက်မိ၏။

"ဟို သမီးလေ၊ သမီး တောင်းဆိုချင်ပါတယ်"

"ပြောလေ"

“ဒါပေမဲ့ ခု မဟုတ်ဘူး ၊ သမီး တကယ် တောင်းဆိုလာတဲ့ အချိန်ရောက်ရင်သာ ဖေဖေ က မညည်းမညူ ပေးမယ်လို့ ခေါင်းညိတ်ထား ပါ”

“ဟင်”

ဦးကြာပန်း ပြုံးလက်စ နှုတ်ခမ်းတို့ လျော့ ရဲရဲဖြစ်သွား၏။

မျက်ဝန်းများမှာ နားမလည်သော တွေဝေ သော သမီး၏ စကား ဘယ်လိုလမ်းစ ထွင်လို က်တာလဲဟူသည့် တွေးတောခြင်းများ နှင့် အပြုံးမျက်နှာက မသိမသာ တည်တံ့သွားခဲ့သ ည် ။

ဒေါ်ဇင်မာက သားအဖ မျက်နှာတွေကို သေချာအကဲခတ်နေရင်း

“နေပါဦး သမီးရယ်၊ သမီးလေးပြောတာက အရမ်းကို လေးနက်သွားပြီ၊ ခုမပြောပေမယ့်

နောင်တစ်ချိန်ချိန်မှာ သမီး တောင်းဆိုလာနိုင်တဲ့ တစ်ခုခုတော့ မေမေတို့ လက်မခံနိုင်လောက်ဘူးလို့ တွက်ပြီး သမီးလမ်းခင်းထားတာဆိုရင်"

"ခေါင်းမညိတ်နိုင်ရင် ခေါင်းမညိတ်ပါနဲ့ မေမေ၊ ပန် မပြောခဲ့ဘူးလို့ ဘဲ ထားလိုက်ပါ၊ မွေးနေ့လက်ဆောင်ကို မေမေ ပေးချင်တာကိုပဲ ပေးပါတော့"

"ဟား ဒီလိုတော့ ငါမဖြစ်ချင်ဘူး၊ သမီးလိုချင်တာပြောလို့ ငါ ကတိပြုခဲ့ပြီးပြီဥစ္စာ၊ ဘယ်လောက် တန်ဖိုးကြီးကြီး မဖြစ်ဘူး မရဘူးဆိုတာ မရှိရဘူး၊ ကဲ သမီး ပြော"

ဒေါ်ချစ်ချစ်က ပင့်သက်ရှိုက်၍ မချိပြုံးလေးပြုံးသည် ။

ပန်က ဦးကြာပန်းရင်ခွင်ထဲ ခေါင်းလေးတိုးဝင်လိုက်ပြီး ပါးချိုင့်လေးတွေ

ခွက်ဝင်သွားသည် အထိ ပြုံးနေ၏။

"ဘာမှ တော့ အရေးတကြီးမဟုတ်ပါဘူး ဖေဖေ၊ နောင်တစ်ချိန်ချိန်မှာ သမီးက ဖေဖေနဲ့ မေမေ စိတ်ဆိုးလောက်အောင် အပြစ်တစ်ခုခု လုပ်ခဲ့မိရင် ခွင့်လွှတ်ပေးဖို့ ပါ"

"ဟေ"

"ဘယ်လို သမီး"

မိဘနှစ်ပါးစလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည် ။

"သမီးက သိတတ်လိမ္မာလွန်းလို့ တောင်မှ စိတ်ညစ်စရာ ကြံဖန်ရှာကြံနေကြရတာ၊ သမီး က ဘာတွေအပြစ်လုပ်ဖို့ များ စိတ်ကူးရှိလို့ လဲ "

ဒေါ်ချစ်ချစ် ချောက်ချားသွားပုံကိုကြည့်၍ ပန်က ပေါ့ပါးစွာ ရယ်ပြလိုက်၏။

"မေမေကလည်း ပန်နစိတ်ထဲမှာ ဘာမှ မရှိ သေးပါဘူး၊ အဲဟို ပန်က ဥ ဥပမာနော် ဥပမာပြောတာ၊ အဲဒါ တကယ် မဟုတ်ဘူး "

"အင်းပါ ပြောပါ"

"ဥပမာ ပန့်ကို မေမေတို့ က အိမ်ထောင်ချ ပေးမယ် ဘာညာ ပန်က မယူချင် အဲ့ဒါမျိုးပေါ့၊ မိဘစကား နားမထောင်ဘူးဆိုပြီး မေမေတို့ က စိတ်ဆိုးကြမှာ မဟုတ်ဘူး လား"

"သမီးရယ်"

"ငါ့သမီးရာ ဟား ဟား ဟား"

မေမေ ရင်ဘတ်လေးဖိ၍ သက်ပြင်းချကာ ဖေဖေက ပေါ့ပါးစွာရယ်၏။

"ဒီအတွက်များ သမီးရယ်၊ သမီးကို ဖေဖေ တို့ က ဒီတိုင်းလေး တစ်သက်လုံးကြည့်သွားရ လေ ကြိုက်လေပဲ၊ ဒါကိုမပူနဲ့ လုံးဝကတိပေး

တယ်”

“အဲဒါ ဥပမာနော် ဖေဖေ”

“ဟုတ်ပါပြီဗျာ၊ ပေးပါတယ်၊ အလားတူဖြစ်လာမှာ တွေကိုလည်း ခွင့်လွှတ်ပါမယ်လို့ ဖေဖေက ကတိပေးပါတယ်၊ ကဲ ကျေနပ်ပြီလား”

“ဟုတ်ကဲ့”

“ဒါဆို သမီးက ဒီနှစ်မွေးနေ့လက်ဆောင်ကို မယူတော့ဘူးလား”

“မယူတော့ဘူး”

“ဟုတ်ရဲ့ လား၊ ကတိကို ဖေဖေကပေးတာလေ၊ မေမေက ဘာမှ မပေးရသေးဘူး၊ မေမေ့ဆီက တစ်ခုတောင်းလို့ ရသေးတယ်”

“မတောင်းတော့ဘူး မေမေ၊ အဲဒါကို ဖေဖေနဲ့ မေမေဆီက နှစ်ယောက်လုံး ရလိုက်တယ်လို့ ပဲ ပန်သတ်မှတ်တာ၊ ဘာမှ မလိုချင်တော့

ဘူး"

မေမေက ခေါင်းညိတ်ရယ်ရင်း ဖေဖေ့ကိုကြည့်ပါသည်။

"အစ် အစ်ကိုနော်၊ အစ်ကို့သမီးရင်ထဲကိုလည်း မြင်အောင်ကြည့်ဦး၊ တော်ကြာ အဖေကြီး ပက်လက်လန်နေဦးမယ်"

"လန့်စရာမရှိပါဘူးကွာ၊ ငါ့သမီးက လိမ္မာပြီးသားပါ"

ပန် တကယ် လိမ္မာချင်ပါသည်။

ဒါပေမဲ့ ကိုကို့ကို တွေ့သည့်အချိန်မှ စ၍ ပန့်ခေါင်းထဲက အသိဉာဏ်တွေ ဆင်ခြင်တုံတရားအားလုံး စသည့်အရာများ သည် ကိုကို့ ခြေဖဝါးအောက်မှာ အနင်းခံကြေမွခဲ့ရလေသည်။

*

ကားလေးက တက္ကသိုလ်ဝင်းကို ကျော်ဖြတ်လာခဲ့၏။

"စကားတွေ ဝေ့နေတာနဲ့ ပြောချင်တာတွေ ပျောက်ကုန်ပြီ၊ တို့ ဘက်က ဘာတစ်ခုမှ တကယ်မပေးခဲ့ဘူး၊ ဒါကို မင်းသိရင် နောက်ဆုတ်လို့ ရသေးတယ် ပန်၊ တို့ စည်းထဲကို မင်းရောက်လာရင်လည်း တကယ်ဘာမှ ရမှာ မဟုတ်ဘူး ၊ တစ်ခုတော့ မင်းကို ပိုခဲ့တယ်၊ အဲဒါဘာလဲဆိုတော့ တို့ ရဲ့ တကယ်မဟုတ်တဲ့ တကယ်တွေ မပေးချင်ဘူး၊ တကယ်မဟုတ်တာတွေများ စွာထဲက မင်းကို တို့ ခင်တာက တကယ်၊ မင်း ယုံတာမယုံတာက တို့ နဲ့ မဆိုင်ဘူး၊ ကဲ ခုဘာလုပ်မလဲ"

ပန်က ဘာမှ ထူးခြားမသွားသည့် မျက်နှာလေးနှင့် မျက်လွှာချထားရင်း အကြာကြီး ငြိမ်သက်နေသည် ။

ပြီးတော့မှ မှန်ထဲကနေပဲ သူ့ကို ပြန်ကြည့်လိုက်မိ၏။

"ကိုကို့ဆီက တကယ်မဟုတ်တာတွေ များစွာထဲက တကယ်တစ်ခုကို ပန် ရထားတယ်ဆိုတော့ ပန် ကျေနပ်ပါတယ်၊ ကိုကိုလည်း ဒီအတိုင်းပဲနေလေ၊ ပန်လည်း ဒီလိုပဲနေမယ်၊ အခု ကိုကို ဘယ်သွားမှာ လဲ ပန် လိုက်မယ်"

သူက စေ့စေ့ကြည့်၍ ပြုံးသည် ။

ကျားငစဉ်းလဲ၏ အပြုံးမျိုးလား။

ဘာပဲဖြစ်ဖြစ် ပန် ကျေနပ်ပါတယ် ကိုကို။

ကိုကိုဟာ ကျားငစဉ်းလဲဆိုလည်း ကိုကို ပင်ပင်ပန်းပန်း သားကောင်မရှာရအောင် ကိုကို့ရှေ့အရောက် လည်စင်းအစားခံဖို့ လာတဲ့ သမင်ပျိုမလေးပါ။

ကိုကိုဟာ  စစ်သူကြီးတစ်ယောက်ဖြစ်ခဲ့ရင်

တောင် ပန်နဆီက ကိုကို ဘာမှ တိုက်ခိုက်ယူဖို့ မလိုပါဘူး ကိုကို။

ကိုကို့အတွက် အမြဲပေးဆပ်ချင်နေတဲ့ ပန်ပါ။

*

# အခန်း ( ၄ )

"ဟာ မာမီတို့ အဲဒါတော့ တကယ်လွန်တယ်၊ လုံးဝကို လွန်တာ"

"မဟုတ်ပါဘူး ချိန်းရယ်၊ မင်းဖုန်းကို ညနေပြန်ရွေးပေးမှာ ပါ၊ မာမီ တအားရှုံးသွားလို့ ငါးနာရီတည်း ပေါင်ခဲ့တာ၊ ညနေရရင် ပြီးမှာ မို့လား"

"ပြီးလို့ ရမလား၊ အိမ်ကဖုန်းကို ရောင်းပစ်လို့ ကိုယ့်ဟာကိုယ် ဟမ်းဖုန်းလေးဝယ်ထားပါတယ်၊ တကယ် မာမီရယ်၊ လုံးဝကိုတင်းတာ"

သူ ရေချိုးမလို့ ကိုင်လာသည့်တဘက်နှင့် သွားပွတ်တံကို တွေ့ရာ ဆွဲပေါက်ပစ်လိုက်သ

ည် ။

ဒေါ်ဇင်မာက သားဖြစ်သူကို တောင်းလည်း တောင်းပန်၊ နေရာမှ လည်း ထလာ၏။

"မင်းတော်တော်ဆိုးပါလား သားရယ်၊ အကျိုးအကြောင်း ပြောပြလည်း မရ၊ တောင်းပန်လည်း မရ၊ မိဘကို ဆောင့်လား အောင့်လားနဲ့ "

"အေးလေဟယ် ချိန်းက တော်တော်ကိုဆိုးတာပဲ၊ မိဘကိုရှိတာ မရှိတာလည်း မသိတာ မဟုတ်ဘူး ၊ နင့်ဟာကို မိုးမချုပ်ခင် ပြန်ကိုင်ရပြီးရောမဟုတ်လား"

"မပြီးဘူး၊ လုံးဝမကိုင်တော့ဘူး၊ အဲဒီဖုန်းကို တစ်ခါတည်း ရောင်းပစ်လိုက်တော့"

"မောင်လေး"

အကြီးမ မေမီက အော်ငေါက်၍ ဆတ်ခနဲ

MPT

ထရပ်သည် ။

"နင်မိဘ စိတ်မကောင်းအောင် ဒီလောက် ရွှဲ့ရသလား"

"မတတ်နိုင်ဘူး၊ စိတ်မကောင်းလည်း မကိုင်နဲ့ ပေ့ါ၊ ဒီလိုလုပ်တိုင်း ဒီလိုဖြစ်တာပဲ၊ ဖြစ်ဖြစ်မဖြစ်ဖြစ် လုပ်ချင်တာလုပ်ဟော့ပဲမို့လား၊ လုပ်ပြီးတော့မှ ဒီကပြောတော့ ရိုင်းတယ်တဲ့ ၊ မမကြီးတို့ ကျွန်တော့်ကို နာမည်ကိုကော လူကိုကော ထင်သလို ကိုင်တွယ်လုပ်စားနေကြတာ၊ ဟွန်း မပြောချင်လို့ "

"ဘာပြောတယ် ချိန်း"

ဒယ်ဒီလည်း အပေါ်ထပ်ကဆင်းလာသည် ။

အငယ်မ မေလင်းက ထိုင်လျက်မှ ဆီးထုပ်စားမပျက်။

MPT

မာမီကော မေမိပါ သူနားရောက်လာကြပြီး ဒယ်ဒီဆင်းလာတာကိုပါ မြင်ပေမယ့် ရက်ချိန်းက ဂရုမစိုက်။

မျက်နှာကို အစွမ်းကုန်တင်း၍ ဂျစ်ကန်ကန် ပြန်ကြည့်သည် ။

မေမိက သူ့ရှေ့မှာ နီးနီးလေး ကပ်ရပ်လိုက်၏။

"လူသူကြားမကောင်းအောင် နင်ပြောချလိုက်တာ၊ ကြည့်စမ်း ငါတို့ က ဘာတွေလုပ်စားနေလို့ လဲ၊ နင်ပြောတာ ဘာစကားလဲ"

"ဘာတွေလုပ်နေသလဲ မမကြီးတို့ သိမှာပေါ့၊ ကျွန်တော်တစ်ယောက်နဲ့ တွဲလိုက်ရင် အဲဒီတစ်ယောက်နဲ့ မမကြီးတို့ သိသွားပြီး ရှောတာတွေ နှောတာတွေနဲ့ ဘာတွေငြိကုန်ကြသလဲ သိပ်စိတ်ညစ်ဖို့ ကောင်းတယ်၊ ဒီမှာ ရည်းစားထားရတာတောင် အေးဆေးမရှိဘူး၊ အဲဒီ

လောက် လိုက်ပါနေရတာ တော်ပြီပေါ့၊ ဖုန်းတောင်မှ လိုက်ပေါင်တယ်ဆိုတော့ မလွန်ဘူးလား"

"မလွန်ဘူးလေကွာ၊ အိမ်မှာ သားယောက်ျားလေး ကြီးကောင်ကြီးမားရှိရက်နဲ့ မိဘမပြေလည်တာကို မင်း ကူညီရှာဖွေပေးတာ ဘာရှိလဲ၊ ကိုယ်မပေးနိုင်မှ တော့ မိဘကို မဝေဖန်နဲ့ ၊ သားသမီး အိမ်ထောင်မကျမချင်း ဘာမဆို မိဘကပိုင်တယ်"

ရက်ချိန်း မာမီ့ကို ဘယ်လိုမှ နားလည်မပေးနိုင်တော့သည့် မျက်ဝန်းများ နှင့် ငုံ့မိုးကြည့်၏။

"အဲဒီလိုပိုင်တာက တစ်မျိုး မဟုတ်ဘူးလား မာမီ၊ အခု မာမီတို့ က ကျွန်တော်နဲ့ ပတ်သက်သမျှ အားလုံးမှာ ပိုင်နေကြတာ၊ ပတ်ဝန်းကျင်မှာ ဘယ်လိုသတင်းတွေ ထွက်နေလဲ၊ မိ

MPT

သားစုလိုက် တစ်ပြုံကြီး နာမည်ပျက်နေတာ လေ၊ အဲဒါ ဘယ်သူ့ကြောင့်လဲ”

ထိုစကားတွေကျတော့ မာမီက ဆတ်ဆတ် ခါနာသွားသည် ။

“ဟဲ့ အဲဒါ ငါတို့ က လိုက်ပတ်သက်နေတာ မဟုတ်ဘူး ၊ အဲဒီမိန်းကလေးတွေကိုက တွေ့ တဲ့ နေရာမှာ လိုက်ရောနေကြတာ၊ သူတို့ ဟာ သူတို့ ဝယ်ခြမ်းပေးတာ လက်ဆောင်ဆိုတာ တွေ ဘယ်လိုလုပ်ငြင်းမလဲ၊ ကိုယ်လည်း ပြေလည်တာမှ မဟုတ်တာ”

သားအမိနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အထိမခံ။

ရက်ချိန်းကလည်း အလျှော့မပေးပါ။

ဦးဇော်ဝိတ် ဆိုဖာမှာ လာထိုင်လိုက်ပြီးသည် အထိ ဘာမှ ဝင်မပြောသေး။ မေလင်းက တော့ အစကတည်းက ဘယ်အရေးကိုမှ သိပ်

MPT

စိတ်ဝင်စားသူမဟုတ်။

"ယောက်ျားလေးတွေ မွေးရတာ ဘယ်လောက်မွေးရကျိုးနပ်လဲ မာမီတွေ့ပြီလား၊ သူတို့ ကိုသာ ဒီပြင်မိဘတွေလို ခိုင်းစားနေရင် ဘယ်လိုများ နေမလဲ မသိဘူး၊ ရွှေပေါ်မြတင်ထားခဲ့လို့ စော်ကားခံတာ"

"မမကြီး စကားကိုကြည့်ပြောနော်၊ ကျွန်တော် စော်ကားနေတာ မဟုတ်ဘူး ၊ မလုပ်သင့်တာကို လုပ်နေလို့ ပြောပြတာ"

"အံမာ နင်က မိဘကို ဒီလိုပြောစရာလား၊ မလုပ်သင့်တာ ငါတို့ က ဘာတွေလုပ်နေလို့လဲ"

မေမီကမေးတော့ ရက်ချိန်း မျက်နှာတင်းသွား၏။

ရင်ထဲမှာ ပြောချင်နေတာက ကြာပါပြီ။

တမင်တကာ အစဖော်ပြောရမည့် ကိစ္စမဟုတ်သည် မို့ သူမျိုသိပ်နေခဲ့သည် ။

"ချိန်း နင်ပြောလေ၊ မပြောတတ်တော့ဘူးလား"

မေမီက ဒေါသကို ထပ်မံတူးဆွ၏။

ရက်ချိန်းက ဒယ်ဒီဆီသို့ပါ လှမ်းကြည့်၍ ဆံပင်တွေထဲ လက်ချောင်းထည့်ဖွသည် ။

"ဘာမှ မပြောတတ်စရာ မရှိဘူး၊ ပြောပြန်ရင် ကျွန်တော်ပဲ လွန်တယ်ဖြစ်ဦးမှာ မို့ မျိုသိပ်ထားတာ၊ ဒီအိမ်မှာ အလုပ်မလုပ်တာ ကျွန်တော်တစ်ယောက်တည်းလား၊ လူမမာတစ်ယောက်မှ မရှိဘဲနဲ့ အားလုံး ကိုယ်စီကိုယ်ငှအကြောင်းအမျိုးမျိုးနဲ့ လမ်းထွက်နေကြတယ်၊ မာမီနဲ့ ဒယ်ဒီက လုပ်ချင်ရာလုပ်ပစ်တာပဲ၊ ငွေလိုရင် မမကြီး ဟိုဟာ ရောင်းပစ် ဒီဟာရောင်းပစ်"

MPT

"ချိန်းနော်"

"သား မင်း မင်းဒီလောက်ထိ ပြောရသလား"

ဒေါ်ဇင်မာပါ ရှေ့တိုးလာ၏။

ရက်ချိန်းက ဂရုမစိုက်။

"ဘာရောင်းရောင်း ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ကျွန်တော်နဲ့ ပတ်သက်တဲ့ မိန်းကလေးတွေ တော်တော်များများကို ရင်းနှီးနေတာ အဆိုးဆုံးပဲ"

"အို ရင်းနှီးတာ ဘာဖြစ်လဲ၊ ရန်ဖြစ်နေတာမှ မဟုတ်တာ၊ ငါ့မှာ မောင်ရှိတယ်၊ ငါ့မောင်ကို ပိုးပန်းပြီး ငါ့ကို လက်ဆောင်တွေပေးတယ်၊ ယူတာဘာဖြစ်လဲ၊ ငါက တောင်းနေတာမှ မဟုတ်တာ"

"တော်ပါ မမကြီးရာ၊ မမကြီးတို့ ဘယ်လို

တွေ ပူးပေါင်းနေကြတာ ကျွန်တော် မပြောချင်လို့ ၊ အခု ဟမ်းဖုန်းကိုပါ ပေါင်သုံးတဲ့ အထိဖြစ် လာပြီ၊ ကျွန်တော်နဲ့ ပတ်သက်လာရင်တော့ ကျွန်တော်ပြောမှာ ပဲ၊ ရိုင်းတယ်ထင်ရင် မတတ်နိုင်ဘူး”

ရက်ချိန်း နေရာမှ လှည့်ထွက်ခဲ့သည် ။

ဦးဇော်ဝိတ်က ရက်ချိန်းကို လှမ်းတားလိုက်၏။

“နေဦး သား၊ မင်းကို ဒယ်ဒီမေးစရာရှိတယ်”

ရက်ချိန်း ခြေလှမ်းတန့်သွားသည် ။

“ငါ့သားက ဒယ်ဒီတို့ တွေ လုပ်ချင်တာလုပ်နေကြလို့ မင်းလည်း ဘာအလုပ်မှ မလုပ်ဘဲ နေတာကို ခုနက ပြောသွားတယ်ဟုတ်လား”

“ မဟုတ်ဘူး ၊ ကျွန်တော် အဲဒါမျိုး ဘက်တို

က်တဲ့ စိတ်မရှိဘူး၊ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် နေတတ်သလို နေကြတဲ့ ထဲမှာ လက်ညှိုးမထိုးကြေးပေါ့"

"ဘယ်သူက လက်ညှိုးထိုးနေတာလဲ သား၊ အိမ်မှာ မပြေလည်တာကို နားမလည်ဘဲ အပြစ်ဖို့ နေတာက မင်းပဲမဟုတ်လား၊ ဒယ်ဒီတို့ ဒါကို ဝါသနာပါကြတာ မှန်ပါတယ်၊ ဒါပေမဲ့ ဝါသနာကို မစွန့်နိုင်တာရယ်၊ ရှုံးတာတွေလည်း ပြန်ရအောင်ကြိုးစားရင်း နစ်သွားခဲ့တာရှိသလို ပြန်ပေါ်လာတာလည်း ရှိတာပဲ၊ ပြောရမယ်ဆို လောင်းကစားပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒယ်ဒီတို့ လုပ်နေကြတာ အိမ်အတွက်ပဲ၊ ငါ့သား ဘာလုပ်ပေးခဲ့တာရှိသေးလဲ"

ရက်ချိန်း ရုတ်တရက် မဖြေနိုင်။ ဦးဇော်ဝိတ်က ပြီးလိုက်၏။

"မနေ့က ကားပွဲစားတန်းမှာ မင်းနဲ့ ကိုစိုး

လှုပ်ရှားသွားတာ ဒါပါနဲ့ ဆို နှစ်ကြိမ်သုံးကြိမ် ရှိပါပြီ၊ မင်း အိမ်ကိုကျတော့ နည်းနည်းမှ ထောက်ပံ့ကူညီဖို့ စိတ်ကူးမရှိဘူးလား"

ရက်ချိန်းက မျက်နှာတစ်ချက်မှ မပျက်ဘဲ ခေါင်းညိတ်သည်။

"ထောက်ပံ့ရလောက်အောင် ဘာမှ မဟုတ်သေးလို့ ပါ ဒယ်ဒီ"

"သိန်းသုံးဆယ် သုံးဆယ့်ငါးသိန်းပေးပြီး ဖုန်းဝယ်ကိုင်ဖို့ ကျတော့ ရလား"

"ဒါက မရှိမဖြစ်လိုအပ်တဲ့ ပစ္စည်းမို့ပါ၊ ဒါ လိုချင်လို့ လည်း ကျွန်တော် ကိုယ့်ငွေနဲ့ ကိုယ် ဝယ်နိုင်အောင် ကြိုးစားခဲ့တာ"

သားအဖနှစ်ယောက် စကားဝိုင်းကို ဘယ်သူမှ ဝင်မပါကြပါ။

ဦးဇော်ဝိတ်သည် မိဘကို သားဖြစ်သူက

ဝေဖန်ခံလိုက်ရသဖြင့်
တင်းမာနေသောမျက်နှာက အနည်းငယ်မျှ
ပြေမသွားဘဲ ပို၍ အေးစက်လာ၏။

အရွယ်နှင့်မလိုက်အောင် နုပျိုစွာ
ဝတ်စားပြင်ဆင်ထားသည့် ဘောင်းဘီရှည်၊
ဖောရှိန်းရှပ်နှင့် တစ်ပင်စနှစ်ပင်စ ဖြူချင်နေ
သော ဆံပင်တွေကို နက်မှောင်ပြောင်လက်နေ
အောင် ကရင်မ် လိမ်းထားသေးသည် ။

သို့သော် ဒေါသကြောင့် ခက်ထန်လာခဲ့
သော မျက်နှာမှာ ဖုံးဖိပျောက်ကွယ်နေခဲ့သည့်
ဇရာ၏ အရေးအကြောင်းတို့ က ထင်ဟပ်လာ
ခဲ့၏။

ခက်ထန်ခြင်းမှ ရင့်ရော်ခြင်းသို့ ရောက်နေ
သည် ။

"အေး အစဉ်အလာရှိလာခဲ့တာကတော့ သ
မီးမိန်းကလေးက မိဘရဲ့ ရောင်းကုန်တဲ့ ၊ အခု

ဒယ်ဒီတို့ မှာ ရှိတဲ့ သမီးတွေထက် မင်းက ပို ချောပြီး ပေါ်ပြူလာဖြစ်နေတော့ မင်းနဲ့ ပတ်သက်ပြီးရလာတဲ့ အခွင့်အရေးတွေကို အိမ်သားတွေက လက်ခံချင်တယ်၊ ဘာဖြစ်လဲဆိုတော့ အိမ်မှာ အားလုံးက လိုအပ်နေတာချည်းပဲလေ”

ရက်ချိန်း မျက်နှာရဲတွတ်သွားသည် ။ ဒေါ်သသည် နှုတ်ခမ်းဖျားမှ ခုန်ပေါက်ထွက်အံ့ဆဲဆဲ။ ဒါကို ဦးဇော်ဝိတ်က လက်ကာပြလိုက်ပြီး

“ခဏနေဦး၊ မင်းကလည်း လူတော်လူကောင်းဖြစ်ခဲ့တာမှ မဟုတ်ဘဲ၊ ရည်းစားတွေတစ်ယောက်ပြီးတစ်ယောက်ထားတယ်၊ မိန်းကလေးတွေလည်း မင်းကိုဆို ချစ်ချင်ကြိုက်ချင်ကြတာပဲ၊ မင်းရယ် ချစ်သူတွေရယ် မင်းရဲ့ မိဘ အမေတွေရယ်က မင်း ဒီတိုင်းပဲ သွားနေသရွေ့ ရှုပ်ထွေးနေမှာ ပဲ”

“အဲဒါ ဘာမှ မဆိုင်ဘူး ဒယ်ဒီ၊ မိန်းကလေး

က မိဘအတွက် ရောင်းကုန်ဆိုတာ ထားပါဦး၊ ကျွန်တော်က ယောကျ်ားလေး ကျွန်တော် ဘာ ကောင်ဖြစ်သွားမလဲ"

"ဒီလိုဆိုရင် မင်း မိန်းမယူရမယ်"

"ဗျာ"

ဦးဇော်ဝိတ်က မျက်နှာကို ပို၍ လေးနက် အောင် ပြုပြင်လိုက်ပြီး နေရာမှ ထလာ၏။

ရက်ချိန်းအတွက် ဘယ်လိုမှ ငြင်းဆန်ခွင့်မပြုနိုင်တော့သည့် ဩဇာအာဏာ တွေ မျက်ဝန်းမှာ အပြည့်ခင်းကျင်းထားပြီးမှ အမိန့်သံကို ထုတ်လွှတ်၏။

"မင်းကို ဒီနေ့ ဒယ်ဒီ မဖြစ်မနေပြောဖို့ ဆုံးဖြတ်ခဲ့တယ်၊ မင်း မဖြစ်မနေ ခေါင်းညိတ်မှ ဖြစ်မယ်ဆိုတာလည်း ကြိုသိထား သား"

စူးရဲသော မျက်ဝန်းများ နှင့် ဦးဇော်ဝိတ်က

စူးစိုက်ကြည့်၍ ဆက်ပြော၏။

"ဒေါ်သဉ္ဇာချိုက သူ့သမီး စုလတ်ချိုနဲ့ မင်းကို လက်ထပ်ပေးချင်တယ်၊ စုလတ်ချိုကို မင်းသိတယ်မို့လား၊ ကောင်မလေးက အနေအထိုင်နည်းနည်းဟော့မယ်၊ ဒါပေမဲ့ မင်းနဲ့ တော့ လိုက်ပါတယ်၊ မင်းလိုလူကိုလည်း သူ့လိုမိန်းကလေးမှ နားလည်ပေးနိုင်မှာ "

ပြောနေရင်း ဦးဇော်ဝိတ်က တိတ်ဆိတ်စွာစိုက်ကြည့်နေသည့် ရက်ချိန်းမျက်ဝန်းထဲက စီစဉ်နေသော စကားလုံးများကို အသံတိတ် ဖတ်ရှုနိုင်ဖို့ ကြိုးစားကြည့်၏။

ဒါမှ မဟုတ် ရက်ချိန်း ဘာမှ မပြောနိုင်မီ အရပ်မျက်နှာပေါင်းစုံမှ ပိတ်ဆို့၍ အနိုင်ဂိုးသွင်းဖို့ ကြိုးစားရမည်ဟု ဆုံးဖြတ်သည် ။

ထို့ကြောင့် ဒေါ်ဇင်မာထံသို့လည်း မသိမသာ လှမ်းကြည့်၏။

ဒေါ်ဇင်မာက ကျေနပ်အားရသော မျက်ဝန်းများ နှင့် ခေါင်းညိတ်နေမိ၏။

"မင်းလည်း ခုထက်ပိုပြီး ကျော့ကျော့မော့ မော့ နေနိုင်မယ်၊ ဘာမှ အပင်ပန်းခံပြီး လုပ်ကိုင်ဖို့ မလိုဘဲ ဟိုအရင်ထက် အများကြီးသာတဲ့ ဘဝမျိုးကိုပိုင်ရမှာ ၊ မချိုတို့ က ဗိုလ်ချုပ်ဈေးနဲ့ အနော်ရတာလမ်းထောင့်မှာ ဖွင့်ထားတဲ့ စိန်တိုက်တွေကို တစ်တိုက်တည်းပေါင်းပြီး မင်းတို့ လက်ထပ်ပြီးတာနဲ့ စိန်တိုက်ကြီးကို မင်းကို ဦးစီးခိုင်းချင်တာ၊ ကောင်မလေးက ခုထိ ဆယ်တန်းမအောင်သေးတော့ ဘွဲ့ရထားတဲ့ မင်းကို အပ်ချင်တဲ့ သဘောပဲ၊ ရှင်းရှင်းပြောရရင်ကွာ ကောင်မလေးက မင်းကို သဘောကျနေမှန်းလည်း မချိုတို့ ကသိတော့ သမီးရှင်ဘက်ကပဲ စပြောလာတဲ့ သဘောပဲ၊ မင်းကြိုက်သလို ပုံစံပြော သူတို့ က လိုက်လျောဖို့ အဆင်သင့်ပဲ၊ အမိကတော့ ကောင်မလေးက တစ်ဦးတည်း

သောသမီး၊ ဒီကောင်မလေး စိတ်ချမ်းသာဖို့ ပဲ မင်းသာ နေတတ်ထိုင်တတ်မယ်ဆိုရင် အဲဒီမှ ဖြစ်ချင်တာအားလုံး ဖြစ်လို့ ရပြီ၊ အခုလော လောဆယ်ပဲ မင်းမေမေကို ဗိုလ်ချုပ်ဈေးမှာ ဆိုင်ခန်းတစ်ခန်းဝယ်ဖို့ စရန်တွေ ဘာတွေ သပ်ထားပြီးပြီ"

"အဟွန့်"

ရက်ချိန်းက ပခုံးတွန့်၍ ခပ်ရိရိပြုံးလိုက်၏ ။

မိသားစုဆက်ဆံရေးက ဟိုတုန်းကတည်းက ပွင့်လင်းရင်းနှီးခဲ့ကြတာမို့ စီးပွားရေးကျဆင်းလာခဲ့သည့် နောက်ပိုင်းမှာ ဘာသိဘာသာတွေ နေဖြစ်ခဲ့ကြသောအခါ အပြောအဆိုတွေက ရိုင်းသလို ဖြစ်လာခဲ့သည် ။

ဦးဇော်ဝိတ်က ရက်ချိန်း ဘာတွေပြောလာမည်ကို မျက်မှောင်ကုတ်လျက် စိုက်ကြည့်၍

နားစွင့်နေ၏။

"တစ်ခါတည်း ဝယ်မပေးဘူးလား မာမီ၊ ကျွန်တော်က လက်ထပ်မှ ဆိုင်ခန်းဝယ်ပေးဖို့ တစ်ကွက်ချန်တာ ဆိုရင်တော့ မာမီရမှာ မဟုတ်တော့ဘူး"

"ဘာ"

ဒေါ်ဇင်မာ ဒေါသမျက်နှာနှင့် လှမ်းအော်လိုက်သည် ။

"သား မင်း ဒီလောက်ကောင်းနေတဲ့ အခွင့်အရေးတစ်ခုကို ဘာဖြစ်လို့ လက်လွှတ်ခံရတာလဲ၊ ဘာမှ လိုလေသေးမရှိတဲ့ တစ်ဦးတည်းသော သူဌေးသမီး အချောအလှကိုရမယ်၊ ကိုယ်လည်းကောင်းစားမယ်၊
ကိုယ့်မိသားစုလည်း ပြေလည်သွားမယ်၊ ပြီးတော့ ကောင်မလေးကိုက မင်းကို တစ်ဖက်သတ်ချစ်နေရှာတာ၊ အားလုံး ကိုယ့်စိတ်ကြိုက်ပဲ၊

MPT

မင်းဘာဖြစ်လို့ ဒီလောက်ခေါင်းမာရတာလဲ”

“နေပါဦး ချိန်း၊ မင်းက စုလတ်ချို့ကို ဘာများ သဘောမကျစရာ ဖြစ်နေလို့ လဲ”

မေမိက ဝင်ပါလာတော့ ရက်ချိန်းမျက်နှာ တွေက မေမို့ဆီ ရောက်သွား၏။

“စုလတ်ချို့ပဲဖြစ်ဖြစ် ဘယ်မိန်းမပဲဖြစ်ဖြစ် ကျွန်တော် လက်ထပ်ဖို့ ဘယ်တော့မှ စိတ်မကူးဘူး၊ မိန်းမဆိုတာ ရင်ခုန်သံမြန်စေတဲ့ ချစ်ခြင်းဖွဲ့သံဇဉ်တစ်ခုလို ရင်ထဲမှာ ရှိချင်ရှိမယ်၊ ကိုယ့်ဘဝထဲကိုသွင်းပြီး ထုပ်ပိုးသိမ်းဆည်းထားဖို့ ထိ စိတ်မဝင်စားဘူး ၊ မိန်းမတစ်ယောက်ထံမှာ ကိုယ့်ဘဝကို ပုံချပေးလိုက်ဖို့ ဆို ပိုဝေးသေးတယ်၊ ကျွန်တော် ဘွဲ့ရပြီးတဲ့ ယောက်ျားတစ်ယောက်ပါ၊ မမကြီး တို့ ဇယားချပေးတဲ့ အိမ်ထောင်ရေးဇယားကွက် ထဲမှာ အံဝင်ခွင်ကျဖြစ်ဖို့ ခေါင်းမညိတ်နိုင်

တာ သိပ်တော့ ရိုင်းစိုင်းရာမကျပါဘူး”

ရက်ချိန်းက အားလုံးကို ဝေ့ကြည့်သည် ။

ဦးဇော်ဝိတ်နှင့် မျက်လုံးချင်းဆုံတော့ ဆက်၍ မရှေ့လျှားဖြစ်ဘဲ ရပ်တန့်သွားခဲ့၏။

“ချိန်း မင်းက မိဘကို ဒီလိုမျိုး အတိအလင်း ဆန့်ကျင်ရဲပြီပေါ့၊ ဒါပေါ့လေ မိဘက လေးစားထိုက်လောက်အောင် စီးပွားဥစ္စာမရှိတော့ဘူးဆိုတော့ သားသမီးက ဘယ်လေးစားတော့မလဲ”

“ မဟုတ်ဘူး ဒယ်ဒီ၊ ဒါက မိဘစကားပဲဆိုပြီး အသာလေး ငြိမ်နေပေးလိုက်လို့ မရတဲ့ ကိစ္စ၊ တစ်သက်လုံး ပေါင်းသင်းသွားရမယ့် မိန်းမကို ကိုယ်မှ မေတ္တာမရှိတာ ဘာလုပ်ရမှာ လဲ၊ ပြီးတော့ သူတို့ ဘက်က ဒီလောက်လိုက်လျှောထားတာ ကျွန်တော် လက်ထပ်လိုက်ရင် ဘာတွေပြောကြမလဲ၊ ဘယ်ဘ

MPT

က်ကမှ မကောင်းဘူး မိန်းမယူပြီး စီးပွားရှာတဲ့ ကောင် ကျွန်တော် ဘယ်တော့မှ အဖြစ်မခံဘူး ”

နောက်ထပ် ဘာမှ ပြောမလာသေးမီ သူ ထွက်ခွာလာခဲ့သည် ။

နှုတ်ခမ်းထောင့်မှာ မဲ့ပြုံးတစ်ခု တွဲငြိပါလာ၏။

အိမ်ထောင်သည် ဆိုသော ဘဝအတွက် သူ့နှလုံးသားမှာ ခံစားဖို့ နေရာမရှိတော့။

*

MPT

## အခန်း ( ၅ )

ဘောင်းဘီအိတ်ထဲလက်နှိုက်ရင်း ပလက်ဖောင်းဘေး လျှောက်သွားနေမိစဉ် နောက်က တဒေါက်ဒေါက် မြည်သံလေးက နီးကပ်လာသဖြင့် ကိုယ့်နောက်ကို တစ်ယောက်ယောက် ပြေးလိုက်လာသလို ခံစားလိုက်မိသည် ။

လှည့်မကြည့်ဖြစ်ခဲ့ပါ။

"ဟေး ယူ"

ခေါ်သံလေးနှင့်အတူ နောက်ကနေ လက်ကိုပါ ဆွဲထားလိုက်တော့မှ ခြေလှမ်းရပ်မိ၏။ ခြေရင်းတစ်ခြံကျော်က နိုးနိုးဆိုသည့် ကောင်မလေး။

ဆံပင်တွေကို ဒူးခေါက်ခွက်လောက်ထိ အရှည်ကြီးထားကာ ခပ်ပါးပါးပျော့ပျော့ ဆံပင်က သိပ်မလှဘဲနှင့် အမြဲဖြန့်ထားတတ်သည်။

ဒူးဆစ်မကျော်သော စကတ်ကျပ်ကျပ်လေးတွေ အင်္ကျီကိုယ်ကျပ်တိုနံ့နံ့လေးတွေသာ အမြဲဝတ်သည့် ပါးလျသော ကိုယ်လုံးလေးက ဆံပင်တွေရှည်ပေမယ့် သိပ်တော့ လိုက်ဖက်မှုမရှိပါ။

နိုးနိုးကို ဝေ့ခနဲ စိုက်ကြည့်၍ ရက်ချိန်းက ပြုံးပြလိုက်၏။

"ကိစ္စရှိလို့ လား နိုးနိုး"

နိုးနိုးက ဆံပင်အဖျားတွေပါ နွဲ့ခါသွားအောင် ခြေလေးဆောင့် ကိုယ်ကိုနွဲ့ပစ်ပြီး နွဲ့ဆိုး,ဆိုးချင်သော အပြုံးလေးနှင့် ပြန်ကြည့်၏။

"ယူ့ကို ပေးစရာရှိလို့၊ ဟိုနားမှာ ကားထားခဲ့ပြီး ပြေးလိုက်ရတာ မောသွားတာပဲ"

ရက်ချိန်းက ပြီးနေရာမှ မျက်နှာကို အနည်းငယ်ပြင်လိုက်ပြီး

"ပေးစရာရှိတာကို ယူဖို့ မယူဖို့ က စဉ်းစား ရတော့မယ်ထင်တယ်"

"ဟင် ဘာဖြစ်လို့ လဲ ချိန်းရဲ့ "

"တော်ကြာ မောလို့ ဟိုဟာလိုက်ကျွေးပါ၊ ဒီ ဟာလိုက်ကျွေးပါဆိုရင် တို့ မှာ အချိန်မရတော့ ဘူး၊ ချိန်းထားတာ နောက်ကျနေလို့ "

နိုးနိုးနှုတ်ခမ်းလေး ချက်ချင်းစူသွားသည် ။

"ယူ သိပ်လည်တာပဲနော်၊ ဒီကဖြင့် မစရ သေးဘူး အကွေ့အရှောင်ကလည်း ကောင်းပ့ါ၊ ရတယ်လေ ခု လိုက်မကျွေးလည်း တစ်နေ့နေ့ တစ်ချိန်ချိန်ပေ့ါ၊ ရော့ ဒီမှာ "

နိုးနိုးက အနီရောင်ကြိုးသိုင်းအိတ်လေးထဲ မှ ဟမ်းဖုန်းလေးကို ထုတ်ပေးလိုက်၏။

"ဒီမှာ ယူ့ဖုန်း"

"ဟင် ဒါ မာမီ"

နိုးနိုးက သူ့အပြောကို လက်မခံဘဲ ခေါင်းယမ်းပစ်လိုက်၏။

"ယူစမ်းပါ ချိန်းရယ်၊ ယူ့ပစ္စည်းမှန်းသိရက်နဲ့ နိုးနိုး ယူမထားရက်ပါဘူး၊ မနက်ကတည်းက မာမီ့ဆီက နိုးနိုး ပြန်တောင်းထားတာ၊ ဘာမှ ဖြစ်မသွားဘူး၊ ရော့ ယူ"

သူ ဖုန်းကိုမယူသေးဘဲ မျက်မှောင်ကုတ် စဉ်းစားနေမိ၏။

ဖုန်းကို မာမီ ဘယ်လောက်နှင့်ပေါင်းထားမှန်း မသိ။

အများကြီးယူထားလျှင် သူ နိုးနိုးကို အများကြီးအားနာနေရမည်။

ခက်နေသည် က နိုးနိုးမျက်ဝန်းလေးတွေ

MPT

ထဲမှာ ပေါ်နေသည့် စာတန်းလေးတွေကို သူ မဖတ်ချင်ပါ။

"စဉ်းစားလှချေလား၊ ပြောတော့ဖြင့် ချိန်းထားတာ နောက်ကျနေပြီဆို၊ ယူပါ ချိန်းရယ်၊ ယူ့ဆီက ဘာမှ ပြန်မတောင်းဘူး အွန့်"

လက်ထဲကို အတင်းထည့်ပစ်ခဲ့ပြီး လှည့်ထွက်သွားတော့မှ ဖုန်းကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်မိသည် ။

ချိန်းထားတာက တကယ်ပါ။

နောက်ကျတာ စောတာက ကိုယ့်သဘော။

သူ့ဘက်က စောရောက်နေတာမျိုး ဘယ်တော့မှ မဖြစ်ခဲ့ဘူးသလို နောက်ကျလို့ ပြန်သွားပြီဆိုသည့် ရည်းစားကို လိုက်ချော့ပြန်တွဲသည် ဆိုတာလည်း သူ့ရာဇဝင်မှာ မရှိခဲ့ဘူးပါ။

MPT

ထိုသို့ ကိုယ့်ဘက်ကဖြစ်သလို ဖြစ်ခွင့်ရနေသည့် အနေအထားလေးကို သူနှစ်သက်၏။ ရက်ချိန်းဟာ မိန်းမတစ်ယောက်၏ ချုပ်ကိုင်မှုကို ဘယ်လိုမှ လက်မခံနိုင်သည့်သူ ဖြစ်သည်။

သူရောက်သွားတော့ တွေ့နေကျ ကဖေးဆိုင်လေးမှာ မိုးနတ်သူဇာက လည်တဆန့်ဆန့်ဖြစ်နေရှာ၏။

"နောက်ကျလိုက်တာ ချိန်းရယ်၊ တို့ က မလာတော့ဘူးတောင်ထင်တာ၊ ဒီမှာ ရုပ်ရှင်လက်မှတ်တွေ ဝယ်ထားတာ မီပါ့မလားမသိဘူး"

မိုးနတ်သူဇာက ရုပ်ရှင်လက်မှတ်တွေ ပါနေပုံရသည့် လက်ကိုင်အိတ်လေးကို ဆုပ်ကိုင်လိုက်ရင်း မေးသည်။

"မီတဲ့ နေရာက ကြည့်လိုက်ပေါ့ မမိုးရယ်၊ ဘယ်လိုလဲ သွားမှာ လား"

"အင်း သွားမယ်လေ၊ ချိန်း တစ်ခုခုစားပါ

ဦး၊ ပြီးမှ ပဲ"

"ရပါတယ်၊ မစားတော့ဘူး သွားမယ်"

နှစ်ယောက်သား အတူထွက်လာခဲ့ကြသည်
။

"ကား မပါဘူးလား ချိန်း"

" မပါဘူး၊ ကျွန်တော့်ကား ဝယ်သူရှိလို့ ပြ
ထားတယ်"

ချိန်းက ဒီလိုပဲ ကားတစ်စီးကို ကြာကြာမ
စီးဘဲ ဝယ်ရောင်းလုပ်နေသည် မှန်းသိတော့
မိုးနတ်သူဇာက ကားသော့လေးထုတ်ပေး၏။

"ရော့ သော့"

ချိန်းက ယူ၍ ကားဆီလျှောက်ခဲ့ကြစဉ်
ချိန်းမျက်လုံးတွေက ကျိုးတိုးကျဲတဲလူတွေထဲမှ
ကသုတ်ကရိုက်လျှောက်နေသည့် ပန်နှင့် သူမ
နောက်က အချိုးမပြေသော မော်ဒန်အဝတ်အ

MPT

စားများ နှင့် ခပ်ပိန်ပိန်ရှည်သော လူရွယ်တစ်ယောက်ကို လှမ်းမြင်လိုက်၏။

ပန်ကလည်း သူ့ကို လှမ်းမြင်၏။

ချိန်း နေရာမှာ တင် ခြေစုံရပ်လိုက်ရာ ပန်က သူ့ဆီ အပြေးတစ်ပိုင်း လျှောက်လာ၏။

နောက်ကလူလည်း အတင်းကပ်လိုက်ရင်း လက်ဆွဲထားတော့မတတ် ဖြစ်လာသည် ။

"ကိုကို"

အနားရောက်တော့ ပန်က သူ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်၍ ငိုချလိုက်တော့မည့် မျက်နှာလေးနှင့်ပါ။

ချိန်းက ပန့်နောက်ကလူကို စူးစူးဝါးဝါးကြည့်၍

"သူက ဘာလဲ ပန်"

"ပန့်ကို သူ လိုက်နှောင့်ယှက်တာ ကိုကို၊ အ

MPT

တင်းပဲ”

ပန်နဲ့ သူ့ကို မြင်လိုက်တော့ ထိုသူ ခြေလှမ်းတုံ့သွားကာ တွေခနဲကြည့်၏။ ပြီးမှ “ဆောရီး” ဟု ပြောပြီး နောက်ကို ချက်ချင်းပြန်လှည့်သွားသည် ။

ခုမှ ခက်ပြီ၊ မိန်းမနှစ်ယောက်ကြားမှာ ချိန်းဘာလုပ်ရမှန်းမသိ။

“ချိန်း တို့ နောက်ကျနေပြီထင်တယ်”

မိုးက နာရီလေးငုံ့ကြည့်ပြီး ပန့်ကို မမြင်မတွေ့သည့်ပုံစံနှင့် နှိုးဆော်၏။

ပန်က မိုးကိုကြည့်ကာ “ဆရာမ” ဟု တိုးတိုးလေး ရေရွတ်သည် ။

ထို့နောက်

“ရ ရပါပြီ ကိုကို၊ ပန်သွားတော့မယ်နော်”

ပန်က ဟိုလူထွက်သွားရာကို တစ်ချက် ပြန်

ကြည့်လိုက်သေးသည် ။ ပြီးမှ မအိမလည် အပြုံးလေးနှင့် မော့ကြည့်နှုတ်ဆက်ကာ ကား မှတ်တိုင်ဆီသို့ အပြေးတစ်ပိုင်းလျှောက်သွား၏။

ပန့်ကို ချိန်း အတော်ဝေးဝေးထိ လိုက်ကြည့်နေမိ၏။

ပန်သည် ဘယ်မှ ဆက်မသွားတော့ဘဲ ကားမှတ်တိုင်နားမှာ လူတွေကြားထဲ ရော ယောင်ရပ်သွားတာကို သူ တွေ့လိုက်၏။

ဘာလုပ်သင့်သည် ကို စိတ်က ချက်ချင်း ဆုံးဖြတ်လိုက်ပြီးဖြစ်၍ ဆုပ်ကိုင်ထားခဲ့သည့် ကားသော့ကို မိုးလက်ထဲ ပြန်ထည့်လိုက်၏။

"ဘာလဲ ချိန်း၊ ဘာသဘောလဲ"

"ဆောရီး မမိုးရယ်၊ ဟိုကောင်မလေးကို ပြန်ပို့ပေးမှ ဖြစ်မယ်၊ သူ လိုင်းကားစီးတတ်မှာ မဟုတ်ဘူး ၊ နောက်မှ ဆုံမယ်နော်"

ဒေါသဖြစ်ဖို့ မေ့နေလောက်အောင် တအံ့တသြ မော့ကြည့်နေသည့် မျက်ဝန်းတွေကို သူဂရုမစိုက်တော့ဘဲ ကားမှတ်တိုင်ဆီ ခပ်သုတ်သုတ်လျှောက်ခဲ့၏။

အဲယားကွန်း ဘတ်စ်ကားကြီးတစ်ကြီး လာနေတော့ ပြေးရသည်။

ကားပေါ်က ဆင်းသည့်သူတွေ ကုန်သည် နှင့် တိုးကြိတ်တက်နေကြသော လူတွေ၏ နောက်ဆုံးမှာ တက်မရဘဲ ကျန်ခဲ့မည့်ပုံလည်း ပေါ်နေသော ပန်းလက်မောင်းလေးကို သူ ဆွဲထုတ်ခေါ်လာခဲ့သည်။

"ကိုကို"

"ကိုကိုမနေနဲ့ လိုင်းကားတိုးစီးပြီး ဘယ်ကိုသွားမလို့ လဲ"

လူရှင်းသည့်နေရာမှာ မျက်နှာချင်းဆိုင်ရပ်၍ မေးတော့ နဖူးပြေပြေလေးမှာ အစို့ပြန်တ

က်လာနေသော ချွေးတို့ ကို လက်ကိုင်ပဝါနှင့် သုတ်ပစ်၍ ပန်က ရယ်သည် ။

ငိုနေရင်းရယ်သည့် ကလေးတစ်ယောက်၏ မျက်နှာလေးသဖွယ် ကြည်စင်လျက်ရှိ၏။

"အိမ်ကိုပဲပြန်မှာ ကိုကိုရဲ့"

"ကား မပါဘူးလား"

" မပါဘူး၊ ဒီနေ့ ဘွဲ့ယူမယ့် အစ်မဝမ်းကွဲတွေ ငှားသွားလို့ အိမ်မှာ ကားတစ်စီးမှ မရှိတော့ဘူး"

"ကားငှားပြန်ပေါ့ကွာ"

ပန်က ရယ်ပြန်သည် ။

ဘာမှ လိမ်းမထားသည့် မျက်နှာပြောင်ပြောင်လေးကို နှုတ်ခမ်းလွဲနေရာလေးအတိုင်း လက်ခုံနှင့် ဖိပွတ်တိုက်ပြန်သည် ။

"အဲ အဲဒါလည်း လေ ဟို ကားပါမလာတာကို မေ့ပြီး သူငယ်ချင်းတွေနဲ့ မုန့်စားပစ်လိုက်တာ ပိုက်ဆံကုန်သွားလို့ ကိုကိုရဲ့ ၊ လွယ်အိတ်ထဲမှာ ပိုက်ဆံလေးရာပဲ ကျန်တော့တာ၊ ကားကလည်း တက်လို့ ရမှာ မဟုတ်ဘူး ၊ ကိုကို့ကို ကျေးဇူးတင် အဲ ဆရာမကောဟင်"

ပြောနေရင်း မိုးကို သတိထားမိသွားသဖြင့် လည်ပင်းလေးရှည်၍ မျှော်ကြည့်နေသေးသည် ။

"သူပြန်သွားပြီ၊ လာ မင်းကို တို့ ကားငှား ပေးလိုက်မယ်"

ရှပ်လက်တိုပွပွ ဘောင်းဘီရှည်ပွပွနှင့် ဘာမှ အထူးတလည် အလှအပ ခြယ်သထားခြင်း မရှိသည့် အဖြူထည်မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ကာ ပန့်လက်ကလေးကို သူ ဆုပ်ဆွဲလိုက်မိ၏။

ဒီမိန်းကလေးဟာ ထွေလီကာလီတွေ ရှုပ်တတ်သည် မဟုတ်ဘဲ သူ့ကို အရောဝင်ဖို့ ကြိုးစားခဲ့သည် ။

သူမသုံးသည့် နည်းတို့ က အလွန်ရိုးစင်း တုံးအလွန်းသော ဖိနပ်ကို အတင်းလိုက်တက်နင်းခြင်း၊ လူကို တမင်တိုက်ခြင်းနှင့် ကားရှေ့က တမင်ဖြတ်ပြေးသည့်အခါမှာ တော့ သူ့မှာ မအူမလည် ကောင်မလေးပါလားရယ်လို့ သနားစိတ်နှင့် ပတ်သက်ခဲ့မိသည် ။

စတင် ခေါ်ပြောကြဆိုကတည်းက ပန်က သူ့ကို ကိုကိုလို့ ပဲ ခေါ်သည် ။

တကူးတက လုပ်ကြံချွဲနွဲ့ခြင်းနှင့်မတူဘဲ ခေါ်ပုံလေးကို နှစ်သက်လှသည် မဟုတ်ပေမယ့် သူ လက်ခံခဲ့မိသည် ။

သူ စိုက်ကြည့်လျှင် ကျေနပ်နေတတ်သည် ။ သူပြောသမျှ နာခံ၏။

တခြားမိန်းကလေးတွေလို ကြွရွနေအောင် ပြင်ဆင်ခြင်းလည်း မရှိ။ ကြွားဝါတာမျိုး မလုပ်ခဲ့သော သူမကို အစကဆို ချိန်းက သူဌေးသမီးလေးမှန်းပင် မသိခဲ့ပါ။

ရုပ်ကတော့ သန့်စင်ချော့မွေ့နေပေမယ့် အတော်အတန် အဆင့်လောက်ပဲဟု တွက်ခဲ့မိအောင် အနေအထိုင် သိမ်မွေ့သူလေး ဖြစ်၏။

ပန်သည် သူ့ကို မရိုးသားစွာ ငြိတွယ်ခဲ့သည်မှန်သော်လည်း သူ့ဘေးမှာ မိန်းကလေး ဒီပြင်တစ်ယောက်လောက်ရှိနေလျှင် ငြိမ်ငြိမ်သက်သက်လေး ရှောင်ထွက်သွားတတ်သည် ။

ပြန်တော့ဆို ပြန်သည် ။ လာဆိုလျှင် လာသည် ။

သူ့ဘေးမှာ နေဖို့ သဝန်တိုငြူစူခြင်းမရှိ နေရာယူလိုသည့် အမူအရာတွေ မပြခဲ့။ ချိန်း ပန့်ကိုတော့ ခင်ပါသည် ။

တခြားမိန်းကလေးနှင့် ရှိနေချိန်များမှာ ရှေ့တိုးဖို့ နောက်ဆုတ်ဖို့ တုပ်သော နှောင်သော နှောင်ကြိုးတို့ ကို ဘယ်လိုကာကွယ်ရုန်းထွက်ဖို့ သူ့စိတ်ဟာ ပျော်ရွှင်ခြင်းများ နှင့် ရောထွေးသော အနိုင်လိုချင်မှု အရှုံးမပေးချင်သော အမှုခပ်သိမ်းတို့ ဖြင့် အမြဲရှုပ်ထွေးနေရ၏။

ပန်နှင့်အတူ သွားလာစားသောက်နေရသည့် အချိန်များမှာ တော့ သူ ပျော်ခဲ့၏။

"ကဲ သွားတော့"

"ဟုတ်ကဲ့ ကိုကို၊ ကိုကိုကကော ဘယ်သွားမှာ လဲဟင်"

"သွားစရာရှိသေးတယ်"

ကားလေးထွက်သွားသည် အထိ ပန်က လည်ပင်းလေးလိမ်၍ လှည့်ကြည့်သွားခဲ့သည် ။

ချိန်း နှုတ်ခမ်းတစ်ဖက် တွန့်ခနဲ လှုပ်ခတ်

MPT

# အခန်း ( ၆ )

စားစရာတွေ ရောက်လာသည် အထိ မတို့ မထိဘဲ ငိုင်နေသည့် ပန့်မျက်နှာလေးကို မျက်မှောင်ကုတ်ကြည့်၍ သူ တစ်စုံတစ်ရာ ပြောဖို့ ပြင်လိုက်စဉ် ဖုန်းက ထမြည်လာ၏။

"ဟဲလို"

တစ်ဖက်က အသံကိုကြားတော့ မိုးမှန်း သိလိုက်၏။

"ချိန်း"

"ဟင်း မမိုး ပြောလေ"

"ချိန်း အခုဘယ်မှာ လဲဟင်၊ အားလား"

“မအားဘူး မမိုး၊ “ဘုရင်မ” လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာ”

“ဘယ်သူနဲ့ လဲ”

“မိတ်ဆွေတစ်ယောက်နဲ့ ပါ”

“ပန်ဆိုတဲ့ ကောင်မလေးနဲ့ မဟုတ်လား ချိန်းရယ် ယူ့ကားပေါ်မှာ ပါသွားတာ မိုး မြင်လိုက်တယ်”

ချိန်း ပန့်ကို လှမ်းကြည့်လိုက်မိ၏။

ပန်ကလည်း ငိုင်နေရာမှ ဖုန်းပြောနေသည့်သူ့ဆီ မျက်ဝန်းလေးတွေ ရောက်လာသည် ။

“ဒါဆိုလည်း ပြီးရောပေါ့ မမိုးရယ်၊ ပြောစရာ ဒါပဲလား”

“ခဏနေဦး ချိန်း၊ ပန်နဲ့ ချိန်းက ဘာလဲဟင်
”

“မမိုးနဲ့ လိုပေါ့”

"ချိန်း"

"မမိုး ကျွန်တော် စားစရာတွေ ရှေ့မှာ ထားပြီး ပြောနေရတာ"

"ဩော် ဆောရီး ချိန်းရယ်၊ ဒါပေမဲ့ တို့ အရမ်းခံစားနေရလို့ ပါ၊ တစ်ခုတော့ပြောပါ အဲဒီကောင်မလေး ချိန်းအတွက် အရေးပါနေပြီမဟုတ်လား၊ ဘယ်ကနေပဲဖြစ်ဖြစ် ပါသွားရတာပဲလေ"

"ကျွတ်"

သူ ဖုန်းကို စိတ်ပျက်စွာ တစ်ချက်ကြည့်၍ "ဒါပဲနော်" ဟု နှုတ်ဆက်လိုက်သည် ။ ပန်ကသူ့ကိုမမေးပေမယ့် ငေးကြည့်နေဆဲ။

"မင်းက ဘာငိုင်နေတာလဲ၊ ဗိုက်ဆာလို့ ဆိုစားလေ"

"ကိုကို သွားစရာရှိရင် သွားလေ၊ ပန်တစ်

ယောက်တည်း ရပါတယ်”

ချိန်းမျက်နှာ တင်းခနဲဖြစ်သွားသည် ။

ဖုန်းကို အိတ်ထဲပြန်မထည့်မိဘဲ စားပွဲပေါ် ခပ်ဖိဖိ ဆောင့်ချလိုက်၏။

“မင်း ဆရာမလုပ်ပါနဲ့ ၊ စားစရာရှိတာကို စား”

သူ ပေါက်စီပန်းကန်ကို ကိုင်ပြီးမှ ဝက်သား မစားသည့် ပန့်အတွက် ကြက်သားပေါက်စီနှင့် လှည့်ချပေးလိုက်သည် ။

ချိန်းနှင့် မစားတတ်သည့်အကျင့်က လက်ဖက်ရည်ပဲ သောက်ဖြစ်ခဲ့သည် ။

ပန်က လက်ဖက်ရည်တစ်ငုံသောက်ပြီး ငိုင်နေပြန်၏။

“ပန် မင်းဘာဖြစ်နေတာလဲ”

ပန်က မျက်ဝန်းလေးပင့်ကြည့်၍ ကိုယ်ကို

MPT

မတ်မတ်ပြင်လိုက်၏။

"ကိုကို"

"ဘာလဲ"

"ဟိုလေ ပန်းကို မေမေတို့ က အိမ်ထောင်ချ ပေးတော့မှာ တဲ့ "

ချိန်းက စူးခနဲကြည့်လိုက်ပြီးမှ ခပ်လွန့်လွန့် ပြုံး၍

"ဟင်း ကျောင်းပြီးနေပြီပဲ ယူလိုက်ပေါ့"

ပန့်မျက်ဝန်းလေးတွေ ညှို့ခနဲ မှောင်ကျသွား၏။

ချိန်းက မျက်နှာမလွှဲပါ။

ထိုမျက်ဝန်းလေးတွေကိုပဲ တည့်တည့်ကြ ည့်၍ ရယ်ပစ်လိုက်သည် ။

"မိဘက ကောင်းစေချင်လို့ စီမံပေးရင် နာ ခံလိုက်ပေါ့ကွာ၊ စိတ်ကူးတွေယဉ်ပြီး ထွေလီ

ကာလီတွေ မတွေးနဲ့ ၊ ကိုယ်ချစ်ရှာတာထက် သူချစ်ကိုပဲရှာရမှာ နားလည်လား"

ပန်းမျက်ဝန်းလေးတွေက သူ့ကိုကြည့်ရင်း မျက်ရည်ကြည်တွေ တစ်ရစ်ချင်း ပြည့်တက်လာနေသည် ။

သူ မျက်နှာလွှဲ၍ လက်ဖက်ရည်ကို ကုန်အောင် မော့သောက်ပစ်လိုက်သည် ။

နောက်တစ်ခါ ဝေ့ခနဲ လှမ်းကြည့်လိုက်တော့ လက်ဖက်ရည်ပန်းကန်ကို ဟန်ဆောင်ပန်ဆောင် ကိုင်လိုက်ရှာသည့် ပန်းလက်ကလေးတွေ တုန်နေတာကို မြင်လိုက်၏။

ပြီးတော့ လက်ခနဲ ကြွေဆင်းသွားသည့် မျက်ရည်တစ်စက်။

ဘယ်နေရာကို ထိမှန်သွားမှန်းမသိဘဲ ရင်ထဲမှာ စူးခနဲ အောင့်သွားခဲ့သည် ။

ဘာဖြစ်တာလဲ။

ကိုယ့်ကိုယ်ကိုယ် မကျေနပ်စွာ ချိန်း ကိုယ်ကို ထောင်မတ်လိုက်သည် ။

ပန်ဟာ သူ့အတွက် ဘယ်စာရင်းထဲမှာ မှ မပါဝင်ခဲ့သည့် ဘာမှ မဟုတ်သော မိန်းကလေး။

ထိုကိစ္စပြီးသည့်နောက်မှာ သူ  အပြင်မထွက်ဖြစ်ခဲ့တော့ပါ။

ထွက်မိလျှင်တောင် ပန့်ကိုတွေ့ရမှာ ဖြစ်သည့်  ကွန်ပျူတာသင်တန်းရှေ့သို့ မဖြတ်မိအောင် ကွေ့ရှောင်ခဲ့သည် ။

ပန် ခံစားနေရမှာ စိုး၍ ပါ။

သူသည် ပန့်ကို မရိုးသားစွာ သဝန်တိုနေခြင်းမဟုတ်ဘဲ ပန် သူ့ထံမှ ဘယ်လိုစကားမျိုးကို မျှော်လင့်နေရှာမှန်း သိနေသဖြင့် မတွေ့လိုခြင်းသာဖြစ်သည် ။

MPT

မင်း တို့ ကိုခွင့်လွှတ်တော့ ပန်။

မိန်းမတစ်ယောက်ကို ချစ်ဖို့ တို့ ဘယ်တော့မှ မကြိုးစားဘူး။

အဲဒီထဲမှာ မင်းက နောက်ဆုံး မှုန်ပျပျလေးထဲပါ။

*

MPT

# အခန်း ( ၇ )

"သေချာတယ် သေချာတယ်၊ အဲဒီကောင် သမီးကို သူကိုယ်တိုင် ပေါက်စီတွေချကျွေးနေတာ ချစ်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ၊ သမီးစားမယ့် ပေါက်စီကို သေချာဖဲ့ပြီး ခွံ့ကျွေးတော့မယ့်အတိုင်းပဲ"

"အဲဒါ ရက်ချိန်းဆိုတဲ့ ကောင်လေး သေချာလို့ လား ချစ်"

"အို ဒီလောက်ချောတဲ့ မျက်နှာ ရုပ်တူသိပ်မရှိဘူး၊ တကယ့်နိုင်ငံကျော်"

ဦးကြာပန်း မျက်နှာအပျက်ကြီးပျက်ကာ ဧည့်ခန်းထဲမှာ ငြိမ်ငြိမ်မနေနိုင်ဘဲ ခေါက်တုံ့ခေါ

MPT

က်ပြန် လျှောက်နေမိသည် ။

ဒေါ်ချစ်ချစ်သည် ဒေါသမျက်နှာနှင့် အံကြိတ်နေ၏။

ရက်ချိန်းတဲ့ ။ ဒေါ်ဇင်မာသား။

စုံစမ်းရခဲ့သမျှ ကြားရသည့်သတင်းက တစ်စက်ကလေးမှ နားချမ်းသာစရာမရှိ။

ကိုယ့်မှာ တစ်ဦးတည်းသောသမီးလေး။

ဘိုးဘွားစဉ်ဆက် ချမ်းသာလာခဲ့သမျှ ဒီသမီးလေးအတွက်ပဲဖြစ်သည် ။

စိတ်ဓာတ်အဆင့်အတန်းမရှိ စုတ်ပြတ်မွဲတေနေသော အထည်ကြီးပျက် မိသားစုနှင့်မှ နှုးညွှံ့ရိုးသားလှသည့် သမီးလေး ဘယ်လိုတွေ့ဆုံဆည်းခဲ့ကြတာလဲ။

"ဒါ ဒီတိုင်းထားလို့ မဖြစ်ဘူး အစ်ကို၊ သမီးကို သူ့အဒေါ်ဆီပို့ပစ်လိုက်ရင် ကောင်းမလား၊

ဟိုက အဒေါ်ဝမ်းကွဲဆိုပေမယ့် အပျိုကြီး၊ ဟိုမှာ အဖော်အပျော်လည်း မရှိဘူး၊ သူ့ကိုလည်း သိပ်ချစ်တာ"

"တစ်ခုခုတော့ စီစဉ်ရမှာ ပေါ့၊ မင်းသမီး မွေးနေ့မှာ တောင်းခဲ့တဲ့ ကတိကိုလည်း ခုထိငါသတိရနေတုန်းပဲ၊ ဒီကောင်မျိုးနဲ့ ပတ်သက်နေခဲ့လို့ သမီးက ဒီကတိမျိုးတွေ တောင်းခဲ့တာကိုး၊ ခုမှ ပဲရှင်းတော့တယ်"

ဦးကြာပန်း လမ်းလျှောက်နေရာမှ စားပွဲဆီလျှောက်လာကာ စာအုပ်တစ်အုပ်ကို ယူပြီး ဒေါ်ချစ်ချစ်ကို ကမ်းပေး၏။

"ဒီထဲမှာ ဓာတ်ပုံပါတယ်၊ ရုပ်ကတော့ ရက်ချိန်းဆိုတဲ့ ကောင်နဲ့ မယှဉ်သာဘူးပေါ့၊ ဒါပေမဲ့ သူတို့ က မိုးကုတ်ဇာတိ ဒီမှာ လည်း စက်မှုဇုန်ထဲမှာ ဆို သူတို့ စက်ရုံတွေလိုလိုချည်းပဲ၊ ကောင်လေးနာမည်က နေစိုးတဲ့ အင်ဂျီနီယာဘွဲ့ရ

ထားတယ်”

ဒေါ်ချစ်ချစ်ကလည်း စာအုပ်ကြားထဲမှာ ညှပ်ထားသည့် ဓာတ်ပုံတစ်ပုံကို ထုတ်ယူကြည့်လိုက်၏။

တိုတိုရှင်းရှင်း ဆံပင်ပုံက ခေတ်မဆန်ပါ။

ဘောင်းဘီရှည်ဝတ်ထားသော်လည်း ရှပ်လက်ရှည်ကို ကြယ်သီးစုံတပ်၍ ဝတ်ထားကမျက်နှာပုံက ကြည့်ပျော်ရှုပျော်ရုပ်မျိုး။

“သူက ဘယ်သူလဲအစ်ကို၊ ချစ် မြင်ဖူးသလိုပဲ”

“မြင်ဖူးရမှာ ပေါ့ကွာ၊ ဒါ ကိုဖေကျော်တို့သားပဲ၊ အကြီးကောင်နေစိုး၊ စည်းကမ်းရှိတယ်၊ တိကျတယ်၊ နောက်ထပ်ဘွဲ့တစ်ခုထပ်ယူဖို့ စာမေးပွဲဖြေနေတယ်၊ အဲဒီလိုကလေးမျိုးနဲ့ မင့်သမီးကို မင်းနေရာချထား မပေးချင်ဘူးလား”

“အို ပေးချင်တာပေါ့ရှင် ဘယ့်နှယ်ပြောပါလိမ့်၊ ဒီခေတ်ပုံယူလာတာက ဘာလဲ သူ့မိဘတွေက စပြောလာလို့ လား၊ ရှင်နဲ့ ပြောဆိုပြီးခဲ့ပြီလားဟင်”

“ဟုတ်ပါ့ဗျာ ကိုဖေကျော်ကိုယ်တိုင်လာပြောတာ၊ သူ့သားကို သမီးနဲ့ လက်ထပ်ပေးချင်တယ်တဲ့ ၊ ငါ့ကိုပြောတာ နှစ်ခါရှိပြီ၊ ခုတော့ လင်မယားနှစ်ယောက်လုံး ပြောလာတာ ၊ ငါလည်း ဘာရယ်တော့ မဟုတ်ဘူး ၊ သမီးကို ကလေးလိုပဲမြင်နေတော့ ကောင်လေးတော်ပေမယ့် ပေးစားဖို့ ထိတော့ စိတ်မဆုံးဖြတ်ခဲ့ဘူး၊ ဒါပေမဲ့”

“ဟုတ်တယ် အစ်ကို၊ မဆုံးဖြတ်လို့ မရတော့ဘူး၊ ဒီလိုအဆင့်အတန်းထဲက ဒါမျိုးနဲ့တော့ သမီးကို ဘယ်လိုမှ အဖြစ်မခံနိုင်ဘူး၊ အမြန်ဆုံး လက်ထပ်ပေးဖို့ စီစဉ်ရမယ်”

ထိုစဉ် လွယ်အိတ်ကလေး စလွယ်သိုင်းချိတ်၍ ပန် အိမ်ထဲဝင်လာသည်။

နူးညံ့မှုတွေ ပျောက်ဆုံးနေသော မိဘနှစ်ပါး၏ မျက်နှာများ ပေါ်မှ ရေခဲမြစ်တို့ ဖြတ်သန်းနေသော ခြေရာများကို သတိထားမိကာ ခြေလှမ်းလေးတွေ တုံ့သွား၏။

ဒေါ်ချစ်ချစ် မျက်နှာကို ဟန်ဆောင်ခြင်းဖြင့် အနည်းငယ်ပြုပြင်လိုက်ပြီး ခေါင်းညိတ်ခေါ်သည်။

"လာပါဦး သမီးရဲ့ ၊ သမီးကို ပြောစရာရှိလို့ စောင့်နေတာ"

စိတ်လှုပ်ရှားလေတိုင်း ထူထဲသော မျက်ခုံးနှစ်ဖက်တို့ စုကျုံ့နေတတ်သော ဖေဖေ့မျက်နှာကို တစ်ချက်လှမ်းကြည့်၍ ပန် အနားလျှောက်သွားမိသည်။

ခါတိုင်းဆို ဆိုဖာအသစ်တွေ လဲထားတာမြ

င်တိုင်း ပြေးထိုင်ကြည့်၊ သေချာ ပြုံးပြုံစမ်းသပ်ကာ ဘာရောင်ဆိုလှမှာ ဘယ်ပုံစံလေးက ကောင်းတယ် စသည် ဖြင့် စကားတွေဖောင်လောက်အောင် ပြောတတ်သော်လည်း ခုတစ်ခါတော့ ပိတောက်ခြောက်ရောင် အသားရိုပ်အပွင့်ကြီးတွေပါသည့် ဆိုဖာပေါ်မှ သမီးမျက်နှာလေးကို ဒေါ်ချစ်ချစ်က အကဲခတ်နေမိသည်။

ကိုယ်ကျူးလွန်ခဲ့တာ ကိုယ်သိသည် ပေ့ါ။

ခုလောက်ဆို ဖေဖေနဲ့ မေမေ ဘာပြောမှာလဲဆိုသည့် စိုးရိမ်မှုတွေ ရင်ထဲမှာ ခုန်ပေါက်ဆူညံနေလိမ့်မည်။

လှမ်းကြည့်လိုက်တော့ အဖေဖြစ်သူမှာ လည်း မျက်နှာကို အတတ်နိုင်ဆုံး လျှော့ချဖို့ ကြိုးစားနေရှာတာ တွေ့ရ၏။

အသက်လောက်ချစ်သော သမီးလေးအတွ

က် လှုပ်ရှားခဲ့ကြသော မိဘနှစ်ပါး၏ ရင်ထဲမှ အပန်းတကြီး ရှာဖွေခဲ့ကြရသည့် စီးပွားဥစ္စာများ ဆုံးရှုံးရခြင်းနှင့် ဘာမှ မသက်ဆိုင်သော ဆိုနင့်ကြေကွဲခြင်းကို ဖြေမဆည်နိုင်အောင် ခံစားနေကြရတာ ဒီကလေး ဘာမှ မသိ။

ခုချိန်ကျမှ မေမေတို့ က ချစ်လွန်းလို့ ပါသမီးရယ်လို့ ရှင်းပြနေတော့ကော ရေကိုရေလို့ ပဲမြင်၍ ကူးခတ်ချင်နေသော ပုစွန်ဆိတ်ကလေးက ပင်လယ်ပြင်ကို ကြောက်ရမှန်းသိမည်မဟုတ်။

ရင်ထဲမှာ စိုးရိမ်ပူပန်ခြင်းနှင့် ကရုဏာဒေါသတွေက စကားလုံးတွေ အဆင်ပြေချောမွေ့စွာ ထွက်ကျလာနိုင်ဖို့ ခဲယဉ်းနေခဲ့၏။

"မေမေ ဘာ ဘာပြောမလို့ လဲဟင်"

လူကြီးတွေမျက်နှာကို တစ်လှည့်စီ အကဲခတ်ရင်း ပန် ရင်တွေတုန်လာရပြီ။

ဒေါ်ချစ်ချစ်က ပန့်မျက်နှာလေးကို လှုပ်ရှားမှုကင်းမဲ့သော သက်မဲ့မျက်ဝန်းများ နှင့် စိုက်ကြည့်၏။

"သမီးကို ပြောစရာရှိလို့၊ အစကတော့ မေမေတို့ က အေးအေးဆေးဆေးပါပဲ၊ ဒါပေမဲ့ ခုတော့ သူတို့ ဘက်က အမြန်ဆုံး စီစဉ်ချင်တယ်၊ ဆိုတော့ သမီးကို ပြောဖို့ လို လာပြီလေ"

"ပြောပါ မေမေ"

ဟု ခေါင်းညိတ်လိုက်ရသော်လည်း ဘာပြောလာနိုင်သည် ကို ပန် ခန့်မှန်းမိနေပြီ ဖြစ်၏။

တစ်ဖက်က တွေးလိုက်မိသည် က မေမေနဲ့ ဖေဖေ့မျက်ဝန်းများ ထဲက ထိုစကားများ ထက် အဆများ စွာ ပြင်းထန်သော တင်းမာမှုတွေက

MPT

ဘာကြောင့်လဲ။

"သမီးကို မေမေတို့ အိမ်ထောင်ချပေးဖို့ တစ်ဖက်မှာ ပြောဆိုထားပြီးပြီ၊ အဲဒါ ခုပဲ သမီး ဖေဖေနဲ့ မေမေတို့ တိုင်ပင်နေတာ"

ဒေါ်ချစ်ချစ်က ဓားသွားထက်မှာ တင်သော ပျားရည်လို အပြုံးမျိုးနှင့် ဆက်ပြော၏။

"သမီးဖေဖေကတော့ သူ့သမီးလေးကို ကလေးလိုပဲထင်နေတော့ ချက်ချင်း ခေါင်းမညိတ်ချင်ဘူး၊ မေမေက လက်ခံခဲ့ပြီးပြီလေ၊ အမေဆိုတာ အစစအရာရာ ထောင့်စေ့အောင် တွက်ရတာမျိုး သမီးရဲ့ ၊ ခုနေ သမီးလေးကို အိမ်ထောင်ချပေးဖို့ စီစဉ်တာက ပြဿနာမရှိသေးဘူး၊ သမီးနှလုံးသားလေးက သိပ်ကိုသန့်စင်ပြီးနုငယ်တဲ့ အချိန်၊ နောင်ဆို ရည်းစားတွေဘာတွေရှိလာရင် မိဘစကားကို အတိုက်အခံ ပြောဆိုလာတော့မှာ "

"မေမေ သမီးလေ"

"နေပါဦးသမီးရယ် မေမေပြောတာကို နား ထောင်ပါဦး၊ သမီး ဘာပြောချင်သလဲဆိုတာ မေမေသိတယ်၊ ဘယ်သူပဲဖြစ်ဖြစ် ရုတ်တရက်ကြီး အိမ်ထောင်ပြုရတော့မယ်ဆို ရင် ရှက်တာပဲ၊ ကြောက်ကြတာပဲ၊ အထူးသဖြ င့် မရင်းနှီးတဲ့ သူနဲ့ လက်ထပ်ရမှာ ကို ဘယ်သူ မှ ဘဝင်ကျတာ မဟုတ်ဘူး ၊ ဒါပေမဲ့ သမီး လေး စဉ်းစားကြည့်လေ၊ သမီးလေးက တက ယ်ဆို ကလေးငယ်မှ မဟုတ်တော့တာ၊ တစ် နေ့တခြား အလှတွေတိုးပြီး သူဌေးသမီးဆိုတဲ့ ဂုဏ်ရှိန်ကလည်း ကြီးကျယ်ပြန့်ပွားလာတာ၊ သမီးကို စိတ်ကစားပြီး လိုက်ကြမယ်၊ ကြိုက်ကြမယ်၊ စည်းစိမ်ကိုမက်လို့ ချူချင်ယူချ င်တဲ့ လူတွေက ကပ်မယ်၊ ဘယ်လောက် အန္တ ရာယ်ကြီးလိုက်သလဲ သမီးရယ်၊ မေမေက မေ မေ့သမီးကို တော်ရုံယောကျ်ားနဲ့ တော့ ဘယ်

MPT

လိုမှ သဘောမတူနိုင်ဘူး၊ ပညာ၊ ဥစ္စာ၊ အသိုင်းအဝိုင်းအားလုံး ကိုယ့်ထက်သာမှ သမီးကိုလည်း အလိုလိုက် ဂရုစိုက်မယ့်သူမှ ”

ပန် ဘာမှ မပြောနိုင်ဘဲ တိုးမပေါက်အောင် ပြောနေသည့် မေမေ့ကိုသာ ငေးကြည့်နေခဲ့မိ၏။

“သမီးလေးမှာ ချစ်သူမရှိသေးဘူးဆိုတာ သမီးကို အရိပ်တကြည့်ကြည့်ဖြစ်ခဲ့တဲ့ မေမေတို့ မသိဘဲနေပါ့မလား၊ အဲဒါလေးကိုပဲ စိတ်ချမ်းသာနေရတာ သမီးရယ်၊ သမီးလေးဟာ မဟုတ်မဟတ်တာတွေနဲ့ တစ်နေ့နေ့ ပက်သက်မိရင် မေမေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ သေမှာ ပဲကွယ်၊ သမီးလေးက မေမေတို့ ရဲ့ အသည်းနှလုံး၊ မေမေတို့ ရဲ့ အသက်၊ သမီးရဲ့ ဘဝမှာ ဘာတစ်ခုမှ အဆုံးရှုံးမပျက်စီးရဘူး၊ မငြင်းပါနဲ့ သမီးရယ်နော်၊ သမီးအတွက် အသင့်

MPT

တော်ဆုံးဖြစ်တယ်လို့ သတ်မှတ်ပြီး ရွေးချယ်ထားခဲ့တဲ့ အိမ်ထောင်ဘက်ကိုပဲ သမီး လက်ခံလိုက်ပါကွယ်”

ပြောနေရင်း ဓာတ်ပုံလေးကို ရှေ့မှာ ချပြ၏။

သြော် တစ်ကြိမ်တစ်ခါ စကားစလာခဲ့ပြီး ခုကျတော့ တကယ် အတည်အတံ့ စီစဉ်နေပြီပေါ့။

ဒေါ်ချစ်ချစ်၏ အပိတ်အဆို့များ နှင့် ထွက်ပေါက်မရှိခဲ့သော ဇယားကွက်လေးမှာ ပန်ဘာတစ်ခွန်းမှ စောဒကတက်ကြည့်ခွင့် မရှိတော့။

ပန့်မှာ ပြေးကွယ်စရာ ရင်ခွင်မရှိပါလား ကိုကိုရယ်။

*

# အခန်း( ၈ )

"ခဏလေးနော်"ဟု ပြောကာ ဘာမေးခွန်းမှ ထွက်ကျမလာမီ ကိုကို့ဖုန်းနံပါတ်ကို ပန်ပြေးခေါ်သည် ။

နှစ်ခါသုံးခါတီတီ ခေါ်ပေမယ့် မရ။

အတော်ကြာသွားမှ မျက်မှောင်ကုတ်ကုတ်နဲ့ ရပ်စောင့်နေသည့် နေစိုးရှိရာ တစ်ချက်ပြန်ကြည့်ရင်း ဖုန်းကို စိတ်ပျက်စွာချသည် ။

မျက်နှာငိုက်ချကာ လျှောက်လာစဉ် နဖူးပေါ်မှာ ဖရိုဖရဲကျလာသည့် ဆံပင်တွေကို ညာလက်နှင့် ဖြစ်သလိုထိုးသိပ်တင်၍ မျက်နှာ

MPT

အမော့တွင် သူ့ရှေ့သို့ ပြန်ရောက်၏။

"ဘယ့်နှယ့်လဲ မတွေ့ခဲ့ဘူးလား၊ ဒီလိုပဲ ခိုး ချောင်ခိုးဝှက် လုပ်တဲ့ အလုပ်တိုင်း သိပ်တော့ မအောင်မြင်တတ်ဘူး"

ပန် မျက်နှာလေးကို တင်းပစ်ပြီး ပြန်ကြည့် မိ၏။

"ခိုးချောင်ခိုးဝှက်လုပ်တာ မဟုတ်ပါဘူး"

"မသိအောင်လုပ်တာလား"

ဟု မေးတော့ ဖျတ်ခနဲ မော့ကြည့်မိပြန်သ ည် ။

နေစိုးမျက်နှာက သူခိုးဖမ်းသည့် လှောင်ရိပ် များ နှင့် အပြုံးမဲ့မဲ့တို့ က မကျေနပ်ခြင်းများ လည်း စွက်နေခဲ့သည် ။

ထိုသူသည် မျက်ခုံးထူကာ မျက်ဝန်းဘောင် တို့ က နက်မှောင်လွန်းသဖြင့် ရုတ်တရက်ကြ

MPT

ည့်လျှင် လူချောတစ်ယောက်ဟု ထင်စရာရှိသော်လည်း ထိုမျက်ဝန်းများ ထဲမှ အလွန်သဝန်တိုတတ်သည့် ကျဉ်းမြောင်းမှုတွေကို မြင်နေရသည် ။

“ပန် ညည်းကို ငါ တစ်ခုမေးချင်တယ်”

“မေး”

သူ့ကိုပြောရင်း ပန်က ရှေ့ကနေ လျှောက်ထွက်လာခဲ့၏။

သူက ဘာမှ မပြောဘဲ လျှောက်လိုက်ခဲ့ပြီး ကားနားရောက်မှ ပန်လက်လှမ်းလိုက်သည့် တံခါးကို သူ့ကိုယ်နှင့်မှီ၍ ပိတ်ရပ်လိုက်၏။

ချည်ချောပုဆိုးနှင့် စပို့ရှပ်လက်တိုကို လိုက်ဖက်စွာ ဝတ်ထားသည့် သူ့ပုံစံက ချောမွေ့နေပါ၏။

သို့သော် ပန့်ရင်ထဲက ပုံရိပ်တစ်ခုကို ဘယ်

လိုမှ တိုးမပေါက်နိုင်။

ဖျတ်ခနဲ မျက်နှာလွှဲပစ်သည့် ပန့်ကို နေစိုး က သေချာစူးစိုက်လိုက်ကြည့်သည် ။

"ညည်းမှာ ဇာတ်လမ်းတွေရှိနေခဲ့တာလား ပွင့်ပွင့်လင်းလင်းပြောစမ်းပါ"

"ဘာမှ ပွင့်လင်းစရာမရှိဘူး ကိုနေစိုး၊ ဘာ လဲရှင့်ကို မေမေတို့ က ပန်ဟာ အချစ်ဆိုတာ ဘာမှန်းမသိသေးတဲ့ အသန့်စင်ဆုံး ကလေး သာသာ မြီးကောင်ပေါက်လေးပါလို့ ပြောပြီး တော့များ တိုးတိုးကြိတ်ကြိတ် ပေးစားဖို့ ကြိုး စားခဲ့လို့ လား"

"ဟာကွာ မဟုတ်တာ၊ ငါမေးတာ ဒီလို မ ဟုတ်ဘူး လေ၊ ညည်းကိုလည်း မြီးကောင်ပေါ က်မလေးလို့ မမြင်ပါဘူး၊ ဒါကြောင့် ရင်ထဲမှာ တစ်စုံတစ်ခုရှိခဲ့သလားလို့ မေးတာ"

"သိပ်ရှိတာပေါ့၊ အရွယ်ရောက်တဲ့

ယေ ၁ကျ်ာ်းမ်ိန်းမ တိုင်းမှ၂၁ အချစ်ဆိုတာ ရှိလာကြတာပဲ၊ တကယ်ချစ်ခွင့်ရှိခဲ့ခြင်း မရှိခဲ့ခြင်းပဲ ကွာပါတယ်"

"ညည်းဆိုလိုတာက"

ပန်က နှုတ်ခမ်းစေ့၍ မဲ့လိုက်သည်။

"ပြောပြီးပြီပဲ၊ အချစ်ဆိုတာ လူတိုင်းရင်ထဲမှာ ရှိတယ်လို့၊ ဒါပေမဲ့"

"ရပါပြီ အင်း ပြောရင် မုသားဖြစ်မလား မသိဘူး၊ ငါ့ရင်ထဲမှာ တော့ ဒီနေ့ထိ ဘယ်မိန်းမကိုမှ လည်း စိတ်မဝင်စားခဲ့ဘူး၊ ချစ်လည်း မချစ်သေးဘူး ညည်းကိုတော့"

"ဒီလောက်ထိ မလိုသေးပါဘူး၊ မိဘတွေ သဘောတူထားတာပဲရှိတယ်၊ ရှင်နဲ့ ပန်တို့ ရဲ့ ရင်ထဲမှာ လွတ်လပ်စွာ ခံစားလို့ ရနေပါသေးတယ်"

"ဟာ အဲဒါတော့ မဟုတ်ဘူး ထင်တယ်"

နေစိုးက ပျာပျာသလဲပြော၍ ပန့်ရှေ့မှာ ကိုယ်ကို ပို၍ နီးအောင် မတ်မတ်ရပ်လိုက်၏။

"အစက ညည်းရင်ထဲမှာ ဘယ်လိုပဲ ရှိခဲ့ရှိခဲ့ ဘယ်သူ့အတွက်ပဲ ခံစားနေနေ အဲဒီကိစ္စကို ထားလေ၊ အခု ဒီလိုမဖြစ်သင့်တော့ဘူး၊ မိဘတွေ သဘောတူတာကို ညည်းနဲ့ ငါ ခေါင်းညိတ်ပြီးပြီမဟုတ်လား၊ မလွဲမသွေ လက်ထပ်ကြဖို့ သေချာပြီဆိုတော့ ညည်းနဲ့ ငါ့ရဲ့ ခံစားချက်တွေဟာ တခြားကို ဖွဲ့ထွက်နေလို့ ဘယ်သင့်တော့မလဲ၊ ငါပြောချင်တာ အဲဒါပဲ၊ ခုကစပြီး ညည်းနဲ့ ငါ တူညီဖို့ ကြိုးစားမှ ဖြစ်မယ်"

"ပန်ကတော့ ခုလောလောဆယ် ရှင်ဖြစ်ချင်တဲ့ အတိုင်း ခေါင်းညိတ်ဖို့ ဆန္ဒမရှိဘူး"

"ငါဖြစ်စေချင်တဲ့ အတိုင်းလို့ မပြောနဲ့ လေ၊ ငါက ညည်းနဲ့ ဆွေးနွေးတာပါ၊ ရှင်းရှင်းဝန်ခံရ

MPT

ရင် ညည်းကို ငါက သဘောကျတယ်၊ လက်ထပ်ဖို့ လည်း ရည်ရွယ်ပြီးပြီဆိုတော့ ငါ့မှာ သဝန်တိုခွင့်တော့ ရှိရမှာ ပေါ့၊ ခုနက ညည်း ငါ့ရှေ့မှာ ဖုန်းခိုးဆက်တာမျိုး"

"ရှင်မကြိုက်လည်း မတတ်နိုင်ဘူး၊ တစ်ခုတော့ရှိတယ် အဲဒါ ပန့်ချစ်သူ မဟုတ်ဘူး ၊ ဒါပေမဲ့ ပန်ကချစ်တယ်၊ မျက်နှာချင်းဆိုင်ပဲတွေ့တွေ့ ဖုန်းပဲဆက်ဆက် ရင်ထဲက မရိုးသားတာ ရှိချင်ရှိမယ်၊ ဆက်ဆံရေးကတော့ သန့်ရှင်းနေမှာ ပါ၊ ရှင့်ကို အာမခံနေတာ မဟုတ်ဘူး နော်၊ လက်မထပ်ရသေးခင် ပန့်ဘက်က လွတ်လပ်စွာ ခေါ်ပြောဆက်ဆံနေမှာ ပဲဆိုတာ သိဖို့ "

သူကလည်း မျက်နှာတင်းသွားကာ ကားတံခါးရှေ့ကနေ ဖယ်ပေးရင်း ခေါင်းညိတ်လိုက်၏။ သဘောတူညီခြင်းမဟုတ်ပါ။

စိန်ခေါ်ခြင်း ဖြစ်၏။

MPT

"ရပါတယ်၊ ညည်းကို ဆွေးနွေးလို့ မရလည်း လက်ထပ်ဖို့ ကိုတော့ ငါ့ဘက်က မဖျက်ပါဘူး၊ ဒါပေမဲ့ ပြောခွင့်ရှိတဲ့ သူတွေနဲ့ လှည့်တိုင်ရမှာ ပဲ၊ အတို့ အထောင် လုပ်တယ်တော့ မထင်နဲ့ ပေါ့"

ပန် သူ့ကို စူးစူးရဲရဲကြည့်ကာ ကားထဲ ဝင်ဆောင့်ထိုင်ပစ်လိုက်မိသည် ။

သူကလည်း မောင်းသူနေရာမှာ ဝင်ထိုင်၍ ခပ်တည်တည်။

အိမ်ကိုပြန်လာခဲ့ကြသည် အထိ စကားတစ်လုံးမှ မဆိုဖြစ်ကြပါ။

ဆက်ဆံရေးက ဤသို့ဖြစ်ခဲ့သည် ။

ပန့်ရင်ထဲမှာ အရှောင်ကောင်းခဲ့သော ကိုကိုသည် သာ။

ဘယ်တုန်းကတည်းကများ ပန့်ကိုမေ့ဖို့ စိ

## အခန်း ( ၉ )

စိတ်ညစ်နေရသည့်အထဲ လက်ဆောင်ဆိုသည့် အထုပ်တွေကို တစ်ခုချင်း လာထုတ်ပြ၍ ချီးမွမ်းခန်းဖွင့်နေသော မမကြီးကို စိတ်ပျက်စွာ မော့ကြည့်မိ၏။

သူက အိပ်ရာထက်မှာ ဝမ်းလျားမှောက်လျက်ရှိ၏။

မေမီက စားပွဲက ကုလားထိုင်မှာ ထိုင်ရင်း အထုပ်တွေ၊ ဘူးတွေကို သူ့မျက်နှာရှေ့ရောက်အောင် တမင်ထိုးပြ မိတ်ဆက်နေ၏။

"ရေမွှေးဘူးကိုတော့ နင်ယူလိုက်ပါ မောင်လေးရယ်၊ ဒီလောက် အများကြီးပေးတဲ့ ဟာ

အားနာစရာ၊ ဒီအောစတားလေးကိုတော့ မေလင်းက သူစီးမယ်တဲ့ ၊ လက်ပတ်လေးလည်း သူကလိုချင်တာ၊ ဒါပေမဲ့ မင်းနဲ့ မှ လိုက်မှာ ၊ ဒီမှာ ကြည့်စမ်း လည်စီးကလည်း အနက်ပြောင်လေးပဲ၊ ဒီသားရေပြောင်ကုတ်လေးနဲ့ ဒါတွေကိုသာ ငါ့မောင်ဝတ်လိုက်ရင် Rain တို့ စတိုင်လ်ထက် အများကြီးသာသွားမှာ ”

“မမကြီးရာ ခဏလေး ထွက်ပေးစမ်းပါ၊ အဲဒါတွေလည်း ယူသွား၊ စိတ်ညစ်ရတဲ့ အထဲမှာ နားဒုက္ခခံနေရတယ်”

ချိန်းက နားကို ခေါင်းအုံးနှင့်ကပ်၍ တစ်ဖက်လှည့်လိုက်သည် ။

“ဟဲ့ ပေးတဲ့ လူက မင်းကိုပေးတာလေ၊ တို့ကိုပေးတာက အစွန်အဖျားရယ်၊ နိုးနိုးက မင်းကို ပိုးကြေးပန်းကြေး သွယ်ဝိုက်ပေးနေတာ အဟုတ်နော်၊ ချစ်တယ်လို့ လည်း ဝန်ခံပြီးသား

၊ ဟိုတုန်းကတည်းက ခြ်နီးနားချင်းနေခဲ့ကြ တာ၊ တို့ ဘယ်လိုအခြေအနေနဲ့ နေခဲ့ကြမှန်း သူတို့ ကသိတယ်၊ အထင်အမြင်သေးရမယ့်လူ တွေ လ ည်း မဟုတ်ဘူး ၊ မိဘချင်းကဆို ပို တောင်နားလည်သေးတယ်၊ မင်းရဲ့ ဟမ်းဖုန်း ကို ငါးသိန်းတောင်မှ အဆုံးခံပြီး သမီးရဲ့ စ ကားတစ်ခွန်းတည်းနဲ့ ပြန်ပေးပစ်လိုက်တာ ကြည့်”

“ပြဿနာပဲဗျာ၊ ရေရေလည်လည် ခါးတ ယ်”

ချိန်း လုံနေရာမှ ကျုံးထ၍ လက်ကောခေါ င်းပါခါသည် ။

အိပ်ရာပေါ်ကဆင်းကာ
တစ်နေရာထွက်သွားဖို့ ပြင်၏။

“ဒါက ဘယ်ကိုလဲ”

“ဘာသံမှ မကြားရတဲ့ နေရာကို”

“အံမယ် နေစမ်းပါဦး ရုပ်က ဘာဖြစ်နေရတာလဲ၊ လေသံက ပြန်ကျလာတဲ့ သုံးမရတဲ့ ပစ္စည်းကြီးလို အသည်းဟက်တက်ကွဲနေတဲ့ ပုံနဲ့ ပါလား၊ ထူးထူးဆန်းဆန်း”

“ဟုတ်တယ် ထူးဆန်းရင်လည်း ဓာတ်ပုံလေးဘာလေးရိုက်ပြီး ပြတိုက်ပို့ဖို့ လုပ်ဦး”

ချိန်း ဝရန်တာဘက်မှာ ထွက်ရပ်လိုက်တော့ ည၏ လွှမ်းခြုံမှုကို ခေါင်းငုံ့ဝပ်စင်းပေးခဲ့သော ပန်းခြံတစ်ခုလုံးမှာ မှောင်မှောင်မည်းမည်း။

ခြံထဲက မီးတွေဖွင့်ဖို့ တောင် သတိမရကြတော့ဘူး ထင်ပါသည်။

အိမ်မှာ ဒီလိုပါပဲ။

လူစုံသည့်အချိန်က ညဉ့်ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီ။

တစ်ခါလောက်ဆို ဒယ်ဒီက ညလုံးပေါက်ပြန်ရောက်မလာတတ်ပါ။

ထိုအခါ မနက်အိပ်ရာထ မျက်နှာသစ်ပြီး ကြားရတတ်သည့် မာ့မီအသံသဲ့သဲ့ဟာ စိတ်မသက်သာဖွယ်ပါ။

"အင်း သေချာပါပြီ ညက ရေရေလည်လည်ကွဲပြီး ညည်းတို့ ဒယ်ဒီ ဘယ်မှာ ခေါင်းစိုက်နေပြီလဲ မသိဘူး"

ဆိုသော ညည်းညူသံ။

ထိုအခါ အိမ်သားအားလုံးသည် ငွေလိုလျှင်ပစ္စည်းရှိသမျှ တန်ဖိုးရှိတာကို ထုခွဲရောင်းချမည်။ ချေးလို့ ငှားလို့ ရသမျှ ဘယ်မိဘတွေရှိသလဲ ပြေးချေးမည်။

ဒါမှ မဟုတ် ရနိုင်ချေ ဘယ်သူ့ဆီကရှိလဲ။

စဉ်းစားလိုက်တိုင်း သူတို့ ခေါင်းထဲမှာ ရက်

ချိန်း ကောင်မလေး ဘယ်သူရှိတာပဲ၊ ဘယ်သူ ဆိုရင် ရက်ချိန်းနာမည်ကြားတာနဲ့ ပြောဖို့ တောင်မလိုဘူး စသော အကြောင်းများ ပင်ဖြစ်သည် ။

သူဘာမှ မသိသော အပေးအယူကိစ္စတွေ ဇယားရှုပ်ပါတော့မည်။

ထိုယန္တရားကြီးထဲမှာ သူဟာ ရုပ်ကလေးဗန်းပြပြီး မိန်းမတွေကြားမှာ ရှုပ်ထွေးနေသည့် ပိုင်းလုံးလိုလို။

ဝရန်တာလက်တန်းကို လက်သီးဆုပ်နှင့် တစ်ချက်ထု၍ မကျေနပ်သော စိတ်ထဲတွင် မှ မျက်နှာလေးတစ်ခု ပေါ်လာ၏။

တစ်ပွင့်ပန်။

ခုလောက်ဆို မင်းဟာ စိန်ရွှေမွန်းတဲ့ မင်္ဂလာပွဲရဲ့ အလယ်မှာ တို့ ကိုမေ့ဖို့ ကြိုးစားခဲ့ပြီးဖြစ်နေမှာ ပါ။

နှစ်ရက် သုံးရက်လောက်ကတည်းက စားပွဲပေါ် ယူတင်ထားခဲ့မိသော သတင်းစာကို နေ့စဉ်ကြည့်ဖြစ်ရင်း ဒီနေ့ သူအခန်းအောင်းမိတာ တစ်နေကုန်ဖြစ်သည် ။

ည နေ ခြောက် နာရီမှာ မင်္ဂလာပွဲစမည်ဆိုတော့ ခုလောက်ဆို သိပ်ကိုစည်ကားနေပြီပေါ့။

နာရီကိုမြော်ကြည့်၍ အဝေးကို လှမ်းငေးမိသည် ။

ပန် လက်ထပ်သွားသည့်ကိစ္စကို သူ သဝန်တိုနေမိတာလား။

မဟုတ်ပါ။ ပန့်ကို သူ သနားနေမိတာပဲဖြစ်သည် ။

ဒါဟာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်မိတိုင်း အထပ်ထပ် သေချာနေခဲ့သည် ။

အိမ်ကပေးစားသူကို ယူလိုက်ဖို့ သူကိုယ်တို

MPT

င်ပြောသည့်နောက်မှာ ပန်နဲ့ သူ လုံးဝမတွေ့ခဲ့ပါ။

ပန့်ဘက်က ဖုန်းတွေ နေ့စဉ်ရက်ခြားဆက်ပေမယ့် သူ နားထောင်လိုက်သည် နှင့် ပန့်အသံမှန်းသိလျှင် ဖုန်းကို ပိတ်ပစ်လိုက်သည် ချည်း ဖြစ်၏။

ဒါကလည်း သူ့ဘက်က ခံနိုင်ရည်မရှိ၍ မဟုတ်။

ပန့်ကို ရေရှည်မခံစားစေချင်၍ ဖြစ်သည် ။

ထိုအခါ ဒီကောင်မလေး မြန်မြန်လက်ထပ်သွားပြီးရင်လည်း ကောင်းတယ်ဟု တွေးဖြစ်ခဲ့သေးသည် ။

ဒီနေ့တော့ သူ့ရင်ထဲက ဘယ်နေရာမှာ အပူဟပ်သွားခဲ့မှန်းမသိဘဲ တစ်ယောက်တည်း နေမထိထိုင်မသာ ဖြစ်နေခဲ့သည် ။

MPT

"ကိုကိုလေး"

သူ့အတွေးလွန်နေဆဲ မေလင်း နောက်က ရောက်လာ၏။

"ဒယ်ဒီရောက်နေပြီ၊ ကိုကိုလေး အပြင်သွားစရာ မရှိရင် ကားသိမ်းလိုက်မယ် တဲ့ "

"ဟာ မသိမ်းနဲ့ သွားမှာ "

သူ အခန်းထဲ ကပျာကယာပြန်ဝင်တော့ မေလင်းက အောက်ထပ်ပြန်ဆင်းသွား၏။

ဒီအိမ်မှာ လူရှိန်ဖို့ ဟု မာန်တင်းကာ အစ က ကားကို လပေးစနစ်နှင့် ငှားစီးနိုင်ခဲ့သေး သည် ။

ရွှေရည်စိမ်တွေ စိန်အတုတွေလည်း ပြေးစိမ်လိုက်၊ ဝတ်ထားလိုက်နဲ့ သိပ်ဟန်မပျက်ခဲ့ သေး။

ခုတော့ ကြာပါပြီ။ ကားလည်း ငှားမစီးနိုင်တော့။

ရွှေရည်စိမ်ဖို့ ဆိုတာတောင် သားအမိသုံးယောက်လုံး ကိုယ်ပေါ်မှာ ရှိသမျှ စုပုံရှင်းလိုက်တော့ ရွှေရည်စိမ်ခတင် ဆယ်ရက်လောက်ကို နှစ်သောင်းကျော်သုံးသောင်းခန့် ရှိနေသည် ။

ဒေါ်ဇင်မာ မာန်တွေပန်တွေလည်း သိပ်မထုတ်နိုင်တော့ဘဲ ခုဆို ဝေဝေဆာဆာကြီး ဝတ်စားမနေနိုင်တော့ပါ။

ဒါပေမဲ့ ကားပွဲစားလိုလို ဝယ်ရောင်းလိုလို အပေါင်းအသင်းများ နှင့် သွားလာဝင်ဆံ့လာသော ရက်ချိန်းကြောင့် အိမ်မှာ ကားထား၍ စီးနိုင်ခဲ့သည် ။

အလွန်ဆုံး အိမ်မှာ ကားမရှိလျှင် တစ်ပတ်လောက်ပဲဖြစ်သည် ။

တစ်စီးဝင်လာလိုက် ပြန်ထုတ်လိုက်။

အိမ်မှာ သူ့ဝင်ငွေနှင့် အနည်းအကျဉ်း ထောက်ပံ့နိုင်တာလည်း ရှိ၏။

အမိက,ကတော့ ကားစီးနိုင်ခဲ့သည် မို့ ဒေါ် ဇင်မာကတော့ ဒီသားကို ကျေးဇူးတင်လို့ မဆုံး ။

"သားရေ မင်းဘယ်သွားမှာ လဲ၊ မင်းမာမီ ကို အပြန် ဝင်ကြိုခဲ့ပါလား"

ကားထဲဝင်ထိုင်ပြီးမှ ပြန်လှည့်ကြည့်ကာ ရက်ချိန်း ခေါင်းခါလိုက်၏။

ဒီအချိန် ဘယ်အိမ်မှာ ဘာလုပ်နေမည်ကို သိသောကြောင့် သူ မသွားချင်။

"ကျွန်တော် သွားစရာရှိသေးတယ် ဒယ်ဒီ၊ မာမီ သူ့ဘာသာသူပဲ ပြန်ပစေတော့"

"အေး အေး မအားရင်လည်း နေပေါ့ကွာ"

ဦးဇော်ဝိတ်ကလည်း ခုတစ်လော သားရယ်

MPT

လို့ သူ့အပေါ် အားကိုးစိတ်လေးဖြစ်လာပုံရကာ သိပ်ဆူဆူပူပူ မလုပ်တော့ပါ။

ဘာရယ်မဟုတ်ဘဲ ကားကို လမ်းပေါ်မှာ ဦးတည်ချက်မဲ့ မောင်းနေမိသည် ။

သွားမည်လာမည်ဟု စီစဉ်မထားပါဘဲ မေလင်း လာမေးတော့မှ ကောက်ခါငင်ခါ ထထွက်လာခဲ့မိသည် ။

ဘယ်ကိုသွားရမှန်းမသိ။

ထိုစဉ် သူ့ရှေ့မှာ ကားတစ်စီး။

မီးတိုင်အောက်မှာ မို့ ရပ်နေသူကိုပါ မြင်လိုက်ရ၏။

ထိုလူသည် သူ့ကားကို ရပ်ကြည့်နေရာမှ အနားရောက်တော့ အံ့သြဝမ်းသာစွာပြော၏။

"ဟာ အဆင်ပြေလိုက်တာ ရက်ချိန်းရာ၊ ငါ ငါ့ကားပျက်လို့ ကွာ၊ မင်္ဂလာဆောင်က နောက်

ကျနေပြီ၊ ငါ့ကိုလိုက်ပို့စမ်းပါ ဆိဒိုးနား"

အာကာက ယောပုဆိုးနှင့် တိုက်ပုံကို အကျ အနဝတ်ထားကာ ဖုန်းဆက်နေသေးသည် ။ ပြီးတော့ သူ့ဆီပြေးလာ၏။

"ငါ ဝပ်ရှော့ပ်ကို ဖုန်းဆက်လိုက်ပြီ၊ လာပါ ကွာ ခဏလေးပါ"

လိုက်ပို့စမ်းပါပြော၍ သူ့ကားပေါ် ဝင်ထိုင် တော့သည် ။

"ဟ မင်းကားက ဘာဖြစ်လို့ လဲ ငါကြည့် ပေးမယ်၊ မင်္ဂလာဆောင်ကို ငါက မဆီမဆိုင် လိုက်ပြီး ဒရိုင်ဘာကြီးလို မင်းကို ထိုင်စောင့် နေရမှာ မမိုက်ပါဘူးကွာ"

"အမလေး မစောင့်ရပါဘူး၊ ငါ့ကို ပို့ပြီးတာ နဲ့ မင်းပြန်ပါ။ ဒီကားကို မင်းပြင်တာစောင့်နေ ရရင် ငါ ဒီည မင်္ဂလာပွဲတက်ရမှာ မဟုတ်ဘူး ။ ပန်းကန်ဆေးတောင် မီပါ့မလားဘဲ"

MPT

သူ ပြုံးလိုက်မိသည် ။ ကားလေးက လမ်းမပေါ်မှာ ပြေးလိမ့်လာခဲ့၏။

"ဘယ့်နှယ် မင်းက လူကြီးလူကောင်းကြီးကျနေတာပဲ၊ မင်္ဂလာပွဲတွေဘာတွေ တက်လို့လက်ဖွဲ့ကရော"

အာကာက တိုက်ပုံအင်္ကျီအိတ်ကို ပုတ်ပြ၍ရယ်သည် ။

"ပါ,ပါတယ်ကွာ၊ မင်းကလည်း ရတနာဘူးကွ၊ သတို့ သမီးအတွက် ရင်ထိုးလေးထင်တယ် ၊ အဲ နေဦး အဲဒီသတို့ သမီးဆိုတဲ့ ကောင်မလေးကို မင်းနဲ့ တစ်ခါနှစ်ခါတွဲလျက် မြင်ဖူးပါတယ် မင်းမသိဘူးလား"

"ဘာ"

သူ တစ်စုံတစ်ခုကို ဖျပ်ခနဲ သတိရကာ ဘရိတ်အုပ်လိုက်မိတော့သည် ။

"ဘယ်သူလဲ သတို့ သမီးက"

"မသိဘူးကွာ၊ ဆုပန်ထွာတို့လို နာမည်မျိုးကွ၊ ကေသီပန်လား ဘာပန်ဆိုလား နာမည်က ခပ်ဆန်းဆန်း"

သေချာပါပြီ။

တစ်ပွင့်ပန်။

သူ သက်ပြင်းသာ ချလိုက်မိတော့သည် ။

ကြိုတင်ရှောင်ရှားနေခဲ့မိသမျှ မင်္ဂလာဆောင်ရက်ကျမှ မျက်နှာရှေ့ရောက်အောင် သွားမိရသည့် အဖြစ်ပါလား။

"ရှေ့မှာ ကွာ ရောက်ပြီ ဆင်းတော့"

"ဟာ ရက်ချိန်း ခွေးကောင် ဒီလိုတော့မလုပ်ပါနဲ့ လေကွာ၊ ငါက ဒီအတိုင်း ခြေထောက်ကြီးနဲ့ ဝင်သွားရမှာ လား၊ ကားပါကင်နားထိတော့ ဝင်ပေးပါကွာ၊ နောက်လည်း

ကျနေပြီ၊ ငါလည်း အဆင်သင့်ရင် လက်ဖွဲ့ပေးပြီး ချက်ချင်းပြန်လစ်မှာ မဝင် တော့ဘူး”

ကားလေးက ဆီဒိုးနားဝင်းထဲကို လိမ့်ဝင် လာ၏။

အဆောက်အဦအဝင်ဝမှာ လိုက်ပို့နှုတ်ဆက်နေကြသည့် ဧည့်သည် တွေနှင့် ရောရပ်နေသည့် သတို့ သားဟု ထင်ရသော လူဆီ လှမ်းကြည့်လိုက်သည် ။

ပန်နဲ့ကို မတွေ့ပါ။

မိဘများ နှင့် သတို့ သားက ဧည့်သည် တချို့ကို လိုက်ပို့နှုတ်ဆက်နေတာ ဖြစ်၏။

ပန် ဘယ်ရောက်နေသည် ကို လှည့်ပတ်ရှာဖွေရင်း သူ ကားကို အစွန်ဆုံး မှောင်ရိပ်နားမှ ရပ်ပေးလိုက်၏။

MPT

"ကဲ ကိုယ်တော် ဆင်းပေတော့"

အာကာက တွန့်ဆုတ်ဆုတ်ဆင်းလိုက်ပြီး အောက်ကျမှ ပြန်ငုံ့ကြည့်၏။

"ရက်ချိန်း မင်း ခဏလေးစောင့်ပါလား၊ ငါ
"

"ဟာ တော်တော့"

သူ ကားကို စက်ပင်မသတ်ဘဲ ချက်ချင်းထွက်ဖို့ လုပ်သည် ။

မျက်လုံးကလည်း သတို့ သားနှင့် မိဘများဆီ ထပ်မံဝေ့ကြည့်လိုက်ရင်း

"လာမရစ်နဲ့ ၊ မင်းကိုပြောပြီးသား"

"မဟုတ်ပါဘူးကွာ၊ မင်း ဒီကထွက်သွားချင်ထွက်ပါ လမ်းပေါ်က ခဏပဲစောင့်၊ ငါးမိနစ်မကြာဘူး၊ ဟိုမှာ သတို့ သားကို တွေ့နေပြီ၊ လက်ဖွဲ့အပ်ပြီး ငါချက်ချင်းပြန်လာမှာ ၊

MPT

အ ထဲ မှာ လူကောင်ရှိပါတော့မလားမသိဘူး၊ ငါ သွားမထိုင်ချင်တော့ပါဘူး”

“ဟာ မလိုချင်ဘူး၊ ဟိုက အတင်းဆွဲခေါ်သွားရင် ငါက လာနိုးနိုးနဲ့ လမ်းပေါ်မှာ ဘယ်လောက်ထိ စောင့်ရမှာ လဲ၊ ဒီရွေ့မှာ လမ်းကြောက ခပ်ရှင်းရှင်းရယ်”

“မကြာစေရပါဘူး၊ ငါနဲ့ လည်း ဆွဲလွှဲခေါ်ရလောက်အောင် မရင်းနှီးဘူး၊ ခဏစောင့်နော် ရက်ချိန်း ခဏပဲ”

တဖွဖွပြော၍ အာကာ ထွက်သွားတော့ သူ ကားကို အပြင်မထွက်တော့ဘဲ ဒီတိုင်းရပ်ထားလိုက်၏။

ဒါမှ အာကာ အထဲပါသွားလား၊ ပြန်ထွက်လာမှာ လားဆိုတာ မြင်နေရမှာ ဖြစ်၏။

စိတ်ကလည်း ပန့်ကို မြင်ချင်သေးသည် ကို ဝန်ခံပါမည်။

MPT

ပန် ပြုံးနေမည်လား။ ငေးငိုင်ရီဝေနေမည်လား။

ပြုံးနေလျှင်လည်း ပြုံးနေသည့်အပြုံးဟာ သွက်လက်ပေါ့ပါးစွာ ဖြစ်ပါစေဟု ဆုတောင်းမိပါ၏။

မင်္ဂလာပွဲက နောက်ပိုင်းအချိန်ရောက်တာတောင် စည်ကားနေဆဲ ဖြစ်၏။

ကားတွေက ပြည့်နေသေးသည် ။

ပြန်သူများ ပေမယ့် ရောက်လာကြသူတွေလည်း ရှိပါသေးသည် ။

စိန်ရောင်ရွှေရောင်တွေလည်း ဝင်းလက်တောက်ပလို့ ။

မင်းဆုံးဖြတ်တာ မှန်ပါတယ် ပန်။

ဒါမျိုးတွေ မင်းကို ကိုယ်ဘာမှ ပေးနိုင်မှာ မဟုတ်ဘူး ။

သူ စောင့်ကြည့်နေတုန်းမှာ ပဲ အမျိုးသမီးကြီးတစ်ဦးဆီမှာ လက်ဖွဲ့ဘူးက လေး ပေးနေပုံရသည့် အာကာတစ်ယောက် နောက်ပြန်လှည့်လို့ မရတော့ဘဲ အထဲသို့ ပါသွားတာကို မြင်လိုက်ရ၏။

သိသားပဲ ခွေးကောင်။

သူ ခပ်မဲ့မဲ့ပြုံးကာ ကားကို အသာလေး ပြန် လှိမ့်ထွက်လိုက်သည် ။

နေခဲ့တော့ အာကာရေ၊ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပဲ ပြန်ပေတော့။

သူ ကားကို လမ်းမပေါ်ပြန်တက်ရင်း အိမ် ကိုပြန်ဖို့ သာ စိတ်ကူးမိတော့သည် ။

မျက်လုံးထဲမှာ တော့ မင်္ဂလာပွဲလေးက ဝေ ဝါးပါလာခဲ့၏။

ပန်နဲ့ကို မတွေ့ရပေမယ့် သတင်းစာထဲမှာ

MPT

တွေ့သည် ကလည်း ဒီနေ့ဒီအချိန် ဆီဒိုးနားမှာ ပဲမို့ ဒါ ပန့်ရဲ့ မင်္ဂလာဆည့်ခံပွဲဖြစ်ဖို့ အပြင် တခြားမရှိပါ။

လမ်းက မီးတိုင်များ ၏ အလင်းရောင်နှင့် လမ်းမကြီးပေါ်မှာ လုံလောက်စွာ လင်းနေ သော်လည်း ကားသွားကားလာတော့ ရှင်းနေ ၏။

လက်ညှိုးထိုးစရာမရှိသည့်တိုင် ချုံးချုံးကျ သွားသည့်စိတ်က အိမ်ကိုပြန်ဖို့ သာ ဆန္ဒတွေဖြစ်လာကာ အရှိန်ကိုမြှင့်တင်လိုက် သည် ။

သူပြန်ရောက်တော့ ညဉ့်မနက်ပေမယ့် အိ မ်မှာ လူစုံနေပြီမို့ အိပ်ရာဝင်ကုန်ကြပြီဖြစ်သ ည် ။

ကားပေါ်မှ ဆင်း၍ တံခါးကိုလှည့်မကြည့် ဘဲ နောက်ပြန်ပိတ်လိုက်သည် ။

“ဒုန်း ဒုန်း”

အထူးအဆန်း အသံတစ်သံကြား၍ ခြေလှမ်းက တုံ့ခနဲ ရပ်သွား၏။

ဒါပေမဲ့ ဘယ်လိုမှ မယုံကြည်နိုင်သော ကိုယ့်နားကို လှည့်ကြည့်စရာမလိုဟု ဆုံးဖြတ်လိုက်မိသည် ။

“ဒုန်း ဒုန်း”

နောက်ထဲမှ ထုသံက ပိုမိုကျယ်လောင်လာ၍ တကယ်မှန်း သိလိုက်သည် ။ ရက်ချိန်း ဖျတ်ခနဲ ကားနောက်ခန်းသို့ လှည့်ကြည့်လိုက်မိ၏။

“ဟင် ပန်၊ မင်း မင်း”

“ဟင် ကို ကိုကို”

သူ ရုတ်တရက် သော့ဖွင့်လိုက်ပြီး ကားတံခါးကို ဆွဲဖွင့်လိုက်၏။ နံ့သာရောင်ပြောင်လက်

MPT

နေသော ပန်းရင့်ရောင်ချိတ်နှင့် အင်္ကျီဝတ်စုံပုံစံ၊ ဆံထိုးပုံစံကစ မလေးရှားပုံဆင်ယင်ထားသည့် ပန်နှတစ်ကိုယ်လုံးက ရတနာတွေ ပြိုးပြက်လက်နေ၏။

"ဟို ဟို ဒါ ကိုကို့ကားနော်"

"ဟုတ်တယ်လေကွာ၊ မနေ့ကမှ ငါ့အလိုက်ပေးပြီးလဲလိုက်တာ၊ နေစမ်းပါဦး၊ ခု မင်းက ဘယ်လိုဖြစ်တာလဲ"

ပန်က ခြုံထားသော ပုဝါလေးကို စုထွေးလုံးကိုင်ကာ သူ့ရှေ့လာရပ်၏။ တအံ့တသြဖြစ်နေသည့် မျက်လုံးနှင့် သူ့ကို ခခယယကြည့်ပြန်သည် ။

"ဝမ်းသာလိုက်တာ ကိုကိုရယ်၊ ပန်လေ ဘယ်သူ့ကားမှန်းမသိဘဲ ကိုနေစိုး လက်ကနေလွတ်ရင် ပြီးရောဆိုတဲ့ သဘောနဲ့ ဒီကားမှာ ဝင်ပုန်းနေလိုက်တာ၊ ကြည့်စမ်း ကံကောင်းချင်

တော့ ကိုကို့ကားမှ လာဖြစ်ရတယ်လို့ ”

“ဟာကွာ မင်း သက်သက်ပြဿနာရှာတာပဲ”

ဒေါသထွက်လွန်းသဖြင့် စကားတွေပါ ထစ်ငေါ့ကုန်သည် ။

ခုလောက်ဆို သတို့ သားခမျာ ဘယ်လောက် ပူလောင်ခံစားနေရရှာမလဲ။

“မရဘူး၊ မင်းဒီလို ကလေးကလား လုပ်ချင်တာလုပ်လို့ မရဘူး၊ ခုချက်ချင်း ပြန်ရမယ်”

“ဟင့်အင်း ဟင့်အင်း”

“ပန်”

“အို ဟင့်အင်း ဟင့်အင်း”

သူ ပန့်ကို လက်မောင်းတစ်ဖက်မှ ဆုပ်ကိုင်ကာ ကားတံခါးကို ဆွဲဖွင့်သည် ။

ပန်က ခြေကန်ရုန်းရင်း တံခါးဖွင့်သည့် သူ့

MPT

လက်ကိုပါ နှောင့်ယှက်ပစ်၏။

"ပန် မပြန်ဘူး ကိုကို၊ ပန် မပြန်ဘူး၊ ကိုကို လက်မခံချင်ဘူးဆိုရင် ရတယ်၊ အဲဒီကို ပြန်ပို့စရာမလိုဘူး"

"ဟော့"

ပန် အတင်းဆောင့်ရုန်းကာ ခြံဝသို့ ဖွတ်ပြေးတော့သည်။

ရက်ချိန်း နေရာမှ မလှုပ်မယှက်ရပ်၍ ဘာလုပ်ရမှန်းမသိ။

"ဟဲ့သား၊ လိုက်လေ၊ ကောင်မလေးမှာ လက်ဝတ်လက်စားတွေနဲ့ တစ်ခုခုဖြစ်ရင် ကိုယ်တရားခံဖြစ်ဦးမယ်"

ဘယ်အချိန်ကတည်းက တံခါးဝတွင် ရပ်နေမှန်းမသိသော မာမီ့အသံ ထွက်လာ၏။

ထိုစကားမဆုံးမီ သူ ပန့်နောက် ပြေးလိုက်

MPT

ခဲ့၏။

ခြံဝမှာ ပန်နဲ့ကိုယ်လေးကို သူ ဖမ်းမိသွား၏။

ပန်သည် တရှိုက်ရှိုက်ငိုလျက် သူ့လက်ထဲမှာ ခွေကျမတတ်ပါလာ၏။

"ပန် မင်း မဖြစ်နိုင်တာတွေကို ဘာဖြစ်လို့ ကြံစည်ခဲ့တာလဲ"

ပန်သည် သူ့လက်ထဲမှ ရုန်းဖို့ အင်အားမရှိတော့ဘဲ တောင့်တောင့်လေးရပ်လျက် နှုတ်ခမ်းကို ဖိကိုက်ထား၏။

"မင်း မပြန်လို့ မရဘူး၊ အခု အချိန်မီပြန်ရမယ်၊ လာလိုက်ခဲ့"

"ဟင့်အင်း ဟင့်အင်း"

ခေါင်းလေး တွင် တွင် ခါနေပေမယ့် ကားဆီသို့ ရက်ချိန်းဆွဲခေါ်သည့်အတိုင်း ပန် ပါလာခဲ့သည် ။

MPT

ကားထဲဝင်ခိုင်းတော့မှ ပန် အတင်းရုန်းကန်နေ၏။

“ပန့်ကို သတ်ပစ်လိုက်ပါ ကိုကို၊ ပန် မချစ်တဲ့ လူနဲ့ တော့ မပေါင်းဘူး၊ ကိုနေစိုးရဲ့ အကျင့်စရိုက်ကိုလည်း ပန် မကြိုက်ဘူး”

“ဟ အဲဒါ မင်းမိဘနဲ့ မင်း အစကတည်းက ဆွေးနွေးရမယ့်ကိစ္စကွ၊ အခု ဒါတွေလာပြောလို့ ဘယ်သူက ဘာတတ်နိုင်မှာ လဲ၊ အရေးထဲငါက အချောင်သမား ဖြစ်သွားနိုင်သေးတယ်၊ မရဘူး ကားပေါ်တက်စမ်း”

“သား”

“မောင်လေး”

အိမ်သားတွေ အားလုံးနိုးကုန်ကြ၏။

တံခါးဝဆီ စုပြုံရောက်လာကြသည်။

သတို့ သမီးဝတ်စုံနှင့် အလွန်လှပ၍ ချစ်စ

MPT

ရာကောင်းသော ပန်နီကို တအံ့တသြ ဝိုင်းကြည့်ကြသည် ။

နောက်ဆုံး အားလုံးသောမျက်လုံးတို့ က ပ န့်ကိုယ်ပေါ်က ပြိုးပြိုးပြက်ပြက် လက်နေသည့် ရတနာများ ထက်မှာ တည်လေသည် ။

"သနားပါတယ် သားရယ်၊ ဖြစ်လာမှ တော့ မထူးပါဘူး"

"ဟုတ်တယ် မောင်လေး၊ ခုမှ မင်းပြန်ပို့လ ည်း ပိုရှုပ်ကုန်မှာ ပဲ၊ ခုလောက်ဆို ဟိုမှာ လည်း ရုတ်ရုတ်သဲသဲဖြစ်နေလောက်ပြီ"

"သားတို့ က ချစ်သူတွေမဟုတ်လား"

မဟုတ်ပါဘူးဟု ဖြေကာ ခေါင်းခါပစ်လိုက် ဖို့ သူ့မျက်နှာ ရှုံ့မဲ့သွားပြီးမှ ကျွတ်ခနဲ စုပ်သပ်ခြင်းဖြင့်သာ သူ ကားကို ထုချပစ်လိုက် မိ၏။

MPT

ပန်က ရှိုက်ငိုနေဆဲ။

"ကဲ ကဲ ကလေးမလေးကိုလည်း ငြူစူမနေပါနဲ့ တော့ကွယ်၊ သူ့ခမျာ စွန့်စားခဲ့ရရှာတာ သနားပါတယ်"

ပြော၍ ဒေါ်ဇင်မာက ပန့် ပခုံးလေးကို လှမ်းဖက်သည် ။

အိမ်ထဲ ခေါ်သွားမည်လုပ်တော့ ရက်ချိန်းက ပန့်လက်တစ်ဖက်ကို လှမ်းဆွဲလိုက်ပြီး၊

"မာမီ ဒီလိုလွယ်လွယ် မပြောနဲ့ ၊ ဒါ ကျွန်တော့်နောင်ရေး၊ ကျွန်တော်ဘာမှ စဉ်းစားပြင်ဆင်ထားတာ မဟုတ်ဘဲ အိမ်ထောင်သည် ဘဝကြီးကို ဘယ်လိုလက်ခံပေးရမှာ လဲ၊ ဘာမှ အစီပွာယ်မရှိဘူး၊ အဲဒါ စိတ်ထဲမှာ သူလက်ထပ်သွားပြီ ဘာအကန့်မှ မကျန်တော့ဘူးဆိုတာ တွက်ပြီးသား"

"ဒီလိုမပြောနဲ့ သား၊ အခု ကိုယ့်ဝင်း

ကိုယ့်ခြံထဲကို ရောက်နေပြီ၊ သူက လွယ်လွယ် လုပ်ခဲ့ပေမယ့် သား လွယ်လွယ်ဆုံးဖြတ်လို့ မရ တော့ဘူး၊ တစ်ဖက်က ဖြန့်ကားလိုက်ရင် ထောင်ပါကျသွားနိုင်သေးတယ်၊ ဒီတော့ ကိုယ့် ချစ်သူမို့ ကိုယ်ခိုးယူတဲ့ ပုံစံနဲ့ နေလိုက်ဖို့ ပဲရှိ တော့တယ်”

ဒေါ်ဇင်မာကတော့ လက်ဝတ်ရတနာတွေ ညွတ်အိနေသည့် ပန်း ပခုံးလေးကို မလွှတ် တော့ပါ။

“ခုတော့ ထောင်ကျဖို့ ပိုမနီးစပ်ဘူးလား မာ မီ၊ သူ့ကိုယ်မှာ ရတနာတွေအပြည့်နဲ့ ”

“ဒါက မဆိုင်ပါဘူး၊ မိန်းကလေးက ကိုယ့် ဘက်ပါဖို့ ပဲ လိုတာ၊ လာ ညီမ သူဘာပြောပြော တို့ က လက်ခံတယ်”

သ ၁းအ မိ ႏ ၂ စ ်ယေ ၁က ်ကြ ၁းမ ၂၁ ပန် အိမ်ထဲပါသွားပါပြီ။

ရက်ချိန်း ကားနားမှာ စိတ်ပျက်စွာရပ်ရင်း ဆံပင်တွေကို ထိုးဖွနေမိတာ ဘယ်နှကြိမ်မြောက်ခဲ့ပြီမှန်း မသိ။

*

MPT

# အခန်း ( ၁၀ )

"သား ဘယ်မှ မသွားနဲ့ ဦးနော် ဒီတစ်ခါတော့ မာမီစကားနားထောင်"

မနက်စာ လက်ဖက်ရည်ဝိုင်းမှာ လူစုံတော့ ဒေါ်ဇင်မာက စကားစ၏။

ချိန်း လက်ဖက်ရည်ထည့်ပြီးသည့် ပန်းကန်ကိုကိုင်ရင်း မသောက်ဖြစ်ဘဲ ပန့်မျက်နှာကို ခပ်စူးစူး စိုက်ကြည့်မိသည် ။

ပန် မျက်လွှာလေး ပင့်ကြည့်သော်လည်း သူ့မျက်ဝန်းများ နှင့် မဆုံမိ ချက်ချင်းခေါင်းငုံ့သွားခဲ့၏။

ဦးဇော်ဝိတ်ကလည်း                    သူတို့

MPT

နှစ်ယောက်ကိုကြည့်၍

"ဟုတ်တယ် သား၊ ကောင်မလေး ဒီရောက်နေတာကို ဘယ်သူမှ မသိကြသေးဘူး၊ မနေ့က တော့ သတင်းတစ်ခု ကြားထားတယ်"

ပန် ဖျတ်ခနဲမော့ကြည့်တော့ ဦးဇော်ဝိတ်က စိတ်မကောင်းသည့် မျက်ဝန်းများ နှင့် လှမ်းကြည့်ကာ

"မင်းမိဘတွေ ဒီနေ့ပဲ တိုက်ကော၊ ခြံကော တံခါးပိတ်ပြီး မိုးကုတ်ကို ထွက်သွားကြပြီတဲ့ ၊ ကြည့်ရတာ ဒီရက်ပိုင်းမှာ အမွေပြတ်ကြော်ငြာများ ပါလာမလားပဲ"

ဒေါ်ဇင်မာက ပန့်ကို လှမ်း၍ အကဲခတ်ကာ မျက်နှာတစ်ချက်မှ အညိုးမခံ။

"သားသမီးနဲ့ မိဘ အမွေပြတ်ကြော်ငြာလည်း ဘာဖြစ်လဲ၊ တစ်ဦးတည်းသောသမီးပဲဟာ အမွေပြတ်စရာ အကြောင်းမရှိဘူး၊ စိုးရိမ်မနေ

MPT

နဲ့ သမီး”

“ဟုတ်တယ်၊ ငါ့မောင်နဲ့ ဘာမှ လာမငြိဘဲ ခုလို အေးအေးဆေးဆေးပြီးတာကိုပဲ ကျေနပ် ရဦးမှာ ၊ ဒါဆို မောင်လေးတို့ လက်မှတ်ထိုးလို့ ရပြီပေါ့နော် မာမီ”

“ထိုးရမှာ ပေါ့၊ တကယ်ဆို ရောက်ရောက် ချင်း ကိုယ့်ဘက်ပိုင်အောင် လုပ်ထားရမှာ ၊ ည ည်းမောင်က တစ်ယူသန်နေတာ”

သူ့ဘက်လှည့်လာတော့ ချိန်း မျက်နှာတင်း တင်းနှင့်မော့လာ၏။

ဦးဇော်ဝိတ်က ချိန်းလက်ကို တစ်ချက်လှမ်း ပုတ်၍

“ငါ့သား မင်း ကလေးမှ မဟုတ်တော့ဘဲ၊ လူရယ်စရာအလုပ်ကို ဘာဖြစ်လို့ လုပ်နေမှာ လဲကွာ၊ ကိုယ်နဲ့ ခိုးရာလိုက်လာခဲ့တဲ့ မိန်းက လေးကို လက်မှတ်ထိုးပြီး သားမှတ်မှတ် မ

MPT

ယားမှတ်မှတ် ပေါင်းဖို့ အပြင် မင်းဘာလုပ်ဖို့ ရှိလဲ၊ ဒယ်ဒီ စီစဉ်ထားပြီးပြီ၊ သားတို့ ကို အပေါ်ထပ်က သားရဲ့ အိပ်ခန်းမှာ ပဲ အခန်းအ ပ်မယ်၊ ဒါ မင်္ဂလာအိပ်ခန်းပေါ့ကွာ၊ ဒီည မိုးမချုပ်ခင် သင့်တင့်တဲ့ အဆင်အပြင်တွေ ပြီး အောင်လုပ်ပြီး ကိုယ့်လူကြီးတွေနဲ့ ကိုယ် တိတ် တိတ်ဆိတ်ဆိတ် လက်မှတ်ရေးထိုးထားကြ၊ ဟိုဘက်က လုံးဝ အသံတွေတိတ်ပြီဆိုမှ မိတ် ဆွေအနည်းအကျဉ်းဖိတ်ပြီး အကျွေးအမွေး လေးနဲ့ ဧည့်ခံပွဲလုပ်ကြတာပေါ့၊ သမီးကကော ကျေနပ်ရဲ့ လားကွယ်”

“ရှင်”

ပန် သူမကို မေးလာမှ ကြောင်တောင်တော င်လေး ပြန်ကြည့်ကာ စကားတွေ ထစ်အ ကုန် ၏။

“ဟုတ် ဟုတ်ကဲ့ ဦး အဲ့ ဟို”

MPT

“ရပါတယ်၊ ဒယ်ဒီပဲခေါ်ခေါ် ပါးစပ်ထဲရောက်လာသလိုသာခေါ် တစ်ခုတော့ရှိတယ်နော်၊ ကိုယ်ထင်ရာလုပ်ခဲ့ပြီးမှ အိမ်မှာ တငိုငို တရယ်ရယ်တော့ မနေစေချင်ဘူး၊ မိသားစုလို ဝိုင်းလုပ်ဝိုင်းစား ပျော်ပျော်ရွှင်ရွှင်နေကြပေ့ါ၊ အိမ်မှာ အလုပ်သမားမရှိဘူး၊ ကိုယ်ထူကိုယ်ထ လုပ်ကြတာပဲ”

“ဟုတ်ကဲ့ပါ”

စကားဝိုင်းထဲ လုံးဝ ဝင်မပါသူက ချိန်းနှင့် မေလင်းပဲ ဖြစ်၏။

မေလင်းက ပန်းကိုသာ တစ်ချိန်လုံး စေ့စေ့စပ်စပ်ကြည့်၍ ငြိမ်သက်နေခဲ့၏။

ချိန်းက မှုန်ကုပ်ကုပ်နှင့် နေရာမှ ထထွက်သွားသည် ။

ဒေါ်ဇင်မာက ချိန်းကျောပြင်ကို လှမ်းကြည့်၍ ပြုံးလိုက်၏။

ပြီးတော့ ပန့်ဘက်ကို ပြန်လှည့်ကာ

"သားငယ်က မိန်းမယူဖို့ ဆို ဘယ်တုန်းက မှ ပြောလို့ ရခဲ့တာ မဟုတ်ဘူး ပန်ရဲ့ ၊ ရုပ်က လည်း ချောတော့ အကျိုးပေးကောင်းပေ့၊ ရည်းစားတွေများ ပြီး သူက လိုတရဖြစ်နေတာကိုး"

အားပေးနှစ်သိမ့်တာလား ကြွားတာလားမသိ။

မေမီကလည်း ပြုံး၍ ဝင်ပြောပြန်သည် ။

"လိုတရ ဖြစ်နေတာလည်း ပါတယ် မောင်လေးက မာနကိုကြီးတာ ပန်ရဲ့ ၊ တို့ အိမ်မှာ စီးပွားရေးကျသွားခဲ့ပေမယ့် အထည်ကြီးပျက်ဆိုတော့ မာနက သူများ ထက်ပိုတယ်၊ ရှေ့လျှောက် ငါ့ညီမက သူဌေးသမီးဆိုတဲ့ မာန်မာနနဲ့ လင်မယားချင်း အနိုင်ယူစကား မပြောမိဖို့ တော့ လိုတယ်နော်၊ အဲဒီလိုဆို မောင်လေးနဲ့

MPT

ပိုဝေးမှာ ပဲ၊ မင်း မာနထားလို့ မရဘူး”

ပေါ်တင်သတိပေးတာက ပန့်အတွက်လား။

သူတို့ ကိုယ်တိုင်က အကြောမခံချင်တာ လား။

ပန် ဘာတစ်လုံးမှ ပြန်မမေးမိပါ။

“အပွန်း မေလင်းကတော့ မြင်ယောင် သေးတယ်၊ ကိုကိုလေးက အစကတည်းက ဒေါသကြီးပြီး မာနကြီးကြီးနဲ့ ၊ မိန်းမ မလိုချင် ရတဲ့ အထဲ၊ သူ့ကို ကြည်ဖြူပါလိမ့်မယ် အားကြီးကြီး၊ ပွဲကတော့ ကြည့်ကောင်းဦးမယ် ”

တိုက်ရိုက်ကြီးဖွဲ့သည် ။

ပန် မျက်နှာပူသွားသော်လည်း မပြောနဲ့ မ ဆိုနဲ့ ဟု တားမည့်အသံ ထွက်မလာပါ။

အားလုံး ပြုံးနေကြသော်လည်း သူတို့ မျက်

နှာတွေမှာ ချိန်း၏ ဥပေက္ခာများကို ခါးစည်းခံ
နေရသော သနားစရာ မိန်းမတစ်ယောက်အဖြ
စ် လှောင်ပြောင်ခြင်းများ နှင့်သာ ပြီးဆုံးကြ
တော့မည်လား။

*

## အခန်း ( ၁၁ )

ရောက်သည့်ညကတည်းက သူ့အခန်းမှာ ခေါ်သိပ်၍ လက်ဝတ်လက်စားတွေဖြုတ်တော့ ပန်ကပဲ အန်တီ ခဏသိမ်းထားပေးပါဟု ပြော ခဲ့သည် ။

ရတနာတွေအပ်တော့ ဒေါ်ဇင်မာက ပျာပျာ သလဲ ခေါင်းညိတ်ခဲ့၏။

"သိမ်းထားပေးမယ် သမီး၊ သိမ်းထားပေးမ ယ်၊ ဘာတစ်ခု မပျောက်ပျက်စေရဘူး"

ဟု ကတိတွေ ဖောင်သာဝေနေခဲ့သည် ။

နောက်နေ့တွေမှာ မေမီတို့ အဝတ်တွေကို ပေးမဝတ်စေချင်၍ ဆိုကာ အဝတ်စားအသစ်

MPT

တွေချည်း အထပ်လိုက် ဝယ်ချလာသည် ။

အကောင်းစားတွေချည်း ချက်ကျွေး၏။

ငါးရက်မြောက်နေ့ကျမှ လက်မှတ်ထိုးဖို့ စီစဉ်ခဲ့တာပါ။

မင်္ဂလာအိပ်ခန်းဆိုသည့်အထဲမှာ ခန်းဆီးကအစ အသစ်တွေ လဲပေးသည် ။

ပန်းရင့်ရောင် နှစ်ယောက်အိပ်မွေ့ရာ အပွင့်ကြီးတွေက တခမ်းတနားပဲ ဖြစ်၏။

ပန့်အတွက် လက်မှတ်ထိုးလျှင် ဝတ်ဖို့ ဟုဆိုကာ လက်လက်တောက်နေသော ချိတ်တစ်စုံ ချူပ်လာပေးသည် ။

အားလုံးပြီးဆုံးသွားတော့ စာရင်းတွေတွက်ပြကာ

"သမီးရဲ့ လည်ကုံးတစ်ကုံး အသုံးထဲ ခဏထည့်ထားတယ်၊ ဒါက လောလောဆယ် မကုန်

မဖြစ် ကုန်ရတာလေ၊ သမီးသိက္ခာရှိဖို့ ပါ၊ မာမီတို့ က ပြေလည်တာမဟုတ်တော့ ခဏလှည့်တာ၊ သမီးလိုတဲ့ အချိန် ပြန်ထည့်ပေးမယ် သိလား"

အပြောလေးက ချိုသည် ။

စိန်ကုံးတစ်ကုံးတည်းက သိန်းရာကျော်ထိတန်တာရှိသည် ။

ကိုယ့်အတွက် သုံးလိုက်ရတာ ဒီလောက်ထိရှိသွားသလား။

ရှိပါလေ့စေတော့။

အမိက,က ကိုကို့နားမှာ ပန် နေခွင့်ရဖို့ ပါပဲ

။

လက်မှတ်ထိုးပြီးကြတော့ လူကြီးသုံးယောက်ကို လက်ဖက်ရည်တိုက်ပြီး ကားနှင့် ပြန်လိုက်ပို့သည် ဆိုသော ချိန်းသည် ပြန်ရောက်မ

လာတော့ပါ။

ညစာထမင်းဝိုင်းမှာ လည်း လူမစုံခဲ့။

ဦးဇော်ဝိတ်နှင့် ဒေါ်ဇင်မာတို့ က ရှေ့ဆင့် နောက်ဆင့် ထွက်သွားခဲ့၏။

မေလင်းက ထမင်းစားပြီးမှ ထွက်သည် ။

"အင်း တို့ အိမ်မှာ လက်ထဲ ငွေလေးရှင်နေရင် သိပ်သိသာတာပဲ၊ တကယ် မာမီတို့ မှာ အိမ်ကိုမကပ်တော့ဘူး"

ထမင်းစားခန်းဆီ လှမ်းမည့်ခြေလှမ်းတို့ကို တုံ့ရပ်ပစ်မိ၏။

မေမီစကားသံက တစ်ယောက်တည်းပြောနေသော်လည်း စိတ်ပါလက်ပါ ရယ်သံစွက်နေသေးသည် ။

သိမ်းဆည်းနေသံတွေကြောင့် ကူညီသိမ်းဖို့ ထမင်းစားခန်းထဲဝင်ခဲ့၏။

"ဟော ပန် ထမင်းစားပြီးပြီလား"

"နေ့လယ်က စားထားလို့ မဆာသေးဘူး မမကြီး၊ ကိုကို ပြန်လာမှ ပဲ စားတော့မယ်၊ မမကြီး စားပြီးပြီလားဟင်"

"စားပြီးပြီ၊ ဒါဆို ဒီဝိုင်းကို ပန် သိမ်းလိုက်တော့နော်၊ တို့ လည်း သွားစရာရှိလို့ ၊ တို့ တွေ ညဥ့်နက်မှ လူစုံမှာ သိလား၊ ဒီလိုပဲ သွားလာနေကျ၊ မင်း နေရဲတယ်မို့လား"

"ဟုတ်ကဲ့ နေရဲပါတယ်၊ ဟို ကိုကိုကကော ညဥ့်နက်မှာ ပဲလားဟင်"

ပန်ကမေးတော့ မေမီက ခပ်မဲ့မဲ့ရယ်ကာ ပခုံးပါတွန့်၏။

"ခါတိုင်းတော့ ပြန်ချင်တဲ့ အချိန်မှ ပြန်တတ်တာပဲ၊ ဒီနေ့တော့ မသိဘူးလေ၊ ဒါက မင်းရဲ့ ဆွဲအားအပေါ် မူတည်တာပဲ၊ လောလောဆယ် ချုပ်ကိုင်မိဖို့ ကလည်း မလွယ်ဘူး ပန်ရဲ့ ၊ မော

MPT

င်လေးက ခေါင်းမာတတ်တော့ ပိုဆိုးတာပေါ့၊ မင်း တဖြည်းဖြည်း စည်းရုံးယူရမယ်ထင်တယ်”

ပြောပြီး ရေချိုးခန်းဝင်သံ ကြားသည်။

ဘယ်လောက်မှ မကြာသေးမီ ကြော့ကြော့မော့မော့လေး ဖြီးလိမ်းပြင်ဆင်ပြီး ထွက်လာသည်။

စူးရှမွှေးကြိုင်နေသော ရေမွှေးနံ့တွေ ထောင်းထောင်းထကာ ထမင်းစားခန်းထဲမှ သိမ်းဆည်းပြီး၍ ထိုင်နေပြီဖြစ်သော ပန်နှရှေ့မှာ လာရပ်၏။

“သိပ်လည်း စိတ်ညစ်မနေပါနဲ့ ပန်၊ မင်းကို လက်မှတ်ထိုးယူတဲ့ အထိ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်လေး တာဝန်ယူသွားတာကိုက မောင်လေး မင်းကို သံယောဇဉ်ကြီးတာ သိသာပါတယ်၊ ဒီကလေးက စိတ်မပါတဲ့ အလုပ်

MPT

ကို ဘယ်တော့မှ ခိုင်းလို့ ရခဲ့တာ မဟုတ်ဘူး၊ ဒီညတော့ ဘချလာနိုက် ဘာညာနဲ့ နောက်ကျ ချင်ကျမယ်၊ ကြံဖန်တွေးပူမနေနဲ့ ”

မေမီက စိတ်လိုလက်ရ အားပေးသွားသေးသည် ။

စိတ်ညစ်၍ ထင်ပါသည် ။ အိပ်ရာထဲဝင်ချိန်တန်တော့ စိတ်အိုက် လူအိုက်မို့ ပန် ရေချိုးခန်း ဝင်လိုက်သေးသည် ။

အိပ်ခန်းထဲမှာ မှန်တင်ခုံ သပ်သပ်ခွဲပေးထားပြီးပြီမို့ မှန်ရှေ့မှာ ထိုင်၍ ဆံပင်တွေကို ကျကျနန ဖြီးချရင်း သနပ်ခါးရေကျဲလေး လိမ်းထားသည့် ကိုယ့်မျက်နှာကို မှန်ထဲမှ ငေးနေမိ၏။

ပြီးတော့ မှန်ထဲ တချို့တစ်ဝက်ပေါ်နေသော နှစ်ယောက်အိပ်မွေ့ရာကြီးကို မရဲတရဲ ကြည့်မိပြန်သည် ။

မင်္ဂလာဦးညမို့ ရှက်ရွံ့ရင်ခုန်ခြင်း မဟုတ်ပါ။

ကိုကိုပြန်လာရင် ငါ့ကို ဘယ်လိုဆက်ဆံမလဲဆိုသည့် အတွေးကြောင့် စိုးရိမ်တာကော ရှက်တာပါ ရောထွေးနေသော ရင်ခုန်ခြင်းမျိုး ဖြစ်၏။

တကယ်ဆို ရင်ခုန်သံမြန်လောက်အောင် ချောသော ကိုကိုနှင့် ပန်က လိုက်ဖက်မည်မဟုတ်ပါ။ ခုချိန်တွင် ကိုကိုသည် အမုန်းမဟုတ်လျှင်သော်မှ ဒေါသကတော့ ရှိနေလိမ့်မည်။

အိမ်သားတွေရှေ့မှာ ဘာမှ မပြောခဲ့သော ကိုကို့မျက်ဝန်းတွေထဲမှာ ပန့်ကို ပြောချင်အော်ချင်သည့် မလိုလားသော စကားလုံးတွေ အများကြီးရှိနေသည် ။

ဘာစကားမှ မပြောဘဲ စေ့ပိတ်နေခဲ့သည့် နှုတ်ခမ်းလွှာများကြားမှ ပန် မကြားရဲသော စ

ကားတွေလည်း စုဝေးကျပ်ခဲနေနိုင်သည် ။

ခု လူတွေအနားမှာ တစ်ယောက်မှ မရှိသည့်အချိန်ဆို ကိုကို ဘာတွေပြောမလဲ။

"ဟာ ဟာ ဘယ်လိုလုပ်တာလဲကွ ခက်ပြီ ဒီကောင်"

ကားသံတွေကော လူသံတွေပါ ကြားလိုက်ရသည် ။

စကားသံများ အရ ကားတစ်စီးနှင့် လူအနည်းဆုံး သုံးလေးယောက်ခန့် ပါမည်။

သူတို့ အရက်တွေ မူးလာကြသလား။

"ဖယ်စမ်းပါကွာ"

"အေးပါ ဖယ်မှာ ပါ၊ သိပ်လည်း သောက်တာ မဟုတ်ဘဲနဲ့ ခံနိုင်ရည်ကမရှိဘူး"

"အေးလေ ငါ ငါတို့ မှာ တစ်လမ်းလုံး ဘုရားတလာရတယ် အေ့"

"ခွေးချိန်း ဘချလာနိုက်ဆိုပြီး စားရတာနဲ့ ထိတ်ရလန့်ရတာက မကာမိဘူး"

"ဟော့ အထဲထိ လိုက်ပို့ရမှာ လား ပြောကွာ
"

"နိုး ရပြီ၊ အေ့ သွား သွားကြတော့"

"ဝေး ဟေး ဟေး"

"ဖြောင်း ဖြောင်း ဖြောင်း"

တမင်ညှစ်ထုတ်ရယ်မောခြင်း လက်ခုပ်တီး သံတို့ ၏ နောက်မှ အော်ဟစ်ဆုတောင်းပေးကြ၏။

"ငါတို့ သူငယ်ချင်း ဒီဇနီးလေးနဲ့ သက်ဆုံး တိုင် ရိုးမြေကျ ပေါင်းရပါစေကွာ"

"ဟော့ ဟား ဟား ဟုတ်တယ် ဟုတ်တယ်၊ ချိန်းနော် မင်း မင်္ဂလာဦးညမှာ စိတ်ညစ်စရာ တွေ လျှောက်မပြောနဲ့ ၊ ဒီ ဒီညမျိုးမှာ အပြော

အဆိုမတတ်ရင် မင်း ခံသွားရမယ်နော်၊ ကြား လား လိမ်လိမ်မာမာ ပြော၊ ကောင်းကောင်း မွှ န်မွှန်နေ ဟဲ ဟဲ”

“ဝေး သွားပြီ”

လက်ခုပ်သံက မြိုင်မြိုင်ဆိုင်ဆိုင်တော့ မ ဟုတ်ဘဲ လက်ဖဝါးချင်းမှ သေသေချာချာ ထိခ တ်အောင် တီးနိုင်ရဲ့ လားမသိ။

ကားသံက ပြန်လည်ပျောက်ကွယ်သွား၏။

ပြောဆိုရယ်မောသံတွေလည်း မရှိတော့ပါ။

“ဒုန်း”

အခန်းထဲမှာ နံရံနားတွင် ကုတ်ကုတ်လေး ရပ်နေမိသည့် ပန့်ကိုယ်လေး တွန့်ခနဲဖြစ်သွား သည် ။

ကိုကို လဲနေပြီလား။ ခြေလှမ်းပြင်ပြီးမှ ပြန် ရပ်နေမိ၏။

MPT

ပန် ကိုကို့ဆီ မသွားရဲ။

"မင်္ဂလာဦးညမှာ မင်း  စိတ်ညစ်စရာတွေ လျှောက်မပြောနဲ့ " ဟု စောစောက တစ်ယောက်က ပြောသွားသည် ။

ဝိုင်းဖွဲ့စားသောက်ကြပြီး ကိုကိုဘာတွေ ရင်ဖွင့်နေခဲ့သလဲ။

ဒီညတော့ ရင်ထဲရှိတာတွေအားလုံး ဖွင့်ချတော့မည်ဟု အံခဲ၍ ကိုကို ပြန်လာခဲ့တာဆိုလျှင် ပန့်ကိုမြင်တာနဲ့ ထွက်ကျလာမည့် စကားလုံးတွေကို ပန် ဘယ်လိုနားနှင့် လက်ခံနားထောင်ရဲမည်နည်း။

နေရာမှ တုပ်တုပ်ပင်မလှုပ်ဘဲ ပန် ရပ်နေဆဲ ခန်းဆီးစလေး သိမ့်ခနဲ ရုတ်ဖယ်သွား၏။

အခန်းထဲကို ငိုက်ခနဲ ယိမ်းထိုးကျ လာပြီးမှ တံခါးစပေါင်ကို အနိုင်နိုင်ထိန်းမတ်၍ မှီလိုက်တော့ ကိုကိုက ပန့်ရဲ့ ဘေးမှာ

MPT

"ကိုကို"

ပြေးပေါက်မရှိတော့သည့် ယုန်သူငယ်လေး သဖွယ် ပန် ထိတ်ထိတ်လန့်လန့် နောက်ဆုတ်မိ၏။

"ပန်"

တိုးလျသော အသံတစ်ချက်နှင့် အရက်ရှိန်ကြောင့် ရီဝေနေသော မျက်ဝန်းတွေ ပန့်ဆီ ကျရောက်လာသည် ။

ဖြူနုသော ကိုကို့မျက်နှာက နီနေသည့်ကြားထဲမှ အထူးတလည် ရဲစိုနေသသော နှုတ်ခမ်းများက ခါတိုင်းထက်ပို၍ ကြည့်ကောင်းနေသည် ။

မျက်ဝန်းတို့ က ရီဝေဖျော့ကျနေသော်လည်း ရှည်လျားသော မျက်တောင်များ စင်းကျနေပုံက ပန့်တစ်ကိုယ်လုံး ညို့ယူနေသလိုပင်။

MPT

စိမ်းညို့နက်မှောင်သည့် မျက်ခုံးနှစ်ခုသည် တွန့်ခနဲ ညွတ်ကျသွားလိုက် အနည်းငယ် ပင့်တက်သယောင်ဖြစ်သော မျက်ဝန်းတို့ ကို စူးစိုက်သွားလိုက် ဘာလိုပဲဖြစ်ဖြစ် ညို့ငင်မှုတွေသာ ပြနေတတ်သော ကိုကို့မျက်နှာချောချောကို ပန် ငေးကြည့်နေမိဆဲ။

"ပန်"

ကိုကို့နှုတ်ဖျားမှ ဒုတိယအကြိမ် ထပ်မံလှုပ်ခတ်သွားတော့ ပန် ရှေ့ကိုတိုး၍ ကိုကို့နားကပ်သည် ။

"ကိုကို ကိုကို စားသောက်ခဲ့ပြီမဟုတ်လားဟင်၊ အိပ် အိပ်တော့နော်၊ ဒါမှ မဟုတ် ကိုကို ရေချိုးမလားဟင်"

"ဘာ"

ဒေါသသံမဟုတ်ဘဲ ဆောင့်အော်ပြီးမှ ကိုကို ဆံပင်ကို ဖွပစ်၏။

"ဒီမှာ ရင်တွေဘာယ်လောက်ပူနေသလဲ သိလား၊ အသည်းတစ်ခုလုံးကို အရက်နဲ့ စိမ်လာတာ၊ ရေသွားချိုးပါဆိုတော့ မင်းက ငါ့ကို သေစေချင်လို့ လား"

"မဟုတ်ပါဘူး ကိုကိုရယ်၊ ပန် မသိလို့ ပြောတာပါ"

အသည်းကို အရက်နဲ့ စိမ်လာသည် ဆိုသော စကားကြောင့် ပန် ကိုယ့်ကိုယ်ကိုယ်ပင် သတိမထားမိသေးခင် မျက်ရည်တွေ မျက်ဝန်းမှာ ပြည့်သိပ်လာ၏။

"ဒါ ဒါဆို ကိုကို အိပ်တော့မှာ လားဟင်"

"ဟုတ်တယ်၊ အေ့ ဒါပေမဲ့ ဒီမှာ မဟုတ်ဘူး ၊ ငါ ငါ မင်းနဲ့ မအိပ်ဘူး"

"အို ကိုကို"

ပြော၍ နောက်ကိုပြန်ထွက်ဖို့ လှည့်စဉ် ကို

ယ်လုံးကြီး ယိုင်ကျသွားသဖြင့် ပန် ပြေးတွဲမိ၏။

"ကိုကိုရယ် ဒီမှာ ပဲအိပ်ပါနော်၊ ပန် ပန် မမကြီးနဲ့ ပဲ သွားအိပ်ပါ့မယ်နော် ကိုကို"

သူ့ခါးကို သိုင်းဖက်၍ မနိုင်မနင်း ထိန်းထားပေးနေသော ပန့်မျက်နှာလေးကို ချိန်းငုံ့ကြည့်မိ၏။

အရက်ကြောင့် အာရုံတွေက ဝေဝါးထွေပြားနေသော်လည်း မျက်ရည်တွေပြည့်နေသည့် မျက်ဝန်းလေးတွေကိုတော့ မြင်သည် ။

အတင်းဖိကိုက် ထိန်းချုပ်နေရှာသည့် နှုတ်ခမ်းပါးလေးတွေကို စိုက်ကြည့်ကာ ချိန်း ရင်တွေ ကတိမ်းကပါးဖြစ်ကုန်၏။

ဒီမျက်နှာလေးဟာ သူ့ပတ်ဝန်းကျင်၏ အဝေးဆုံးမှာ မှိန်ပျပျလေးသာ ရှိခဲ့သော်လည်း

ရင်ထဲမှာ တော့ အမြဲရှိခဲ့သည် ။

သူသည် ပန့်ကို ရည်းစားများ စာရင်းမှာ လုံးဝ ထည့်သွင်း မသတ်မှတ်နိုင်သော်လည်း

"ပန် မင်း မင်းဟာ သိပ်ချစ်စရာကောင်းတဲ့ မိန်းကလေး"

ချိန်း ပန့်ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဖိဆုပ်ကာ နံရံမှာ ဖိကပ်ထားလိုက်၏။

ပြီးတော့

"ကိုကို"

သူကိုယ်တိုင် ဘာမှန်းမသိလိုက်မီတွင် ပန့်ကိုယ်လေးထက်မှာ သူဟာ အတင်းချုပ်နှောင်ထားပြီး အနမ်းမိုးစက်တို့ ကို ပိုက်စိပ်တိုက်ခြွေပစ်ခဲ့မိသည် ။

စက္ကန့်ပေါင်းများ စွာကို မေ့လျော့သွားခဲ့သည် ။

ကိုယ်ခန္ဓာသည် ပေါက်ကွဲနေသော မီးတောက်ကြီးတစ်ခုနားမှာ လွင့်ဝဲနေသလိုလို၊

ရေခဲမြစ်ပြင်ထက်မှာ ရှက်တိုက်ပြေးလွှားနေခဲ့သလိုလို။

နွေးခြင်း၊ အေးခြင်း နှစ်ရပ်ကြားမှာ တစ်ကိုယ်လုံးက ဦးစိုက် ကျွမ်းပြန် လွင့်မျောနေခဲ့သည် လား။

အသိတရားအားလုံးက ကိုယ်မှ လက်တို့ စိန်ခေါ်သွားလိုက် ပြန်လာခေါ်လိုက်နှင့် အမှားတို့ ၏ စက်ကွင်းသို့ နယ်မကျွံမီ ချိန်း သတိရလာသည် ။

မဟုတ်ဘူး ။ ငါမချစ်တဲ့ မိန်းမတစ်ယောက်ကို ငါဘာဖြစ်လို့ အနမ်းတွေနဲ့ နှုတ်ဆက်ရမှာ လဲ။

"ပန် မင်း မင်းသွားတော့"

MPT

သူ့ကိုယ်သူ ထိန်းမတ်ကာ နံရံနှင့် ဖိကပ်ချုပ်နှောင်ထားခဲ့သော ပန့်ကိုယ်လေးကို လွှတ်လိုက်၏။

"ဆော ဆောရီး၊ ငါ မင်းကိုမချစ်ဘူး၊ ငါ့ရဲ့လူပျိုဆိုတဲ့ ဘဝ ငါ့ရဲ့ လွတ်လပ်မှုတွေအပြည့်နဲ့ ထင်သလိုနေခွင့်ရတဲ့ ဘဝကို ဘယ်မိန်းမကိုမှ ငါမပေးနိုင်ဘူး၊ မင်းက ငါ့ရဲ့ ဟင် ဟာကွာ ဘာဖြစ်လို့ မျက်ရည်တွေကျနေတာလဲ၊ သွား သွားစမ်း လာငိုပြမနေနဲ့ သွားကွာ သွား"

"အား"

ပန့်ကိုယ်လေးကို သူ တွန်းပစ်လိုက်၍ ပန်ဘေးတိုက်လေး ခွေခနဲ လဲကျသွားခဲ့၏။

ရှက်၍ နာကျင်သော မျက်ရည်စက်တို့ သည် အကြည်ရောင်မဟုတ်ဘဲ အစိမ်းရောင်တွေများ ဖြစ်သွားပြီလား။

မင်္ဂလာဦးည၏ အဓိပ္ပာယ်သည် ဤသို့ တွ

န်းထုတ်စွန့်ပစ်ခံရခြင်းလား။ ပန့်ဘဝဟာ ဤ မျှထိ တန်ဖိုးမဲ့ခဲ့ပြီပေါ့။

ပန် အခန်းထဲကနေ ပြေးထွက်လာခဲ့မိသ ည် ။

မိန်းမသားချင်း ကဲ့ရဲ့ ခံရမှာ ကိုသိပေမယ့် ပန် အံကြိတ်ထားခဲ့သည် ။

အောက်ထပ် ဦးဇော်ဝိတ်၏ စာကြည့်ခန်းနှ င့်ကပ်လျက် ပစ္စည်းမျိုးစုံ ထိုးကြိတ်စုပုံထည့် ထားသည့် အခန်းကို တစ်ယောက်တည်းရှင်း နေရင်း မျက်ရည်စက်တို့ က မကုန်ခမ်းနိုင်စွာ တစ်ပေါက်ပေါက် ကျနေခဲ့၏။

ပစ္စည်းတွေကိုရှင်းအောင် အခန်းထောင့်မှ သေချာ စီရီပုံထပ်သည် ။ အားလုံးကို လှဲကျင်း ၍ ကြမ်းပေါ်မှာ သန့်စင်သွားမှ အိပ်ရာခင်း လေးခင်းသည် ။

ထိုညသည် ပန့်ဘဝမှာ ရက်စွဲ့ကြေကွဲဖွယ်

MPT

အကောင်းဆုံးညဖြစ်သလို တစ်ဘဝစာအတွက်လည်း မှတ်သားလောက်သည့်ညပဲ ဖြစ်ခဲ့သည်။

မေ့မှုးလောက်သည့် အနမ်းတို့ ကို နွေးထွေးစွာ ဖြန့်ခွေခဲ့ပြီး ရက်စက်စွာ နှင်ထုတ်ခဲ့သည်။

ရှိပါစေတော့ ကိုကို။

ကိုကိုမှန်ပါတယ်။ ကိုကိုက ပန့်ကို လက်ခံခဲ့တာမှ မဟုတ်ဘဲ။ ထိုညတွင် အခန်းတံခါးသော့ပိတ်ကာ ပန် တစ်ညလုံး ငိုခဲ့သည်။

*

MPT

## အခန်း ( ၁၂ )

တကယ်တော့ အားလုံးထင်ကြသလို မေမေတို့ ဘက်က အမွေပြတ်စွန့်လွှတ်ခြင်း မကြေငြာခဲ့ပါ။

အခြေအနေတွေအားလုံး အေးဆေးစွာ ပြီးဆုံးသွားသလို ရုတ်ရုတ်သဲသဲလည်း မဖြစ်ခဲ့၊ ဘာသံမှ မကြားသောအခါ ပန် ဈေးသွားဈေးလာ အပြင်ကို ထွက်ရဲလာခဲ့၏။

"ပန်တို့ ဘက်က ဘာသံမှ လည်း မကြားဘူးနော်"

တစ်ခါတလေ မမကြီးဆီမှ ပြောသံကြားရ၏။

"ဟုတ်တယ်၊ အမွေပြတ်စွန့်လွှတ်တယ် ဘာညာ တင်းမာနေတာကမှ တောင်းပန်ရလွယ်သေးတယ်၊ ခုလိုပုံစံက ခန့်မှန်းရခက်တယ်၊ တို့ တွေက သူ့အတွက်ပြောတာပါ၊ မိဘနဲ့ ပြေလည်တော့ ပြည့်ပြည့်စုံစုံ ဝတ်ရစားရတာပေါ့"

ဒေါ်ဇင်မာကလည်း ပန့်ကို မေးဆတ်ပြ၍ စေတနာလိုလို စိတ်မရှည်သလိုလို။

"ခုဆို ချိန်းလည်း ဟိုတုန်းကလိုတောင် မဟုတ်တော့ဘူး၊ အောင်မြင်တဲ့ ဝယ်ရောင်းသမားဖြစ်နေပြီ၊ ဒါတောင် အိမ်ကိုပိုက်ဆံမပေးဘူး"

မေမိစကားသံက ညည်းညူသလို မဲ့မဲ့ရွဲ့ရွဲ့။

"ဘယ်ပေးမလဲ မမကြီးရဲ့ ၊ ကိုကိုလေးက သူ့ကို အိမ်ပေါ်တင်ထားတာ ကျေနပ်တာမှ မဟုတ်တာ၊ မမကြီးတို့ ကြောင့် သူ ဒီမှာ သောင်တင်နေတာ၊ ကိုကိုလေးက တင်းမှာ ပေါ့"

MPT

မေလင်းက မျက်စောင်းထိုးခြင်းကို တည့်တည့်ပဲကျူးလွန်ကာ ပန့်ကိုဆို ဘာပြောလိုက်လိုက် အားနာစိတ်မရှိခဲ့သူ။

ကိုကို့ထက် သူမ အသက်ငယ်သည် ။ ပန်နဲ့ဆို ရွယ်တူလောက်ပဲရှိမှာ ပါ။ ဒါမှ မဟုတ် မတိမ်းမယိမ်းလောက် ရှိချင်ရှိမည်။

အစ်ကို၏ ဇနီးမို့ လေးစားသမှုဆိုတာ မရှိ။

ပန်လို့ ခေါ်တတ်သလို တစ်ခါတလေ လူကွယ်ရာမှာ ဆို မိပန်ဟု ခေါ်တတ်သေး၏။ ကိုကိုသည် အိမ်ကပ်သည် ဟူ၍ သိပ်မရှိဘဲ ပန့်ကိုလည်း ရှိသည် ဟု ပင် မှတ်ရဲ့ လားမသိ။

သို့သော် ပန် ကျေနပ်အောင် ကြိုးစားခဲ့သည် ။

ဒီနေ့ထိ ပန့်ကို ကိုကို မပေါင်းသင်းခဲ့သော်လည်း ပန်ဟာ အိမ်ထောင်ရှိတဲ့ မိန်းမပါပဲ။ ကိုကို့ဇနီးအဖြစ်လောက်နှင့် ရပ်တည်ခွင့်ရနေခြ

MPT

င်းကို ပန် ကျေနပ်နိုင်အောင် ဖြေသည် ။

ခုတော့လည်း ကိုကို့မျက်နှာတင်းတင်းကို ပန်ကိုယ်တိုင် မမြင်ရဲ၍ ရှောင်နေခဲ့မိ၏။

သူ ငှါ့ကိုမြင်လည်း ဒေါသဖြစ်မှာ ပါ။

အိမ်မှာ ရှိသမျှအလုပ်တွေ သိမ်းကျုံးလုပ်ရင်း ကိုယ့်ကိုယ်ကိုယ် အိမ်ဖော်တစ်ယောက်ဘဝမျိုး ဖြစ်လာတာကိုပင် သိမ်ငယ်ရမှန်းမသိ။

ကိုကို့ကို ပန်ချစ်သည် ။

"ဟဲ့ ပန် ချက်လို့ မပြီးသေးဘူးလား၊ ညော့သည် ကို ထမင်းကျွေးမလို့ ကို ဒုက္ခပဲ"

"ပြီးတော့မှာ ပါ မမကြီး၊ ငါးဖယ်ဆုပ်လေး သုတ်ဖို့ ပဲ ကျန်တော့တယ်"

တစ်အိမ်လုံးစားဖို့ ဝတ်ဖို့ ပန့်တာဝန်ပဲ ဖြစ်လာခဲ့၏။

ညော့သည် လာတော့ သူတို့ က ညော့ခန်းမှာ

MPT

မိန့်မိန့်ကြီးထိုင်ကာ ပန့်ကိုတော့ အိမ်ဖော်တစ်ယောက်လို ခိုင်းထားသလိုမျိုး။

"ဒီလိုကျတော့လည်း ဇင်မာတို့ က ချွေးမကို တယ်ပိုင်ပါလားကွယ်၊ မီးဖိုထဲမှာ အပိုးကိုကျိုးနေတာပဲနော်"

"ဒီလိုလည်း မဟုတ်ပါဘူး မမစိန်ရယ်၊ ကောင်မလေးကလည်း အေးပါတယ်"

"အေးပေမယ့် သူဌေးသမီးမို့လား ဇင်မာရဲ့၊ ခုလို အပိုးကျိုးနေတာ ဇင်မာရဲ့ အကိုင်အတွယ်ကောင်းလို့ ပေါ့"

"ဟုတ်ပ အန်တီဇင်မာကလည်း တော်တော်ပြောတာပဲ၊ ဝန်ခံလိုက်စမ်းပါ"

နိုးနိုးနဲ့ ဒေါ်စိန်မမတို့ သားအမိရှေ့မှာ ဒေါ်ဇင်မာက ဆင်ခြင်ပေမယ့် မေလင်းက ဘယ်သူ့ကိုမှ ဂရုစိုက်ရမှန်းမသိ။

"အန်တီစိန်နှင့် မနိုးက မသိလို့ ပါ၊ ကိုကို လေးအကြောင်း မသိဘူးလား၊ ဘယ်တုန်းက မိန်းမယူမယ် ပြောဖူးလို့ လဲ၊ မိဘပြောလည်း မရ၊ ရည်းစားလည်း မနိုင်၊ သူကျမှ မယူလို့ မရ တာ ကြည့်၊ သူ့ဟာသူ ဇွတ်တရွတ်ကြီး အိမ်ကို အတင်းတက်လာတာ"

"အို သမီးကလည်း ကွယ် ဒီလိုမပြောရဘူး "

ဒေါ်ဇင်မာ တားဆီးပုံကိုက အသက်မပါ။

ဒေါ်စိန်မမ မျက်လုံးပြူးသွားကာ နိုးနိုးက ပခုံးနှစ်ဖက်တွန့်၍ တကယ်က ဒီကိစ္စတွေကို သူမတို့ သိပြီးသားပါ။

ပန်ဆိုသည့်မိန်းကလေး ရောက်လာသည့် ညကတည်းက မိုးလင်းသည် နှင့် သတင်းအစုံ က ရောက် လာပြီးသား။

သို့သော် ထိုစကား ထိုသတင်းဟာ

တစ်ခါပြောရတိုင်း တစ်ခါအားရသည် ။

ဤမိန်းမရှေ့မှာ ပဲ ပြောချင်သည် ။

ဒေါ်ခင်မာက ဖုံးဖိနိုင်ပေမယ့် မေလင်းက ပေါ်တင်ပဲပြော၏။

"ဒီကောင်မ ဒါကို မကြာခဏကြားနေမှ သူ့ဘဝသူ သိမှာ ၊ သူ့အဆင့် သူနားလည်မှာ " ဟုလည်း ကြားအောင်ပြောသေးသည် ။

မေမီကတော့ မတားဆီးဘဲ အံကြိတ်၍ ပြုံးနေသေးသည် ။

နားထောင်သည့်လူတွေကလည်း အားပါးတရပါပဲ။

ပန် ကြားလိုက်တာလည်း ရှိသည် ။ မကြားတာလည်း ရှိ၏။

ဘယ်လိုပဲဖြစ်ဖြစ် ပန် သည်းခံဖို့ သာရှိပါ၏။

MPT

"ဒါနဲ့ ချိန်း အပေါ်မှာ ရှိတယ်ဆို"

"ရှိတယ် နိုးနိုးရဲ့ ၊ အပြင်မထွက်သေးတာ တော့ သေချာတယ်၊ ဟော ဟော နောက်ဖေး က တက် လာပြီ ဟိုမှာ ၊ သားရေ ဒီမှာ နိုးနိုးတို့ ရောက်နေတယ်၊ မနက်ဖြန် ဘုရားဖူးထွက်ကြ မလို့ တဲ့ ၊ မာမီတို့ ကလိုက်မှာ ၊ သားကော"

ချိန်း အားလုံးကို ဝေ့ကြည့်ကာ ခေါင်းခါလို က်သည် ။

"ကျွန်တော်မအားဘူး မာမီ၊ မလိုက်တော့ ဘူး"

"ဘာဖြစ်လို့ လဲ ချိန်းရယ်၊ ရွှေစက်တော်ဘု ရားလည်း ရောက်မှာ ၊ နှစ်ညအိပ်တည်းပါ၊ ဒီ မှာ လူနည်းနေလို့ ၊ ယူ့မိန်းမကိုပါ ခေါ်ချင်ခေါ် လို့ ရတယ်"

ချိန်းက နိုးနိုးကို စူးခနဲကြည့်၏။

MPT

စောစောလေးကတင် နားထဲ ခုန်ပေါက်ဝင်လာခဲ့သော စကားလုံးတချို့ကြောင့် စိတ်ထဲမှ သိတာတွေကော မသိတာတွေကောရှိတာ မရှိတာတွေပါ ရှုပ်ထွေးနေသည် ။

"တို့ တကယ်မအားလို့ ပါ"

ဒါပဲထပ်ပြောပြီး အပေါ်ထပ်တက်လာခဲ့မိသည် ။

သူ ညစဉ် အိပ်စက်တိုင်း မလုံမလဲ တွေးဖြစ်ခဲ့သော ပန်နှင့်သူ အနေအထားက ခုတော့ ရှင်းလင်းစွာသိခဲ့ရပြီ။

မင်္ဂလာဦးညမှာ သူ ပန့်ကို ဘာတွေပြောလွှတ်လိုက်မိသည် မသိသော်လည်း ဒီတိုင်းနေပြတာ အမှန်ပဲဆိုသည့် ခေါင်းမာသောအတွေးနှင့် သူ ပန့်ကို မချော့ခဲ့ပါ။

အတူနေထိုင်ဖို့ လည်း မစဉ်းစားခဲ့။

MPT

စိတ်ထဲမှာ ရှိနေသည် က သူဟာ အိမ်ထော င်သည် ဘဝကို မိမိကိုယ်တိုင် စိတ်ပါသည် မ ဟုတ်ဘဲ ဘယ်တော့မှ လက်မခံဖို့ ဖြစ်သည် ။

တကယ်တမ်းကျတော့ အုံးစက်စရာ အတူ နွဲ့သည့် ဇနီးသည် မဟုတ်ခဲ့ပေမယ့် ပန်ဟာ သူ့ ဇနီးဖြစ်ခဲ့ပြီ။

သူနှင့်ပတ်သက်သော အနေအထားကြောင့် ဒီအိမ်မှာ ပန် ဘယ်ဘဝရောက်နေခဲ့သလဲ။

ခြံထဲကတက်အလာမှာ ချွေးတစ်လုံးလုံးနှင့် ချက်ပြုတ်နေသည့် ပန်က မီးဖိုထဲမှာ ၊ မာမီနှင့် မမကြီးတို့ က ဧည့်ခန်းထဲမှာ ဧည့်သည် တွေနှ င့် ရယ်မောလျက် ပြောကြသည် များ သူတွေ့ နေကျဖြစ်သည် ။

သူ နှစ်ယောက်အိပ်မွေ့ရာကြီးထက်သို့ ဝုန်းခနဲ လှဲချလိုက်မိသည် ။

သူ ညစဉ် ဒီအိပ်ရာကြီးထက်မှာ ဇိမ်ကျကျ

MPT

အိပ်စက်နေခဲ့သမျှ ပန်ကတော့ စတိုခန်းထဲမှာ သေးနုပ်စွာ။

သူထင်သည့် မှာ ဒီအိမ်မှာ နေထိုင်ဖြစ်အောင် လက်ခံခဲ့ကြသည့် မာမီတို့ ကတော့ ပန့်ကို ချော့မော့ဦးစားပေးကြမည် သူပြန်ကြည့်ဖို့ မလိုဟု ။

ခုတော့ ဘာတွေဖြစ်ကုန်တာလဲ။

ပန့်မိဘတွေကကော။

တစ်ဦးတည်းသောသမီးဆိုသည့် ပန့်ကို အမှ ိုက်တစ်စ လွှင့်သွားခြင်းလို့ များ သဘောထားခဲ့လေသလား။

ထိုညက ထွက်ပြေးလာခဲ့သည့်ကိစ္စဟာ နောက်ဆက်တွဲ စုံစမ်းခြင်း၊ မေးမြန်းခြင်း၊ ခွင့်လွှတ်ခြင်း၊ မလွှတ်ခြင်း၊ အနိုင်ယူသည် ၊ အရှုံးပေးမည် ဘာဆိုဘာမှ မလာခဲ့ဘဲ တိတ်ဆိတ်စွာ ပြီးဆုံးခဲ့သည် ။

ပန်းကိုယ်မှာ ပါလာသည့် စိန်တွေကပဲ နည်းတာမဟုတ်။

ဒါတွေနဲ့ ပတ်သက်၍ လည်း ဘာသံမှ မကြားရ။

"ငါ့ကို သူ စိတ်ပျက်နေချိန်မှာ မိဘတွေက လိုက်ခေါ်လို့ ပါသွားလည်း အေးတာပဲ" ဟု သေချာပေါက်တွက်၍ သူတကယ်ပဲ လှည့်မကြည့်ခဲ့ဘဲနေသည် ။

ထင်ထားခဲ့သမျှ ခုတော့ အားလုံးတစ်လွဲ။

သတင်းစာထဲမှာ လည်း ဘာမှ မပါ လူကြုံမှာ တာမရှိ။

ဒေါသဖြစ်ဖြစ် ခွင့်လွှတ်တာပဲဖြစ်ဖြစ် တစ်ခုခုမလာ။

ပန်းရင်ထဲမှာ ကော ဘယ်လိုတွေဖြစ်နေပြီလဲ။

သူ တစ်ခုခုတော့ ဆုံးဖြတ်မှ ဖြစ်မည်။

*

MPT

## အခန်း ( ၁၃ )

ရေချိုး သနပ်ခါးလိမ်းပြီးမှ ဘုရားပန်းထွက်လဲခဲ့သည် ။

အားလုံးပြီးစီးသွားတော့ ထုံးစံအတိုင်း ညစာစားကြဖို့ ပင် အိမ်မှာ လူမစုံတော့ပါ။

ထမင်းစားခန်းထဲမှာ မေမီတစ်ယောက်တည်းရှိနေ၏။

“မမကြီး အပြင်သွားဦးမှာ လား၊ ပန်အိပ်တော့မယ်”

“အိပ်လေ၊ တို့ က သွားဖို့ တော့ရှိတယ်၊ သွားဖြစ်ချင်မှ လည်း သွားမှာ ၊ အိမ်မှာ ကားကမရှိတော့ သွားလာရမှာ စိတ်ကမပါတော့

MPT

ဘူး၊ ဒီတစ်ခါ မောင်လေး ကားပြန်မဝယ်သေး ဘူး၊ ခြောက်ရက်တောင်ရှိနေပြီ၊ ဒီကောင်လေး လမ်းပေါ်မှာ ပဲနေပြီး အရောင်းအဝယ်မလုပ် ဘဲ ဘာတွေလုပ်နေလဲမသိဘူး"

ပန် နားမစွင့်တော့ပါ။ သိမ်းစရာရှိတာ သိ မ်းဆည်းပြီး အိပ်ရာဝင်ဖို့ ပြင်လိုက်ဖြစ်သည် ။

နှစ်ထပ်တိုက်ကြီးက အစကတော့ အဆော င်အယောင် အခမ်းအနားနှင့် အတော်ကြီးကျ ယ်မည်ပင်။ ခုချိန်မှာ တော့ ရှိသမျှ ရောင်းတာ၊ ပေါင်တာကသာ များ နေပြီမို့ တိုက်ကြီးထဲမှာ ဘာမှ သိပ်မရှိတော့ပါ။

အားလုံးသည် ရက်ချိန်း ကားယူလာမှ စီးရ သည် ။

ရက်ချိန်း ပိုက်ဆံအပ်လာမှာ ကိုပဲ တမျှော် မျှော်။

"ငါ့သားလေးကိုများ ရုပ်ကလေးဗန်းပြစား

နေတဲ့ လက်ကြောမတင်းတဲ့ ကောင်လို့ ပြောကြသေးတယ်၊ ငါ့သားလို ရက်ပိုင်း၊ နာရီပိုင်းလောက်လေးနဲ့ ပိုက်ဆံကို သိန်းနဲ့ ချီပြီး ဘယ်သူရှာနိုင်သလဲ"

ဒေါ်ဇင်မာ့အသံက ကျယ်လာ၏။

ပန်ကတော့ ဘယ်အရာကိုမှ နားလည်း မစွင့်တော့ပါ။

ငါ့ယောက်ျား ငါသုံးသင့်သည် ဟု လည်း နည်းနည်းမှ မတွေးမိ။

ကိုယ့်ကံကြမ္မာဟာ ဘယ်လောက်ထိ ဆိုးဝါးစွာ မွှေနှောက်နေမှာ လဲဆိုတာကို အဆုံးစွန်ထိ သိချင်သည် ။

အဆိုးဟူသမျှကို ကိုကို့ကို ချစ်သောစိတ်နှင့် ခံနိုင်ရည် မကုန်မချင်း သူမ ခံစားသွားပါမည်။ ပန် အိပ်ခန်းလေးရှေ့ရောက်တော့ တံခါးကို ဘယ်လိုမှ ဖွင့်လို့ မရတော့။

အတင်း ထုနှက်အားစိုက်ဖွင့်ရင်း သေချာကြည့်လိုက်တော့မှ တံခါးကို လော့ချပစ်ခဲ့မှန်း သိလိုက်ရ၏။

နောက်တစ်ခါ ပြန်လာခဲ့တော့ မေမိက ထိုင်နေဆဲ။

ခရမ်းချဥ်သီးသုပ်ကို ခရမ်းချဥ်သီးတွေ ဖယ်ချပြီး ပုစွန်ခြောက်နှင့် မြေပဲနှစ်တွေကိုချည်း ရွေးစားနေတာ ဖြစ်၏။

"မမကြီး"

"ဟင်"

"ပန့်အိပ်ခန်းကို မမကြီး ပိတ်လိုက်တာလားဟင်"

"အို ပေါက်ပေါက်ရှာရှာ ဘာဖြစ်လို့ ပိတ်ရမှာ လဲ"

အိမ်မှာ ဘယ်သူမှ မရှိတော့မှ ပန် ထွက်

MPT

လာခဲ့တာပါ။

ဖျတ်ခနဲ တွေးလိုက်မိသည် က ကိုကို။

ကိုကို ပန် ဘုရားပန်းလဲနေတုန်းကမှ ထွက်သွားတာဖြစ်သည် ။

သိပ်မဖြစ်နိုင်ပေမယ့် သူပဲရှိတော့တာမို့ ပန် ထိုကိစ္စကို ဆက်မမေးတော့ပါ။

"မမကြီး ဟို ဒီည မမကြီးအခန်းထဲမှာ ပန် အိပ်ပါရစေနော်။ နောက်နေ့ကျ နေရာရှာပါ့မယ်"

မေမီက တစ်ခုခုကို သဘောပေါက်သွားသလိုမျိုး ပြုံး၍ ခပ်စောင်းစောင်းလှည့်ကြည့်၏။

"ညည်းမှာ လည်း ဒုက္ခပဲနော်၊ ယောက်ျားက နှင်ထုတ်လိုက်၊ အိပ်ခန်းလေး ပိတ်ပစ်လိုက်၊ သူ နှင်ထုတ်တုန်းက မလိုလို့ အခုလိုအပ်လို့ ဖြစ်မှာ ပေါ့ဟယ်၊ သူနဲ့ အတူ သွားအိပ်ပေး

MPT

လိုက်ပါ၊ လင်မယားချင်းပဲ"

ပန့်ရင်ထဲမှာ လက်နက်တစ်စုံတစ်ရာနှင့် တူးဆွခံလိုက်ရသလို ပြင်းပြစွာ နာကျင်သွား၏။

အခု လိုအပ်လို့ ဖြစ်မှာ ပါတဲ့ ။

သွားအိပ်ပေးလိုက်ပါတဲ့ ။

အံကြိတ်ထားပေမယ့် မျက်ရည်က ချက်ချင်းပြည့်တက်လာ၏။

မငိုနဲ့ ပန်၊ ဒါ ညည်း ကျေကျေနပ်နပ် ခံရမှာ ပဲ။

မိန်းမဘဝရဲ့ ဂုဏ်သိက္ခာကို ညည်းကိုယ်တိုင် ခွေးစာချကျွေးပစ်ခဲ့တာ။

ဘာဂုဏ်သိက္ခာမှ မပါဘဲ ညည်း သူတို့ ခြေထောက်ကြားထဲ ခေါင်းတိုးဝင်ခဲ့တာ မဟုတ်ဘူး လား။

ဘာကို မကျေနပ်ဖို့ ရှိသလဲ။

မျက်နှာငုံ့ချလိုက်တော့ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

ပြောတာကတော့ ပြောကြပါစေ ကိုကို။

ဒါပေမဲ့ လူကိုသာ နင်းပြားတစ်ခုလို သဘောထားချင် ထားပါ၊ နင်းချင်နင်းပါ၊ အချစ်ကိုတော့ နင်းလို့ မရဘူး ကိုကို။

ဘုရားခန်းရှေ့က အစိမ်းရင့်ရောင် မြက်ဖျာလေးကိုယူကာ ခုတင်အပိုမရှိသည့် မမကြီးအိပ်ခန်းထဲမှာ ဖြန့်ခင်းလိုက်သည် ။

အပေါ်က ကော်ဇော်တစ်ခု ထပ်ခင်းကာ ခေါင်းအုံးလေး တစ်လုံးချသည် ။

ကိုယ်ပေါ်မှာ စောင်တစ်ထည် ထပ်ခြုံလိုက်သည် နှင့် တစ်နေကုန် ချက်ပြုတ်လျှော်ဖွတ်၍ ပင်ပန်းခဲ့သမျှ မျက်ခွံတွေက စင်းကျလာခဲ့၏။

ထိုစဉ် ကျယ်လောင်သည့် အသံတစ်သံကြောင့် ပန့်မျက်လုံးတွေ ကျယ်သွားသည် ။

"ဘယ်မှာ သွားအိပ်လဲ မမကြီးက ဘယ်လို လုပ်သိမှာ လဲ၊ ကိုယ့်အိပ်ခန်းထဲ ကိုယ်ပြန်အိပ်ဖို့ တောင်မှ ပြောလိုက်သေးတယ်၊ ဘာလဲ သူ့အိပ်ခန်းပိတ်သွားတာ မင်းလား"

"ဟုတ်တယ်၊ ဘာလဲ သူက ဘာအချိုးချိုးတာလဲ၊ မမကြီး အိပ်ခန်းထဲမှာ လား"

"ဩော် မသိပါဘူးဆိုမှ မင်းဝင်ကြည့်ပါလား မောင်လေးရယ်၊ ဒေါသတွေက ဘယ်က ဘယ်လို စုပြုံထွက်နေတာလဲ"

ပန့် ထိတ်ခနဲဖြစ်သွားသည် ။

ခြုံထားသည့် စောင်ကို ပို၍ တင်းအောင်ဆွဲထားလိုက်ပြီး မျက်လုံးကို အတင်းဖိပိတ်နေလိုက်၏။

MPT

တံခါးဖွင့်သံက ခပ်ကြမ်းကြမ်း။

ခြေသံက မညင်သာပါ။

ပန် အလွန်သဘောကျကာ ကိုကိုထံမှ အမြဲသင်းပျံ့နေတတ်သည့် ရေမွှေးနံ့က အနားရောက်လာ၏။

"ပန် ဒီမှာ ဟေ့"

စောင်ကို ဆတ်ခနဲ ဆွဲခါပစ်၍ ပခုံးကို ခပ်ဆတ်ဆတ် ပုတ်နှိုးသည် ။

"ရှင်"

ပန်ထူးသည် က ထဖို့ မဟုတ်ဘဲ ခွာချလိုက်သည့်စောင်ကို ပြန်ဆွဲယူကာ စောင်ထဲမှာ လုံခြုံအောင် ကွေးဖို့ ဖြစ်၏။

ရက်ချိန်း စောင်ကို နောက်ထပ်ပြန်ဆွဲချကာ ပန့်လက်မောင်းလေးကိုပါ ဆွဲထူပစ်လိုက်သည် ။

MPT

"ထ မင်း ဟိုမှာ လာအိပ်"

ပြောပြီး လှည့်ထွက်သွား၏။

မေမီက သက်ပြင်းချပြီး "တို့ မပြောဘူးလား" ဟု ထပ်ပြောသည် ။

ပန် နောက်ထပ်မျက်ရည်မကျအောင် ထိန်းချုပ်၍ ခေါင်းအုံးလေးနှင့် စောင်ခေါက်ကိုပိုက်၍ အပေါ်ထပ်လိုက်လာခဲ့ရသည် ။

အဆင်သင့်ဖွင့်ထားသည့် အခန်းထဲမှာ ရက်ချိန်းက ကုလားထိုင်ပေါ်မှာ မှီထိုင်လျက် ခြေတစ်ဖက်က စားပွဲမှာ မှီကာ တစ်ဖက်က မွေ့ရာပေါ်မှာ ဆန့်တင်ထား၏။

မီးညှိပြီးစ စီးကရက်ကို ခေါင်းမော့ရှိုက်ဖွာရင်း ပန်ဝင်လာတော့ စောင်းငဲ့ကြည့်၏။

"အဲဒီခေါင်းအုံးတွေက ဘာလုပ်ဖို့ လဲ"

ပန် အံကြိတ်၍ အကောင်းဆုံးဖြေနိုင်ဖို့ စ

ကားလုံးတွေကို စီစဉ်လိုက်သည်။

ဘဝနဲ့ လူဟာ အပြုပြုအကွဲကွဲ ရှုံးနိမ့်ကာ သေပွဲဝင်ရပါစေ မာနတစ်ခုတော့ ကျန်ခဲ့စေချင်သည်။

ထိုမာနသည် အချစ်ကို ကိုယ်စားပြုသော အရာပင် ဖြစ်၏။

"ပန် ကိုကို့အတွက် တာဝန်ကျေပြီးရင် သင့်တော်မယ့် တစ်နေရာမှာ အိပ်မှာ မို့လို့ ပါ"

"ဘာ"

နှုတ်ခမ်းမှာ တပ်ထားသည့် စီးကရက်ကို လက်ချောင်းထိပ်ဖျားနှင့် ကိုင်၍ ဖြုတ်ယူကာ ချိန်း ဝုန်းခနဲ ထရပ်လိုက်သည်။

ဘာဆိုတာကို သဘောပေါက်လွယ်သော မျက်နှာက ဒေါသကြောင့် နီမြန်းနေခဲ့၏။

သူသည် ပန်နုပခုံးလေးနှစ်ဖက်ကို ကိုင်လှုပ်

ကာ

"ဘာစကားလဲ ဘာကို တာဝန်ကျေမှာ လဲ"

"ပန့်ဘက်က မယားဝတ္တရားကို ပြောတာပါ၊ ကိုကို ဒေါသဖြစ်ပြီး သွားပါလို့ နှင်ထုတ်ခဲ့တုန်းကလည်း ပန် ထွက်သွားပေးခဲ့ပါတယ်၊ အခု လာပါဆိုတော့လည်း လိုအပ်တဲ့ အချိန်မှာ အဆင်သင့်ရောက်လာနိုင်ဖို့ ပန် ပြင်ဆင်ထားပါတယ်၊ ဝတ္တရားအတိုင်း နေထိုင်ကြရင် ကိုကိုလည်း စိတ်ချမ်းသာမှာ ပါ၊ ပန် စဉ်းစားသမျှ ကိုကို စိတ်ချမ်းသာဖို့ ပါပဲ"

"သြော် သြော်"

ချိန်းက နှုတ်ခမ်းမဲ့၍ ခေါင်းညိတ်၏။

လက်ကြားညှပ်ထားသည့် စီးကရက်ကို ကြမ်းပေါ်ပစ်ချကာ ခြေထောက်နှင့် ဖိနင်းပစ်သည် ။

အားလုံးကို နားလည်သွားသည့် မဲ့ပြုံးက နှုတ်ခမ်းမှာ ကြာရှည်စွာ ဖြစ်တည်နေပြီးမှ

"မင်းတို့ပြန်တာ မဆိုးပါဘူး၊ ဒါပေမဲ့ မှားနေတယ် ပန် မင်းထင်သလို တို့ မှာ လိုအပ်နေတာမျိုး မဖြစ်သေးဘူး၊ သူများ တွေ ဘယ်လိုထင်မှတ်သလဲဆိုတာ တို့ မသိဘူး၊ တို့ အယူအဆကတော့ ပေါင်းဖက်စပ်ယှက်မှုဆိုတာ အချစ်ရှိမှ ဖြစ်တာပါ၊ အလကား သွေးဆာနေတဲ့ လူမျိုးထဲမှာ တို့ မပါဘူး"

"ကျေးဇူးတင်ပါတယ် ကိုကို၊ ဒါဆို ပန် အရင်လိုပဲ သပ်သပ်ခွဲနေပါရစေ"

"မဖြစ်ဘူး၊ မင်းနဲ့ တို့ ဘယ်လိုပဲ ဆက်ဆံဆက်ဆံ သဘာဝတိုင်းရှိနေသင့်တာကို ကျော်လွန်လို့ မရဘူး၊ လူတွေ ဟိုပြော ဒီပြော ပြောလာကြတာ တို့ နားမထောင်ချင်ဘူး"

"ပန်ကတော့ နားထောင်နိုင်အောင် ကြိုး

စားတယ် ကိုကို၊ ကိုကို့ပါးစပ်က နှင်ထုတ်မော င်းနှင်တဲ့ စကားတွေထက် ကျန်တဲ့ စကားအား လုံးကို ပန် နားထောင်နိုင်တယ်၊ ဘာဖြစ်လို့ လဲ ဆိုတော့ ကိုကို့ကို ပန်က ငါ့ယောကျ်ားလို့ မသ တ်မှတ်ခဲ့လို့ ”

ချိန်းက ဖျတ်ခနဲ လှည့်ကြည့်သည် ။

ပန် မျက်နှာလွှဲပစ်၍ ဆက်ပြောသည် ။

“ကိုကို့ပါးစပ်က အိမ်ထောင်သည် ဘဝကို ဘယ်လိုမှ လက်မခံနိုင်ဘူးလို့ ပြောထားတဲ့ နေ့ ကစပြီး ပန့်ကို အနိုင်မကျင့်ခဲ့တဲ့ အတွက်လည်း ကျေးဇူးတင်တယ်၊ ကိုကိုဟာ ပန်နဲ့ ဘာမှ မသက်ဆိုင်တဲ့ လူတစ်ယောက်လို့ လည်း မြင်ပေးလိုက်လို့ ရတယ်၊ ပန် ကိုကိုနဲ့ ဘာတစ်ခုမှ မပတ်သက်ချင်ဘူး၊ ဒါဆိုရင် အား လုံးပတ်သက်သမျှ ပန် ခံနိုင်ရည်ရှိမှာ ပါ”

“မင်း ဘာဖြစ်ချင်တာလဲ”

MPT

"ကိုကိုနဲ့ အနီးဆုံးမှာ နေချင်တယ်၊ ဒါပေမဲ့ ကိုကို့ဘေးမှာ မနေချင်ဘူး"

"လူတွေ မင်းကို ဘယ်လိုကဲ့ရဲ့ နှိမ့်ချနေကြသလဲ မင်းသိလား"

ပန် ဆတ်ခနဲ ခေါင်းညိတ်လိုက်ပုံက အလွန်ခေါင်းမာတတ်သည့် ကလေးတစ်ယောက်နှယ်။

"သိတယ် ကိုကို၊ ပန် ခံနိုင်ပါတယ်"

"ဒါပေမဲ့ တို့ မခံနိုင်ဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ မင်းယောက်ျားက ငါ"

ပန်က မပီပြင်သော မဲ့ပြုံးလေးနှင့် မော့ကြည့်၏။

"ကိုကို့ကို အားလုံးက ချီးမွမ်းကြတာပါ ကိုကို၊ ပန်ကသာ ကိုကို့ကို ဖွတ်"

"ပန် မင်းတော်စမ်း"

MPT

သူ ပန်နုပခုံးလေး တစ်ဖက်ကို ဆုပ်ကိုင်ညှစ် ပစ်လိုက်၏။

"မင်း ဘာမှ ထပ်မပြောနဲ့ ၊ ဒီအခန်းထဲမှာပဲ အိပ် တို့ ပြောတာကို နာခံ၊ ဒါပဲ"

ပန်နုမျက်ဝန်းလေးတွေမှာ သူ တစ်ခါမှ မမြင်ဘူးခဲ့သည့် ရောင်စဉ်များ နှင့် ပြိုးပြက်လက်လာခဲ့သည် ။

မျက်လုံး ခဏမျှ ဆုံမိကြပြီး

"ပန်နုကို တစ်ခုတော့ ကတိပေးပါ ကိုကို"

"ဘာလဲ"

"ပန်နုအတွက် လူပြောမခံရအောင် စေတနာနဲ့ ကာကွယ်ပေးတာဆိုရင် ပန်နုကို ထပ်ပြီး ညှာတာတဲ့ အနေနဲ့ ချမ်းသာခွင့်ပေးပါ ပန်နု ဒီတိုင်းပဲ နေပါရစေ"

ထိုစကားအကွယ်မှာ နှစ်ယောက်လုံး မျက်

MPT

နှာတွေ အသီးသီးလွဲပစ်မိကြသည် ။

ချိန်း ဆံပင်တစ်ချက်သပ်ရင်း ပန့်ရှေ့ကနေ ခြေလှမ်းကျဲများ နှင့် ထွက်ခွာသွားခဲ့၏။

ပန့်ကို သူဘာပြောပြော မာနကြီးခဲ့သော အချစ်စိတ်ဖြင့် ကြမ်းပြင်ထက်မှာ ပဲ အိပ်ရာပြ န်ခင်းမိသည် ။

ပန် အချစ်တစ်ခုကလွဲပြီး ကိုကို့ဆီက ဘာမှ မလိုချင်ခဲ့ပါ။

အဲဒါ ကိုကိုနားလည်ရင် သိပ်ကောင်းမှာ ။

*

MPT

## အခန်း ( ၁၅ )

"ဒါပဲလားဟ ရက်ချိန်းရ မင်းကွာ ဒီဝီစကီ တစ်ပုလင်းမှ သောင်းကျော်ပေးရတာကို ကပ်စေးနဲနေလိုက်တာ"

"သောင်းကျော်က အခု ဘယ်နှစ်ပုလင်းရှိပြီလဲ၊ အမြည်းနဲ့ အဖတ်နဲ့ ထွက်လာရင် သိန်းကျော်မှာ ပဲ"

ပြောနေရင်း ရက်ချိန်းက တို့ တိတို့ တိ စားသောက်နေခြင်းကို လက်စသတ်၏။

စီးကရက်တစ်လိပ်ထုတ်၍ မီးညှိလိုက်ပြီး အောင်ဟိန်းတို့ သုံးယောက်ကို ဝေ့ကြည့်သည် ။

MPT

"ငါပြန်မယ်၊ မင်းတို့ နေခဲ့လို့ ဖြစ်တယ်မို့
လား"

"ဟာ ဒါတော့ ဘယ်ရမလဲကွာ၊ ဘာလဲ ထ
ပ်မှာ ,မှာ စိုးလို့ လား၊ မမှာ တော့ဘူး စိတ်ချ"

" မဟုတ်ဘူး ၊ ငါ ပန်နို့အတွက် ဝယ်စရာတ
စ်ခု သတိရလို့ "

"ဩော် ဩော်"

အောင်ဟိန်းက ပြုံးစိစိနှင့် မျိုးသန့်ကို မျက်
စပစ်သည် ။

မျိုးသန့်က ခေါင်းညိတ်နေ၏။

သူတို့ ထဲမှာ အသက်ကြီးဆုံး ဦးညီဘွားက

"ကဲ ပြန်ပါစေကွာ သူ့မှာ ခုမှ ချစ်စခင်စ မ
ဟုတ်လား၊ ပွဲခလေးကလည်း စီးစီးနင့်နင့်ရ
ထားတာ မိန်းမအတွက် လက်ဆောင်ကလေး
နဲ့ ပြန်ချင်ပြီပေါ့"

ဟု ဖေးဖေးမမပြောသလိုနှင့် စသည် ။

“အန်ကယ်ညီ မသိပါဘူးဗျာ၊ အသာလေးနေပါ၊ ဒီကောင် အပြောကြီးတုန်းက ကြီးထားပြီး ခုတလော အချိုးတွေပြောင်းနေတာ၊ ဟွန်း ပြန်ချိန်ရောက်ရင် နာရီတကြည့်ကြည့်နဲ့ ”

“လွတ်လွတ်လပ်လပ် သောက်မယ်စားမယ် ဆို သူ့မှာ မျိုချတာတောင် စကေးနဲ့ ”

“ဒါကတော့ အိမ်ထောင်သည် ဖြစ်ပြီဆိုမှ ကိုယ်က စိတ်ပါပါ မပါပါ ဖြစ်သင့်တဲ့ အတိုင်းဖြစ်ဖို့ ကြိုးစားရတာပေါ့ကွာ”

“ဟုတ်လား၊ အင်း အင်း ချိန်းတို့ ဝတ္တရားတွေ ဘာတွေတောင် သိ လာပြီပဲ”

“မင်းကွာ ငါပြောသားပဲ ဒီကောင်မကြာပါဘူးလို့ ၊ အထူးသဖြင့် အပြောကြီးတဲ့ ကောင်တွေမှ ပိုအထိနာတာ”

တစ်ယောက်တစ်ခွန်း ပြောနေကြတာက ဝီစကီအရက်တစ်လုံး ထပ်မချပေး၍ မကျေနပ်သံတွေမှန်း ချိန်း သိနေသည် ။

ထို့ကြောင့် အပြုံးမပျက်ဘဲ နေလိုက်၏။

"ပန်က လှလိုက်တာလို့ ပြောမရပေမယ့် တအားချစ်ဖို့ ကောင်းတာကွ၊ သူပြုံးလိုက် ရယ်လိုက်ရင် သူ့ဆီကို စားနဲ့ ပြေးခုတ်မယ့်လူဖြစ်ပစေ စားကို လွှတ်ချမိမှာ ပဲ၊ ဆဲဖို့ ဆိုဖို့ ပြေးသွားတဲ့ လူလည်း သူ့မျက်နှာလေးမြင်တာနဲ့ ပြုံးရယ်ပြပြီး လှည့်ပြန်လာရမှာ ၊ သိပ်ကို ဖြူစင်အေးချမ်းတဲ့ မျက်နှာလေး၊ ဒီကောင် အပြောကြီးပြီး လက်ထပ်ယူလိုက်တာပဲ မတွေ့ဘူးလား"

မျိုးသန့်က အောင်ဟိန်းပြောသမျှကို နားထောင်ရင်း အမြည်းတွေ တစ်ခုပြီးတစ်ခု ပါးစပ်ထဲကောက်ထည့်၏။

ပြီးတော့ ဝါးနေသည့် မျက်နှာကြီးနှင့် မော့လာသည် ။

"ဘယ့်နှယ်လဲ ခုတော့ မောင်ကြီးမခွာနိုင်ဖြစ်နေရောလား"

ဟု ချိန်းကို တည့်တည့်ကြည့်၍ မေးသည် ။

"ခွာဖို့ နေနေသာသာ ကပ်ဖို့ တောင်မလွယ်ဘူး"

ဟု အမှန်လိုလို မှသားလိုလို ကိုယ်တိုင်ပင်မခွဲခြားခဲ့သည့် မရေရာခြင်းကို သူဖြေလိုက်မိသည် ။

အောင်ဟိန်း စိတ်ဝင်တစားဖြစ်သွား၏။

"ဟင် အဲဒီလိုတွေ ဖြစ်ကုန်ပြီလား၊ ဘာလဲ မင်းက အခု မီးစိမ်းပြချင်နေပြီပေါ့၊ ဟိုက"

"တော်ပါကွာ ဘာမှ မဟုတ်ဘူး ၊ မီးစိမ်းလည်း မပြဘူး၊ မီးဝါလည်း မပြဘူး၊ ဘာမှ မဟု

MPT

တ်ဘဲနဲ့ ကို ပြောမကောင်းဆိုမကောင်းဖြစ်နေတာ”

“ဟာကွာ မင်းဟာက ရှုပ်ကုန်ပြီ”

“ဟုတ်တယ် ရှုပ်ရှုပ်ပဲ၊ ကိုယ်က မရှုပ်ရသေးဘူး သူက ကိုယ့်ထက်ပိုနေလို့”

“အဲဒါ ငါသိပြီဟေ့”

ဦးညီဘွားက ဖန်ခွက်ကို ကိုင်ပြီးမှ ပြန်ချကာ ကိုယ်ကို စားပွဲထက်သို့ သာသာထိုးထိုးကြီး ကုန်းချလိုက်၏။

“စလိုက်တာကတော့ မင်းပဲ၊ ဒါပေမဲ့ ခုကောင်မလေးက ကိုယ့်ထက်ပိုပြီး ဆောရီးလုပ်ပြသွားလို့ မဟုတ်လား၊ ငါသိတယ်၊ မင်း ရင်ထဲမှာ ကလိကလိဖြစ်နေပြီ”

ချိန်းက ခေါင်းခါနေသော်လည်း နှုတ်ခမ်းမှာ မလုံမလဲ အပြုံးတို့ နှင့်။

“ဝန်ခံစမ်းပါ ချိန်းရာ၊ ဒီမှာ ယောက်ျားဆို တာ အထိအတွေ့ကြာလာရင် ပျော်ဝင်ကြတာ ပဲ၊ မချစ်ခဲ့ပေမယ့် သာယာလာမယ်၊ သာယာခဲ့ ရင်းကနေ သံယောဇဉ်တွေ အကြင်နာတွေ ဖြ စ်လာတာပါပဲ”

“ဒါဆို မင်းပြောပုံက မိန်းကလေးတွေကျ တော့ အသည်းမာကြတယ်ပေါ့၊ သူတို့ မှာ တော့ သာယာပျော်ဝင်တာမျိုး မရှိဘူး၊ ဒီလို လား”

“ဟော ဟော ပေါ်ပြီ”

အောင်ဟိန်းက လက်ညှိုးထိုး၍ အရက်သ မားသံကြီးနှင့် ရယ်တော့သည် ။

“ခွေးကောင်”

ရက်ချိန်းက အောင်ဟိန်းလက်မောင်းကို လက်သီးနှင့် လှမ်းထိုး၏။

အားလုံးရယ်ကြပြီးမှ ဦးညီဘွား၏ ရယ်သံကြီး ရှည်လျားစွာ ကျန်ရစ်ခဲ့၏။

"အေးပေါ့ကွာ ဒါတွေ ငါသိပါတယ်၊ အခုရှိသမျှ လူတွေထဲမှာ မင်းနဲ့ ငါက အိမ်ထောင်သည် ၊ မင်းထက် ငါက ပိုပြီး သက်တမ်းရင့်တယ် ၊ ဒီတော့ မင်းလည်း ငါ့ကို ကျော်လို့ မရဘူး၊ မင်းအရင်ဆုံး ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ရမယ်၊ ပန်ဆိုတဲ့ ကောင်မလေးကို ရင်ထဲမှာ "

"တော်ပါပြီဗျာ အဲဒါတွေ"

"ဟာ ဟေ့"

ရက်ချိန်းက လက်ကာ၍ နေရာမှ ဇွတ်ထသည် ။

ဦးညီဘွား လက်ကာခြေကာ ဖြစ်ကျန်၏။

အောင်ဟိန်းက အနီးကပ်ဆုံးမို့ လက်ကို လှမ်းဆွဲထားကာ

MPT

"မင်းကလည်း သူငယ်ချင်းတွေပဲ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ ယောကျ်ားချင်းပဲဟာ ပုန်းလျှိုးကွယ်လျှိုး မလုပ်ပါနဲ့ ၊ ပန်နဲ့ကို မင်း ချစ်သင့်နေတာကြာပြီ၊ ဒါ သိက္ခာကျစရာလား"

"အဲဒါတွေ ငါ့ခေါင်းထဲမှာ ဘာမှ မရှိဘူး"

"အေးပါ အဲဒါမရှိလည်း ရှိတာပဲ ပြောလို့ ရပါတယ်၊ ပြန်ထိုင်စမ်းပါ"

"ပြဿနာပဲ"

သူ ပြန်ထိုင်လိုက်မှ အားလုံး ကျေနပ်သွားကြ၏။

မျိုးသန့်က သူ့ဖန်ခွက်ထဲကို ဝီစကီထပ်ထည့်ပေးလိုက်ပြီး

"ရော့ နည်းနည်းထပ်ချလိုက်၊ မင်းရင်ထဲက ကျန်တာတွေ ထွက်ကျလာလိမ့်မယ်"

"ဘာမှ မကျန်တော့ဘူး"

“အေးပါ မကျန်တော့တာကိုက ကျန်နေတာ၊ နည်းနည်းပဲချ”

“တော်ပြီ”

“လုပ်ပါကွာ မင်းကလည်း ၊ ဘာလဲ ပန့်ကိုကြောက်နေရပြီလား၊ ဟဲ ဟဲ မိန်းမကို အလှထိုင်ကြည့်ပြီး ထိုင်မရထမရဖြစ်နေတဲ့ ဒုက္ခ အခုသိပြီပေါ့၊ ပြောသားပဲ မင်္ဂလာဦးညကတည်းက မင်း မာနတွေ ငါတို့ ဆီမှာ ခဏထားခဲ့ပြီး အဆင်ပြေအောင် ဆက်ဆံပါလို့ ”

ရက်ချိန်း မျက်နှာပူပူနှင့် ဝီစကီကို မော့သောက်လိုက်၏။

ပြီးတော့ ခွက်ကို ခပ်အုပ်အုပ် ဆောင့်ချလိုက်ပြီး

“တော်ပြီကွာ၊ ဒါတွေပဲ မင်းတို့ လှည့်ပတ်မေးနေရင် ငါပြန်မယ်”

"ကဲ မမေးတော့ဘူးကွာ၊ မင်း ပန့်ကို ဣန္ဒြေ သိက္ခာကြီး တစ်ခွဲသားနဲ့ ကြိတ်ချစ်ပြီး မရှုနိုင် မကယ်နိုင် ဖြစ်နေတာကို ငါတို့ ဆက်မပြော တော့ဘူး၊ အားလုံးလစ်ပြီဆိုမှ ခိုးကြိတ်နမ်းဖို့ ကြိုးစားတာတွေလည်း မရမက မမေးတော့ ဘူး၊ ပန့်ကို"

"ဟော့ကောင် မင်းသေမှာ နော်"

ရက်ချိန်း မျက်နှာကြီးနီကာ လက်သီးဆုပ် ၍ မျက်နှာနား ကပ်ကြိမ်းကာ ရယ်ချလိုက်ကြ တာ ဝါးလုံးကွဲ၊ ဘာကောင်တွေမှန်းမသိ။

ရက်ချိန်း မျက်နှာငုံ့၍ ဆံပင်တစ်ချက်သပ် ရင်း ပြုံးလိုက်မိသည် ။

*

MPT

## အခန်း ( ၁၆ )

ပန် အိမ်ပြန်ရောက်တော့ ညနေ ခြောက်နာရီထိုးတော့မည်။ လူစုံတက်စုံရှိနေကြသော ဧည့်ခန်းမှာ ပဲ တစ်စုတစ်ဝေးတည်း ထိုင်နေကြ၏။ ပန့်ကို ခြေလှမ်းတာကအစ မျက်နှာထိ ခြေဆုံးခေါင်းဆုံး ကြည့်နေကြသည် ။

အမြဲတမ်း တစ်ခုခုစားနေလျက် မြင်ရတတ်သော မေလင်းက နှုတ်ခမ်းမဲ့၍ မျက်နှာလွှဲပစ်သည် ။ စားစရာတစ်စုံတစ်ရာကို ဝါးနေသည့် နှုတ်ခမ်းတို့ က မဲ့ရွဲ့ပစ်လိုက်တော့ ပို၍ သိသာစွာ အကျည်းတန်သွား၏။

"ဒါ တစ်နေကုန် တစ်နေခန်း

MPT

ဘယ်ကိုသွားပြီး ပြန်လာတာလဲပန်”

ဒေါ်ဇင်မာက လေသံမာမာနှင့် လှမ်းမေး၏

။

“မေးမနေနဲ့ မာမီရာ၊ သူ့ဟာသူ ဘယ်သွားသွား ကိုကိုလေး သူထွက်သွားကတည်းက ရောက်နေတာ၊ သူဘယ်ချိန်ထိ သွားလာထားသလဲ မေလင်းတို့ ပြောနေဖို့ တောင် မလိုဘူး၊ ကိုကိုလေးဆီသာလွှတ်လိုက်”

မေလင်းကပြောတော့ ဒေါ်ဇင်မာက နှုတ်ခမ်းစေ့၍ ခေါင်းညိတ်သည် ။

အစကတည်းက မလိုလားခြင်းတွေရှိခဲ့ပေမယ့် ပြောစရာ အပြစ်မရှိခဲ့သဖြင့် မျိုသိပ်ကြိတ်မှိတ်နေခဲ့ရသော စိတ်က ပြောဖို့ ဆိုဖို့ စကားတွေကို တစ်လုံးကြီး ငုံထားပြီးမှ

“ဟုတ်တယ်၊ ပြောပြန်ရင် ယောက္ခမမို့ အပြစ်ရှာတယ်ဖြစ်ဦးမယ်၊ ကြွကြွ အပေါ်ထပ်

မှာ ညည်းလင်ရှိတယ်”

မလိုလားသော မျက်လုံးတွေကြားမှာ ရင့်သီးလှသည့် စကားလုံးများကို ပန် ကြားရတာ အံ့လည်း အံ့ဩမိသည် ။

ရင်ထဲမှာ လှိုက်ခနဲ ဆို့တက်လာသော ကြေကွဲခြင်းကြောင့် မျက်ရည်မကျမိ အားလုံးရှေ့မှာ ခွာဖို့ လည်း ဖြစ်ရသည် ။

ညနေ သုံးနာရီကျော်ကျော်က ထွက်ခွာသွားခဲ့တာဟာ အချိန်ကြာပြီ ဆိုသော်လည်း တစ်နေကုန်လို့ တော့ မဆိုသာပါ။

ဘာသွားလုပ်တာလဲ၊ ဘယ်သူ့ဆီကိုလဲလို့ မေးလာလျှင် ဖြေဖို့ ရှိပါသည် ။

မမေးဘဲ ရင့်သီးစွာ ပြောချလိုက်ခြင်းက ဒီစကားနဲ့ တင် ပြီးမှာ မဟုတ်ပါ။

အားလုံး၏ အလွန့်အလွန် ပြောချင်နေ

MPT

သော စကားလုံးများကို ဆက်၍ မျိုသိပ်ထား ကာ ကိုကို့ထံသို့ လွှတ်ပေးခြင်းကလည်း ကော င်းသောအတိတ်နိမိတ်မဟုတ်။

ပန့်ကို ကိုကို ဘယ်လောက်ထိ ကြိမ်းမောင်းထားနှင့်ပြီလဲ။

ပန် အခန်းရှေ့မှာ ရပ်၍ တံခါးကို ငေးကြ ည့်နေမိဆဲ တံခါးက ရုပ်ခနဲပွင့်သွား၏။

"ဘာလဲ အထဲမဝင်တော့ဘူးလား"

တံခါးရွက်ကို ကိုင်ထားလျက် ချိန်းက မျက် နှာတည်တည်နှင့် စိုက်ကြည့်သည် ။ ပြီးတော့ ခြေတစ်လှမ်းဆုတ်၍ သူဖယ်ပေးသည့် ရှေ့က နေ ပန် အထဲဝင်လိုက်မှ တံခါးကို ပြန်ပိတ်လို က်ပြီး

"ဘယ်သွားနေတာလဲ"

မေးသံက စစ်မေးပုံစံမျိုးမဟုတ်ဘဲ သိချင်

MPT

လို့ မေးတာမျိုးဖြစ်သည် ။

ဒေါသ မဟုတ်ဘူး ဆိုတာ ကိုယ့်စိတ်ထင် တာလား။

ပန် နောက်လှည့်မကြည့်ဘဲ အတွေးတွေ ရှုပ်ယှက်ခတ်ကုန်သည် ။

"ဒီနေ့ မင်းကို ရှော့ပင်လိုက်ပို့ဖို့ စိတ်ကူးပြီး အစောကြီးပြန်လာတာ၊ အိမ်ရောက်တော့ မောသွားတာပဲ၊ ပြောပါဦး ဘယ်လျှောက်သွား နေတာလဲ"

ပန် ကိုကို့ကို မယုံကြည်နိုင်သော မျက်ဝန်း လေးများ နှင့် လှည့်ကြည့်မိသည် ။

စီးကရက်ဘူးကိုဖွင့်၍ တစ်လိပ်ထုတ်ယူနေ သဖြင့် စင်းကျနေသော မျက်တောင်ရှည်များ က ပန် လှည့်ကြည့်လိုက်တော့ ပန့်ဆီ ဖျတ်ခနဲ ပင့်တက်ကြည့်၏။

MPT

"မင်းကို မေးနေတာ"

ဟု ထပ်ပြော၏။

"ပန် ပန့်မေမေနဲ့ တွေ့ချင်လို့ တွေ့နိုင်မယ့် နေရာကနေ သွားစောင့်နေတာပါ"

ချိန်း မျက်နှာ တွေခနဲဖြစ်သွားသည် ။

ထုတ်ယူလိုက်ပြီးသည့် စီးကရက်ကို မီးမညှိဘဲ လက်ထဲမှာ ပဲ အဓိပ္ပာယ်မဲ့ လှည့်ပတ်ကိုင်ရင်း အတန်ကြာသည် အထိ ငိုင်နေ၏။

ပြီးတော့ ခုတင်ခြေရင်းမှာ အိခနဲထိုင်ချပြီး ပန့်ကို ကြည့်သည် ။

"မင်း ဒီမှာ နေရတာ စိတ်ညစ်နေပြီလား"

"မဟုတ်ပါဘူး ကိုကို၊ မေမေနဲ့ တွေ့ချင်တာက သပ်သပ်ပါ"

"တွေ့ရင် ဘာလုပ်မလို့ လဲ"

ထိုမေးခွန်းမျိုးအတွက် ဘယ်လိုဖြေရမယ်

MPT

ဆိုတာ အဆင်သင့်တွေးမထားသဖြင့် ပန် ရုတ်တရက် ဘာမှ မဖြေနိုင်။

မျက်လုံးချင်းဆုံမိကြပြီး
တိတ်ဆိတ်နေမိကြ၏။

"ဖြေလေ၊ မိဘနဲ့ ဆက်သွယ်ပြီး အားကိုးရှာမလို့ လား၊ ဒီအိမ်မှာ တော့ မင်းမိဘအိမ်ထက် ဘာမှ သာမှာ မဟုတ်ဘူး ၊ အဲဒါ အမှန်ပဲ"

"ကိုကိုက ပန့်ကို သွားစေချင်တာလားဟင် "

"မေးတာကိုပဲဖြေပါ၊ မင်း တို့ ကို ပြန်မမေးပါနဲ့ "

"မမေးလို့ မဖြစ်လို့ ပါ ကိုကို၊ ပန်က ကိုကို့ကိုချစ်တာ တစ်ခုတည်းနဲ့ ကိုကို့ရဲ့ မလိုလားမှုန်းထားတဲ့ ပစ်ပယ်ခံဘဝကို မညှာမစ ဆုပ်ကိုင်ပြီးနေခဲ့တာ"

MPT

"မှန်တယ်၊ မင်း အဲဒီလိုခံယူထားတာတွေ ကို သိလို့ တို့ မေးတာ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ တို့ လက်ထပ်ထားတာ တစ်လကျော်ပဲရှိသေးတ ယ်ဆိုတော့ ခုနေ ကွဲကြကွာကြတယ်ဆိုရင် ဘ ယ်သူ့သဘောပဲဖြစ်ဖြစ် ဘယ်သူပဲလွန်လွန် မ ကောင်းဘူး၊ မင်းရဲ့ ရင်ထဲမှာ တစ်စုံတစ်ခု ဆုံးဖြတ်ဖို့ ရှိနေရင် စဉ်းစားလို့ ရအောင် ကြိုပြောထားတာ"

ပန်က နှုတ်ခမ်းလေး မသိမသာ တွန့်၍ မဲ့ သည်။

သို့သော် နာကြည်းသောမဲ့ခြင်းမျိုး မဟုတ် ဘဲ ခပ်ယဲ့ယဲ့ မချိပြုံးသာ ဖြစ်လေသည်။

"ကိုကိုက ပန်ပြန်သွားရင် ကိုကိုမကောင်း လို့ ဆိုတာမျိုး ဖြစ်မှာ စိုးလို့ လား"

ချိန်းက နှုတ်ခမ်းစေ့၍ ပြုံးနေသော်လည်း နှုတ်ဆိတ်နေ၏။

ပန့်အပြုံးက ပို၍ အကျည်းတန်သွားခဲ့ပါ၏ ။

"စိတ်ချ ကိုကို၊ ကိုကို့ရင်ထဲမှာ ဘာရှိရှိ ပန့်အပေါ် ဘယ်လိုပဲ [illegible]က်ဆံ ကိုကို့ကို ပန် ဘယ်တော့မှ [illegible]ာ မဟုတ်ဘူး ၊ ပန် ထာဝရချစ်[illegible]ဟာ လူဆိုးတစ်ယောက် ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး ဆိုတာလည်း အမြဲခိုင်မာနေမှာ ပါ"

"ဒါဆို ကျေးဇူးတင်ထိုက်နေပြီ၊ ဒီညစာမင်းကို အပြင်မှာ ကျွေးမယ်၊ ဘယ်ဆိုင်ကြိုက်လဲ"

သူထင်သလို ပန့်မျက်နှာလေးက ဝင်းလက်ရွှင်မြူးမသွားခဲ့ပါ။

အံ့ဩသည့်ဟန်လေး ရိပ်ခနဲ ဖြစ်သွားပြီး မျက်လွှာချပစ်လိုက်၏။

"ကျေးဇူးမတင်ပါနဲ့ ကိုကို၊ ဘာမှ လည်း အ

MPT

ပန်နှအပြုံးက ပို၍ အကျည်းတန်သွားခဲ့ပါ၏
။

"စိတ်ချ ကိုကို၊ ကိုကို့ရင်ထဲမှာ ဘာရှိရှိ ပန်နှ အပေါ် ဘယ်လိုပဲ ဆက်ဆံဆက်ဆံ ကိုကို့ကို ပ န် ဘယ်တော့မှ မကောင်းမြင်မှာ မဟုတ်ဘူး ၊ ပန် ထာဝရချစ်နေတဲ့ ကိုကိုဟာ လူဆိုးတစ် ယောက် ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး ဆို တာလည်း အမြဲခိုင်မာနေမှာ ပါ"

"ဒါဆို ကျေးဇူးတင်ထိုက်နေပြီ၊ ဒီညစာ မင်းကို အပြင်မှာ ကျွေးမယ်၊ ဘယ်ဆိုင်ကြိုက် လဲ"

သူထင်သလို ပန်နှမျက်နှာလေးက ဝင်းလက် ရွှင်မြူးမသွားခဲ့ပါ။

အံ့သြသည့်ဟန်လေး ရိပ်ခနဲ ဖြစ်သွားပြီး မျက်လွှာချပစ်လိုက်၏။

"ကျေးဇူးမတင်ပါနဲ့ ကိုကို၊ ဘာမှ လည်း အ

MPT

ထူးတလည် မကျွေးပါနဲ့ ၊ ပန်မလိုက်ချင်ဘူး”

“ဘာ”

သူနဲ့ သွားလာမည်ဟု ပြောလိုက်လျှင် ဘာပဲဖြစ်ဖြစ် ပန် ဝမ်းသာအားရ ထလိုက်လာမည်ဟု ထင်ခဲ့သောကြောင့် တကယ်တမ်း ငြင်းပယ်လိုက်သောအခါ ချိန်း အံ့ဩသလို မခံချင်လည်း ဖြစ်သွား၏။

“မင်းက ဘာတွေစားလာခဲ့လို့ လဲ၊ ဘယ်လောက်ထိ သောကတွေဖြစ်နေလို့ လဲ၊ မရဘူး ခုပဲသွားမယ် လာ”

“ကိုကို”

ပန် လက်ကို ပြန်ရုန်းပေမယ့် မရ။

လှေကားအဆင်းရောက်တော့ မရုန်းတော့ဘဲ ကိုယ်ရှိန်သတ်လိုက်ရသဖြင့် နှစ်ယောက်အတူ လက်တွဲဆင်းလာခဲ့သလိုပုံစံ ဖြစ်သွားသ

ည် ။

ဒေါ်ဇင်မာတို့ မှာ ပွဲကြီးပွဲကောင်းတွေ့ပြီဟု ထင်ကာ နားစွင့်နေကြဆဲ နှစ်ယောက်တွဲဆင်း လာတာ မြင်လိုက်ရာ စကားပင် မပြောနိုင် လောက်အောင် ဆွံ့အကုန်ကျ၏။

ထိုနေ့က ပန်းရင်ထဲက လျှို့ဝှက်သိမ်းဆည်း ထားခဲ့သော ပူပင်သောကတွေအားလုံးသည် အပြုံးအရယ် မပီပြင်သည့် ကိုကို့မျက်နှာကို မော့ငေး၍ ကိုကို့လက်ကို ဆုပ်ဆွဲရင်း ရင်ထဲမှာ ဘာဆိုဘာမှ မရှိခဲ့ဘဲ ပျော်ရွှင်ခြင်း တို့ သည် သာ လေဟု နှစ်စီးလျက် ရှိလေသည် ။

ကိုကို့မျက်နှာတစ်ခုနှင့် ပန်းဘဝ လှခဲ့ပါ၏။

အိပ်မက်တော့မဟုတ်ပါဘူး ကိုကိုရယ်နော် ။

*

MPT

## အခန်း ( ၁၇ )

"ဘာတဲ့ ဘာတဲ့ သမီးငယ် အသံထွက်ဖတ်စမ်း"

ကြားပြီးပြီဖြစ်သော်လည်း ထပ်၍ ကြားချင်သည် ။

မင်္ဂလာသတင်းမဟုတ်ပေမယ့် ပို၍ သေချာချင်၏။

ဘယ်လိုမှ ထင်မှတ်မထားခဲ့သည့် သတင်း။

ဤသို့ဖြစ်လာမည်ဟု လည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ကြ။

ပန်ဟာ လောလောဆယ် ဘယ်လောက်ပဲ

MPT

ဆင်းရဲနေနေ တစ်ဦးတည်းသော သူဌေးသမီး၊ မိဘက တစ်နေ့ ပြန်ခေါ်မှာ ပဲဖြစ်သည် ။

ထိုအခါ သူဌေးသားမက်ဖြစ်လာမည့် ကိုယ့်သားအတွက် အလားအလာတွေ အများကြီးရှိနေသည် ။

သား ကောင်းစားမှ တော့ အားလုံးအေးချမ်းပြီပေါ့။

သူတို့ မှာ တော့ တစ်နေ့ ရွှေဥတစ်လုံး ရလိမ့်နိုးနှင့် မျှော်ကိုးလိုက်ရတာ အမောပင် ဖြစ်၏ ။

နောက်ဆုံး သတင်းစာထဲကနေ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာထည့်လျှင်တောင်မှ စိတ်ရှည်လက်ရှည် စောင့်ရှောက်မွေးမြူထားဖို့ ကြံစည်ပြီးသား။

အမွေပြတ်စွန့်လွှတ်တာတွေက ရိုးနေပြီပဲခုတော့။

MPT

ဒေါ်ဇင်မာ တခြားကိစ္စအကြောင်း ဖုန်းဆက်မလို့ ကိုင်ထားပြီးမှ သမီးကြီးမေမိက သတင်းစာကိုင်ပြီး အိမ်ထဲပြေးဝင်လာတာဖြစ်သည်။

"မာမီရေ ဟောဒီမှာ ကြည့်ပါဦး၊ ပန်းမိဘတွေ လုပ်ရက်လိုက်ကြတာ မိဘတွေ မဟုတ်သလိုဘဲ"

"ဘာလဲ ဘာတဲ့ လဲ မမကြီး"

ဒေါ်ဇင်မာ ဖုန်းကိုင်ရင်း မေးဖို့ သတိမေ့နေဆဲ သမီးငယ် မေလင်းက အစ်မဖြစ်သူဆီ ပြေးသွား၍ သတင်းစာကို ဆွဲလုကြည့်သည်။

"ဟယ် ဟုတ်ပါရဲ့ အမွေတွေကို တခြားလူတစ်ယောက်ကို လွှဲပေးတော့မယ်တဲ့ ၊ မာမီရေ အံ့သြစရာကြီး"

ဒေါ်ဇင်မာမှာ မြင်နေရ ကြားနေရပါလျက် ဘယ်လိုမှ မယုံနိုင်။

MPT

စိတ်က သတင်းစာဆီ လုံးဝရောက်နေရင်း ဂဏန်းတွေ နှိပ်လိုက်၊ ရပ်တန့်ငေးမောရင်း လက်ရပ်သွားမိလိုက်။

နံပါတ်ကို အစကပြန်နှိပ်မိ ရပ်နေမိ ကြိမ်ဖန်များ စွာဖြစ်ကာ နောက်တော့ ဖုန်းကို ဂွပ်ခနဲ ချ၍ သတင်းစာဆီ ပြေးလာခဲ့ရတော့သည် ။

"ဖတ်စမ်း ကျယ်ကျယ် ဘာတွေကြော်ငြာထားလို့ လဲ"

"ဒီမှာ မာမီ၊ သူ့မိဘတွေ မဟုတ်ဘူး ၊ အခု အမွေဆက်ခံမယ့်မိန်းကလေး ကြော်ငြာတာ"

ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်း၊ ခြံအမှတ် ( )နေ ဦးကြာပန်း ( တစ်ပွင့်ပန် ဆောက်လုပ်ရေး )၊ ဒေါ်ချစ်ချစ် ( တစ်ပွင့်ပန် စိန်ရွှေရတနာရောင်းဝယ် ) တို့ သည် သူတို့ ပိုင်ဆိုင်သမျှ အပြင်ပစ္စည်း၊ အတွင်းပစ္စည်း အားလုံးနှင့်တကွ လည်ပတ်ဆဲလုပ်ငန်းအားလုံးတို့ အား အ

MPT

မွေဆက်ခံထိုင်သူအဖြစ် ညီမဝမ်းကွဲတော်သူ ကျွန်မ မသန်းသန်းချစ်အား ( ၂-၈-၂၀၀၇)ခုနှစ်၊ အင်္ဂါနေ့တွင် တရားဝင် လွှဲပြောင်းပေးအပ်ပါသည် ။

ထိုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်တားဆီးလိုသူရှိပါက အမွေလွှဲမည့်ရက်မတိုင်မီ အမြန်ဆုံး ဆက်သွယ်တင်ပြနိုင်ပါသည် ။

"နေပါဦး နေစမ်းပါဦး"

သတင်းစာဖတ်နေသည် ကို ဒေါ်ဇင်မာ ဆုံးအောင်နားမထောင်နိုင်၊ ဖတ်နေသည့် မေလင်းလက်ကို ဖိချကာ

"ပန်က တစ်ဦးတည်းသောသမီးဆို၊ သန်းသန်းချစ်ဆိုတာက ဘာလဲ"

"ဩော် မာမီကလည်း ဒီမှာ ညီမဝမ်းကွဲပါလို့ ရေးထားတဲ့ ဟာ"

“အေးလေ အဲဒီလိုလုပ်လို့ ရသလား၊ ဒီမှာ သမီးတစ်ယောက်လုံးရှိနေတာကို မပေးဘဲ ဆွေနီးမျိုးစပ်ကို ဘာဖြစ်လို့ ပေးရမှာ လဲ၊ လုံး ဝ သဘာဝမကျဘူး”

“ကျုလို့ လည်း ခု လွှဲပေးတော့မယ်၊ မာမီက လည်း စိတ်ညစ်ရတဲ့ အထဲ”

အားလုံး ရှုံ့မဲ့ကာ လက်မှိုင်ကျကုန်သည် ။

ဒေါ်ဇင်မာတစ်ယောက်သာ ဇွေ့ဇွေ့ခုန်ဆဲ။

“ဒါ ပန့်မှာ အများကြီး ပြောခွင့်ရှိတယ်၊ သူ တို့ က မိဘဖြစ်ပြီး ဒါဘာလုပ်တာလဲ လုံးဝကို မဖြစ်သင့်ဘူး၊ ပြီးတော့ ပန့်ကို အမွေဖြတ်ထား တာလဲ မဟုတ်ဘူး ၊ ဒီလိုလုပ်ချင်တိုင်း လုပ်လို့ ဘယ်ရမလဲ၊ ဘယ်မှာ လဲ ပန် ခေါ်လိုက်စမ်း၊ ပ န် ဟဲ့၊ တစ်ပွင့်ပန်”

ခေါ်လိုက်စမ်းဆိုပြီး အာခေါင်ခြစ်အော် တော့လည်း သူပဲ ဖြစ်၏။

MPT

ပန် လျှောက်ထွက်လာတာကို အားမလို အားမရဖြစ်ကာ သတင်းစာကိုင်၍ အနားသို့ အပြေးတစ်ပိုင်းသွား၏။

"ဟော့ဒီမှာ ကြည့်စမ်း၊ ညည်းမိဘတွေ မိဘ ပီသလိုက်ပုံကို ဖတ်စမ်း၊ ဖတ်ကြည့်"

ပန့်မျက်နှာရှေ့မှာ သတင်းစာကို ပစ်ပေးကာ ပန် ဖတ်နေတာကိုလည်း စိတ်ရှည်လက်ရှည် စောင့်နေသည် ။

သို့သော် ပန် မျက်ရည်ကျ၍ တောင့်တောင့်လေးရပ်နေသည် ကိုတော့ ဒေါ်သတကြီး ကိုင်လှုပ်ပစ်ခဲ့သည် ။

"အဲဒီအမွေလွှဲမယ့်ကိစ္စကို ညည်း ကန့်ကွက်ရမယ် ပန်၊ ကျွန်မသာလျှင် အမွေဆက်ခံထိုက်သူဖြစ်တဲ့ အကြောင်း ညည်း တင်ပြရမယ်၊ ကိုယ်က သားသမီး၊ ကိုယ့်ထက် ဘယ်သူကပိုပြီး အခွင့်အရေးရှိမှာ လဲ"

MPT

"အဲဒါ မှန်တယ်၊ ဒီလုပ်ကွက်ကိုကြည့်ရတာ သူ့မိဘတွေက ပန့်ကို ကိုယ်တိုင်ပြန်ပြီး ဝင်ချခယစေချင်လို့ ဆိုတာ အရမ်းသိသာတယ်၊ ခုထိလည်း အမွေဖြတ်ခဲ့တာ မဟုတ်ဘူး ၊ ခုကျမှ သူများကို အမွေကုန်လွှဲပေးမယ်ဆိုတာ လုံးဝကို သဘာဝမကျဘူး၊ ဒီတော့ ညည်းသွားလိုက် ပန်"

မေမိကလည်း အပိုင်အနိုင် ဝင်ပြော၏။

သူတို့ တွက်သည် က ပန်နှင့် မိဘကြားမှာ သင့်မြတ်ကြဖို့ ဘာမှ အခက်အခဲရှိမည်မထင်။ သို့သော် ပန်က ဘယ်သူမှ မထင်မှတ်စွာ အေးစက်သောမျက်နှာလေးနှင့် မျက်ရည်သုတ်ပစ်၍ ခေါင်းခါခဲ့၏။

"ပန်မသွားချင်ဘူး မမကြီး၊ မေမေတို့ က ပန့်ကို ပြန်လာစေချင်တာဆိုရင်လည်း ပန့်ကိုပဲဖြစ်မှာ ၊ ကိုကိုပါမှာ မဟုတ်ဘူး ၊ ပန်ပြ

MPT

န်သွားရင် ကိုကိုနဲ့ ဘယ်တော့မှ ပြန်ပေါင်းရ တော့မှာ မဟုတ်ဘူး ဆိုတာ ပန်သိတယ်၊ ပန်မသွားဘူး”

“အမလေးလေး အရေးထဲ နှလုံးသားတစ်ခုနဲ့ တိုက်ပွဲဝင်ပြီး အသေခံမယ့် အာဇာနည်ပုဂ္ဂိုလ်နဲ့ လာတွေ့နေရတယ်၊ လောကမှာ ငွေရှိဖို့ပဲလိုတာ၊ ငွေရှိရင် ဘာမဆိုရတယ် ညည်းနားလည်ထား၊ ညည်းအမွေတွေရပြီးတဲ့ အခါ ရက်ချိန်းဆိုတာ အချိန်မရွေး ကိုယ့်ယောက်ျားပဲ”

“ငွေမမက်တဲ့ လူ ဘယ်သူရှိသလဲ၊ ကိုယ်အရင်ချမ်းသာအောင်လုပ်ပြီးမှ ကျန်တာကို လိုသလို ဖန်ဆင်းပေါ့”

ဒေါ်ဇင်မာ့စကားကို မေမီက လက်ခံသည် ။

မေလင်းက လက်ပိုက်ရပ်ကြည့်နေ၏။

“ယောက်ျားနဲ့ စည်းစိမ် ဘာကအရေးကြီးသလဲ၊ ခုကြည့်စမ်း ဒီရက် ဒီအချိန်ကို ညည်း

MPT

လက်လွတ်ဆုံးရှုံးခံလိုက်တာနဲ့ ဖိနပ်တစ်ဖက်၊ ထီးတစ်လက်တောင် ညည်းရလိုက်မှာ မဟုတ်ဘူး ”

“မရရင်လည်း နေပါစေ မာမီ၊ ပန် တစ်သက်လုံး ချမ်းသာခဲ့ရတာပါ၊ ချမ်းသာတိုင်းလိုချင်တာကို မရတတ်ဘူးဆိုတာ ပန် နားလည်တယ်၊ ဟိုတုန်းကတည်းက ပန်က ဦးကြာပန်း၊ ဒေါ်ချစ်ချစ်ရဲ့ တစ်ဦးတည်းသောသမီး၊ ဒါပေမဲ့ သူဌေးသမီးဆိုပြီး ကိုကို့ရဲ့ ချစ်ခြင်းမေတ္တာကို ပန်မရခဲ့ဘူး၊ အခု ကိုကို့ကို ပန်ချစ်လို့ အရာခပ်သိမ်းကို စွန့်လွှတ်ဆုံးရှုံးခံခဲ့ပြီးပြီ ကိုကိုနဲ့ ဘာကိုမှ မလဲနိုင်ဘူး”

“အမလေး ရှာမှ ရှားပါပဲတော်”

ဒေါ်ဇင်မာ ရင်ဘတ်စည်တီးအော်သည် ။

ညီအစ်မနှစ်ယောက်လုံး
မျက်စောင်းထိုးကြ၏။

နောက်ဆုံး မျက်စောင်းများကို ပြန်လည်ရုပ်သိမ်းကာ မေမီက ချော့မော့လာ၏။

"ခုဟာက ကိုယ့်ယောက်ျားဖြစ်နေပြီပဲ ပန့်ရယ်၊ မောင်လေးကို ညည်းပိုင်နေပြီပဲ၊ အမွေကိစ္စကိုသာ ကိုယ်ပိုင်အောင် သွားလုပ်စမ်းပါ၊ မောင်လေးအတွက် မမကြီးတို့ တာဝန်ထားလေ ဘယ့်နှယ့်လဲ"

ပန့် ခေါင်းတွင် တွင် ခါနေသည် ။

ဘယ်လိုမှ မျက်နှာမထားတတ်အောင် နားချလာသောအခါ

"ကိုကိုက ပန့်ကို ပြန်သွားခိုင်းရင် ပန်သွားပါ့မယ်" ဟု ပြောလိုက်မိ၏။

ထို့နောက်မှာ တော့ အားလုံးသော စကားသံတို့ က ပြန်လည်ငြိမ်သက်သွားခဲ့သည် ။

သို့သော် အိမ်သားတို့ ၏ ဆက်ဆံရေးက

MPT

ဘီလူးဆိုင်းတီးလာ၏။

"ညည်းက ပြောင်ပြောင်တင်းတင်း ဆန့်ကျင်တော့လည်း တို့ တွေက ပြောစရာရှိတာကို ပြောရမှာ ပဲ တစ်ပွင့်ပန်း၊ အစကတော့ သူ့ဌေး သမီးမို့ အားနာတယ်၊ ခုတော့ ညည်းက ဘာမှ မဟုတ်တော့တဲ့ အတွက် ဒီအိမ်မှာ နေတဲ့ အတွက် တန်ရာတန်ကြေး ပေးရမှာ ပဲ"

တစ်ပွင့်ပန်းဟု စတင်ခေါ်ခြင်းဖြင့် ဒေါ်ဇင်မာက ဤသို့စခဲ့၏။

"ပြောင်ပြောင်ပြောလိုက်စမ်းပါ မာမီရယ်၊ ဒီမှာ ပန်း အစကတည်းက မောင်လေးက အလုပ်ဆို လက်ကြောတင်းအောင် လုပ်တာ မဟုတ်ဘူး ၊ စိတ်ကူးရှိမှ အလုပ်လုပ်တယ်၊ ထင်သလို နေတယ်၊ ဝင်ငွေက ပုံမှန်မရှိဘူး၊ ရှိလည်း ပေးချင်မှ ပေးတာ၊ ပြီးတော့ သူကိုယ်တိုင်ကလည်း အိပ်ချိန်လောက်မှ ပြန်တာ ညည်းအမြင်ပဲ၊ ဒီ

ထဲမှာ အိမ်မှာ နေ့ရောညပါရှိနေမှာ က ညည်း ပဲရှိတယ်၊ ညည်းကို တာဝန်ယူထားရတဲ့ စရိတ်အတွက် ညည်း ဒီအိမ်မှာ တန်ရာတန်ကြေး တော့ ပေးရမယ်”

ထိုနေ့မှ စ၍ ရှိသမျှ လူအားလုံး၏ အတွင်းခံ အင်္ကျီဘောင်းဘီ၊ ခြေအိတ်၊ လက်အိတ်ကအစ ပန်ပဲ လျှော်ရသည် ။

မီးဖိုချောင်ထဲမှာ တစ်ယောက်တစ်မျိုး စားချင်သမျှ ပန်ပဲ ချက်ရသည် ။

လူစုံအောင် စားမပြီးမချင်း ထမင်းစောင့် ကျွေး ပြန်သိမ်းပြီးမှ အိပ်ရာဝင်ရ၏။

အိပ်ရာထဲမှာ ပက်လက် သို့မဟုတ် စာဖတ်ရင်း စီးကရက်သောက်ရင်း ရက်ချိန်း စောစောရောက်နေတတ်တာရှိပေမယ့် ဘာသိဘာသာပဲ နေ၍ စကားသိပ်မပြောဖြစ်ပါ။

ပြောဖြစ်လျှင်တောင် ပန် ဘယ်လိုနေရပါ

MPT

သည် ဟု ပြောဖြစ်မည်မထင်။

"ငါတို့ သားအမိကြားမှာ ညည်း ကတုံးက တိုက် မလုပ်နဲ့ နော်"

"အတို့ အထောင် လုပ်ကြည့်ပါလား၊ ငါတို့ အကြောင်း ညည်းသိမယ် ဟွန်း၊ လင်မက်တဲ့ မိန်းမ နေပေါ့၊ စည်းစိမ်ထက် လင်က အရေးကြီးတယ်ဆိုတော့ ဆင်းရဲတာ ဒီလိုပါ လားဆိုတာ ရေရေလည်လည် ခံစားလိုက်"

"ဒီမှာ မိပန် အပြောကြီးသလောက် စကား နဲ့ ညီအောင်နေနော်၊ ညည်းက ဝအောင်ချမ်း သာပြီးပြီပဲ ဆင်းရဲတာကို မြည်းကြည့်ပေါ့၊ ပြီး မှ အမလေး မအော်နဲ့ "

မေလင်းကဆို ကွယ်ရာမှာ မိပန်လို့ ပဲ ခေါ် တော့သည် ။

ရှိပါစေတော့၊ ပန့်ရင်ထဲမှာ ခံနိုင်ရည်ရှိ အောင် အစကတည်းက ပျိုးထောင်ထားခဲ့ပြီး

MPT

သော အားမာန်တွေရှိနေသည် ။

ပန် သိချင်တာက သူတို့ တွေ၏ သဘော ထားများ ချက်ချင်းအရောင်ပြောင်းသွားသလို ကိုကို့စိတ်ထဲမှာ ဘယ်လိုပြောင်းလဲသွားခဲ့သ လဲ။

ည ကိုးနာရီခွဲမှ ပန် အခန်းထဲဝင်ခဲ့သည် ။

စားပွဲရှေ့က လားထိုင်မှာ ခြေကားကားလ က်ကားကား မှေ့လှန်၍ မျက်လုံးတွေမှိတ် ထားသည့် ကိုကို့ကို တစ်ချက် လှမ်းကြည့်မိ၏ ။

မီးခိုးတွေ တငွေ့ငွေ့ထွက်နေသည့် လက်ကြားက စီးကရက်ကိုမြင်တော့ သူအိပ် နေတာ မဟုတ်ဘူး ဟု တွက်မိသည် ။

ကြမ်းပေါ်မှာ ပဲ ကိုယ့်အိပ်ရာလေးကို ကိုယ်ပြင်ကာ တစ်နေကုန် ပင်ပန်းသမျှ ကျော ချလိုက်ပြီးမှ အတော်ကြီး တိုကျလျက် လက်

ကို လောင်မြိုက်လုလုဖြစ်နေသည့် စီးကရက်ကို နောက်တစ်ခါ ထပ်ကြည့်မိပြန်သည် ။

ကိုကို အိပ်ပျော်နေတာများ လား။

ပန် ခေါင်းလေးထောင်ကြည့်ရင်း ထထိုင်လိုက်မိသည် ။

ညညဆို ကိုကိုနဲ့ မပြောမဆိုမိအောင် နေချင်သည် ။ ကိုကိုနဲ့ ဘယ်နည်းကြောင့်မှ မပတ်သက်ချင်ပါ။ ပန်ဟာ ကိုကို့ထံမှ မရိုးသားမှုများ စွာကို မျှော်လင့်နေသည့် ခပ်နုပ်နုပ် မိန်းမတစ်ယောက်ဟု ကိုကို အထင်အမြင်သေးမှာ စိုးသည် ။

ဩော် ဝင်လာကတည်းက ကိုကို ဘာလုပ်နေသလဲဟု လှမ်းကြည့်မိရင် ကောင်းသား။

ပန် ကိုယ်ပေါ်တင်ပြီးသားစောင်ကို ပြန်ခွာသည် ။

MPT

ဆံပင်တွေကို စုချည်ထားခဲ့သော လက်ကိုင်ပဝါကို ဖြုတ်ချထားပြီးသား ပြန်စည်းဖို့ ပြန်ကိုင်လိုက်ပြီးမှ ပြန်ချလိုက်သည် ။

ဆံပင်တွေကို ဖြန့်လျက်သားနှင့် အသာလေးထသည် ။

ခြေထောက်ကို ခပ်ဖွဖွနင်းကာ စီးကရက်တိုကို ကိုယ့်လက်မပူအောင် ဘယ်လိုဖြုတ်ယူရမှန်း ရုတ်တရက်မသိဘဲ ဖြစ်နေသေး၏။ နောက်တော့မှ မှန်တင်ခုံလေးပေါ်က ဘီးကိုကောက်ယူကာ အမြီးချွန်လေးနှင့် တစ်ဖက်ကနေ အသာထိုးကာ ဖွဖွလေးပဲ ဆွဲယူလိုက်သည် ။

ပူမှာ လည်း စိုး၊ လူသိမှာ လည်း ကြောက်ကာ ခိုးချောင်ခိုးဝှက်လုပ်ကာမှ စီးကရက်ကကြမ်းပေါ်ပြုတ်ကျသွားသဖြင့် လန့်ဖျပ်ဆုတ်လိုက်မိ၏။

MPT

ပြီးတော့ ကော်ဇော်မီးမလောင်ခင် စီးကရက်တိုကို ကောက်ရန် ဖျတ်ခနဲ ထိုင်ချလိုက်မိသည်။

ပခုံးအောက်ထိရှည်သော ဆံပင်တွေက နဖူးနှင့် ပါးပြင်လေးများကို ဖုံးလွှမ်းကာ ဝဲခနဲကွယ်ကြ၏။

ဆံပင်တွေကို နားရွက်နောက်ထိုးညှပ်၍ စီးကရက်ကိုကောက်၊ ဆံပင်တချို့က ထပ်ကျ၍ ထပ်သိမ်း။

ဆံပင်နှင့် စီးကရက်ကြားမှာ လက်တွေက မအားရဘဲ ဖြစ်နေခဲ့၏။

"လက်ပူသွားမယ် မကောက်နဲ့တော့"

"ဟင်"

အသံနှင့်အတူ ထရပ်လိုက်သော ချိန်းကို မြင်လိုက်သဖြင့် ပန် ကမန်းကတန်း ထရပ်မိသ

MPT

ည် ။

ချိန်းက မီးစကို ခြေထောက်နှင့် နင်းပစ်လိုက်၏။

ပြီးတော့ နောက်ပြန်လှည့်သည် ။ ပန့်လက်ကလေးကို ဆွဲထားလိုက်သည် ။

"ကိုယ်ပြောစရာရှိတယ်"

ပန် သူ့ကို ထိတ်လန့်စွာ မော့ကြည့်၍ လက်ကိုရုန်းသည် ။

"ဘာ ဘာပြောမလို့ လဲဟင်"

ချိန်းက ပန့်မျက်နှာလေးကို စူးစိုက်ကြည့်၏။

"မင်းနဲ့ ကိုယ်ကြားမှာ ဒီလောက်ထိ ခြားနားနေဖို့ မလိုဘူးထင်တယ်"

"ရှင်"

ချိန်းက ပန့်အိပ်ရာလေးကို လှမ်းကြည့်ပြီး

မျက်ခုံးတွေကို အလိုမကျသလို တွန့်ပစ်သည်။

"မင်း ကိုယ့်ဇနီးအဖြစ် ဘာဖြစ်လို့ နေရာယူခဲ့တာလဲ၊ အဲဒါဖြေ"

"ပန်"

"မင်းလှုပ်ရှားနေတာက ပြဇာတ်ကနေသလိုပဲ၊ မင်းရဲ့ စိတ်ကူးထဲမှာ မင်းက မင်းသမီးဖြစ်ချင်ဖြစ်လိမ့်မယ်၊ ကိုယ်ကတော့ မင်းရဲ့ ဇာတ်ကောင် ဖြစ်လာမှာ မဟုတ်ဘူး : ပန်ကိုကို့မျက်နှာချောချောလေးကို ငေးကြည့်ရင်း နှုတ်ခမ်းလေးကို ဖိကိုက်ထားမိ၏။

ထိုအခါ ပါးချိုင့်လေးနှစ်ဖက်၏ နုပျိုမှုကြောင့် ပန့်မျက်နှာလေးမှာ အလှပျက်မသွားဘဲ ပို၍ ချစ်ခင်သနားဖွယ်ဖြစ်ခဲ့၏။

"ပန် မင်းကို ဒီစကားတွေပြောဖို့ ကိုယ်စောင့်နေခဲ့တာ ကိုးညတိတိရှိသွားပြီ၊ ထပ်မေးမယ် မင်း ဒီအိမ်မှာ ကိုယ့်ဇနီးအဖြစ်နေမှာ လား၊ အ

လုပ်သမား လာလုပ်တာလား”

ပန့်မျက်ရည်တွေ တရစ်ရစ် ဝေ့တက်လာသည် ။

ဘာပြောရမလဲ ကိုကို။

ဒီအိမ်မှာ ကိုကို့ကိုချစ်လွန်းလို့ ပန် အလုပ်သမားလို နေပေးခဲ့ရတာကို ပန် ဘယ်လိုပြောရမလဲ။

“မင်း ကိုယ့်ကို ချစ်တယ်ဆိုပြီးတော့ မင်းရဲ့ အပြုအမူအားလုံးထဲမှာ အချစ် မပါဘူး၊ ဒီအိမ်က ထုပ်ပိုးသိမ်းဆည်းဖို့ လုပ်ငန်းအားလုံးထဲမှာ မင်းစိတ်တွေက ပိုပြီး ပျော်မွေ့နေသလိုပဲ”

“ကိုကိုရယ်”

ပန့် ပါးပြင်ထက်သို့ မျက်ရည်စက်တို့ ကြွေဆင်းလာသောအခါ ချိန်း၏ မျက်ခုံးတွေ ပို၍ စု

တော့ ကြည်ဖြူစွာနေခွင့် ကိုကိုပေးခဲ့ပါတယ်၊ ဘယ်တော့မှ မချစ်ဘူး၊ ဘယ်တော့မှ မလာနဲ့ ဆိုတာ ပန် ခုကျမှ ကြားခဲ့ခံစားခဲ့ရတာပါ၊ ကိုကို စိတ်ချမ်းသာဖို့ ပန် ဆုံးဖြတ်ခဲ့တာပါ၊ မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်အပေါ် ကိုကို ဘယ်တော့မှ စိတ်ကူးမှာ မဟုတ်ဘူး လို့လည်း ပန်ယုံခဲ့တယ်"

ချိန်း နှုတ်ခမ်းတစ်ဖက် တွန့်ခနဲ မဲ့ကျသွားသည် ။

"လက်ထပ်ပြီးမှ မင်း နောင်တတွေရနေတယ်လို့ ပြောချင်တာလား"

"မဟုတ်ပါဘူး"

"ဒီရက်ပိုင်းမှာ မင်း တွေဝေငေးငိုင်တာတွေက မိဘက အမွေဖြတ်လိုက်လို့ အားကိုးရာမဲ့သလိုဖြစ်ပြီး ခံစားနေရတာလား"

"သက်ဆိုင်ပါတယ်၊ ဒါပေမဲ့ ပန် ဒါကို ခံနိုင်

ရည်ရှိဖို့ ကြိုးစားပြီးသား”

“ဒါဆို တစ်ခုပဲကျန်တော့တယ်၊ မင်းကို ချစ်ပါတယ်လို့ မပြောဘဲ ပေါင်းသင်းခွင့်မရှိဘူးဆိုတာမျိုးပေါ့”

ပန် သူ့ကို မရဲတရဲကြည့်၍ မျက်လွှာချမိသည် ။

“ကိုကိုပဲ ပြောခဲ့တာပါ၊ အဲဒီအတိုင်းပဲ တည်စေချင်ပါတယ် ကိုကို၊ ကိုကို့အချစ်ကို ပိုင်ဆိုင်ခွင့်မရှိတဲ့ အပြင် လိုအပ်ရင် သုံးလို့ ရတဲ့ သက်မဲ့ရုပ်တစ်ရုပ်လို ပန့်ဘဝကို ဖျက်ဆီးမခံချင်ဘူး၊ ပန့်ကိုသနားပါ”

“သနားရမယ်”

ချိန်းအသံက တိုးသဲ့စွာရှိကာ ပန့်ကို မလွှတ်သည့်အပြင် ပခုံးပြည့်ပြည့်လေးနှစ်ဖက်ကို ဖိညှစ်ဆုပ်ကိုင်လိုက်၏။

"အချစ်အတွက် ရင်းနှီးဖို့ လိုတယ်ဆိုတာ ကော မင်း မသိဘူးလား"

"ကိုကို"

ချိန်းရင်ခွင်ထဲမှာ ပန့်ကိုယ်လေး နစ်မြုပ်သွား၏။

ဟိုတုန်းက အနားမှာ လိုက်ပါခွင့်၊ မျက်နှာကို ငေးကြည့်နေခွင့်လေးအတွက် ပန် ပင်ပန်းစွာ ကြိုးစားခဲ့ရသည် ။

ကိုကို့ထံမှ ပြန်လည်ရရှိခဲ့သော သနားကြည့်တွေထဲမှာ ပန် ချစ်နေတာကို သိနေသော ငဲ့ညှာခြင်းများမှ လွဲ၍ ရင်ခုန်လှုပ်ရှားစေတာ ဘာတစ်ခုမှ မရှိခဲ့ပါ။

ပန့်လက်ဖဝါးလေးကို ကိုကို ထွေးဆုပ်ခဲ့သည် ။

ပခုံးလေးကို ဖက်ခဲ့ဖူးသည် ။

MPT

ဒီတုန်းကလည်း ကိုကို နမ်းပါစေဟု မတောင့်တခဲ့ဘူးတာ ဆန်းတော့ဆန်းသည် ။ ပန်ဟာ ကိုကို့အပေါ်မှာ နေခွင့်ရလျှင်ပဲ အားလုံးပြည့်စုံပြီဟု ထင်ထားခဲ့သူ။

ခု ကိုကို့ရင်ခွင်ထဲမှာ နွေးထွေးစွာ နစ်မြုပ်နေခဲ့သော်လည်း သွေးခဲတောင့်တင်းသွားတော့မတတ် ပန့်တစ်ကိုယ်လုံး အေးစက်နေသည် ။

မပြီးဆုံးနိုင်သော အနမ်းတို့ သည် နှင်းစက်များ နှယ်၊ နွေးထွေးရမည့်အစား ပန့်ကိုယ်ပေါ်မှာ တဖွဲဖွဲ တဖွားဖွား အေးစက်စွာ ကျဆင်းနေ၏။

"လွှတ်ပါ ကိုကို ပန် ပန်လေ"

ပန် စကားမဆက်နိုင် တားဆီးနေမိသည့် လက်ဖဝါးလေးတွေမှာ ခွန်အားမရှိသလို တုန်ယင်နေသည် ။

MPT

ချိန်းက ပန့်ကိုယ်လေးကို အသာလေးလွှတ်၏။

ညွတ်ခနဲခွေကျကာ စားပွဲစွန်းမှာ မှီကျသွားသည့် ပန့်လက်ဖျားလေးကို လှမ်းဆုပ်၍

"မင်းအိပ်ပျော်အောင် အိပ်ပါ"

ဟု မထိတထိ ကြည့်ပြော၏။

ပန် အိပ်ရာလေးထဲ ပြေးဝင်ကာ စောင်ကို ခေါင်းထိလုံအောင် ဆွဲခြုံပစ်လိုက်သည် ။

ကိုကို့ကို ပန် အချစ်နဲ့ အတူ ပိုင်ဆိုင်ပါရစေ ။

*

MPT

# အခန်း ( ၁၈ )

"ဘာဖြစ်လဲ မမြင်ဘူးတဲ့ နေရာဆိုတော့ ပိုတောင် စိတ်ချရသေးတယ်၊ ကေသီတို့ ဂရင်းတို့ ကို ဖုန်းဆက်လိုက်၊ ဒီမှာ ပဲစားမယ်လို့ "

စကားသံတွေနှင့်အတူ ကားပေါ်ကဆင်းလာကြသည့် ယောက်ျားမိန်းမတွေ အများကြီး ။

"တစ်ပွင့်ပန် လာစမ်း ဒီကို"

ဒေါ်ဇင်မာက လူကြားထဲမှာ ဆို ပို၍ ခေါ်ထုတ်တတ်သူ။

ပန်ထွက်သွားတော့ အားလုံးက တအံ့တသြ ကြည့်ကြသည် ။

MFT

"သူက တစ်ပွင့်ပန်ဆိုတာ ချိန်းရဲ့ မိန်းမ ဟုတ်လား အန်တီ"

မျက်နှာက နီတီတီ စပ်ဖြဲဖြဲ။

"ဟုတ်တယ်လေကွာ၊ မင်းကလည်း ဟိုတစ်နေ့က တူမောရိုးမှာ ငါတို့ စားသောက်ပြီးထွက်တော့ သူတို့ ဝင်လာကြတာပဲ"

ထပ်၍ ထောက်ခံလိုက်သူကလည်း ကိုကို့အရွယ်ပဲ ဖြစ်၏။

အားလုံးထဲမှာ သူတို့ နှစ်ယောက်က အငယ်ဆုံးဖြစ်ကာ ယောကျ်ားမိန်းမ အကုန် အသက်လေးဆယ်နီးပါးတွေဖြစ်သည် ။

နှစ်ယောက်လုံး စပ်ဖြဲဖြဲ ရိတိတိ။

ပန့်ကို စားမတတ် ဝါးမတတ် ကြည့်ကြသည် ။

"ငါတို့ အားလုံး ညစာ ဒီမှာ စားမှာ ၊ လူရှစ်

ယောက်စာ မြန်မြန်ချက်၊ ယုကို မီးဖိုထဲ ဝင်မခိုင်းနဲ့ နော် သူချက်တာ ငါမကြိုက်ဘူး”

“ဟုတ်ကဲ့ပါ”

ပန် လှည့်ထွက်လာခဲ့သော်လည်း နောက်ပါးမှ မေးမြန်းစပ်စုသံတွေကို ကြားရသေးသည် ။

“ကောင်မလေးက သူဌေးသမီးဆို”

“အေးလေ ရုပ်ကတော့ သန့်သန့်ပြန့်ပြန့်မရှိပါဘူး၊ စုတ်ပြတ်နေတာပဲ”

“အမလေး အခု သူဌေးသမီးမဟုတ်တော့ဘူး ဆွေရယ်၊ သူ့မိဘက ကိုယ့်သားကိုယူလို့ဆိုပြီး အမွေကို တခြားတစ်ယောက်ကို ပုံပေးပြီး တရားစခန်းဝင်သွားသတဲ့ လေ”

“အို ရက်စက်လိုက်တာ”

“အေးလေ ကိုယ့်သမီး တစ်သက်လုံး မျက်

MPT

နှာငယ်ရမှာ ပဲ”

“ဟုတ်တယ်၊ အဲဒါကြောင့် ခုတည်းက ကျောင်းမှန်းကန်မှန်းသိအောင် ပြထားတာလေ၊ ဒါ သူနဲ့ တန်တဲ့ အဆင့်ပဲ၊ သားကလည်း သူတို့ သမီးကို ချစ်လို့ ယူထားတာမှ မဟုတ်တာ၊ အင်း သည်းမခံနိုင်လို့ ပြောတော့ ပိုတောင်ကောင်းသေးတယ်”

“ဟုတ်တယ် ဟုတ်တယ်၊ ချိန်းမှာ တကယ့် အချောအလှပကလေးတွေ ဝိုင်းဝိုင်းလည်နေတာ၊ သူ့လိုမိန်းကလေးကို ယူတော့ လာဘ်ပိတ်တာပေါ့”

နံရံအကွယ်မှာ ရပ်နေရင်း ပန် နားနှစ်ဖက်ကို ပိတ်ထားလိုက်မိ၏။

ညည့်သည် လာတိုင်း ပျစ်ပျစ်နှစ်နှစ် အပြောခံ အနှိမ်ခံရသော စကားသံများ နှင့် ဝေးရာသို့ ထွက်ပြေးချင်လှပါ၏။

MPT

သို့သော် သူမ ကိုကို့ကို ချစ်သည် ။

"ပန် နေမကောင်းရင် ထိုင်နေလေ မယုချက်ပါ့မယ်"

မယုက ရောက်လာတာ မကြာသေးသော်လည်း ဒီအိမ်မှာ ပန့်ကို ဖေးမစာနာပေးခဲ့သည် ။

မိသားစုတွင်းမှ အခြေအနေကို တွက်ဆမိပြီး ပန့်အပေါ် ညှာတာခဲ့သည် ။ ညော့သည် ဖြစ်သော်ငြားလည်း ပန့်သံယောဇဉ်နှင့် သူမ မပြန်ဖြစ်ခဲ့ရှာ။

"မိယု ညည်း နေရာတကာ ဝင်ဝင်မပါနဲ့နော်၊ ငါတို့ အိမ်အကြောင်း ငါတို့ ပဲသိတယ်၊ ကိုယ့်ဟာကိုယ် အေးဆေးမနေတတ်ရင်လည်း ပြန်သာကွ"

တူမမို့ ဒေါ်ဇင်မာက ပေါ်တင်ပဲ တားမြစ်၏ ။

မယုကတော့ ကွယ်လျှင်ကွယ်သလို ပန့်ဘက်က ဖေးမခဲ့သည် သာ။

"ခု ဘာချက်မလို့ လဲ၊ မယု ဆက်လုပ်မယ် ဖယ်"

"နေပါစေ မယုရယ်၊ မာမီက ပန်ချက်ရမယ်လို့ သေချာမှာ ထားတာ"

မယုလည်း ကြားလိုက်ပါသည် ။

ဒါ သက်သက် မတရားလုပ်စေချင်တာမျိုး ပါ။

ဒေါ်လေးတို့ တစ်မိသားစုလုံး အပျော်အပါးကြိုက်သလို ထင်သလိုလည်း နေကြသည် ။

ထမင်းဟင်းဆို ဟိုတယ်မှာ ကြို ဟိုတယ်မှာ စားသည် ။

မိတ်ဆွေအိမ်မှာ ကြုံလည်း ကြုံသလိုစား

MPT

တတ်၏။

ချက်ပြုတ်ဖို့ အချိန်မရလို့ ဟု ဆိုကာ အိမ်ကနေ ထွက်ဝယ်ကြတာ ပါသေးသည် ။

ဟိုတုန်းက မယုအလည်လာသည့်အခါများ ဆိုလျှင်

“အမလေး မယုရောက်လာမှ ပဲ ထမင်းကောင်းကောင်း စားရတာ” ဟု တစ်မိသားစုလုံး ပြောခဲ့သေးတာ။

ခုကျမှ မယုချက်တာ မကြိုက်ပြန်ဘူး ဆိုရင်တော့ ရယ်ချင်သည် ။

မျက်နှာလေး ညှိုးငယ်ကာ မျက်ရည်ဝေ့နေတတ်တာလေးလည်း ရှိသော ပန့်ကို သေချာကြည့်မိလေမှ သူ့မှာ သနားလို့ မဆုံးဖြစ်ရလေ။

ကောင်မလေးခမျာ ယောကျ်ားက တစ်နေ

ကုန် အိမ်မကပ်၊ ပြန်လာတော့လည်း ယုယကြင်နာတာမရှိ။

လင်ရယ် မယားရယ်လို့ ဖြစ်နေကြပြီးမှ ဘာတွေလဲ။

"ကိုကိုလေးက မကြိုက်ဘူး၊ အဲဒီဟာမက ဇွတ်ကပ်ပါလာတာ" ဟု မေလင်း မဲ့ရွဲ့ပြောပြဖူးသည် ။

ဘာပဲဖြစ်ဖြစ် ဒီမျက်နှာလေးကို သူတောင်မှ မြင်မြင်ချင်း ကြင်နာသနားခဲ့မိတာ ချိန်းကနည်းနည်းမှ ဂရုမစိုက်ဘူးတဲ့ လား။

မျက်ရည်ကြောင်းလေးများ နှင့် အင်အားမဲ့စွာ ပြုံးလိုက်ပုံလေးကိုမြင်လျှင် သူမမှာ ရင်ခွင်ထဲဆွဲသွင်း ချော့မိတော့မလောက် သနားလိုက်ရတာ။

ယောကျ်ားဖြစ်တဲ့ သူက မမြင်သလို နေနိုင်သလား။

ကြာတော့လည်း သူမမှာ တစိမ်းက ဆွေမျိုးဖြစ်ကာ ဆွေမျိုးကိုကျတော့ တစိမ်းလိုမြင်လာခဲ့၏။

အကြင်နာဆိုတာ ရှိသင့်သည် ပဲမဟုတ်လား။

ပန် မယုကို အပြင်ထွက်သွားအောင် ပြောလိုက်ပြီးမှ မျက်ရည်ကို ကုန်စင်အောင် သုတ်သည် ။ ဒါတွေကို ငါမျှော်လင့်ခဲ့ပြီးသား။

မငိုနဲ့ တော့ ပန်။

ကိုယ့်ကိုယ်ကိုယ် အားပေး၍ စီစဉ်ထားသည့် ဟင်းလျာများကို ချက်ပြုတ်ရင်း စိတ်ကို နှစ်လိုက်၏။

"တစ်ပွင့်ပန်"

"အမလေး"

"ဒုန်း"

MPT

ဆေးကြောပြီးသည့် ဒယ်အိုးလေးကို ကိုင်ပြီး ဒီဘက်အလှည့်တွင် ကျောနောက်မှ ကပ်လျက် ရောက်နေသည့်လူကြောင့် ဒယ်အိုးပါ လန့်ဖျန့်လွတ်ကျသွား၏။

ထိုအသံကြောင့် ဒေါ်ဇင်မာကြားပြီး ဆူခံရမည်စိုးကာ ဖျတ်ခနဲ ငုံ့အကောက်တွင် ထိုသူက ပန့်ပခုံးလေးနှစ်ဖက်ကို ရဲတင်းစွာ ဆုပ်ကိုင်ထားလိုက်၏။

"တစ်ပွင့်ပန် မင်းကို တို့ သနားလိုက်တာ"

"ရှင် ရှင် ပန့်ကိုလွှတ်"

"မင်းကို သနားလွန်းလို့ ပါ ချာတိတ်ရယ်၊ ဒီလောက်နိမ့်ပါးတဲ့ ဘဝမှာ မနေပါနဲ့ ၊ ဟဲ ဟဲ မင်းကို တို့ က အိမ်တစ်ဆောင် မီးတစ်ပြောင် ထားနိုင်တယ်၊ ဘယ့်နှယ့်လဲ လိုက်မလား"

နီမြန်းမြန်း ရီတီတီ မျက်နှာကြီးကို ပန် ရွံ့မုန်းစွာ စိုက်ကြည့်မိ၏။

MPT

ထိုမျက်နှာကြီးက ပြုံး၍ ရှေ့ကိုတိုးကပ်လာသည် ။

ပန့်လက်တစ်ဖက် ရိုပ်ခနဲ မြောက်တက်သွားသည် ။

ဖြန်းခနဲ မြည်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

“မင်း မင်းက ဒီလိုလား”

“အို လွှတ် လူယုတ်မာ မယု မယုရေ”

ပန် တကယ်တမ်းဖြစ်လာတော့ ဘယ်လိုမှ ရုန်းထွက်မရတော့ပါ။ ထိုစဉ် ပန့်ကို ချုပ်နှောင်ဖို့ ကြိုးစားနေသူ၏ ကိုယ်ကြီး ဆတ်ခနဲ လန်ကျသွားကာ စားပွဲတွေကြားသို့ ပုံပျက်ပန်းပျက်လဲကျသွား၏။

ပန်ရှေ့မှာ ရပ်နေသူက ချိန်း။

“တောက် ခွေးသူခိုး၊ သူများ အိမ် လာပြီး

MPT

ပြန်ကြည့်ဦး”

သားအမိတွေ အော်ကြဆူကြတာလည်း ကြားသည်။

လူကြီးတွေထဲမှာ ဘာမှ ဝင်မပြောရဲသမျှ အေ ၁က ်ထ ပ ်မ ၂၁ ပြဿနာဖြစ်နေတုန်း မေလင်းက အခန်းရှေ့ရောက်လာသည်။

“အလကား ပြဿနာထုပ်မ ညည်းတွေ့ဦးမယ် စောင့်နေ”

ဟု ကြိမ်းဝါးသွားသည်။

သိပ်တော့ မကြာလိုက်ဘူး ထင်ပါသည်။

“မိပန် လာစမ်းပါဦး ညည်း”

ပြောရုံတင်မကဘဲ ပန်နို့လက်ကလေးကို မေမီက ဝင်ဆွဲသည်။

အောက်ထပ်သို့ ခေါ်ချသွားခဲ့ပုံမှာ အလွန်ဆိုးသည့် ကလေးတစ်ယောက်ကို ဖမ်း၍ ရိုက်

နှက်တော့မည်နှယ်။

ပန့်ကို သူတို့ ဘာလုပ်ကြမှာ လဲ။

မမကြီးအခန်းထဲထိ ဆွဲခေါ်လာသည် ။

ဖြန်းခနဲအသံနှင့်အတူ ဦးခေါင်းတစ်ခုလုံး မူးမိုက်ပြာဝေသွားခဲ့သည် ။

"မှတ်ထား၊ မနေတတ် မထိုင်တတ်ရင် အဲဒီလို အမြဲဆုံးမမယ်၊ ညည်းကြောင့် ငါ့သားဆီက ပထမဆုံး ငြိုငြင်မှုကို ငါရခဲ့တာ၊ တစ်သက်လုံးက ဒီအိမ်မှာ ခုလောက်ထိ ခွန်းကြီးခွန်းငယ် မဖြစ်ခဲ့ဘူး၊ ညည်းကြောင့် ခုဖြစ်ရပြီ၊ အဖိုးမဖြတ်နိုင်တဲ့ မိတ်ဆွေကောင်းတွေ ဆုံးရှုံးရတယ်၊ ကောင်းက ငါတို့ ကို အများကြီးအကျိုးပြုတဲ့ သူ၊ အခု ဘယ်လိုလုပ်ကြမလဲ၊ ပေးစရာရှိတဲ့ အကြွေးတွေ ဖိတောင်းရင် ဘာနဲ့ သွားဆပ်မလဲ၊ တောင်းရုံမကဘူး တရားပါစွဲရင် ခက်ဦးမယ်"

MPT

ဒေါ်ဇင်မာက တစ်ချက်ရိုက်တာကို နည်းသေးသည် ဟု မှတ်၍ လက်ဝါးပြင်နေဆဲ မေမီက မကျေနပ်သေး။

“ယောကျ်ားတစ်ယောက်က အရေးပေးခေါ်ပြောခံရတာများ ကြီးကြီးကျယ်ကျယ် သူ့ပဲ အော်လားဟစ်လားနဲ့ ၊ ညည်းက ကောင်းကို ရိုက်လိုက်တယ်ဆို၊ သူ့ခမျာ ချိန်းက ထပ်ထိုးခံလိုက်ရသေးတယ်၊ ညည်းကို ငါပါရောသတ်ချင်တာ သိလား၊ ဟွန်း ကြည့်တော့ မတုန်မလှုပ်နဲ့ နေလိုက်တော့ ကျွန်လိုရုပ်နဲ့ ကိုယ့်ရုပ်ကို ပြန်ကြည့်လေ၊ အိမ်ဖော်ထင်ပြီး မေးတဲ့ လူကမေး၊ ညည်းကို ငါတို့ က အစုတ်ပဲ ဆင်ထားတာ မဟုတ်ဘူး ၊ ကိုယ့်ကိုယ်ကိုယ် ပြန်တွေး၊ အထင်ကြီးစရာမရှိလို့ စော်ကားဖို့ ကြံရင်တောင် နာစရာမရှိဘူး”

စကားလုံးတွေ ခါးသီးလှသည် ။

ပန် ဘယ်လိုမှ မတ်မတ်မရပ်နိုင်တော့သည့်အချိန်တွင် မယုက အခန်းထဲထိ ပြန်တွဲပို့ရှာ၏။

"ပန်ရယ် ဒုက္ခပါပဲ၊ နားလိုက်တော့နော်၊ ပြန်ဆင်းမလာနဲ့ တော့၊ သူတို့ ဘာပြောပြော မယုပြောလိုက်မယ်၊ အားလုံး မယုဘာသာ လုပ်လိုက်တော့မယ်"

"မယု ပန်မဆင်းဘဲ နေလို့ မဖြစ်ဘူး၊ သူတို့"

"အို ဘာမှ မဖြစ်ဘူး၊ ပါးတစ်ဖက်လုံး ဒီလောက် ညိုပုတ်ယောင်ကိုင်းနေတာ ဘာမှ ပြောလို့ မရဘူး၊ နေသာနေခဲ့"

ပန် ကိုယ့်ပါးပြင်ကို ပြန်မစမ်းကြည့်ရဲ။

ထိမိသည့်နေရာသည် မီးလောင်ခံထားရသလို ပူလောင်ကျိန်းစက်နေ၏။

ထိုညက ညဆယ်နာရီကျော်မှ ချိန်း ပြန်ရောက်လာ၏။

တစ်အိမ်လုံး တိတ်ဆိတ်နေသည် ။

သူ အပေါ်ထပ် တောက်လျှောက်တက်လာခဲ့ပြီး လက်ထဲက စားစရာအထုပ်တွေကို စားပွဲပေါ်မှာ ချလိုက်သည် ။

"ပန်"

သူတက်လာကတည်းက သိသည် ။

မွှေးပျံ့သော ကြော်နံ့လှော်နံ့တွေ ထောင်းခနဲ ရှူရှိုက်မိ၏။

ဘာမှ မစားရသေးသည့် ဗိုက်က ပြင်းပြစွာ ဆာလောင်နေရုံမက နာကျင်နေပြီ ဖြစ်၏။

သို့သော် စားလို့ ရမှာ လည်း မဟုတ်။

ဒီပါးပြင်ကို ကိုကိုမြင်လို့ လည်း မဖြစ်။

သူမကြောင့်သာ နောက်ထပ် ပြဿနာတွေ

တက်ကြမည်ဆိုလျှင်

"ဟေ့ ပန် ထကွာ၊ ကိုယ်ဘာမှ မစားရသေးဘူး၊ မင်းစားပြီးပြီလား၊ စားပြီးလည်း ထပ်စားပေါ့၊ လာ ထ အောက်ဆင်းမယ်"

ပန်စိတ်ထဲမှာ မကောင်းပါ။

ကိုကို ဘာမှ မစားရသေးဘူးတဲ့ ။

ဝယ်ခြမ်းလာတာတွေကို ပြင်ဆင်ပြီး အတူတူစားကြရလျှင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ။

ပန် အိပ်ရာထဲက ထလို့ မဖြစ်။

ကိုကို့ထံမှ ပထမပေးခဲ့သော ရင်းနှီးနွေးထွေးစေမှုကို ဆုံးရှုံးခံရတော့မည့်အဖြစ်အတွက် ပန် မျက်ရည်များ ပင် ကျခဲ့ပါ၏။

သို့သော်

"ပန် ဟာကွာ၊ မင်း ဒီလောက်အိပ်ရေးကြီး

MPT

တတ်တာ မဟုတ်ဘဲနဲ့ ၊ ဒါ အိပ်မောကျရမယ့် အချိန်လည်း မဟုတ်ဘူး ၊ ဘာလဲ မင်းကို ကိုယ်က ဒီထက်ပိုပြီး တောင်းပန်ချော့မော့စေချင်လို့ လား”

သူပြောသမျှ အံလေးကြိတ်၍ ငြိမ်သက်နေမိသည် ။

“ပန်”

ချိန်း အနားရောက်လာသည် ။

ပန်စောင်ကို တင်းနေအောင် ဆုပ်ကိုင်ထားလိုက်မိသည် ။

“မာမိတို့ ပြောတာဆိုတာတွေအတွက် မင်းကို ကိုယ် တောင်းပန်တယ်၊ ကျေနပ်တယ်ဆိုရင် ထ ထမင်းသွားစားမယ်”

ပန် ဘယ်လိုမှ နေလို့ မရတော့ပါ။

“ပန်ကျေနပ်ပါတယ် ကိုကိုရယ်၊ ပန် ဘာမှ

မဖြစ်ပါဘူး၊ ထမင်းလည်း ခုပဲစားပြီးတာ၊ ပန်အိပ်ချင်လို့ ပါ ကိုကို မနှောင့်ယှက်ပါနဲ့ နော်"

ပြောပြီးမှ မှားသွားပြီကို သိလိုက်ပေမယ့် ပြီးဆုံးသွားခဲ့ပြီ။

"တောက်"

ချိန်း တောက်ခေါက်၍ ချက်ချင်းထရပ်သည် ။

"မနှောင့်ယှက်ပါနဲ့ ဟုတ်လား၊ ကိုယ်က မင်းနဲ့ ထမင်းအတူ စားဖို့ ဝယ်ပြီး ပြန်လာတယ်၊ ထမင်းစားဖို့ နှိုးတာ နှောင့်ယှက်တာလား၊ မင်းစားပြီးသားဖြစ်ဖြစ် မဖြစ်ဖြစ် ကိုယ်စားဖို့အတွက် ပြင်ဆင်ပေးဖို့ နားမလည်ဘူးလား၊ ကိုယ်စားနေတဲ့ ရှေ့မှာ မင်း ထိုင်နေပေးဖို့ မသိတတ်တာလား၊ တောက် သွားစမ်းကွာ"

စားစရာတွေ ကိုကို လွှင့်ပစ်လိုက်ပြီ။

စောင်ခြုံထဲမှာ ပုနေအောင်ကွေးရင်း ပန် ရှိုက်သံမထွက်အောင် ကြိုးစားနေမိသည် ။ မျက်ရည်ပူတို့ လိမ့်ဆင်းဖြတ်သန်းနေရတာထက် မျက်နှာတစ်ခြမ်းလုံးက အဆမတန် နာကျင်နေသည် ။

အံတင်းတင်းကြိတ်လို့ တောင် မရတော့ဘူး ကိုကို။

ကိုကို ပါးပေါ်က ဒဏ်ရာကို မြင်သွားမှာ စိုးလို့ ပါ။

ပန့်ကို ခွင့်လွှတ်ပါ ကိုကိုရယ်၊ သူတို့ မကြည်ဖြူရင် ပန် ဒီကထွက်သွားရတော့မှာ ၊ ပန် ကိုကို့ကို မခွဲနိုင်ဘူး။

ကိုကိုဟာ မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို မိသားစုထဲမှာ လက်ဆွဲပွဲထုတ်မှာ မဟုတ်ဘူး ဆိုတာ ပန် သိတယ်။

ပန့်ကြောင့် ကိုကို ဘယ်လောက်ထိစိတ်ရှုပ်

MPT

ခံမှာ လဲ ကိုကိုရယ်။ အခု ကိုကိုလွင့်ပစ်လိုက်တဲ့ အထုပ်တွေလိုပဲ ပန့်ကို စွန့်ပစ်မှာ ပါ။

တစ်ညလုံး ပန် ငိုကြွေးနေခဲ့သလို ချိန်းလည်း မအိပ်ပါ။

စားပွဲက ကုလားထိုင်မှာ ထိုင်ရင်း စီးကရက်တိုတွေသည် အတိုအရှည် မညီညာသော်လည်း ခွက်ထဲမှာ တုံးလုံးပက်လက် စုပုံနေကြသည် ။

အံကြိတ်၍ ဆံပင်တွေကို ဖွလိုက် တုတ်တုတ်မျှမလှုပ်သော ပန့်ထံသို့ ရူးရူးဝါးဝါး လှမ်းကြည့်လိုက်။

နှုတ်ခမ်းသားတို့ သည် အနည်းငယ်မျှ ပြေလျော့သည် မရှိဘဲ မျဉ်းဖြောင့်တစ်ကြောင်းလို တင်းတင်းစေ့နေ၏။

မျက်ခုံးအစုံက ထိဆက်လုမတတ် တွန့်ကုတ်လျက် မျက်ဝန်းတို့ မှာ အိပ်ချင်သည့် ရီဝေ

MPT

လေးလံခြင်းတို့ အလျှင်းမရှိ။

ဒေါသများ နှင့် ပုတ်ခတ်လုံးထွေး၍ ညကို သူ ကျော်ဖြတ်နေသလို ပန် ကိုယ်တစ်ခြမ်းလုံး ကိုက်ခဲနေသည် အထိ ဒုက္ခခံနေခဲ့သောအဖြစ် ဟာ ဘယ်သူ့အတွက် မျိုသိပ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သူ သိနိုင်မည် မဟုတ်ပါ။

မိုးမလင်းမီ ချိန်း ထွက်သွားခဲ့ပါသည် ။

*

MPT

# အခန်း ( ၁၉ )

သူများ တွေ စနောက်နေကြတာကိုတောင် ဒေါသဖြစ်ချင်သည် ။

ဒီနေ့ ဘာအလုပ်မှ လည်း မလုပ်ဖြစ်ဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် နေ့လယ်ပိုင်းကျမှ ကားတစ်စီးချိတ်မိသည် ။

စိတ်ညစ်ညစ်နှင့်ပဲ တစ်ခါတည်း အရောင်းအဝယ်ဖြစ်သွား၏။

ညနေပိုင်းကျတော့ လက်ထဲမှာ ငွေတွေ ဖွေးဖွေးလှုပ်နေသည် ။

ဘေးမှာ ငွေအိတ်ကိုချကာ လုပ်ဖော်ကိုင်ဖက်တွေအားလုံး စုဝေးကာ သောက်စားဖြစ်သ

MPT

ည်။

ဟန်မဆောင်တတ်သည့် ဒီမျက်နှာကို တစ်နေကုန် အလုပ်ကိစ္စနှင့် ဘယ်လိုဖျောက်ထားထား ဒီဝိုင်းသိမ်းလျှင် အိမ်ပြန်ရတော့မှာ မို့ ကိန်းဝိပ်နေခဲ့သော ဒေါသစိတ်တို့ က ဖုံးလွှမ်းလာခဲ့၏။

ဝီစကီတွေချည်း ဖိသောက်နေလည်း မရ။

အမြည်းရယ်လို့ ဟိုတို့ ဒီတို့ မစားတတ်သည့်အကျင့်က အခေါက်ကင် အနည်းငယ်သာ စားပြီး ဝီစကီတွေချည်း မော့နေသဖြင့် ဖုံးဖိမရသည့် စိတ်ညစ်ခြင်းတို့ ကို အာကာက ဦးဆုံးသိ၏။

"အင်း အဲဒါကြောင့် ငါပြောတယ် သတိထားနေကြလို့၊ ဒီကောင် မုန်ယိုနေတာ"

"အာကာ"

ဖန်ခွက်ကို ခွပ်ခနဲဆောင့်ချကာ အံကြိတ်ခေါ်လိုက်သံက ဒေါသ၏ အတိုင်းအတာကို ပေါ်လွင်စေ၏။

အာကာကတော့ ဂရုစိုက်ဟန်မပြပါ။

"ဘာလဲ"

"မင်း စကားကို ဆင်ခြင်ပြော၊ လူကို နွားဘူးကောင် မှတ်နေလား"

"ဟ မှတ်တော့ဘာဖြစ်လဲ၊ ငါ့ကို နွားဘူးပြောကြည့်ပါလား ငါမနာပါဘူး၊ ယောကျာ်းဆိုရင် နွားဘူးနဲ့ ဂန်ဒူး နှစ်မျိုးပဲရှိတယ်၊ ငါတို့ က ဂန်ဒူး မဟုတ်ဘူး "

မှားသည် ဟု မ ဆိုသော်လည်း ခံရတာ အောင့်သက်သက်။

ချိန်း မျက်လုံးတွေက အရက်ရှိန်ကြောင့် မျက်ဝန်းထောင့်တွေ နီကာ စူးရဲနေ၏။

MPT

အားလုံးက သူတို့ နှစ်ယောက်ကို ပြုံးစိစိနှ
င့် ကြည့်နေကြ၏။

“ငါသိပါတယ် ချိန်းရာ၊ မင်းက အိမ်ထောင်
သည် ဘဝကို လုံးဝ လက်မခံချင်ဘူးဆိုတာ မ
င်းမိန်းမကို မင်းကိုယ်တိုင် စည်းခြားခဲ့တယ်၊ ခု
တော့ မင်းပဲ မျောက်မီးခဲကိုင်မိသလို ဖြစ်နေပြီ
မဟုတ်လား၊ ဒါမျိုးဆိုတာ ဆရာထားရတယ်
ကွ၊ အကြံကောင်းဉာဏ်ကောင်းဆိုတာ ယူရ
တယ်၊ ဟဲ ဟဲ မင်းပြောသလို ဒါက နှာဘူးထ
တာ မဟုတ်ဘူး ၊ အချစ်နဲ့ ဆက်နွယ်ပတ်သက်
လာပြီးမှ ဖြစ်ပေါ်လာတဲ့ မွတ်သိပ်တောင့်တမှု
တစ်ခု၊ မင်း တစ်ပွင့်ပန်ကို ချစ်နေပြီ၊ အဲဒါ ဝန်
ခံ”

ချိန်း ငြိမ်သက်နေခဲ့၏။

အားလုံးသည် ချိန်း၏ အိမ်ထောင်ရေးကို
အနည်းအကျဉ်းတော့ သိထားကြသူများ မို့

ဘာမှ ဝင်မမေးဘဲ နားထောင်ရုံသက်သက်သာ နေကြသည် ။

ပြီးတော့ သူတို့ အားလုံးထဲမှာ ရက်ချိန်းက အောင်မြင်ဆုံးလူငယ်တစ်ယောက်။

ပွဲစားပီသစွာ အပြောအဆို လည်ဝယ်ညက် သောလူသည် မဟုတ်ပါ။

သူသည် တကယ့်စီးပွားရေးသမား စစ်စစ်ကြီးလည်း မဟုတ်ဘဲ အပေါင်းအဖော်များက ဟိုစပ်စပ် ဒီစပ်စပ် ဝင်ပါ ဝင်ပြောနှင့် ပိုင်ရှင်တွေက အလုပ်စကားပြောတိုင်း သူ့ဘက်ကို မျက်နှာမူကြသည် ။

သူ ဆုံးဖြတ်တာကို စောင့်၏။

တကယ့်ပွဲစားတို့ က မကျေနပ်ပေမယ့် ခင် မင်နေကြသော အပေါင်းအသင်းများ မို့ အော င့်သက်သက်နှင့်ပဲ နေလိုက်ကြရရင်း ရက်ချိန်း

က နေရာရသွားခဲ့သည် ။

ရက်ချိန်းဆိုသည့်နာမည်ကိုမှ ယုံကြည်ပါ တယ်ဆိုတာကမရှား။

ထို့ပြင် ရက်ချိန်းက အပြောပြတ်သလော က် ဘာကိုမှ ဂရုမစိုက်တတ်သည့် စတိုင်လ်က ထင်းနေသည် ။

လိုအပ်လျှင် လက်ယဉ်တတ်သေးသည် ။

ငွေဆိုတာ ခြေလေးချောင်းရှိသည် လိုက် လေပြေးလေဟု ဆိုကြသည် ။

ပွဲစားမှာ က အရောင်းအဝယ်ဖြစ်မှ ငွေရမှာ မို့ အာဝဇ္ဇန်းရွှင်ရွှင် ညှိကြ၊ သွယ်ကြ၊ ကြိုးစားသမျှ ရက်ချိန်းက ပြတ်သည် ။

အစတုန်းက သူက လူပိုကိုး။

အဖော်အဖြစ် လိုက်ပါလာတတ်ပြီး ဝင်ပြောဝင်ဖြတ်နှင့် သူ့အလုပ်လို့ လည်း သ

MPT

ဘောထားခဲ့တာမဟုတ်။

ငွေရဖို့ မရဖို့ က သူ့အတွက် အဓိကမဟုတ်တော့ ပြောရဲတာပေါ့။

ဒါပေမဲ့ အကျိုးပေးကံကောင်းပါသည် ။

ဘာပဲဖြစ်ဖြစ် သူဝင်ပြောသည့်အတိုင်း အတည် ဖြစ်၏။

ထို့ကြောင့် သူ့ကို အဖော်ခေါ်ရင်း တိုင်ပင်ရင်း ရက်ချိန်းက ရွှေ့ရောက်လာတာဖြစ်သည် ။

ခုလည်း ရက်ချိန်းက ဂရုမစိုက်တတ်ပါ။

သူ အိမ်ကထွက်လာတာ ငွေရှာဖို့ ဆိုသည့် စိတ်ကူးနှင့် မဟုတ်သည် ကိုက အများ တကာ ထက် သာနေလေသလားမသိ။

ငွေကို သူ တကောက်ကောက် မလိုက်ပါ။

သွားလာရင်း ခလုတ်တိုက်မှ သူဝင်ပါသည် ။

သူပါမှ ပြီးတော့ သူပဲရ၏။ အားလုံးက သူပြုစုမှ စားကြသောက်ကြရသည့် အဖြစ်မျိုး။

"ငွေပါပါ မပါပါ ဂရုမစိုက်တဲ့ ကောင်ကျ တော့လည်း ဝှင်တွေက တည့်နေတာပဲကွာ၊ ငါ တို့ ကျတော့လည်း အိမ်က ထွက်ချိန်မပြောနဲ့ ညကတည်းက မိန်းမက နားပူ၊ ကလေးကငိုနဲ့ မနက်မိုးလင်းရင် ငွေဘယ်ကရမလဲဆိုတာ တွေးရလွန်းလို့ ရူးတောင်ရူးချင်လာရဲ့ "

အချင်းချင်းတောင် အံ့သြညည်းညူမိကြသ ည် ။

ရက်ချိန်း လက်ထပ်တော့တောင် စမိကြ သေးသည် ။

"ဒီကောင် စီးပွားရှာမှာ ကွ ကြည့်နေ၊ ငွေ က ခြေလေးချောင်းပါတယ်ဆိုတာ သူပိုပြီးနား လည်မှာ ပါ" ဟု ။

ဒါပေမဲ့ ရက်ချိန်းက ပုံစံမပြောင်းသလို သူ့

MPT

အတွက်သာ သိပ်ရှားပါသည် ဟု ခုချိန်ထိ ဖြစ်ခဲ့တာသိပ်မရှိ။

တစ်ခုပဲ ပြောစရာရှိတော့သည် ။

မိုးစွေက ပြုံးစိစိနှင့်ကြည့်ကာ

"မင်းထင်သလို ဟုတ်ရဲ့ လား အာကာရ၊ ပြီးခဲ့တဲ့ သတင်းစာထဲမှာ ကောင်မလေးရဲ့ မိဘတွေက တခြားသူတွေကို အမွေတွေ တစ်ခုမကျန် လွှဲပြောင်းပေးသွားတာနဲ့ ပက်သက်ပြီး ဒီကောင် ခံစားနေရတာကော မဖြစ်နိုင်ဘူးလား"

ရက်ချိန်းမျက်လုံးတွေ ဖျတ်ခနဲ အရောင်ပြောင်းသွားတော့ အာကာက ကပျာကယာ လက်ကာပြီး အခြေအနေကို ဝင်ထိန်းလိုက်၏။

"ဘယ်က ဟုတ်ကမှာ လဲ၊ ဒီကောင်က ဒါနဲ့ မဆိုင်ဘူးကွ၊ ငါသိတာပေါ့၊ ဒီပစ္စည်းတွေမက်

MPT

ရင် ကောင်မလေးကို ဟိုးအရင်ကတည်းက သူ ယူလိုက်လို့ ရတာပဲ၊ ခုလို မိဘဒေါသထွက် အောင် မင်္ဂလာဆောင်နေမှာ သွားလုယူစရာ လား"

"ငါပြန်မယ် အာကာ"

သူတို့ စကားမပြတ်သေးမီ ရက်ချိန်း ကောက်ခါငင်ခါ ထရပ်လိုက်၏။

သောက်ထားတာများ သဖြင့် လူက ယိုင်ခနဲဖြစ်သွားသည် ။

"ဟာ ရက်ချိန်း ဆောရီးကွာ၊ ငါနောက်တာ လွန်သွားလို့ လား၊ ပြန်ထိုင်ပါ၊ ဒီလိုတော့မလုပ်ပါနဲ့ "

မိုးစွေက လက်ကို လိုက်ဆွဲ၍ တောင်းပန်သည် ။

အာကာကလည်း ဘေးမှာ လိုက်ရပ်၍ ဆွဲ

ထားသည်။

သူ လက်ကာပြပြီး ဆွဲထားသည့်လက်တွေကို ဖယ်ချပစ်လိုက်သည်။

" မဟုတ်ဘူး ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး ၊ ဆက်ထိုင်နေရင် ဒီနေရာမှာ တင်မှောက်သွားမှာ သေချာနေလို့ "

"မှောက်သွားလည်း မင်းရဲ့ ငွေတွေရော လူကိုကော ငါတို့ အိမ်အရောက်ပြန်ပို့မှာ ပါ၊ ပြန်ထိုင်ပါကွာ"

မိုးစွေက သူ နောက်လိုက်မိ၍ ဟု ထင်ကာ တွင် တွင် တောင်းပန်နေ၏။

" အာကာ မင်း ငါ့ကို လိုက်မပို့နဲ့ တော့၊ အဲ ဒီအိတ်ထဲက ဒီဝိုင်းအတွက်ရှင်းပြီး သူတို့ ကို သုံးထောင်စီ လက်ဆောင်ပေးလိုက်ကွာ၊ ပိုတာ ဒီည မင်းယူထားပြီး မနက်ကျမှ ငါ မင်းဆီလာ ယူမယ်၊ သွားပြီ"

MPT

"ဟာ ချိန်း"

အာကာက ဇွတ်ထွက်သွားသည့် ချိန်းကို အတင်းလိုက်ဆွဲထားပြန်သည် ။

"ငွေက ငါသိမ်းပေးမှာ ပါ၊ မင်းမှာ ကားလည်း မပါဘဲနဲ့ ကွာ၊ ငါလိုက်ပို့"

"နေပစေ"

သူ ဇွတ်ထွက်လာခဲ့၏။

ဒီအုပ်စုထဲမှာ အာကာတစ်ယောက်သာ သူနှင့် အရင်းနှီးဆုံး ငယ်သူငယ်ချင်း အာကာ့အိမ်မှာ သူ ဝင်ထွက်စားသောက်ဖူးသည် ။

ငွေဆိုလည်း များများ ပါလာတိုင်း အာကာ့ကိုပဲ သူ ပေးထားခဲ့သည် က များ ၏။

နည်းလျှင် ဘာမှ ပြန်မယူတော့ဘဲ များမှသာ လိုသလောက် ပြန်ယူတတ်၏။

အာကာက သူ့ထက်များ စွာ ဆင်းရဲရှာသူပါ

MPT

။

ပြီးတော့ မလိမ်မကောက်တတ်သည့်သူ။

ညက မနက်လှသေးပေမယ့် ပလက်ဖောင်းပေါ်မှာ တော့ လူမရှိသလောက် ရှင်းနေပြီး ကားတွေ ကုန်ပြီ ဖြစ်၏။

ဘောင်းဘီထဲ လက်နှိုက်ရင်း ကိုယ်ကိုထိန်း၍ လျှောက်ခဲ့သည် ။

ခြေလှမ်းကတော့ စည်းချက်မှန်နေသား။

ကိုယ့်ကိုယ်ကိုယ် သဘောကျနေသလို ပြုံးလိုက်မိသေးသည် ။

စည်းချက်မမှန်တော့သည် က ရင်ခုန်သံတွေပဲ ဖြစ်၏။

မင်း ခုတော့ မျောက်မီးခဲကိုင်မိသလို ဖြစ်နေပြီမဟုတ်လား။

ဒါက နှာဘူး မဟုတ်ဘူး ၊ အချစ်နဲ့ ဆက်နွ

ယ်ပက်သက်ပြီးမှ ဖြစ်ပေါ်လာတဲ့ မွတ်သိပ်တောင့်တမှုတစ်ခု။

မင်း တစ်ပွင့်ပန်ကို ချစ်နေပြီ အဲဒါဝန်ခံ။

ချိန်းနှုတ်ခမ်းတွေ တွန့်ခနဲ မဲ့ကျသွား၏။

ဘာဖြစ်လို့ ဝန်ခံရမှာ လဲ။

မချစ်သင့် မချစ်ထိုက်တဲ့ မိန်းမ။

ခြေထောက်တွေက အိမ်ကို တည့်တည့်မတ်မတ် ဦးတည်နေသော်လည်း လမ်းဘေးမီးတိုင် အကွာအဝေးများကြားမှာ မှောင်သွားလိုက် လင်းသွားလိုက် မျက်လုံးထဲက ပြောင်းလဲမှုကိုတော့ ဒေါသဖြစ်ချင်လာ၏။

မူးယစ်သည့်အရှိန်က ရီဝေဝေ။

ခြေလှမ်းတိုင်းမှာ ပေါ်နေသည် က ပန့်မျက်နှာ။

"ပန်အိပ်ချင်လို့ ကိုကိုရယ်၊ မနှောက်ယှက်

MPT

ပါနဲ့ ”တဲ့ ။

“တောက်”

ထိုစကားကို မကျေနပ်လွန်းလို့ ကျကျနန မေးဖို့ တစ်ညလုံးထိုင်စောင့်နေတော့လည်း မယ်မင်းကြီးမက စောင်ခြုံထဲက မထွက်။

“မင်းက ငါ့မိန်းမ မဟုတ်ဘူး လား”

လို့ မေးမေးပြီး အနိုင်ကျင့်မိလျှင် ကိုယ်ပဲ လူယုတ်မာဖြစ်ရဦးမည်။

ကိုယ်ပိုင်ဆိုင်ထားပြီးမှ ထိခွင့်၊ နမ်းခွင့်မရှိတာ သဘာဝကျသလား။

ကိုယ့်ကို ဘာဖြစ်လို့ ထိမှာ ကိုင်မှာ ဒီလောက်စိုးနေတာလဲ။

တွေးလေ ဒေါသဖြစ်ရလေ။

“ကိုကို့သဘောကျ ပန် နေခဲ့တာပါ”

“ကိုကိုဟာ မချစ်မနှစ်သက်တဲ့ မိန်းမတစ်

ယောက်ကို ဖောက်ပြန်စိတ်မွေးမယ့်သူ မဟုတ်ဘူး လို့ ပန်ယုံတယ်”

ဟွန်း ပြောတတ်ပါဘိ မယ်မင်းကြီးမရယ်။

သတိတစ်ချက်လွတ်သည် နှင့် ခြေလှမ်းကမှား လူကယိုင်။

ပြုံးမိလိုက် မဲ့လိုက် စကားပြောရင်း ရယ်ချတတ်တာမျိုးက ရှိသေးသည် ။

သူ့ကိုသာ တစ်စုံတစ်ယောက်က လှမ်းမြင်လျှင် အရူးဟု ပြောကြမည်လား။

အိမ်ကို ချောချောမောမော ပြန်ရောက်လာခဲ့သော်လည်း အပေါ်မတက်ဖြစ်ဘဲ ဆိုဖာပေါ်မှာ ဝုန်းခနဲ ထိုင်ချလိုက်မိသည် ။

“ဟော သားပြန်ရောက်ပြီလား၊ မူး လာပြီထင်တယ်”

“မောင်လေး အပေါ်သွားအိပ်လေ၊ မသွားနိ

MPT

င်ဘူးလား”

“ဟော ဇင်ရေ၊ မင်းသား ဒီမှာ ပဲ နေပါရောလား”

တစ်ယောက်ပြီးတစ်ယောက် ပြန်ရောက်လာကြပြီး ပြောကြဆိုကြ ခေါ်ရပါသည် ။ မာမီတို့ မမကြီးတို့ ကအစ မနေ့က ခွန်းကြီးခွန်းငယ် ဖြစ်ခဲ့ကြသည် များ အတွက် စိတ်ထဲမှာ ဘာမှ မရှိတော့သလို ပြုံးပြုံးရယ်ရယ်ပဲ နှုတ်ဆက်ကြ၏။

ဒီအိမ်မှာ ဒီလိုပါပဲ။ ထဆူလိုက်ကြ ပြီးတော့ရယ်ကြ။

အကြီးနဲ့ အငယ်ပေမယ့် ခွန်းကြီးခွန်းငယ် ပြန်လည်ပြောဆိုတတ်ကြသည် ။

မိုက်မိုက်ရိုင်းရိုင်း ဖြစ်ကြတာမျိုးမဟုတ်။

မိဘနဲ့ သားသမီးပေမယ့် ဘဝင်မကျလျှင်

ပြောကြ၊ ငိုကြ၊ ရယ်ကြ ရှိသည် ။ ပြီးတော့ ဘာမှ လည်း မဟုတ်ကြပါ။

ဘယ်သူကမေးမေး ပြောပြော ရက်ချိန်း ခေါင်းထုမကြည့်ပါ။

ဆိုဖာပေါ်မှာ ကိုယ်ကို စန့်စန့်ကားကားကြီး ပစ်မှီရင်း မျက်လုံးတွေကို မှိတ်ထားမိ၏။

အိပ်လို့ ပျော်သည် ကတော့ မဟုတ်။

သူ လူတော်လူကောင်း မဟုတ်ခဲ့ပေမယ့် အပေါင်းအသင်းစုံနှင့် ကြုံသလိုသွား ဖြစ်သလို နေကာ သောက်တာစားတာမျိုး ရှိတတ်သော် လည်း ရက်ချိန်းရာဇဝင်မှာ လမ်းပေါ်မှာ မူးလဲ နေခဲ့သည် ဆိုတာ မရှိခဲ့ဘူး။

မူးမူးနှင့် တွေ့ရာနေရာမှာ ကျောချပြီး အိပ် ပျော်သွားခဲ့တာမျိုးမရှိ။

ဘယ်လောက်မူးမူး ကိုယ့်အိပ်ရာထဲ ရော

က်အောင်ပြန်သည်။

အိပ်ရာထဲမှာ ကျောချမှ ပျော်၏။

"မောင်လေး၊ ချိန်း ချိန်း"

"ဗျာ"

အားလုံးအသီးသီး အခန်းအောင်းသွားကြမှ မယုအသံ နောက်ဆုံးထွက်လာသည်။

"မောင်လေး ထလေကွာ၊ အပေါ်မှာ သွားအိပ်၊ မယု တွဲပို့ရမလား"

"ဟင့်အင်း ရတယ် မယု၊ ကျွန်တော့်ကို သံပုရာရည်တစ်ခွက်ပဲ ဖျော်ပေး"

"အေး အေး"

မယုဖျော်ပေးသည့် သံပုရာရည်ကို နှစ်ငုံခန့် သောက်ပြီးမှ သူ လက်ရမ်းတွေကို ဆုပ်ကိုင်ကာ အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်ခဲ့သည်။

MPT

စေ့ထားသည့်တံခါးကို ဆွဲဖွင့်လိုက်တော့ အထဲမှာ ပန်က ကြမ်းပြင်ပေါ်က သူ့မ အိပ်ရာလေးမှာ ငုတ်တုတ်လေးထိုင်လို့ ။

ဩော် ယောကျ်ားတစ်ယောက်လုံး ပြန်ရောက်နေတာကို မင်း ခေါ်ဖော်မရဘဲ ငုတ်တုတ်ထိုင်နေသတဲ့ လား။

တကယ်ဆို ငါတက်လာတဲ့ ခြေသံကြားတာပဲ။

မင်း အိပ်ချင်ယောင်ဆောင်နေဖို့ ကောင်းတယ် ပန်။

သူ့နှုတ်ခမ်းကို မဲ့ရွဲ့ပစ်သည် ။

ပန်က သူ့ကို မျက်လုံးပြူးလေးနှင့် မော့ကြည့်ကာ နေရာမှ ထရပ်လိုက်၏။

"ကိုကို"

ရင်ညွန့်လောက်ထိသာ ရှည်သော ဆံပင်တို့

ကို ကျစ်ဆံမြီးလေး နှစ်ဖက်ကျစ်ချထားကာ ပါးပေါ်မှာ ပါးကွက်ဝိုင်းလေးနှစ်ဖက်နှင့် ပန့်မျက်နှာလေးက သူ့မျက်ဝန်းထဲမှာ ဘယ်တုန်းကမှ မမြင်ဘူးခဲ့သော အရိုးစင်းဆုံးသော အလှ။

မျက်နှာလှလှလေးကို စူးခနဲကြည့်ကာ မျက်နှာလွှဲပစ်လိုက်သည် ။ ပြီးတော့ အင်္ကျီတွေ ချွတ်ပစ်လိုက်ပြီး ဘောင်းဘီရှည်ကိုပါချွတ်၏။

"ကိုကို"

"ရေချိုးမလို့ မင်း ဟိုဘက်လှည့်နေ"

ဟု မကြည့်ဘဲပြောကာ အဝတ်တွေ ချွတ်ပစ်သည် ။

ပန် ထိတ်ထိတ်လန့်လန့်လေး မျက်နှာလွှဲထားရင်း

"ရေ ရေမချိုးပါနဲ့ ကိုကိုရယ်၊ ကိုကို တအားသောက်လာတာ မဟုတ်လား၊ ချက်ချင်းရေချိုး

MPT

ရင် ဒုက္ခရောက်သွားပါမယ်"

သူ ဘာမှ စကားမပြောဘဲ ကိုယ်ကို မွေးပွ တဘက်နှင့်ပက်ကာ အခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

"ကိုကို"

ပန်က သူ့လက်ကို အတင်းလိုက်ဆွဲသည် ။

"မချိုးပါနဲ့ ကိုကိုရယ်"

"ဖယ်စမ်းပါ"

"ကိုကိုရယ် ပန် တောင်းပန်ပါတယ်"

"ဘာလဲ ဘာအတွက်လဲ၊ မလိုဘူး ဖယ်၊ မင်း နေစေချင်သလို နေတတ်အောင်နေဖို့ ငါ ဆုံးဖြတ်ပြီးပြီ၊ မင်းဟာမင်း လွတ်လွတ်လပ်လပ်နေ"

"ကိုကိုရယ်"

ပန့်လက်ကို သူ ဆောင့်ဖယ်ထားခဲ့သည် ။

ပန်က အဝတ်တစ်စုံထုတ်၍ အဆင်သင့်ပြင်ထားသည် ။

တဘက်စောင်လေးကိုင်၍ ရေချိုးခန်းဝက စောင့်နေ၏။

တဘက်ကိုဆွဲယူ၍ ကိုယ့်ဟာကိုယ် ရေသုတ်သည် ။

အင်္ကျီဝတ်ပြီး အိပ်ရာထဲ လှဲချလိုက်သည် အထိ ပန့်ကို သူ နည်းနည်းလေးမှ မကြည့်မိအောင်နေခဲ့ရ၏။

ရင်ထဲမှာ ဘာတွေဖြစ်နေတာလဲ။

ဒီမိန်းမမျိုးကို ဘာဖြစ်လို့ ငါတောင့်တနေမိတာလဲ။

မလိုဘူး သွား။

သူ မျက်လုံးတွေကို ကြိုးစားမှိတ်ပစ်ရင်း အိပ်ပျော်ခြင်းသို့ ရောက်ခဲ့သည် ။

MPT

# အခန်း ( ၂၀ )

မြေတစ်ခြမ်းရောင်းပစ်ရသည် ဆိုသော သတင်းကို မယု တိုးတိုးကြိတ်ကြိတ် လာပြောတော့ ပန် ခေါင်းနားပန်းကြီးသွားမိ၏။

ဒီအိမ်မှာ ကံကောင်းခြင်းဆိုတာ မရှိခဲ့သမျှ ဆိုးလာသမျှအားလုံးဟာ ပန်နှင့် ပါလာပါသည် ဟု ကင်ပွန်းတပ်ခဲ့သောကြောင့် ခြံရောင်းလိုက်ရသည့်အဖြစ်သည် ပန့်ကြောင့်ဖြစ်သည် ဟု ဆိုလာဖို့ က သေချာနေပါပြီ။

အအေးယူခဲ့ပါဟု လှမ်းအော်၍ ပန်က သွားပို့ပေးရသည် ။

ခြံတစ်ခြမ်းဝယ်သည့်သူက တခြားသူမဟု

MPT

တ်ပါ။

နိုးနိုးဆိုသည့် ကောင်မလေးနှင့် သားအမိဖြစ်၏။

"တကယ်ဆို သမီးလေးနဲ့ သာ ကိုယ့်သားလက်ထပ်ဖြစ်ရင် ခုလို တစ်စိမ်းတစ်ရံလို ရောင်းရပေါင်ရ ဖြစ်မှာ မဟုတ်ဘူး နော်၊ ခမည်းခမက်တွေဆိုတော့"

"တော်ပါ အန်တီရယ်၊ ကိုယ့်သားကိုယ်ဖြင့် မပိုင်ဘဲနဲ့ "

"အစက ပိုင်ပါတယ်ကွယ်၊ သူ့ဟာသူ ဇွတ်တက်လာတာ ဘယ်လိုလုပ် ခွာချလို့ ရမှာ လဲ"

အအေးဗန်းကိုကိုင်၍ ပန် ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ကိုယ့်အကြောင်းကို သည် မှျပေါ်တင်ကြီးပြောနေသည် က ရှက်ဖို့ကောင်းလှပါသည် ။

ပန် ခြေလှမ်းတွေရပ်သွားတော့ အားလုံးက လှည့်ကြည့်ကြသည် ။

ဒေါ်ဇင်မာက မျက်ခုံးတွန့်တွန့် မျက်နှာမဲ့မဲ့နှင့်

"တစ်ပွင့်ပန် ညည်းထွက်ထွက်မလာနဲ့ ၊ မေမေ မိထားခဲ့တဲ့ အဝတ်တွေ မီးပူတိုက်ဖို့ လုပ်"

"ဟုတ်ကဲ့"

ပန် ရှေ့ဆက်တိုးသည် ။

စူးစိုက်၍ မဲ့နေသည့် မျက်ဝန်းများ ရှေ့မှာ မျက်လွှာချ၍ အအေးခွက်တွေကို ချပေးရသည် ။

ကျောခိုင်းလိုက်သည် နှင့် ညှာတာခြင်းကင်းသော စကားလုံးများက ထွက်လာကြသည် ။

"အပွန်း အန်တီ ကံကောင်းပါတယ်၊ နိုးနိုး

MPT

ဆိုရင် ဒီလိုရှိရှိကျိုးကျိုး လာနေမှာ မဟုတ်ဘူး ၊ အန်တီမာ စိတ်ညစ်ရမှာ ”

“အမလေး ရှိကျိုးနေတဲ့ ချွေးမမျိုးရမှ စိတ်ချမ်းသာရမှာ လား သမီးရယ်၊ ဒါ သူ့အဆင့်နဲ့သူပဲ၊ သူ့လိုမိန်းမက ဒီအိမ်မှာ ခေါင်းမော့နေလို့ ရမလား၊ သားကိုယ်တိုင်က ကြည်ဖြူတာမဟုတ်ဘဲနဲ့ သူကဇွတ်”

“အန်တီမာကလည်း မကြည်ဖြူပေမယ့် လင်မယားဖြစ်နေပါပြီ”

“သြော်ကွယ် ယောကျ်ားလေးက စုံမက်တယ်၊ မစုံမက်ဘူးဆိုတာ ပုံစံကိုကြည့်ပါလား၊ တစ်နေကုန် အိမ်မကပ်ဘူး၊ ညဥ့်နက်မှ ပြန်တော့မူးလာတယ်၊ အဲဒါစဉ်းစားကြည့်၊ တကယ်ဆို အန်တီ့သားလေးက ရတနာထုပ်ကလေးပါကွယ်၊ သူ့ငွေးသမီးတွေ အရာရှိမိန်းမတွေမှ ဝိုင်းဝိုင်းလည်နေတာပဲ၊ သူနဲ့ ယူလိုက်မှ အညွန့်ကျိုး

MPT

ရတာ”

“မဇင်ကလည်း သူကလည်း သူဌေးသမီးပဲ မဟုတ်လား၊ မိဘတွေက တအားချမ်းသာလို့ ကြားလိုက်ပါတယ်၊ ခံစားခွင့်မရှိတာတော့ မင့် သားကံကောင်းတာပေါ့”

“အမလေး ကံကောင်းတာမဟုတ်ပါဘူး၊ သူကိုယ်တိုင်က အမွေနဲ့ မျှားခေါ်တာကို မသွားချင်လို့ တဲ့ ၊ လင်နဲ့ ကွဲမှာ ကြောက်သတဲ့ လေ၊ ဦးနှောက်မရှိတာ၊ အခုတော့ ဘာမဟုတ်တဲ့ မိန်းမက သူဌေးဖြစ်သွားပြီ၊ ဒီမိဘမျိုး ဒီသမီးမျိုး ဒီတစ်ခါပဲ ကြားဖူးပါတယ်”

စာချုပ်စာတမ်းတွေ ရှေ့နေရှေ့ရပ်တွေနှင့် အပုံလိုက် အထပ်လိုက် မြင်လိုက်ရတာ ငွေတွေက မိုးမလင်းခဲ့ပါ။

“အဲ့ဒါ ရှင်ပဲလေ”

“မင်းလည်း ပါတာပဲ ဘယ်သူ့မှ အပြစ်တင်

မနေနဲ့ ကွာ၊ ရမလားလို့ လုပ်ကြည့်တာပဲ”

သူ့ကြောင့်ကုန်သည် ၊ ငါ့ကြောင့်ကုန်သည့် နှင့် နောက်ဆုံးတော့ ခြံရောင်းသည့်ငွေ တစ်ပြားမှ မသုံးလိုက်ရဘဲ ဖဲရိုက်ပစ်၍ ကုန်ပြ န်သည် ။

“သားရယ် မင်းမိန်းမကို ချော့မော့ပြောကြ ည့်ပါဦး၊ မိဘနဲ့ သားသမီးပဲ၊ သူ့ကို ဟိုကပြန် လာအောင်လုပ်တာ ဖြစ်မှာ ပါ၊ သားသမီးကို ထားပြီး တစိမ်းကို အမွေတွေအကုန်လွှဲပေးမ ယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ အသနားခံကြည့်ရ င် သူတို့ ပြေလည်သွားမှာ ပါ၊ မင်းလည်း ကော င်မလေးကို ချစ်တာမဟုတ်ဘဲနဲ့ ၊ အမွေရလာရ င် အမြတ်၊ မရဘဲ သူ့သမီး ပြန်သိမ်းသွားတော့ လည်း တာဝန်သက်သာတာပေါ့”

မယု ထမင်းစားခန်းထဲ မဝင်ဖြစ်ဘဲ ခြေလှ မ်းတွေ ရပ်သွားမိ၏။

MPT

"အခ်ိပ္ပာယ္မရွိတာ မာမီရာ၊ သူ႔မိဘနဲ႔ သူ႔သားသမီးကိစ္စ အလိုလိုကမွ လူေတြက နာမည္ဖ်က္ေနတဲ့ အထဲ အေမြမက္လုေခ်လား ျဖစ္ဦးမယ္"

"ဘာျဖစ္လဲ သား၊ မိဘအေမြ သားသမီးရဖို႔ႀကိဳးစားတာ လြန္သလား၊ ၿပီးေတာ့ မင္းခ်စ္တာလည္း မဟုတ္ဘဲနဲ႔ ၊ အဘက္ဘက္က နစ္နာမေနဘူးလား၊ လူကိုမလိုေပမယ့္ လိုတာရရင္ ေတာ္ေသးတယ္"

"မာမီတို႔ စကားက ပန္ၾကားသြားရင္ မေကာင္းဘူး၊ ဘယ္သူက မခ်စ္ဘူးေျပာလဲ၊ ပန္႔ကို ကြၽန္ေတာ္ခ်စ္တယ္"

"ဘာ ဘယ္လို"

ေဒၚဇင္မာ့အသံက မီးေတာင္ႀကီး ေပါက္ကြဲေတာ့မယ့္အျဖစ္အား ေၾကျငာသံ ၾကားလိုက္ရသူနွယ္။

MPT

မယုကတော့ ပြုံးလိုက်မိ၏။

ပန့်အတွက် ဒီလိုပြောမယ့်လူတော့ ရှိနေသင့်ပါသည် ။

မကြာခင် သူမက ပြန်ရတော့မည်။

"ကိုကိုကမှ ပန့်ကိုမချစ်တာ မယုရယ်"

ပန့် မကြာခဏ ပြောတတ်တာလေးကို တွေးမိ၏။

ချိန်းက နင့်ကိုချစ်ပါသတဲ့ ကွယ်။

ပန်လေး စိတ်ချမ်းသာအောင် ပြောပြပါဦးမည်။ ယုံပ့ါမလား။

*

MPT

# အခန်း ( ၂၁ )

နှစ်ယောက်သား
ပခုံးချင်းယှဉ်လျှောက်ခဲ့ကြရင်း
အလုပ်အကြောင်းပဲ ပြောလာခဲ့ကြသည် ။ အာကာ့ပခုံးပေါ်မှာ အညိုရောင် သားရေအိတ်က လေးလွှယ်လျက် ချိန်းက ဘောင်းဘီထဲ လက်တစ်ဖက်နှိုက်ရင်း တစ်ဖက်က စီးကရက်သောက်လာသည် ။

ညဆယ်နာရီကျော်ပြီမို့ လမ်းပေါ်မှာ လူအတော်ကြီး ရှင်းနေပြီ ဖြစ်၏။

"ဒီတစ်ခါ ငွေတွေက များ တယ်ကွ၊ မင်းလက်ထဲမှာ မထားသင့်ဘူး၊ ဘဏ်မှာ အပ်ရင်အပ်

ဒါမှ မဟုတ် မင်းမာမီကို”

“နေပစေ မပေးဘူး။ မာမီတို့ က လောဘ သိပ်ကြီးလွန်းတယ်”

“ဒါဆို မင်းမိန်းမကို တစ်ခုခု လုပ်ဆင်ထား ကွာ”

စကားပြောရင်း လမ်းကူးဖို့ ပလက်ဖောင်း ပေါ်ကနေပဲ ဆင်းလိုက်စဉ်

“ဟိတ်”

“ဟာ သွားပြီ”

အာကာအိတ်ကို ပြန်ဆွဲလုဖို့ သတိမရ။ မ လှုပ်ရှားနိုင်မီ အိတ်က ပါသွားပြီး ချိန်း ဒီဘက် လှည့်လိုက်သည် နှင့် မျက်နှာရှေ့မှာ ရိပ်ခနဲ ပြေးဝင်လာသည့်တစ်ယောက် ပခုံးတစ်ခြမ်းနဲ့ ရှောင်၍ မျက်နှာကို လက်ပြန်ရိုက်ချလိုက်သ ည်။

MPT

ပလက်ဖောင်းအောက်က အုတ်တန်းပေါ် လွှားခနဲ ပြေးတက်ကာ အမှောင်ထဲ ပြေးဝင်နေသူထံ တအားခုန်လွှားလိုက်၏။

ခြေကန်ချက်က ဇက်ပိုးကို သေချာမိသွားသည် ။

ပြေးလိုက်လာသည့် အာကာထံ ငွေအိတ်ကို ပြန်လွှဲပစ်၍ စိတ်က အမှတ်တမဲ့ ခဏလေး မေ့လျော့သွားစဉ်။

"ဒုတ်"

"ဟာ ချိန်း"

ဘယ်သူမှ ထင်မှတ်မထားမိ လဲကျနေသူသည် ပလက်ဖောင်းစပ်က အုတ်ကျိုးတစ်ခုနှင့် လှမ်းပစ်လိုက်ခြင်းဖြစ်သည် ။

ပြီးတော့ ထော့နင်းထော့နင်းနှင့် အမှောင်ထဲ ပြေးဝင်သွားခဲ့၏။

"ချိန်း မင်း ဟာ သွေးတွေမနည်းဘူး"

"အား ကျွတ်ကျွတ်"

"ခွေးသူတောင်းစားတွေ၊ ဒီကောင်တွေ ငါ သိတယ်ကွ၊ တာတီးတို့ အဖွဲ့ထဲက လက်တိုလက်တောင်း မွေးထားတဲ့ ကောင်တွေပါ၊ ငါတို့ အဆင်ပြေလာတာကိုသိလို့ ဂွင်ဆင်တာ"

ချိန်းခေါင်းမှာ သွေးတွေ တစိမ့်စိမ့်ကျနေသဖြင့် ကားငှားပြန်ခဲ့ရသည် ။

အချိန်ကမရှိတော့။

ဆေးခန်းသွားပြနေလျှင် ပြဿနာက ရှည်ဦးမည်။

ချိန်းကိုအိမ်ပြန်ပို့ပြီးမှ ဆရာဂန် ပြေးပင့်ရသည် ။

"ကိုကို ဘာဖြစ်တာလဲဟင်၊ ကိုအာကာ ကိုကို့ကို ဘယ်သူရိုက်လိုက်တာလဲ"

MPT

"ရန်သူမဟုတ်ပါဘူး ညီမရယ်၊ အလကား ခါးပိုက်နှိုက်တွေပါ"

သူ ဘာမှ မပြောရသေးဘဲ မျက်ရည်တွေကျကာ သတိလစ်မတတ်ဖြစ်နေသည့် ပန်နှံကို အာကာ သနားရမိပြန်သည်။

သုံးချက် ချုပ်လိုက်ရသည့် လူနာက အပြုံး မပျက်ရှိသေးသည်။

သူမမှာ လက်တုန်ခြေတုန် မျက်ရည်လည်ရွဲနှင့်။

သူတို့ တစ်ညလုံး ဖြစ်ချင်တိုင်းဖြစ်နေကြသော်လည်း အိမ်မှာ ဘယ်သူ့ကိုမှ မတွေ့ပါ။

"အာကာ မင်းပြန်တော့လေ၊ ညဉ့်နက်ပြီ ကားငှားပြန်"

"ရပါတယ်ကွာ၊ ငါက မင်းလို ဖိုက်တာမဟုတ်ပေမယ့် အပြေးတော့သန်ပါတယ်၊ လုစရာ

ဘာမှ လည်း ပါမှာ မဟုတ်ဘူး ၊ ဒီအတိုင်းပဲပြန်မယ်၊ မနက်ကျမှ ဆုံမယ်”

အာကာ နှုတ်ဆက်၍ ပြန်သွားသည် အထိ အိမ်သားတွေ မဆုံကြသေးပါ။

စီးပွားရေးကို လောင်းကစားနှင့် အဖတ်ဆယ်ဖို့ ကြိုးစားသည့် မိဘနှစ်ပါးကိုကော ပြန်ချိန်သွားချိန်မမှန်သည့် အစ်မနှင့် ညီမကိုပါ သူ စိတ်ပျက်ပါသည် ။

ဤမိသားစု၏ နွေးထွေးမှုနှင့် စည်းကမ်းဘောင်များ ဟာ ဘယ်အချိန် ဘယ်ကစ၍ စတင်ပျက်စီးခဲ့ပါသနည်း။

စိတ်ညစ်၍ လား ဒဏ်ရာကြောင့်လားမသိ ခေါင်းထဲမှာ မူးဝေနောက်ကျိလာသည် ။

“ကိုကို ကိုကို ဆေးသောက်ရဦးမှာ ၊ တစ်ခုခု စားလိုက်ပါလားဟင်၊ မုန့်နဲ့ အိုဗာတင်း သောက်လိုက်နော်”

"နေပါစေ"

သူ အိပ်ရာထက်မှာ ပက်လက်ကြီးလှဲရင်း လက်ပိုက်နေ၏။

ပန်က သူဘယ်လိုပဲနေနေ အနားက မခွာနိုင်ရှာ။

"ကိုကိုရယ် အခု ကိုကို သွေးပူနေလို့၊ တစ်ရေးနိုးလာရင် ကိုကို ပိုဆာမှာ သိလား၊ ဗိုက်ဝအောင်စားပြီးမှ ဆေးသောက်လိုက်ရင် မိုးလင်းတဲ့ အထိ ပျော်သွားမှာ "

"မစားချင်ဘူး၊ မင်းသွားအိပ်တော့"

"ဘယ်လိုလုပ် အိပ်လို့ ရမှာ လဲ ကိုကို၊ ကိုကို့ခေါင်းမှာ ပတ်တီးနဲ့ ကိုကို သိပ်နာနေသလားဟင်"

သူ မျက်လုံးမှ ိတ်ထားသဖြင့် ပန် အတော်စိုးရိမ်နေပုံရလည်း ဂရုမစိုက်စွာနေရ

င်း ဘယ်လိုမှ ဥပေက္ခာထားလို့ မရအောင် ဖြစ်လာတော့ ချိန်း မျက်လုံးတွေ ပြန်ပွင့်လာ၏။

လည်ပင်းဟိုက်ဟိုက်မှာ ဇာနားလေးပါသည့် ညဝတ်ဂါဝန် အဖြူပါးလေးနှင့် ဆံပင်တွေဖြန့်ချထားသည့် ပန့်မျက်နှာလေးက ဝင်းစက်နေသည် ။

ရွှေရင်မို့မို့မှာ အနီရဲရဲ သိုးမွေးစောင်လေးနှင့် စလွယ်သိုင်း ဝတ်ခြုံထားသော်လည်း အလှအပတချို့ကို လုံးဝ ဖုံးကွယ်ထားလို့ မရ။

သူစိုက်ကြည့်တော့ ပန် ရှက်ကိုးရှက်ကန်းလေးဖြစ်ကာ ကိုယ့်ရင်ဘတ်လေးကိုယ်ဖိ၏။

သူက မထိတထိပြုံး၍ မဲ့လိုက်သည် ။

"ဟိုအရင်နေ့တွေကလို မင်းဘာသာစောင်ခြုံအိပ်နေပါလား။ သွားတော့"

သူ ခပ်ရိရိပြောတော့ ပန်မျက်နှာလေး ပျက်

သွား၏။

"ကိုကိုရယ် ပန်"

ဘာစကားမှ လည်း ထွက်မလာပါ။

ချိန်းက ခေါင်းရင်းသို့တိုးတက်ရင်း ခေါင်းအုံးဆင့်ဖို့ လက်ကစမ်းတော့ ပန် ကပျာကယာ ထလိုက်သည် ။

"ကိုကို ခေါင်းအုံးဆင့်ချင်လို့ လား၊ ခဏလေး"

စေတနာ ရှေ့ရောက်သွားသဖြင့် သတိတစ်ချက်လစ်၏။ ချိန်း မျက်နှာပေါ်မှ ကျော်၍ တစ်ဖက်က ခေါင်းအုံးကို လှမ်းယူလိုက်စဉ် ခြုံထားသော သိုးမွှေးစောင်လေးက ချိန်းရင်ဘတ်ပေါ် တစ်စ ပြေကျသွား၏။

ခေါင်းအုံးကို မမိခင် စောင်ကိုပြန်ဖိဖို့ ကြိုးစားစဉ် ပန် ဖရိုဖရဲနှင့် ချိန်းရင်ဘတ်ပေါ် ပြိုလဲ

MPT

လေသည်။

ထိုမျှအထိတော့ ချိန်း မထိမ်းသိမ်းနိုင်ခဲ့ပါ။

"ပန်ရယ် မင်း"

"ကိုကို"

ပန် ဘယ်လိုမှ ကာကွယ်တားဆီးချိန် မရတော့။ ပွေ့ဖက်၍ ဆွဲချလိုက်သော ကိုကို့ရင်ခွင်ထဲမှ မွေ့ရာနုနုထက်သို့ လဲကျပါသွားခဲ့သည်။ အဖြူရောင်ဂွမ်းဖတ်ကြီးများ သဖွယ် တိမ်တိုက်များကြားမှာ ကိုကိုသည် ပန်းနုရောင်ပွင့်ဖတ်ကလေးများကို သူမ မျက်နှာထက်သို့ သာသာဖွဖွ ဖြန့်ကြဲပစ်ပေါက်လျက်။

*

MPT

# အခန်း ( ၂၂ )

"အမလေး ဒါ မိန်းကလေး အိပ်ရာထတဲ့ အချိန်လား ဟင်၊ သွား သွား ထိုင်စောင့်နေ ညည်းကို ကျုပ်တို့ က ချက်ပြုတ်ကျွေးမွေးပါ့မယ်"

"မ မဟုတ်ပါဘူး မမကြီးရယ်၊ ညကလေ ဟို ကိုကို ဒဏ်ရာရလာတော့ အဲဒါ စောင့်ကြည့်ရင်း ညဥ့်နက်သွားလို့ ပါ၊ နောက် ဒီလိုမဖြစ်စေရပါဘူး"

"ဩော် လင်ကိုဖားရမှန်းတော့ သိတာပဲ၊ ဟွန်း မိန်းမကိုက မပြောလိုက်ချင်ဘူး"

ထိုနေ့က ပန်ကို ဘာမှ ဝင်လုပ်ခွင့်မပေးခဲ့ပါ။

MPT

"မယုနော် အဲဒီဟာမ ဘာမှ မကိုင်စေနဲ့၊ ဒါပဲ"

စားသောက်စရာကအစ အားလုံးကို ထည့်လှို့သိမ်းဆည်းပစ်၏။

ထိုအခါကျမှ အလုပ်ပင်ပန်းနေရသည် က မှ ကောင်းပါသေးလားဟု နောင်တရခဲ့မိသည်။ ထမင်းငတ်ခဲ့ရ၍ မဟုတ်ပါ။

အားလုံး၏ တစ်နေကုန် စောင်းလိုက်ဆဲဆို အတင်းပြောခြင်းကို နားမခံနိုင်၍ ဖြစ်၏။ တစ်နေကုန် ထမင်းငတ်သည့်အပြင် မျက်ရည်မစဲ ရရှာသော ပန့်ကို မယုက သူမပိုက်ဆံနှင့် မုန့်ခိုးဝယ်ကျွေးသည်။

ပန် မျိုချလို့ မရ။

"ဘာဖြစ်လို့ အိပ်ရာထ နောက်ကျနေတာလဲ ပန်ရယ်၊ ဒီနေ့ကျမှ သူတို့ က အစောကြီးနိုးနေကြတယ်၊ ညီမ နေမကောင်းလို့ လားဟင်"

MPT

"ပန်"

ကိုကို အတင်းဆွဲထားလို့ ပါဟု ဘယ်လိုပြောရမလဲ။

"မိုးလင်းတော့မယ်ကိုကို ပန့်ကိုလွှတ်ပါ"

"မိုးလင်းတော့ ဘာဖြစ်လဲ"

ကိုကိုက ပန့်ကို တစ်ညလုံးလည်း ရင်ခွင်ထဲမှာ ထားသိပ်သည် ။

မိုးလင်းသည် အထိ ထွေးပွေ့ထားဆဲ။

ဒါကဒီလို အကြောင်းရှိပါသည် ။ ဒီလိုနေလို့ မရပါဟု ပန် ရှင်းပြလို့ မဖြစ်။

ချိန်းက တစ်ခုခုပွင့်ထွက်သွားလျှင် သူမပဲ နာကျင်မှာ ပါ။

ခုလိုကျတော့လည်း သူမသည် သာ တစ်ယောက်တည်းခံစားရင်း ဝေ့တက်လာသည့် မျက်ရည်တို့ ကို မျိုသိပ်တားဆီးရင်း ဆာလောင်

MPT

မှုကို ပန် တောင့်ခံနေခဲ့ရ၏။

"ဘယ်သူမှ မရှိကြတော့ဘူး ပန်၊ လာ ထမင်းစား ငါးကြော်နှပ်ရှိတယ်၊ ပဲကြာဇံဟင်းချိုလည်း ပန့်အတွက် မယု ချန်ထားတာရှိတယ်၊ လာ လာ"

"ဟင့်အင်း ပန် မစားချင်ဘူး မယုရယ်၊ ပန်လေ အဲဒီလိုတော့ ခိုးဝှက်မျိုမချပါရစေနဲ့ "

ပြောနေရင်း ငိုချလိုက်တော့ မယုပါ မျက်ရည်ဝဲရှာသည် ။ လက်ကလေးတွေ တုန်နေအောင် ဆာနေရှာသည့် ပန့်ကို သူမ မကြည့်ရက်။ ထိုစဉ် ကားသံကြားလိုက်ရသည် ။

"ဟော ချိန်းထင်တယ်"

မယုပြောနေတုန်း ချိန်း အိမ်ထဲဝင်လာ၏။

ထမင်းစားခန်းကို ဆိုက်ဆိုက်မြိုက်မြိုက်ဝင်လာကာ

MPT

"မယု ဘာချက်လဲ"

ဟု မေး၍ ထမင်းအုပ်ဆောင်းကို ဖွင့်သည်။

"ငါးကြော်နှပ်နဲ့ မောင်လေးအတွက်က ဆိတ်ကလီစာရှိတယ်"

ပန်က မျက်ရည်စလက်ကျန်တွေကို ကွယ်ရာမှာ သွားသုတ်ပစ်ရန် နေရာမှ မသိမသာ လှည့်ပြေးဖို့ ပြင်၏။

ချိန်းက ပန့်ခါးလေးကို လှမ်းဖက်လိုက်ပြီး

"ဘယ်သွားမလို့ လဲကွ၊ ထမင်းစားပြီးပြီလား"

"မစားရသေးဘူး ချိန်း၊ ပန်က မောင်လေးကိုစောင့်နေတာ"

ပန် ခေါင်းညိတ်လိုက်မှာ စိုး၍ မယုက ကြားဝင်ဖြေလိုက်၏။

MPT

“ဟား ကျားသားမိုးကြိုးပါလား၊ ဒါကြောင့် လမ်းမှာ ခလုတ်တိုက်တာဖြစ်မယ်၊ ဒါဆို ကိုယ်တို့ အပြင်မှာ သွားစားကြရအောင်၊ ကိုယ်ကားပါလာတယ်၊ မင်းကိုလည်း ပေးစရာရှိတယ်”

“ဟင့်အင်း ပန် နေမကောင်းဘူး ကိုကို၊ အပြင်မလိုက်တော့ဘူး”

ချိန်းမျက်နှာ တည်သွားပြီး ပန့်ကို စိုက်ကြည့်သည် ။

“နေမကောင်းရင် ဆေးခန်းအရင်ဝင်မယ်ကွာ၊ လာ လိုက်ခဲ့”

ပန်လည်း အကျိုလဲဖို့ မစဉ်းစားမိ။

သူကလည်း မပြောပါ။

ဒီတိုင်းပဲ ကားပေါ်ဆွဲတင်ကာ မောင်းထွက်လာခဲ့သည် ။ လမ်းကျမှ မျက်နှာမသာမယာဖြ

MPT

စ်နေသည့် ပန်းကို လှည့်ကြည့်၍

"ဘာဖြစ်လို့ လဲ၊ နေဦး ဆေးခန်းရောက်ရင် ဆေးထိုးမှာ ဆေးသောက်မှာ နဲ့ ထမင်းအရင် သွားစားမယ်နော်"

"ဆေးခန်းသွားဖို့ မလိုပါဘူး ကိုကို၊ ခေါင်း နည်းနည်းမူးတာပါ"

ထမင်းမစားရသဖြင့် ပန်းမျက်နှာလေးချော င်ကာ ငိုထားသည် ကို ငိုထားမှန်း ရိပ်မိသဖြင့် ချိန်းက စိတ်မကောင်းဖြစ်သွား၏။

"မင်းညက အိပ်ရေးပျက်သွားလို့ ထင်တယ် ၊ ဆောရီး"

"ရပါတယ်၊ ကိုကို့ဒဏ်ရာကော ဘယ်လိုနေ လဲဟင်"

ချိန်းက သူသွားလာချင်သောကြောင့် ပတ် တီးကိုဖြုတ်ကာ ပလာစတာလေးနဲ့ သာ အုပ်

MPT

ထားသဖြင့် သိပ်မသိသာ။

"ဒီလောက်ဒဏ်ရာလေးက ဘာဖြစ်မှာ လဲ၊ ဘာမှ မဖြစ်ဘူး၊ ဒီမှာ ပန်"

"ရှင်"

ကားလေးကို လူရှင်းသည့်နေရာလေးမှာ ထိုးရပ်သွား၏။

ချိန်းက ပန့်ဘေးမှာ တိုးကပ်ထိုင်လိုက်ပြီး လက်ဝါးလေးကို ဆုပ်ကိုင်၏။

"ကိုယ့်ကို စိတ်ဆိုးလား"

"ဘာကိုလဲဟင်"

"ညကကိုယ်"

"အို"

ပန့်မျက်နှာလေးက ရဲတွတ်သွား၏။

မျက်နှာလွှဲပစ်လိုက်တော့ ချိန်းက ဆွဲဖက်

MPT

လိုက်သည်။

"ဟုတ်တယ်၊ ကိုယ် အနိုင်ကျင့်သလို ဖြစ်သွားတယ်၊ ကိုယ့်မိန်းမပဲဆိုတဲ့ စိတ်ရိုင်းကလည်း ဝင်သွားတာကွာ၊ ဒါပေမဲ့ ကိုယ်အနိုင်ကျင့်တာ မဟုတ်ဘူး ၊ အဲဒါ တကယ်"

ပန် မျက်နှာလေးငုံ့နေမိဆဲ သူက ရတနာဘူးလေးတစ်ဘူး ထုတ်ယူ လာပြီး

"ကိုယ်လွန်သွားတယ်ဆိုရင် အဲဒီလွန်တဲ့ အတွက်ရော အမှတ်တရ လက်ဆောင်လည်း ဖြစ်အောင် ကိုယ်ဝယ်လာတာ ရော့"

ရွှေဖြူဆွဲကြိုးလေးတစ်ကုံး။

သန္တာကျောက်ကို ခြင်းလုံးလေးသဖွယ် ဆောက်ဖြတ်ထွင်းထားသည့် လော့ကတ်သီးလေးနှင့် တဖျပ်ဖျပ်အရည်လဲ့ကာ ကြည့်မဝအောင် လှနေသည်။

ပန့်မျက်နှာလေးကိုကြည့်၍ ချိန်းက ပြုံးလိုက်သည် ။

"မင်း ကြိုက်လား"

"ဒါ ဘာသဘောနဲ့ ပေးတာလဲ ကိုကို၊ ကိုကို က လွန်တယ်ထင်လို့ လျော်ကြေး"

"ဟား ပြဿနာပဲကွာ"

ဆွဲကြိုးကို ကိုင်ထားသည့်လက်က ပေါင်ပေါ် ဖြုတ်ခနဲကျကာ ချိန်း မျက်နှာရှုံ့မဲ့သွား၏။

"မင်းက ကိုယ့်မိန်းမပဲ၊ ကိုယ်က ဘာကို လျော်ကြေးပေးရမှာ လဲ၊ ဘယ်လိုရှင်းရမှန်း တောင် မသိဘူးကွာ၊ မေးချလိုက်တာ"

"ဘယ်လိုမှ မရှင်းပါနဲ့ တော့ ကိုကို၊ အဲ့ဒီလို တိုက်တိုက်ဆိုင်ဆိုင်ကြီးပေးတာကို ပန် မလိုချင်ဘူး"

"မလိုချင်လို့ ရမလား၊ ဘာကိုတိုက်ဆိုင်တာ

MPT

လဲ၊ ဘယ်အချိန်မှာ ဖြစ်ဖြစ် မင်းက ကိုယ့်မိန်းမ၊ ဒါပေးတာနဲ့ ဘာဆိုင်လဲ၊ မင်းဘာဖြစ်လို့ အတွေးတွေခေါင်နေတာလဲ"

ပန် ကိုကို့မျက်နှာကိုကြည့်ရင်း မျက်ရည်တွေဝဲလာသည် ။

"ပန်လိုချင်တာ ဒါတွေ မဟုတ်ဘူး ကိုကို၊ ကိုကိုရဲ့ အချစ်ကိုပဲ ပန်လိုချင်တာ၊ အချစ်တစ်ခုကို ကိုးကွယ်ဖို့ ပန် အားလုံးကိုစွန့်ပြီးလိုက်လာခဲ့တာ၊ ပန့်ဘက်က စွန့်လွှတ်ခဲ့ရတာတွေက စည်းစိမ်ဥစ္စာတစ်ခုတည်း မဟုတ်ဘူး "

ပန် ဆိုလိုတာကို သူ ကုန်စင်အောင် နားလည်ပုံမရပါ။

သက်ပြင်းငွေ့ငွေ့ချပြီး ပန့် ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းသည် ။ ပြီးတော့ သူကိုယ်တိုင် ဆွဲကြိုးလေးကို ဆင်သည် ။

"သိတယ်၊ မင်းမိဘဆီက ဘာကိုမှ မျှော်လ

င့်လို့ မရတော့ဘူးဆိုတာ ကိုယ်သိတယ်၊ အဲဒါကြောင့် မင်းကို အားမငယ်စေချင်တာလည်း ပါတယ်၊ မိဘက အမွေဖြတ်တာနဲ့ မွဲမသွားပါဘူးကွာ၊ မင်းကို ကိုယ် တင့်တင့်တယ်တယ်ဖြစ်အောင် ထားနိုင်တယ်၊ သူများတွေ ချိုးချိုးနှိမ်နှိမ် ပြောတာကို ဂရုမစိုက်နဲ့ ၊ ဒီမှာ ပန် အိမ်ထောင်သည် ဖြစ်နေကာမှ အချစ်ကို ဘာဖြစ်လို့ ရှေ့တန်းတင်နေရတာလဲ၊ ခိုင်မြဖို့ အဓိကလို့ မှတ်ထားလိုက်”

“ကိုကိုက ပန့်ကို မချစ်နိုင်ဘူးလို့ ပြောလိုက်တာလားဟင်”

သူက အသံမထွက်ဘဲ ရယ်၍ ပန့်ပခုံးလေးကို ဖျစ်လိုက်၏။

“ချစ်တယ်လို့ ပြောတာများ ဘာခက်လို့ လဲ ပန်၊ အဲဒါကိုယ်ခဏခဏ ပြောခဲ့ဖူးတယ်၊ ဒါပေမဲ့ တကယ်ဟုတ်သလား၊ မဟုတ်ဘူး လားဆို

တာ ကိုယ့်ကိုယ်ကိုယ်တောင်မသိဘူး၊ ကိုယ်ဆို လိုချင်တာ မင်းနားလည်ရဲ့ လား၊ ကိုယ့်ကို မင်းပိုင်နေတာပဲ၊ ဘာလိုသေးလို့ လဲ"

လိုနေတာ အချစ်ပါပဲ။

သူက မပေးနိုင်ပါဘူးဟု ပွင့်လင်းစွာ ငြင်း ပယ်သွားခဲ့ပြီ။

ပန် မျက်ရည်ကျမိပါ၏။

ကိုကို့ကို ချစ်လွန်းလို့ ပန် စွန့်လွှတ်ခဲ့ရတာ မိဘရယ်၊ ဘဝရယ်၊ သိက္ခာတရားအားလုံးပါ အကုန်လုံးပါပါတယ် ကိုကို။

ကိုကိုကတော့ လိုချင်တာကိုသာ ရအောင် ယူပြီး မပေးချင်တဲ့ သူ ဖြစ်နေပြီလား။

ရက်စက်လိုက်တာ ကိုကိုရယ်။

*

# အခန်း ( ၂၃ )

ချိန်း ပြန်ရောက်လာတာကို လှစ်ခနဲ မြင်လိုက်ရပြီး ပြန်ပျောက်သွားသည် ။ မယုလာပြောတော့ နိုးနိုး လာခေါ်သွားသည် တဲ့ ။

ပန်းရင်ထဲမှာ ဗလောင်ဆူသွား၏။

"နိုးနိုးလေးကတော့ သားကိုချစ်ရှာတာ၊ ဟိုတုန်းကအတိုင်းပဲ"

မကြားတကြား မဟုတ်ပါ။

ထမင်းဝိုင်းကို အတူဝင်လာကြရင်း သားအမိ ပြောလာကြတာဖြစ်သည် ။

မေလင်းကလည်း ပခုံးတွေလှုပ်အောင် ရ

ယ်လိုက်လို့ ။

"အဲ့ဒါ ရည်းစားဦး ရူးတောင်မမေ့ဘူးတဲ့ မာမီရဲ့ ၊ သူတို့ က ချစ်သူတွေ ဖြစ်ခဲ့ဖူးတဲ့ ဥစ္စာ၊ ကိုကိုလေးကသာ ရည်းစားတွေများ ပြီး အမှတ်တရမဖြစ်ခဲ့တာ မနိုးမှာ ကိုကိုလေးက ရည်းစားဦးလေ၊ ပြီးတော့ ခုလည်း စေ့စပ်ဖို့ အထိဖြစ်ပြီးမှ လွဲသွားတာကို ကိုကိုလေးက သနားနေတာ၊ ဒုတိယအကြိမ် သနားချစ်ပေါ့"

ဒေါ်ဇင်မာက ထမင်းခပ်ထည့်ပေးရင်း လက်တွေတုန်နေသည့် ပန့်မျက်နှာပေါ်က တိမ်ညိုအုပ်ကို ဝေ့ခနဲကြည့်၍ ရယ်သည် ။

ရယ်လိုက်ခြင်းမှာ လှောင်ပြောင်မှုတွေ အပြည့်နှင့်။

"ဪ ငါ့သားလေးက မရှောင်သာမလွှပ်သာနဲ့ အငိုက်မိသွားလို့ သာပဲ၊ မဟုတ်ရင် ငါ့သားကော ငါတို့ တွေကော ခုလောက်ဆို သူ

MPT

ဌေးဖြစ်နေပြီပေါ့၊ ဟင်း အဲ့ဒါပဲလေ အရှောင်မ
တတ်တော့ ချေးတွင်းထဲ တည့်တည့်ကျတာ”

“ခွမ်း ချလွမ်း”

ကွဲရှသံက ပြင်းထန်စွာ ပေါ်လာသည် ။

“အမလေး ကုန်ပြီ ကုန်ပြီ၊ ဟဲ့ ကောင်မ
ဘာဖြစ်တာလဲ”

“သွားပြီ မာမီ၊ မာမီ့ဖန်အုပ်ကလေး အစိပ်စိ
ပ်အမွှာမွှာကို ကွဲတာ”

ဒေါ်ဇင်မာ စားပွဲမှာ ထိုင်နေရာကနေ ပန့်
ဆီ ချက်ချင်း ထပြေးလာသည် ။

“မိပန် တစ်ပွင့်ပန် ညည်း”

လက်တစ်ဖက်ကို တအားလွဲပစ်လိုက်သည်
။

“အန်တီရယ် မလုပ်ပါနဲ့ ”

မယုက အတင်းပြေး လာပြီး ဒေါ်ဇင်မာ့လ

MPT

က်မောင်းကို ဆွဲထားလိုက်၏။

"အဲဒါ ယုကြောင့်ပါ၊ အားလုံးဆေးပြီးမှ ဖန်အုပ်ကို မဆေးမိခဲ့ဘူး၊ ဆပ်ပြာတွေနဲ့ သူ မ,ယူသွားလို့ ချော်ကျသွားတာပါ အန်တီရယ်"

"အံမယ် ဖယ်စမ်း"

ဆောင့်တွန်းပစ်လိုက်သဖြင့် မယုပါ ယိုင်သွားသည် ။

ဒေါ်ဇင်မာက ဖန်ကွဲစများ နှင့် ပန့်ကို စူးစူးရဲရဲ ဝေ့ကြည့်သည် ။

မျက်လုံးများက ပန့်ရင်ညွှန့်ပေါ်မှာ စိုက်ခနဲကျသွား၏။

ဆွဲကြိုး၊ ပလက်တီနမ်ဆွဲကြိုးလေး ဘယ်ရောက်သွားလဲ။

ဟိုနေ့က အတူတွဲထွက်ကြပြီး ပြန်လာတော့ သန္တာလော့ကတ်နှင့် ဆွဲကြိုးပါလာသည်

။ ခုတော့ ဖြုတ်သိမ်းထားပြီးနေမှာ ပေါ့။ ဟွန့် မိန်းမလည်။

အမုန်းတရားတို့ က ဒေါ်ဇင်မာ့ အသွေးအသားများ ထဲမှာ တဖျစ်ဖျစ် မြည်နေသည် ။

သားကို အပိုင်သိမ်းသွားသည့် မိန်းမရယ်လို့ နှမြောတသခြင်းတော့ မဟုတ်ပါ။

စည်းစိမ်ဥစ္စာကို အဆုံးခံ၍ ကိုယ့်အိမ်မှာ ကုတ်ကတ်တွယ်နေခဲ့သည့် အကုသိုလ်ကောင်တစ်ကောင်လို ရွံ့ရှာနာကြည်းနေတာဖြစ်သည် ။

သင်းကို သူဌေးသမီးဆိုပြီး သားကငြင်းတာတောင် သူတို့ က လက်ခံပေးခဲ့သည် ။ တစ်နေ့ ရွှေဥ ဥနိုးနှင့် မျှော်လိုက်ရတာ။

အမွေပေးမယ့်သူက လာပါဆိုတာတောင် သင်းက မသွားဘဲ ဒီမှာ ခိုကပ်ပြီး ဒုက္ခပေးနေသည် ။

ခုတော့ ပုံစံက ပျော့စိပျော့ချွဲ။

သားကပါ ပြန်ရောက်လာလျှင် ပန် အပေါ်မှာ လားဆိုတာ မေးသံကြားလာရပြီ။ ဆွဲကြိုးတွေဘာတွေ ဝယ်ပေးနေပြီ။

ဒီသား ဘယ်ကဘာပဲရလာလာ အိမ်ကိုတော့ ဘယ်တုန်းက ပေးဖူးခဲ့သလဲ။ သူ့အတွက် စားသောက်ဖို့ ၊ အဝတ်အစားကအစ မိဘဘာမှ ပံ့ပိုးမပေးခဲ့ရသလို အိမ်ကို ထောက်ပံ့ရမှန်းလည်း မသိ။

ယောကျ်ားဖြစ်ပြီး အတော်ကြီးချောနေသောအဖြစ်ကြောင့် ချိန်းက နာမည်ပျက်ရပေမယ့် မာနတော့ရှိသည် ။

ပညာစုံအောင်လည်း ကြိုးစားသည် ။

မိဘကိုလည်း အပူမကပ်ခဲ့ပါ။

သူ့အပေါင်းအသင်း သူ့လမ်းကြောင့်နဲ့ သူ

တော့ လည်ပတ်နိုင်သူ ဖြစ်၏။

ဘာပဲဖြစ်ဖြစ် သားလေးကို ခုထိ ဘာမှ မဟုတ်တာနှင့် တစ်သက်လုံး နေသွားရတော့မည့်အဖြစ်ကို ဘယ်လိုမှ မကျေနပ်နိုင်။

လှလိုက်တာဟု ပြောရအောင် ဆွဲဆောင်မှုရှိနေသည့်သူဆို ထားပါတော့။ အရမ်းချမ်းသာနေလို့ ဆိုလျှင် ဖြေနိုင်သေးသည် ။

ခုတော့ ဘာမှ မက်မောစရာမရှိတဲ့ သာမန်မိန်းမတစ်ယောက်နှင့် သားကို တန်သည် မထင်။

အဆိုးရွားဆုံးသည် ဒီလိုမိန်းမမျိုးကို သားက တယုတယ ဂရုစိုက်လာခဲ့ခြင်းအတွက် ရင်နာလို့ မဆုံး။

"တစ်ပွင့်ပန် ဒီမှာ ညည်းသိထားဖို့ က မခုတ်တတ်တဲ့ ကြောင်လို ဒီအိမ်မှာ ညှိုးငယ်စွာကပ်နေပြီး တစ်ဖက်က အသားလှီးဖို့ မကြိုး

MPT

စားနဲ့ နော်၊ ညည်းရောက်လာကတည်းက ဆိုး သထက်ဆိုးဝါးခဲ့တဲ့ ဒီအိမ်မှာ အကုသိုလ်ပိုတိုး တာပဲ၊ အဲဒါ ညည်းသိရဲ့ လား”

ပန် လက်ချောင်းထိပ်ဖျားလေးတွေကို နှု တ်ခမ်းဖျားမှ ဖိကပ်ရင်း တောင့်တောင့်လေး ရ ပ်နေမိဆဲ။

ဒေါ်ဇင်မာက ဖန်အုပ်ကွဲတွေကို နှမြောတ သစွာ လိုက်ငုံ့ကြည့်၍

“ငါမြတ်နိုးသမျှ အားလုံးဟာ ညည်းကြော င့် ပျက်စီးရမှာ ပဲ၊ အဲဒါ ငါသိတယ်၊ အပွင့်အလ င်းဆုံးပြောမယ် မှတ်ထား၊ ညည်းကို ငါ သိပ်မု န်းတယ်၊ ညည်း ငါ့သားကို ငါတို့ ရင်ခွင်ထဲက ဆွဲထုတ်တဲ့ နေ့ ညည်းကို ငါလိုက်သတ်မယ်၊ ညည်းလိုမိန်းမက ဒီအိမ်က အလုပ်သမားအဖြ စ်ကလွဲပြီး အိမ်ရှင်မနဲ့ လုံးဝမထိုက်တန်ဘူး၊ နေရာယူဖို့ မကြိုးစားနဲ့ မရဘူး၊ ဘယ်တော့မှ

MPT

မရဘူး၊ ညည်း နောက်ကို ဒီအိမ်မှာ ကြာရှည် နေချင်ရင် ငါ့သားနဲ့ အဆင်ပြေပြေနေမပြရ ဘူး၊ ဟိုထွက်ဒီထွက် မလိုက်ရဘူး၊ ဘာပေး ပေး မယူနဲ့ ၊ အို ငါ့သားနားမှာ ညည်း မနေနဲ့ ကြားလား၊ ကြားရဲ့ လား"

"အား"

ပခုံးကို အားရှိပါးရှိ ဆောင့်ခါဖိကြိတ် ကု တ်ပစ်နေသောကြောင့် ပန် အံကြိတ်ခံနေရင်း မှ အားခနဲ အော်မိကာ မျက်ရည်တွေ ပိုးပိုးပေါ က်ပေါက် ကျလာခဲ့သည် ။

ဒေါ်ဇင်မာသည် မျက်လုံးကြီးအစုံ ပြူးကျ ယ်လျက် သွေးဆာနေသည့် ကျားရဲတစ်ကောင် လို စူးစူးရဲရဲဖြစ်နေသည် ။

အသားတဆတ်ဆတ် တုန်ရင်း ကိုက်သတ် ဝါးမျိုတော့မလောက် ပေါက်ကွဲလုလုဖြစ်လာ၏။

"ညည်း ငါ့သားနဲ့ အဆင်မပြေရဘူး၊ ငါ့သားနဲ့ တတွဲတွဲ မနေရဘူး၊ ဘာအဆင့်မှ မရှိတဲ့ ကောင်မ၊ အောက်တန်းစား ညည်းကို ငါမုန်းတယ်၊ သိပ်ကိုမုန်းတယ်"

"မာမီ မာမီရယ် တော်ပါတော့၊ ဘာမဟုတ်တဲ့ ကောင်မကြောင့် စိတ်ပင်ပန်းမခံပါနဲ့ ၊ ဟဲ့ ကောင်မ သွား၊ နင်ထွက်သွားစမ်း၊ မာမီ့ရှေ့မှ ရူးကြောင်ကြောင်ပုံနဲ့ ရပ်မနေနဲ့ ၊ တောက် ရပ်ကိုက"

ရိုက်တော့ပုတ်တော့မလို ဖြစ်လာတော့ မယုက ပန့်ကို ဆွဲခေါ်သွားခဲ့သည် ။

"မယု"

"ပန့်"

ပန့် မယုရင်ခွင်ထဲ တိုးဝင်ကာ ရှိုက်ငိုလိုက်မိသည် ။

သူမ၏ မျက်နှာဟာ မျက်နှာမြင်လျှင် ဤသို့ မုန်းတီးပါစေ ဟူသော ဆုတောင်းနှင့် ပြည့်ခဲ့လေသလား။

*

# အခန်း ( ၂၄ )

"ဘာ"

သူ့မျက်နှာကိုပင် မယုံနိုင်။

ဝယ်ပေးတာကို ဝတ်မထားဘဲ နေကတည်းက မတင်မကျနိုင်ခဲ့သော စိတ်က ဘာမှန်းမသိတော့ပေမယ့် ဒေါသကြောင့် ဒိုင်းခနဲ ဖြစ်သွား၏။

"ဆွဲကြိုးပျောက်သွားတယ် ဟုတ်လား၊ ဟုတ်လား ပန်"

ပန် ခေါင်းပဲညိတ်၍ ကြေကွဲမှုကြောင့် လှိုက်တက်လာသည် ။

ငိုနေမိမှန်း ကိုယ့်ကိုယ်ကိုယ် မသိခင် မျက်ရည်ကျပြီး ဖြစ်၏။

တကယ်ဆို ဤမျှ ခါးခါးသီးသီးဖြစ်နေမှန်း သိရပြီးကတည်းက ဒီဆွဲကြိုးကို ကိုကို ဘာပြောပြော မထိမကိုင်ဘဲ နေတော့မည်။

နောက်ဆုံး ဖြစ်သည့်နည်းနှင့် ကိုကို့လက်ထဲ ပြန်ပို့မည်။

ဒါမှ မဟုတ် သူတို့ ပဲ အရမ်းမက်မောသည့် ထိုပစ္စည်းကို သူတို့ လက်ထဲ ထည့်ပေးလိုက်မည်။

ဒါမှ မဟုတ် ကျပျောက်သွားပြီ စသည် စသော အကြောင်းပြချက် တစ်မျိုးမျိုးနှင့် ဒီဆွဲကြိုးကို စွန့်လွှတ်တော့ဖို့ ပန် ဆုံးဖြတ်ပြီးသား။

ကြည့်လိုက်တော့ ဆွဲကြိုးက ပျောက်နေပြီ။

"ကိုယ်တို့ ရုပ်ရှင်သွားကြည့်ရအောင် ရေချိုး အလှပြင်ကွာ၊ ကိုယ်စောင့်နေမယ်"

ချိန်း ရောက် လာပြီး သူလည်း ရေချိုးသည်။ အိပ်ရာထဲမှာ ကန့်လန့်ဖြတ် ပက်လက်ကြီး လှဲရင်း စီးကရက်သောက်၍ စောင့်နေ၏။

ကိုကို ဂရုစိုက်လိုက်လျှောခဲ့သော ခံစားရသည့်ပီတိကို ပန် ပြည့်ပြည့်ဝဝမရခဲ့ပါ။ ရေချိုးနေရပေမယ့် နှေးကွေးလေးလံနေသည်။

မှန်ရှေ့မှာ ထိုင်ပြီး ကိုကို့ဆီလှမ်းကြည့်ကာ ဆွဲကြိုးထုတ်ဝတ်ရဖို့ ကို ကမ္ဘာစစ်ဖြစ်မည့်အရေးလောက် အကြီးအကျယ် ထိတ်လန့်နေမိ၏။

နောက်ဆုံး ကိုကို့ကို ဒါကြီးမဝတ်ချင်ဘူးလို့ ဘဲ ဖွင့်ပြော၍ အတိုက်အခံလုပ်တော့ဖို့ ထိဆုံးဖြတ်ကာ သိမ်းထားသည့်နေရာမှ ဘူးကို ထုတ်ဖွင့်လိုက်သည်။

“အဲဒါ လုံးဝ အဓိပ္ပာယ်မရှိဘူး ပန်၊ လည်ပ င်းကနေ ဘယ်ကျသွားမှန်း မသိဘူးဆို စဉ်း စားစရာဖြစ်ဦးမယ်၊ အခု မင်း ကိုယ်ဝယ်ပေး ကတည်းက အိမ်ရောက်တာနဲ့ လုံးဝကို မဝတ် တော့ဘူး၊ မဝတ်ဘဲနဲ့ ကနေ ဘယ်လို ခြေ ထောက်ပေါက် ထွက်သွားတာလဲ”

“ပန်”

“မင်းမပြောနဲ့ ၊ ဘာလဲ ကိုယ်ဆင်ပေးတာ မဖြစ်စလောက်လေးဘဲဆိုပြီး တမင် ဂရုမစိုက်ပြတာလား၊ ကိုယ့်ကို ကျေးဇူးတင်ရ မှာ စိုးလို့ လား”

“ မဟုတ်ဘူး ”

“မင်းကို ကိုယ်ဘယ်လိုမှ နားမလည်တော့ ဘူး ပန်၊ မင်း ကိုယ့်ဆီကို ဘာသဘောနဲ့ ရော က်လာခဲ့တာလဲ၊ ကိုယ်သိသလောက်တော့ မင်း မှာ အချစ်မရှိပါဘူး၊ ချစ်တယ်ဆိုတာ ဘာမှန်း

တောင် မင်းသိရဲ့ လား၊ ချစ်တယ်လို့ ပြောတတ်ရင် အချစ်ပဲလား၊ မင်း ကိုယ်နဲ့ ပတ်သက်ပြီး ဘာလိုချင်လဲ၊ ဘာမျှော်လင့်ထားသလဲ၊ ကိုယ့်ဘက်က ဘာတွေပေးစေချင်သလဲ ပြောစမ်း”

“ကိုကိုရယ်”

ချိန်း ပန့်ပခုံးလေးကို ဆောင့်ခါပြန်သည် ။

တစ်ဦးတစ်ယောက်က မညှာမတာ တမင်တကာ မကြာခဏ ဖိဆုပ်ချေဖွခံနေရသော ပခုံးလေးတို့ က အဆမတန် နာကျင်ကာ ပန့်အံကြိတ်ခံရင်း မျက်ရည်တွေ သွန်ကျလာကြ၏။

“ပန် ပန်တောင်းပန်ပါတယ် ကိုကို၊ ပန့်ကိုလွှတ်ပါ၊ ပန် တကယ် ဘာမှ မသိတာပါ”

ပန့်မျက်ရည်တွေကို စူးစိုက်ကြည့်ရင်း ချိန်းလက် အနည်းငယ် ပြေကျသွား၏။

"တောက်"

တက်ခေါက်ရင်း ကျောခိုင်းပစ်လိုက်မိသည်။

လက်ဖဝါးနှစ်ဖက်နှင့် မျက်နှာကနေ ဆံပင်တွေထဲထိ ပွတ်သပ်ထိုးဖွရင်း အုံဖွဲ့နေဆဲရှိသည့် ရင်ဘတ်ကြီးထဲက သယံဇာတတွေကို ဘယ်လိုခေါင်းစဉ်တပ်ပေးရမှန်းမသိ။

ပန်သည် တရှိုက်ရှိုက် ငိုကြွေးနေဆဲမှ သူ့ရှေ့ရောက်အောင် လာရပ်၏။

"ပန့်ကိုကြည့်ပါဦး ကိုကို"

မျက်လုံးချင်းဆုံတော့ ပန့်မျက်ဝန်းလေးတွေကို သနားကြင်နာခြင်းက လျှောက်လဲချက်မလိုဘဲ ခုန်ပေါက်ပြေးဝင်လာ၏။

ဒါဟာ မျက်ရည်လက်နက်ကြောင့်လား။

"ကိုကို"

ပန်က မျက်ရည်တွေကို မျက်ဝန်းမှ ပုတ်ခတ်ဖယ်ရှားပစ်ရင်း လက်ခုံလေးနှင့် ပွတ်သုတ်ပစ်၏။

"ပန် ကိုကို့ကိုချစ်တယ်၊ ကိုကို့အချစ်ကို အချိန်တိုင်း မျှော်လင့်နေပါတယ်၊ ကျန်တာ ဘာပစ္စည်းမှ မလိုချင်ဘူး၊ ဒီအိမ်ဟာ ကိုကို့အိမ်ပါ၊ ကိုကိုနဲ့ အားလုံးက သွေးသားဆိုပေမယ့် ပန့်အတွက်က တစိမ်းတွေပါ ကိုကို၊ ကိုကိုမရှိတဲ့အခါ ပန်နေခဲ့ရတဲ့ အချိန်ကို ကိုကို သနားပေးပါ၊ အားလုံးနဲ့ ရင်းနှီးချစ်ခင်နေရတဲ့ ဘဝလေးကို ဒီပစ္စည်းတစ်ခုကြောင့် ပန် ဆုံးရှုံးမခံပါရစေနဲ့ ၊ ဒါပေမဲ့ အခု ဒီပစ္စည်းပျောက်သွားတာ ပန့်ကြောင့် မဟုတ်ဘူး ၊ ဒါကို မလိုချင်ပေမယ့် ဖျောက်ဖျက်ဖို့ ထိ ပန် မဆုံးဖြတ်ရဲပါဘူး ကိုကို ၊ ဒါအားလုံး အမှန်ပါ၊ ကိုကိုမကျေနပ်ရင် ပန့်ကို ကြိုက်တဲ့ အပြစ်သာ ပေးပါတော့"

ပန့်မျက်ရည်စက်တွေ ပေါက်ခနဲ ပေါက်ခနဲ ကြွေဆင်းလျက် သူ့ရှေ့မှာ ခေါင်းငုံ့ပေးလိုက်မိသည် ။

"ဒါဆို နောက်ထပ်တစ်ခုခု ဘာပစ္စည်းဖြစ်ဖြစ် ဝယ်မပေးပါနဲ့ တော့လို့ မင်းက ပြောလိုက်တာလား"

"ဟုတ် ဟုတ်ပါတယ် ကိုကို"

"ပစ္စည်းနဲ့ ရင်းနှီးမှုပျက်စရာ ဘာအကြောင်းမှ မရှိဘူး ပန်၊ ဒီမိသားစု ဒီအိမ်သားတွေ စားဝတ်နေရေးဆိုတာ ဦးဆောင်ရှာဖွေနေကြတဲ့ မိဘနှစ်ပါးအပေါ်မှာ မူတည်တာ၊ မာမီ့မှာ မပြည့်စုံတာ ဒယ်ဒီ ရှာပေးရမှာ ၊ မမကြီးတို့မှာ လိုအပ်နေတာကို မာမီက ဖြည့်ဆည်းပေးလိမ့်မယ်"

ချိန်းက ပန့်လက်မောင်းလေးကို ဆုပ်ကိုင်လိုက်ပြီး

“ကိုယ့်တာဝန်က ကိုယ်ယူထားတဲ့ မိန်းမကို ပြည့်စုံစေဖို့၊ မင်းအတွက် ဒီထက်ကောင်းတဲ့ တာဝန်တွေ ကိုယ့်မှာ ရှိသေးတယ်၊ ကိုယ်စိတ်ထင်နဲ့ ကိုယ် လူတွေရှိသမျှကို မင်းလျှောက်ထင်မနေနဲ့၊ ဒယ်ဒီ မာမီ့အပေါ် တာဝန်ကျေချင်သလို ကိုယ် မင်းအပေါ် တာဝန်ကျေချင်တယ်၊ ဒါအားလုံး နားလည်တာပဲ”

“ဟင့်အင်း”

ကိုကို နားဝင်အောင် ပန့်ဘဝ ဘယ်လိုရင်ဆိုင်နေရတယ်ဆိုတာကို ဘာနဲ့ ဆက်စပ်ပြောရမလဲ။ ဒါတွေ ဒီလိုဖြစ်နေရပါတယ်၊ ရင်ဆိုင်နေရပါတယ်ဆိုရင် ကိုကို ငြိမ်ငြိမ်လေး ခေါင်းညိတ်နေမှာ လား။ သားအမိ မောင်နှမတွေ ထဖြစ်ကြ ဆူကြ။

ပြီးတော့ ကိုကိုထွက်သွားသည့်အခါ။

“မသိဘူး၊ မလိုချင်ဘူး၊ ပန့်ကို ကိုကို ဘာမှ

ဝယ်မပေးပါနဲ့ ၊ ခဏခဏလည်း အပြင်ကို မ ခေါ်ပါနဲ့ ၊ ပန် ဘယ်မှ မသွားချင်ဘူး၊ မေမေတို့ စွန့်ပစ်ခံရတဲ့ အဖြစ်အတွက် ပန် ကြေကွဲနေရ တယ် ကိုကို၊ အဲဒါကို နားလည်ပေးပါ”

လောလောဆယ် ကိုကိုနဲ့ အတူ အပြင်မထွ က်ဖြစ်ဖို့ ရည်ရွယ်၍ ပန်ပါးစပ်ထဲ ရောက်လာ တာကို ပြောပစ်လိုက်သည် ။

ပြီးတော့ ကိုကို့ရှေ့ကနေ ရှောင်ထွက်ခဲ့၏။

“မရဘူး”

ချိန်းက ပန့်ပခုံးလေးနှစ်ဖက်ကို ဆွဲ့ခနဲ ပြ န်လှည့်ယူသည် ။

“နားလည်မပေးနိုင်ဘူး ပန်၊ မင်းကို ကိုယ် က လာပါလို့ ခေါ်တာ မဟုတ်ဘူး ၊ ကိုယ့်ဆီ မ င်းရောက်လာကတည်းက ဒါတွေကို မင်းတွေးပြီးသားဖြစ်ရမယ်၊ ခံနိုင်ရည်ရှိဖို့ ကြိုး စားထားရမယ်၊ ကိုယ်က မင်းကို နားလည်မှု

တွေနဲ့ ပွေ့ပိုက်ထားဖို့ စောင့်နေတဲ့ သူ မဟုတ်ဘူး ”

“သိပါတယ် မှန်ပါတယ်၊ ပန်က ကိုကိုမချစ်ဘဲ”

“တော်စမ်း”

“မတော်နိုင်ဘူး ကိုကို၊ ဒါဟာ အမြဲထာဝရ ရှိသွားမယ့် အမှန်တရားပါ၊ ကိုကိုက ပန့်ကို ဖြားယောင်းခဲ့တာမရှိဘူး၊ လိုက်လျောခဲ့တာ မရှိခဲ့ဘဲ ပန်ကသာ ဇွတ်တိုးခဲ့တာ၊ ပန် မိုက်ခဲ့တာပါ”

“ဘာလဲ ဒါ မင်းရဲ့ နောင်တသံတွေလား၊ မင်း ဘာဖြစ်ချင်တာလဲ ပြောစမ်း ပန်”

“ဘာမှ မဖြစ်ချင်ပါဘူး၊ ကိုကိုဖြစ်ချင်တာပဲ ပြောပါ၊ ပန်လေ ဖန်တီးယူလို့ မရတဲ့ အရာဟာ ဘာလဲဆိုတာ ခုသိပါပြီ၊ ကိုကိုပြောပါ ပန် အဆင်သင့်ပါပဲ ကိုကို”

"မင်း"

ချိန်း ပန်တစ်ကိုယ်လုံးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိ၏။

မျက်နှာလေးကို ဆွဲမော့ရင်း ငေးစိုက်ကြည့်သည် ။

"ဒီဟာမလေးမှာ ဘာများ မြတ်နိုးမက်မောလောက်စရာရှိလို့ လဲ သားရယ်"

ဟု မာမီ ကွယ်ရာမှာ ခဏခဏပြော၍ မချင့်မရဲ တားဆီးခဲ့ဖူးသည် ။

ထိုစကားသံများကြောင့် အိမ်မှာ ပန်နဲ့ မာမီတို့ သင့်မြတ်ရဲ့ လားဟု ပင် တွေးလိုက်မိသေးသည် ။

ဒါပေမဲ့ ဘာပြဿနာမှ ဖြစ်သံမကြား၍ စိတ်အေးခဲ့ရ၏။

"မင်း မင်းဘာဖြစ်လို့ အချစ်ကိုပဲ

တဖွဖွပြောနေတာလဲ ပန်၊ တကယ်တမ်းအချစ်ကို မင်းနားမလည်ဘူး”

သူ တိုးတိတ်စွာပြောရင်း ပန့်ကိုယ်လေးကို ပွေ့ပိုက်၍ ဖြစ်နေသမျှ ပြဿနာအားလုံးကို မေ့သွားသည် ။

ပန်ရယ် မင်းလိုချင်တဲ့ အချစ်တွေကို ကိုယ်တခမ်းတနားပေးချင်တာ။

အနမ်းတို့ သည် မွတ်သိပ်တပ်မက်စွာ ဖြစ်တည်ရင်း ပန့်ပါးပြင်လေးတွေမှာ မျက်ရည်ကြောင်းလေးတွေပင် ခြောက်သွေ့သွားခဲ့၏။

*

# အခန်း ( ၂၅ )

တစ်ရေးနိုးလို့ မျက်လုံးမဖွင့်ဘဲ လှမ်းဖက်လိုက်တော့ လက်က နွေးသောကိုယ်လေးကို မဟုတ်ဘဲ အေးစက်စက် မွေ့ရာခင်းကို ဖမ်းမိ၏။

ထိုအသိနှင့်အတူ နှာခေါင်းထဲမှ သနပ်ခါးနံ့တစ်ချက် ရလိုက်၏။

ပန် အိပ်ရာထသွားပြီ။

မျက်လုံးတွေကိုဖွင့်ရင်း နာရီကြည့်လိုက်တော့ လေးနာရီထိုးဖို့ ဆယ်မိနစ် လိုနေသေးသည် ။

"ပန်"

“ရှင်”

ထူးသံက ဘယ့်နှယ် လန့်လန့်ဖျန့်ဖျန့်။

သူ မှောက်လဲနေရာမှ ပက်လက်လှန်ပစ်ရ င်း ပန်းကို လှမ်းကြည့်၏။

သနပ်ခါးပါးကွက်လေးတွေပင် အပေါ်ဖျား လေးတွေ ခြောက်နေပြီ။

ဆံပင်နှစ်ဖက်ကို ခွဲ၍ ခပ်မြင့်မြင့် ချိုစောင်း တစ်ဖက်ဆီမှာ အထုံးသေးလေးတွေ ထုံး၍ အ တင်းဖိကပ်ထား၏။

ဆံပင်က သိပ်မရှည်ဘဲ ထုံးထားသည် မို့ လုပ်ငန်းခွင်ဝင်ခါနီး ရှင်းလင်းအောင်ဖြစ်သလို ထိုးကြိတ်ထားတာနှင့် တူနေသည် ။

နားသယ်စပ်နှင့် နဖူးထက်မှာ မွှေးညင်းနု လေးတွေတချို့ ကျနေသေးသည် ။

ဘယ်လိုပဲလုပ်ထားထား နုငယ်သော မျက်

နှာလေးက ချစ်စရာလေးဖြစ်နေဆဲ။

"ဘယ်နှစ်နာရီကတည်းက ထနေတာလဲကွာ၊ ဘယ်ကို ကောက်စိုက်သွားမလို့ လဲ"

"ဟို ပန် ပန်လေ ပြန်အိပ်မရတာနဲ့ "

ကိုကို မိုးလင်းတဲ့ အထိ ဖက်ထားမှာ စိုးလို့ပါဟု မျှား ပြောလိုက်လျှင်။

ပန် ရုတ်တရက် ကိုကိုထပ်မေးလာမှာ စိုးကာ ဘယ်ကိုထွက်သွားရမှန်းမသိ။ ဒီအချိန်ကြီး မီးဖိုထဲဝင်ဖို့ လည်း မလိုသေး။

ကိုကို့ဘေးမှာ လည်း မနေရဲ။

ချစ်သူရင်ခွင်ထဲမှာ ရင်ခုန်မေ့မူးခြင်းများ နှင့် မှေးစက်နေလိုပေမယ့်။

"ဒါ မိန်းကလေး အိပ်ရာထတဲ့ အချိန်လား" ဟု မေးကာ တစ်နေကုန် ထမင်းမကျွေးဘဲ

ထားကြပါဦးမည်။

"ပန် လာကွာ၊ အစောကြီးရှိသေးတာကို၊ အလှူရှိလို့ ဆွမ်းထချက်ရမှာ ကျနေတာပဲ"

"ပန် အိပ်လို့ မရတော့ဘူး ကိုကို"

"မင်းကို ဘယ်သူက အိပ်ခိုင်းနေလို့ လဲ၊ အိပ်မရတာနဲ့ ဘဲ ပါးကွက်ကြီးကွက်ပြီး အဲဒီမှာ ငုတ်တုတ်ထိုင်နေမှာ လား"

"ဟိုလေ"

"ဒီမှာ လာလှဲနေ"

ပန် ခေါင်းတွင် တွင် ခါရင်း ဘာပြောရမှန်းမသိ။

သိနေတာတစ်ခုက ပန် ကိုကို့ရင်ခွင်ထဲ ပြန်ဝင်လို့ မဖြစ်။

ချိန်း ဒေါ်သထွက်သွားသည် ။

ပန်ဖြစ်နေတဲ့ ပုံက ဘာပုံစံလဲ။

ကိုယ်ကပဲ လူယုတ်မာလိုလို။

အိပ်ရာထက်မှ ဖျတ်ခနဲထ၍ မျက်နှာသစ်ပ စ်လိုက်သည် ။

မှန်တင်ခုံရှေ့မှာ ငုတ်တုတ်လေးရှိနေသေး သည့် ပန်းကို တစ်ချက်မှ မကြည့်တော့ဘဲ အဝ တ်အစားလဲလိုက်၏။

"ကိုကို"

သူ ခေါင်းဖြီး ရေမွှေးဆွတ်ပြီး တံခါးဆွဲဖွင့် လိုက်တော့ ပန် လူပ်လူပ်ရှားရှားဖြစ်သွား၏။

"ကိုကို ဘယ်သွားမလို့ လဲဟင်၊ မနက်စာ ပ န် တစ်ခုခုလုပ်ပေးမယ်၊ စားပြီးမှ သွားပါ"

ချိန်းက တံခါးကို ကိုင်လျက်နှင့် နောက်ပြန် ငဲ့ကြည့်သည် ။

"အဲဒီမှာ ရှိတဲ့ လူတွေကိုပဲ မင်း ချက်ပြုတ် ကျွေးလိုက် ပန်၊ ထမင်းဆာရင် ဆိုင်ကို ပြေးလို

က်ရုံပဲ ကိုယ့်အတွက် ထမင်းချက်မလိုဘူး”

သူ ဒေါသဖြစ်ဖြစ်နှင့် အချိန်ကိုမေ့သွားသည် ။

တံခါးကို ဆောင့်ပိတ်ပစ်ခဲ့ပြီး ကားကိုလည်း မညင်သာစွာ ထွက်ခဲ့သည် ။

မနက်အရုဏ် မလာသေးသော်လည်း နံနက်ခင်းအတွက် အဆင်သင့်ရှိနေပြီဖြစ်သည့် လောကကြီးက လှုပ်ရှားမှုတွေရှိနေပြီဖြစ်သည် ။

ကားလျှောက်မောင်းပြီး ဘယ်ကိုဦးတည်ရမှန်းမသိ။

ဒီမိန်းမကြောင့် သူ့စိတ်တွေဟာ ချမ်းမြေ့ခဲ့ရသည် ဆိုတာ မရှိခဲ့သေး။

“ကိုကို့ကို ပန်သိပ်ချစ်တယ်” တဲ့ ။

မဟုတ်ဘူး ။ မချစ်တတ်ဘဲ တစ်ဖက်သတ်

လိုချင်နေတာ။

စိတ်ချ ပန်၊ မင်းကိုလည်း ငါဘယ်တော့မှ ချစ်တယ်လို့ ပြောသွားမှာ မဟုတ်ဘူး ။ ပေးနေတာကို ရနေမှန်းမသိတဲ့ မိန်းမ။

တန်ဖိုးကြီးတာကို ရထားပြီးမှ တန်ဖိုးနည်းတာကိုပဲ တမ်းတနေတာ။

ချစ်တယ်လို့ ပြောတာကို မကြားရမချင်း ငါက ချစ်နေတယ်ဆိုတာ မင်းယုံမှာ မဟုတ်ဘူး ။ နေပစေ ဘယ်တော့မှ မပြောတော့ဘူး။

ငါ့မှာ ရည်းစားတွေရှိဖူးတယ်။ ချစ်တယ်လို့လည်း ခဏခဏ ပြောခဲ့ဖူးတယ်။ ငါမင်းကို အဲဒီစကားမျိုး ထပ်မပြောချင်ဘူး။

ငါ့ဘဝထဲကို လက်တွဲဖော်အဖြစ် ဝင်လာတဲ့ ၊ ငါကလည်း မြတ်နိုးသွားပြီဖြစ်တဲ့ ငါချစ်တဲ့ မိန်းမတစ်ယောက်ကို "ချစ်တယ်"ဆိုတဲ့ စကား သူလိုငါလို ပြောလိုက်ရုံနဲ့ မပြီးချင်ဘူး။

ငါ့အချစ်က ခမ်းနားတယ် ပန်။

ငါချစ်တာကို မပြောဘဲ မင်းနားလည်စေချင်တာ။

ဘယ်သူ့အပေါ်မှာ မှ ငါမပေးခဲ့ဘူးတဲ့ ငါ့ရဲ့ ဂရုစိုက်မှု၊ ဒါတွေကို မင်းပဲ ပိုင်ဆိုင်ခဲ့တာ မင်းသိစေချင်တာ။

ရှိပါစေတော့၊ ဒါကို မင်းသိအောင်ပြောဖို့ ငါ ဘယ်တော့မှ မကြိုးစားဘူး။

ငါ့အပေါ် ခွဲခြားရှောင်ဖယ်ချင်တဲ့ မင်းရဲ့ ပုံစံ။

ရှေ့တိုး လာပြီးမှ မဝံ့မရဲ နောင်တရနေတဲ့ မင်းရဲ့ ကြောက်ရွံ့မှုတွေ အားလုံးကို ငါ နားလည်သွားပြီ။

မင်း လွတ်လပ်သလို နေလိုက်တော့။

*

## အခန်း ( ၂၆ )

ရင်ထဲမှာ ရှိသမျှ မယုကိုတော့ လူကွယ်ရာမှာ ရင်ဖွင့်ပြောပြမိသည် ။ ပြောပြရင်း ငိုကြွေးမိ၏။

"မယုရယ် ပန်လေ ကိုကို့ကို သိပ်ချစ်တယ်သိလား၊ ပန့်ကိုလည်း ကိုကို ခုတလော ဂရုစိုက်လာတယ်၊ ဒါပေမဲ့ သူတို့ က မကြိုက်ဘူး၊ ပန်နဲ့ ကိုကို ပြေလည်သွားတဲ့ မြင်ကွင်းမျိုး ပန်သူတို့ ရှေ့မှာ မပြရဲဘူး၊ အဲဒါကလေ ကိုကို ပန့်ကို အထင်လွဲသွားတယ် မယုရယ်"

"အဲဒါပြောတာပေ့ါ၊ နေရာတကာ ပါးစပ်ပိတ်နေတာ မကောင်းဘူး ပန်၊ ချိန်းက ကိုယ့်

ယောက်ျား၊ ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်း ပန် ပြောပြသင့်တယ်”

“အို မဖြစ်ဘူး မဖြစ်ပါဘူး မယုရယ်၊ ကိုကို က စိတ်တိုလွယ်တယ်၊ ပြီးတော့ သူတို့ မောင်နှမ သားအမိချင်းက ခုဖြစ်ခုပြီးသွားတာ၊ ပန် ဒီ အိမ်မှာ ဘယ်လိုမျက်နှာနဲ့ နေရမလဲ”

“ပန်ရယ်”

“တကယ်ဆို တစ်ယောက်ကမှ မေတ္တာမရှိ ခဲ့တဲ့ ပန် ဒီမိသားစုထဲကို ဝင်ခဲ့တာပါ၊ အားလုံး ထ `မ ၂၁ ပန်က တစိမ်း၊ မောင်နှမ သားအမိတွေကြားထဲ မဝင်ချင်ဘူး မယုရယ်၊ ပန်လေ ကိုကို အထင်မြင်သေးမှာ သိပ်ကြောက်တာပဲ၊ ပန် သည်းခံနေရတာကိုပဲ သိစေချင်တယ်၊ ပန့်ကြောင့် မိသားစု စိတ်ဝမ်းကွဲရပြီလို့ ကိုကို မခံစားစေချင်ဘူး”

“အေးလေ ညီမလေး သည်းခံနေတာက

ကော ညီမ မပြောဘဲ သူက သိမှာ လား၊ ကြာရင် အိမ်ထောင်ရေး ထိခိုက်လာလိမ့်မယ်၊ သူက လည်း ညီမဘာဖြစ်နေမှန်း မသိခင် ထင်သလို တွေးနေမှာ ”

“ဒါပေမဲ့ ပန်က သူတို့ အရိပ်ထဲမှာ ခိုကပ်နေရတဲ့ သူပါ၊ ဘာပဲဖြစ်ဖြစ် သူ့ကိုချစ်လို့ ပဲဆိုတဲ့ အသိတော့ ကိုကို့မှာ ရှိနေမှာ ပါ၊ ဒါကို ပန်ကျေနပ်ပြီ”

“ပန်ရယ် မယုကတော့ ပန်တို့ ကို ဒီထက်ပွင့်လင်းစေချင်တယ်၊ တကယ်ဆို ချိန်းကို အိမ်ကအခြေအနေမှန်သိရအောင်
မယုကိုယ်တိုင်ပြောချင်တာ၊ ဒါပေမဲ့ မယုက ဧည့်သည် ၊ ပြီးတော့ အဒေါ်ဖြစ်သူကို မကောင်းရှု့ချ မယုပြောရတော့မှာ မကောင်းလို့ ၊ မကောင်းဘူးပြောတာကိုလည်း မယု သတ္တိရှိရှိ မပြောဝံ့သေးဘူး၊ ဘေးပြောတော့ တစ်လ မ

ယားပြောတော့ ခဏတဲ့ ၊ မယုတို့ ပါးစပ်က အမြုပ်ထွက်အောင်ပြောလည်း

ပန်တစ်ခွန်းပြောတာနဲ့ ဘယ်တူမလဲ၊ မယုထင်ပါတယ်၊ ချိန်း ဒီလောက်မညံ့ဘူး၊ ပန်သေချာပြောပြရင် ဘာလုပ်သင့်တယ်ဆိုတာ သူသိမှာ ပါကွယ်"

ပန် ခေါင်းခါဆဲပါ။

ကိုကိုက ပန့်ကို ချစ်ခဲ့တဲ့ သူမှ မဟုတ်ဘဲ။

ပန် တိုင်ပြောလိုက်မှ မိသားစုကြားမှာ အတို့ အထောင် လုပ်ပေးနေတဲ့ သူဟု ထင်ကာ ပို၍ သာ အထင်သေးဖို့ ရှိသည် ။

ပြီးတော့

"မင်းကို ဘယ်သူခေါ်လို့ လဲ၊ မင်းလာချင်လို့ လာခဲ့တာပဲ၊ ဒီလောက်တော့ သည်းခံရမှာ ပဲ ကိုယ့်အပြစ်နဲ့ ကိုယ်လေ"

ဆိုသည့် စကားမျိုး။

ပန် ကိုယ့်စိတ်ကိုယ့်သဘောဖြင့် သည်းခံရလို့ သူများ ခြေဖဝါးအောက်မှာ ပိပြားနေပါစေတော့။

ကိုကို ရက်စက်စွာ နေစေတော့ရယ်လို့ အပြစ်ပေးမှာ ကို ကြောက်သည် ။

တစ်လောကလုံး မုန်းပါစေ ကိုကို မမုန်းပါနဲ့ ။

ဘယ်သူ အထင်သေးသေး ကိုကိုအထင်သေးမှာ ကို မလိုချင်။

ပန် ရင်ဆိုင်နေရသမျှ ဒုက္ခတွေကို ကိုကိုသိဖို့ ဘယ်တော့မှ ပန် မကြိုးစားပါ။

သို့သော် ကြွကြွခံခဲ့သမျှ ပြန်လည်ရရှိခဲ့သည် မှာ ကိုကို့ထံမှ ဥပေက္ခာများ ဖြစ်၏။

အထူးတလည် မဟုတ်ဘဲ သာမန်အတိုင်း

တည်တံ့နေသည့် ကိုကို့မျက်နှာသည် အပြုံးအရယ်မဲ့ကာ ညဘက်ဆို ညဥ့်နက်မှ ပြန်သည် ။

ဘာမှ မစားသောက်ဘဲ ရေချိုးပြီးသည် နှင့် အိပ်ရာဝင်၏။

နေမြင့်အောင်အိပ်ပြီး ပန်မသိလိုက်ခင် ပြန်ထွက်သွားပြီ။

တစ်ခါတလေ ကိုကိုအိပ်ပျော်နေသည့် ဘေးမှာ ပန် ကွေးကွေးလေးဝင်လှဲရင်း မျက်ရည်ကျနေမိသည် ။

ပန် ကြောက်ပါတယ်ဆိုမှ ကိုကိုရယ်။

ပန့်ကို ဒီလောက်ထိတော့ ကိုကို မမုန်းပါနဲ့ ။

သူတို့ တွေ့ရှေ့မှာ ပဲ ကိုကိုနဲ့ ပန် ကြည်နူးမနေချင်တာ။

ခုလိုမျိုးကြီး ပန့်ကို ပစ်မထားပါနဲ့ ကိုကိုရ

ယ်။

ပန် အင့်ခနဲရှိုက်မိပြီးမှ နှုတ်ခမ်းလေးကိုက်ရင်း မျိုသိပ်သည် ။

ငိုလို့ ပင်ပန်းတော့ မေးခနဲ အိပ်ပျော်သွားခဲ့စဉ် ပန့်လည်တိုင်လေးမှာ နွေးခနဲဖြစ်သွားသဖြင့် အသိက ချက်ချင်းဝင်၏။

သို့သော် ပွေ့ပိုက်ထားသည့် ကိုကို့လက်တွေက ဖွဖွသာသာလေးမို့ ပန့်ကို မနိုးစေချင်သော ကိုကို့ဆန္ဒအတိုင်း ပန် မျက်လုံးမဖွင့်ဘဲ ငြိမ်သက်နေပေးခဲ့၏။

ဖွဖွလေး တိုးတိုက်ရွေ့လျားနေသော ကိုကို့အနမ်းများ သည် မွတ်သိပ်တောင့်တခြင်းများနှင့် ကြာရှည်စွာ ဖြစ်တည်နေခဲ့ပြီး အသာလေးပြန်လည်ဆုတ်ခွာသွားသည် ။

ပန့်ကို အနမ်းသူခိုးလုပ်၍ မျိုသိပ်ထိန်းချုပ်

သွားခဲ့သော ကိုကို့မာနများ အတွက် ကြေကွဲရင်း ဖွတ်မှိတ်ထားခဲ့သည့် မျက်ဝန်းထောင့်များမှ မျက်ရည်စက်တို့ လျှောဆင်းသွားကြ၏။

တစ်နေ့ကုန် အလုပ်ပင်ပန်းသဖြင့် အိပ်ပျော်သွားပြီဆို ဘာမှ မသိတော့အောင်ဖြစ်ခဲ့သည့် ပန်နှ့်အား ကိုကို ဒီလိုပဲ ညတိုင်း အနမ်းသူခိုး လုပ်ခဲ့သလား။

ဒါမှ မဟုတ်

ပန့်ကို နိူးခဲ့လေသလား။

ပန်မနိုးလို့ ဒေါသတွေ ထပ်၍ ထပ်၍ ဖြစ်ပွားခဲ့သည် လား။

ထိုညမှာ ကိုကို အိပ်ပျော်သွားသည် အထိ ပန် အိပ်မရတော့ပါ။

ပန့်ကို စကားပြောပါ ကိုကိုရယ်။

*

# အခန်း ( ၂၇ )

မျက်မှန်နက်နှင့် လူကြီးတစ်ယောက်။

အသက်တော့ လေးဆယ်ဝန်းကျင်လောက်ရှိမည်။

သို့သော် အကောင်းစားတီရှပ်နှင့် ဘောင်းဘီရှည်ပွပွကို စတိုင်လ်ကျကျ ဝတ်ထားသဖြင့် အသားဖြူပုံက အတော်ကြီး နုပျိုနေသေးသည်။

ပြီးတော့ မော်ဒန်အမြင့်ဆုံး ကားကြီးတစ်စီးကို ကျောမှီရပ်လို့ ။

ထိုသူရှေ့မှာ ပန်။

စာရွက်စာတမ်းတွေ ဘာတွေပေးယူနေကြမှန်းမသိ။

ဝယ်သူ၏ လက်တစ်ဖက် ပန့်ပခုံးလေးထက်ကို လှမ်းတင်ဆုပ်ကိုင်လိုက်ချိန်တွင် မျက်လုံးထဲမှာ ပြာခနဲဖြစ်သွား၏။

ခြေထောက်သည် ရှေ့ကို လှမ်းတိုးမိပြီးမှ အနားမှာ တခြားလူတွေပါလာတာကို သတိရ၍ ခြေလှမ်းတွေကို ရပ်လိုက်သည် ။

မျက်နှာလွှဲ၍ တစ်ဖက်သို့ လှမ်းထွက်ခဲ့သည့်တိုင် ရင်ထဲမှာ ဘောင်ဘင်ခတ်နေဆဲ။ သဝန်တိုခြင်းဆိုသော ခံစားချက်ကို ချိန်း ပထမဆုံး တုန်လှုပ်စွာ ခံစားခဲ့မိပြီ။

မင်း ဘာလုပ်မလဲ။

ဒါ ရိုးသားစွာလား၊ မရိုးသားစွာလား။

"အပြင်မှာ တစ်ခုခုသွားစားမယ်ကွာ"

“အိမ်မှာ ပဲစားပါ ကိုကိုရယ်၊ ကိုကိုဘာစား ချင်လို့ လဲဟင်”

သူ အပြင်ကိုခေါ်တိုင်း စားဖို့ ခေါ်လည်း မရ ။

“မင်း သူများ တွေလို ပလာဇာတွေဘာတွေ မသွားချင်ဘူးလား၊ ပူဆာကွာ၊ မင်းပူဆာရင် ခေါင်းခါရမှာ စိုးလို့ ကိုယ်ရှာဖွေထားရတာ ရှာ ရကျိုးနပ်အောင်”

“ကိုကိုရယ် ဘာလုပ်ဖို့ လဲ အပိုကုန်အောင်”

အဝတ်စားပစ္စည်းနဲ့ မြူဆွယ်လို့ လည်း လိုက်ခဲ့တာမရှိ။

ခုကျတော့ အသားရောင်ကိုယ်ကျပ်အင်္ကျီ လေးနှင့် ဆံပင်တွေ ဖြန့်ချထားလို့ ။

ကိုယ်လုံးလှသည့် ပန့်တစ်ကိုယ်လုံးက သေ ချာပြင်ထားတာ ဟုတ်မဟုတ်တော့မသိ ခပ်

ဝေးဝေးကပင် မြင်တာတောင် ထင်ရှားလှပ နေသည် ။

ဒီလူ ဘယ်သူလဲ၊ ပန်နဲ့ ဘယ်လိုပတ်သက် နေသလဲ။

ကိုယ့်ထက်သာတဲ့ လူလို့ သတ်မှတ်လိုက်ရ တော့မလား။

ကိုယ်မရခဲ့သည့် အခွင့်အရေးမျိုး ဒီလူ ရ နေပါ၏။

ကိုယ့်မှာ လည်း ပေါပေါပဲ၊ ပြန်တွဲပြလိုက် ပေါ့ ချိန်းရယ်။

သူ ခေါင်းခါလိုက်မိသည် ။

သံယောဇဉ်ဖြင့် ငြိတွယ်ခြင်းကို ပို၍ နားလ ည်လာခဲ့ရသည် ။

ဒီ ေန ရ ၁မ၂၁ ပြန်ရွဲ့ချင်သည့်စိတ်ထက် ဆုံးရှုံးမခံနိုင်သော ဝေဒနာကသာ နှိပ်စက်နေ

ခဲ့သည် ။

"အန်ကယ့်ကို ခုတစ်ခါတည်းပဲ လိုက်ကြည့်ပြီး ဈေးဖြတ်ပေးပါလားကွယ်၊ မင်းလည်း ရတာပေါ့၊ အန်ကယ် အလုပ်တစ်ခါတည်း ပြီးချင်လို့ ပါ"

"စိတ်တော့မကောင်းပါဘူး အန်ကယ်၊ ကျွန်တော် အရမ်းအရေးကြီးတဲ့ ပြဿနာ ပေါ်လာလို့ ပါ၊ အန်ကယ်ဖြစ်ရင် တခြားတစ်ယောက်ကို အကူအညီတောင်းပါ၊ ဒါမှ မဟုတ်ရင် မနက်ဖြန် ဖုန်းဆက်လိုက်ပေါ့၊ ဒီနေ့တော့ မအားလို့ ပါ"

ရှိသမျှအလုပ်ကို ထားပစ်ခဲ့ပြီး သူ ပြန်ခဲ့သည် ။

စိတ်ကို တတ်နိုင်သမျှ အဆုံးစွန်ထိ သူ ဆွဲဆန့်ကြည့်ပေမယ့် မရ။ နောက်ဆုံး အိမ်ပြန်ရောက်တော့ ပန်က အခန်းထဲ

သူ့အိပ်ရာနားမှာ ထိုင်ကာ သူ့ခေါင်းအုံးကို ပွေ့ပိုက်၍ ငုတ်တုတ်လေးငိုင်နေ၏။

"သွားရလာရတာ မောသွားပြီလားဟင်"

"ဟင်"

သူပြောလိုက်တော့ ပန် မျက်လုံးလေးပြူးကာ အလန့်တကြား ထရပ်လိုက်၏။

"ကိုကို"

ပိုက်ထားသည့် ခေါင်းအုံးကို အိပ်ရာပေါ်နောက်ပြန်လေးမကြည့်ဘဲ လှမ်းချရင်း သူ့ကိုသာ ငေးကြည့်နေသည် ။ မျက်ဝန်းလေးတွေကို ချိန်းက စိုက်ကြည့်သည် ။

"မမေးဘဲတော့ နေမလို့ ဘဲ၊ ဒါပေမဲ့ ဒီမျက်လုံးကြီးရှေ့မှာ ထိတွေ့ကိုင်တွယ်နေကြတာကို မသိချင်ယောင်ဆောင်နေဖို့ က တာကယ်မလွယ်တာ၊ အဲဒီတော့ မင်းရင်ထဲ ခေါင်းထဲမှာ ညာ

ဖို့ စကားလုံးတွေ ရှာဖွေစီစဉ်ထားပြီးသား မရှိသေးရင် အခုစဉ်းစား၊ ရှိပြီးသားဆိုရင် ဖြေတော့”

“ဘာ ဘာလဲ ကိုကို”

“မင်းသွားတွေ့လာခဲ့တဲ့ လူက ဘယ်သူလဲ”

“ဟင်”

ပန် မျက်ဝန်းလေးတွေသာမကဘဲ နှုတ်ခမ်းလေးသားများ ပင် ပွင့်ဟသွားခဲ့သည် ။

သူမ အပြင်ထွက်သည် ကိုသာ သိခဲ့သည်ဟု ထင်ခဲ့ပြီး ဘယ်သူနဲ့ တွေ့လာသလဲဟု မေးလာသည့်မေးခွန်းကို အံ့အားသင့်လွန်းစွာ ပါးစပ်အဟောင်းသားနှင့် မော့ကြည့် ဖြစ်၏။

“ကိုကို ပန်လေ”

“ငါမင်းကို တည့်တည့်မေးမယ်နော်၊

လိုရင်းကိုပဲပြေ"

"ပန် ရိုးရိုးသားသား"

"ပန်"

ချိန်းက ပန်ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ် တွန်းပစ်လိုက်၏။

ပန် မွေ့ရာထက်သို့ နောက်ပြန်ထိုင်လျက်လေး ကျသွားသည်။

"နံရံတွေ သစ်ပင်တွေမှာ မျက်လုံးတွေရှိတယ်ဆိုတာ မင်းသိဖို့ ကောင်းတယ် ပန်၊ မင်းရဲ့ ဘေးမှာ နံရံတွေ သစ်ပင်တွေချည်းပဲ မဟုတ်ဘူး ၊ အဲဒီမျက်လုံးပေါင်းများ စွာထဲမှာ ငါနဲ့ ငါ့ရဲ့ မိတ်ဆွေ အပေါင်းအသင်းတွေရှိတယ်၊ မင်းဟာ ငါ့မိန်းမလို့ သိထားတဲ့ လူတွေရှေ့မှာ မင်း ဒီလိုလှုပ်ရှားသွားလာနေတာကို ငါက ဘယ်လိုလုပ်ပြီး မမြင်သလိုနေရမှာ လဲ"

“ မဟုတ်ဘူး ကိုကို၊ အဲဒါ ပန်နဲ့ မဆိုင်ဘူး”

“မဆိုင်ရင် မဆိုင်သလို ဆက်ဆံပေါ့ကွ၊ ဘာဖြစ်လို့ ဒီလောက်ရင်းနှီးနေတာလဲ၊ ဘာလဲ အစ်ကိုဝမ်းကွဲတို့ သူငယ်ချင်းတို့ မင်းပြောဦးမှာ လား၊ မင်းမှာ ဒီအရွယ် ဒီလိုရင်းနှီးနေတဲ့ အစ်ကိုဝမ်းကွဲ ဆွေမျိုးမရှိဘူး၊ ယောကျ်ားလေးသူငယ်ချင်းတောင် မထားဘူးဘဲ ကိုယ့်ကျမှ ခင်တွယ်ခဲ့ရှာတာဆိုပြီး ဟိုတုန်းကတည်းက ငါ့ရည်းစားတွေထက် မင်းကို ငါ ပိုဂရုစိုက်ခဲ့တဲ့ သူ၊ အဲဒီအတွက် သူငယ်ချင်းပါလို့ မပြောနဲ့ လက်မခံဘူး”

“ဟုတ်ပါတယ် ကိုကို၊ ပန် ရှင်းပြပါရစေ”

“မရှင်းနဲ့ တော့ ငါလိုချင်တာ အဖြေတစ်ခုပဲ၊ မင်းမပေးနိုင်ဘူး၊ နောက်ထပ် ဘာမှ ငါမကြားချင်ဘူး၊ ဒီမှာ ပန် အချစ်ဆိုတာ ဘာလဲလို့ မင်းနားလည်လာတဲ့ တစ်နေ့ ငါ့ဒေါသ

တွေကို ကိုယ်ချင်းစာတတ်လာလိမ့်မယ်”

“ကိုကို”

“ငါကတော့ လုံးဝနားလည်သွားပြီ၊ ငါ့အပေါ် မင်း မသာယာခဲ့တာကို ခုမှ လုံးဝသဘောပေါက်သွားတာ”

“ကိုကို ကိုကို”

ဘယ်လိုမှ ခေါ်လို့ မရ၊ လိုက်ဆွဲပေမယ့် မမီ။

ပန် လေှကားထိပ်ထိလည်း မလိုက်ရဲဘဲ ငိုရှိုက်ကျန်ခဲ့တော့သည်။

မဟုတ်ဘူး ကိုကို၊ ကိုကိုထင်သလို မဟုတ်ဘူး။

ကိုကိုမေးတာကို ချက်ချင်းဖြေဖို့ က အများကြီးပြောပြမှ ရမယ့် အဖြစ်တွေရှိနေလို့ပါ။

ပန် မပြောပြနိုင်သေးလို့ ပါ ကိုကိုရယ်။

ပန့်ကို မမုန်းပါနဲ့ နော်။

ကိုကို မုန်းသွားမှာ ကို ပန် အကြောက်ဆုံး ပါ။

*

အခန်း( ၂၈ )

"ဟင် သားလေး အမလေး လိုက်သွားပေါ့ သားရယ်၊ နိုးနိုးက တခြားသူမှ မဟုတ်တာ၊ သားပျော်သလောက်နေ၊ အိမ်အတွက် ဘာမှ ပူစရာမရှိဘူး၊ မမစိန်တို့ ကို မာမီ ပြောပြလိုက်မယ်၊ သမီးနိုးနိုးလည်း ဖုန်းဆက်လိုက်ပေါ့၊ အေးပါ အေးပါ သားပါသွားရင် မမစိန်တို့ ကလည်း စိတ်ချမှာ ပါ"

ပန် လေ့ကားပေါ်က ဆင်းလာတာမြင်တော့ အသံကို ပိုမြှင့်လိုက်တာ သိသာ၏။ အိမ်မ၂၁ ဖုန်းမရှိတော့ပေမယ့် ဒေါ်ဇင်မာတို့ ငွေလေးရှင်လိုက် ဟမ်းဖုန်းကိုင်လိုက်၊ မရှိတဲ့ အ

ခါ မရှိလိုက်။

ခုတလော ဖုန်းတကိုင်ကိုင်နှင့် ပြန်ဖြစ်လာ၏။

ပန်းကိုမြင်လိုက်မှ မျက်နှာကြီးကို အစွမ်းကုန် ပြုံးရယ်လျက် ဖုန်းကိုပိတ်သည် ။

"သမီးရေ သမီးငယ်"

"ရှင် မာမီ"

ထမင်းပန်းကန် စားလက်စကိုပိုက်၍ မေလင်းက ထွက်လာ၏။

"ဟောဒီမှာ ညည်းအစ်ကိုဆီက ဖုန်းလေ၊ နိုးနိုးနဲ့ နှစ်ယောက်တည်း ပုဂံဘုရားဖူးလိုက်သွားသတဲ့ "

"ဟယ် ဟုတ်လား"

မေလင်းသည် ထိုသတင်းကြောင့် လက်ထဲက ပန်းကန်ကို ယောင်ရမ်းလွှတ်ချမိတော့မလို

ဝမ်းသာအားရကြီး ဖြစ်သွားကာ ဒေါ်ဇင်မာ နားမှာ ဝုန်းခနဲ ပစ်ထိုင်၏။

ပန့်ကိုလည်း တည့်တည့်လှမ်းကြည့်၏။

"ပြန်ပြောပါဦး မာမိရဲ့ ၊ မနိုးက အိမ်ကစိတ်ဆိုးပြီး ဆင်းသွားတယ်ဆို၊ အခုကျတော့ ကိုကိုလေးကို ခေါ်ထွက်သွားတယ်ပေါ့"

"ဟုတ်ပ ဟုတ်ပ ဒီလိုပဲလေ သူက ထစ်ခနဲရှိ သားကိုပဲ တ,တတ်တာ၊ အမြဲတမ်း အတူသွားအတူစား သိပ်ချစ်ကြတဲ့ ဟာ ခုထိဘယ်သူနဲ့ မြန်းတာကိုမှ လက်မခံဘဲ ညည်းအစ်ကိုကိုပဲ နွဲ့ဆိုး,ဆိုးနေတာ"

"ဟုတ်တယ်နော် မာမိ၊ မနိုးသာ ကိုကိုလေးနဲ့ ညားရင် အားလုံး အိုကေမှာ ပဲ၊ ကိုကိုကလည်း ချစ် မနိုးကလည်း ချစ်၊ ခုတော့ အားလုံး ခုတ်ရာတခြား ရှရာတခြားတွေဖြစ် အိုးနင်းခွက်နင်း ဟွန့်"

"ဘုရားဖူးသွားတာ မဟုတ်ဘဲ တစ်ခါတည်း ခိုးပြေးသွားကြလည်း ကောင်းတာပဲ။ မနိုးတို့ က ချမ်းသာပြီသား။ နစ်နာကြေးပေးပြီး ကွာခိုင်းရုံပဲ"

နည်းနည်းချင်း ပြောကြည့်သည် ။

တစ်ဖက်က သည်းခံနေမှန်းသိတော့ ပိုတိုးပြော၏။

သည်းခံလွန်းတော့ ညံ့သည် ထင်၏။

ပန့်အပေါ် မေလင်းတို့ မပြောဝံ့တာ ဘာမှမရှိတော့ပါ။

ပန်သည် ဘယ်သူဘာပြောပြော ရေငုံနှုတ်ပိတ်လျက် ကွယ်ရာကျမှ ကြိတ်ရှိုက်ခဲ့သူ၊ အဝတ်လျှော်စက်ကို ရောင်းပစ်ခဲ့ပြီး အဝတ်ကို လက်နဲ့ စတင်လျှော်ခဲ့ရသည့်နေ့မှာ ကိုယ့်ဘဝကို ပန် ခါးသီးရမှန်း သိလာခဲ့သည့် ပထမဆုံးနေ့ဖြစ်၏။

ကိုကိုနှင့်ပတ်သက်၍ နှစ်မြုပ်ပေးဆပ်ခဲ့ရခြင်းများ သည် စိတ်နာမ်နှစ်ပါးမကပဲ ကိုယ်ခန္ဓာမှာ ပါ ဒဏ်ရာများ စွာ ဖြစ်ခဲ့ရပြီ။

အတိတ်ပုံရိပ်တို့ သည် လက်ဖဝါးနှစ်ဖက်မှ ဒဏ်ရာတွေကြားမှာ ပြန်လည်ပျောက်ကွယ်သွားခဲ့ကြ၏။

"ပန်"

ညဥ့်နက်နက်မှာ မယု အပေါ်ထပ်ကို တိတ်တိတ်လေး တက်လာခဲ့သည်။

"ပန်"

"ရှင် မယု"

ကိုကိုမရှိသော အိပ်ရာထဲမှာ မျက်ရည်တို့ဖြင့် လူးလိမ့်နေဆဲ ပန် ထထိုင်လိုက်မိသည်။

တံခါးဖွင့်ပေးလိုက်တော့ မယုမျက်နှာ မ

သာမယာနှင့် ဝင်လာသည် ။

"မယုရယ် မယုက ပြန်တော့မှာ ပေါ့နော်"

သူ့ကိုဖက်ငိုတော့ မယု ပြန်၍ ပွေ့ဖက်ကာ မျက်ရည်လည်ရှာ၏။

ဒီကောင်မလေးမျက်နှာ မျက်ရည်ခြောက် သည့်အချိန်မှ ရှိရဲ့ လား။

"ပန်ရယ် မယုလည်း မသွားချင်ပါဘူး၊ ဒါ ပေမဲ့ သူတို့ က ပြန်ခိုင်းနေပြီဆိုတော့ ပြန်ရမှာ ပဲလေ၊ မယု မနက်ကျရင် ညီမနဲ့ စကားအေး အေးဆေးဆေး မပြောရမှာ စိုးလို့ လာခဲ့တာ"

"မယု ဘာပြောမလို့ လဲဟင်"

ပန့်မျက်နှာလေးကို မော့ယူကာ မယုက မျက်ရည်သုတ်ပေး၏။

ပြီးတော့ ပန်တစ်ယောက်တည်း အိပ်နေရ သည့် မွေ့ရာကြီးကို ကြည့်ကာ

"ဒုက္ခပြီးရင် သုခလာမှာ ပါ ညီမလေးရယ်၊ ဒီထိ သည်းခံခဲ့ပြီးမှ တော့ ဆက်တောင့်ထား နော်၊ သူတို့ က အခု အခုလေ ချိန်းနဲ့ နိုးနိုး ခိုးပြေးကြပြီလို့ "

"ရှင် ဘယ်လို မယု"

မေးလည်း မေး၍ ပန် သတိလစ်သွားမတ တ် တုန်လှုပ်သွားရှာသည် ကို မယု သနားကြင် နာစွာ ကြည့်ရင်း လက်ဖဝါးလေးကို ထွေးဆုပ် လိုက်မိ၏။

"အဲဒါတွေကို မယုံဖို့ မယု လာပြောတာ၊ တ ကယ်တော့ သူတို့ က ဖြစ်စေချင်နေကြတာ၊ ဟိုကောင်မလေးကလည်း ချိန်းကို ကြိုက်နေ တာပဲ၊ ဒါပေမဲ့ လူကြီးတွေက လူအိုနဲ့ သူတို့ သ မီး အပျိုလေးကို အဖြစ်ခံမလား ပန်ရယ်၊ နိုးနိုး ကိုယ်တိုင်က အနေအထိုင်မတတ်ရင်တောင် ချိန်းက အခွင့်အရေးယူမယ့်လူမျိုး မဟုတ်ဘူး

ဆိုတာ မယုယုံတယ်၊ ဒီထက်မက အခွင့်အရေး တွေ ရနေခဲ့တုန်းကတောင် မယူခဲ့ဘဲနဲ့ အခု ပန့်ကို ချိန်းက ချစ်နေတာမှ ”

“ဘာတွေပြောနေတာလဲ မယုရယ်၊ ကိုကိုက ပန့်ကိုသနားပြီး လိုက်လျောနေတာပါ၊ မချစ်ခဲ့ပါဘူး၊ အခု ပန့်ကို အထင်လွဲပြီး ထွက်သွားတာ၊ နိုးနိုးကို မချစ်ရင်တောင် ပန့်ကိုရွံ့ပြီး သူသူ”

“ပန်ရယ် ချိန်းက လူပျိုပေါက်ကလေးမှ မဟုတ်တာ၊ အဲဒါကြောင့် ပန့်ကို မယုမသွားခင် စိတ်မချလို့ လာသတိပေးတာ၊ တကယ့်ကာယကံရှင်က ပြောမှ ယုံပါ၊ ချိန်းက ကိုယ့်ရဲ့ ကာမပိုင်လင်၊ သူတို့ ဖြစ်စေချင်တိုင်းလည်း ဖြစ်လို့မရပါဘူး၊ ဘယ်လောက်ပဲ သေချာအောင်ပြောပြော ချိန်းကိုယ်တိုင်မပြောဘဲ မယုံနဲ့ ၊ ချိန်းပြန်လာတဲ့ အထိ စောင့်နေပါ၊ မယု စိတ်ချပါရစေ

နော်”

“ကိုကို ပြန်မလာတော့ဘူးထင်ပါတယ် မယုရယ်”

ပန် တစ်ညလုံး ငိုခဲ့ရသည်။

မနက်ကျတော့လည်း မယုပြန်ဖို့ အထုပ်အပိုးတွေနဲ့ ထွက်လာတော့ ငိုရပြန်သည်။

ညစဉ်ရက်ဆက် မျက်ရည်များကို မဆုံးနိုင်မခမ်းနိုင် သွန်ချပေးနေခဲ့သည့် ဦးခေါင်းကကြာတော့ လက်မှိုင်ချလာသည်။

အပေါ်ထပ်တက်ဖို့ လှေကားခြေရင်းမှာ ပန်ခွေခနဲ လဲကျသွားလေသည်။

*

## အခန်း ( ၂၉ )

ပန် အိပ်ရာခင်းကို တင်းကျပ်စွာ ဆုပ်ဆွဲထားရင်း လက်က တဆတ်ဆတ် တုန်လာ၏။

ရှေ့မှာ ပုံစံအမျိုးမျိုးနှင့် ရပ်နေသူ ထိုင်နေသူတို့ ကို ကိုယ့်အား သတ်ဖြတ်စားသောက်တော့မည့် သားရဲများ နှယ် မျက်တောင်မခတ်ဘဲ စူးစိုက်မော့ကြည့်နေမိ၏။

မယု သေချာမှာ သွားခဲ့သည် ။

ဒါပေမဲ့ သူတို့ က ပို၍ သေချာအောင် ပြောနေကြပြီ။

"မယုံဘူး၊ ပန်မယုံဘူး မမကြီး၊ ကိုကို ဒီလို မလုပ်ပါဘူး၊ ဒီလောက်ထိ ကိုကိုလုပ်ရက်မှာ

မဟုတ်ဘူး ”

“လုပ်ရက်လို့ လုပ်သွားတာပေါ့၊ ဟိုက သိပ်ချောသိပ်လှတဲ့ သူဌေးသမီး အပျိုစင်လေး၊ ဟိုတုန်းက မချစ်ပေမယ့် အခု ချစ်သွားပြီလေ၊ ယောကျ်ားလေးဆိုတာ အိုင်တွေ့ရင် ခြေဆေးတတ်တဲ့ အမျိုး၊ လူပျိုတုန်းက ဘဝင်မြင့်ချင်မြင့်မယ်၊ လူအိုဖြစ်သွားတော့ အပျိုကိုရရင်ယူမှာပဲ၊ မိန်းကလေးဘက်ကလည်း အချစ်မှာ မျက်စိမရှိဘူးတဲ့ ၊ ဒါကို သူ့မိဘတွေကလည်း နားလည်ပေးလိုက်ကြတယ်”

ပန် မျက်လုံးတွေ ပြူးကျယ်နေမိဆဲ။

“ငါတို့ ဘက်က လုပ်စရာနှစ်လမ်းပဲရှိတယ် ၊ တစ်ခုက နိုးနိုးကို သားက တခမ်းတနား လက်ထပ်ယူရမယ်၊ ညည်းနဲ့ ယူတာက ညည်းဇွတ်ရောက်လာလို့ တိုးတိုးတိတ်တိတ် လက်ထပ်သတ်မှတ်ခဲ့တာပဲ၊ နိုးနိုးနဲ့ မင်္ဂလာထပ်ဆော

င်လည်း ဘာမှ ပြဿနာမရှိဘူး၊ အေး ခုလို ခိုးပြေးပြီးမှ မယူနိုင်ဘူး ဆိုရင်တော့ သူတို့ က တရားစွဲလို့ ဟောဒီခြံနဲ့ တိုက်ကို ရောင်းပစ်တာတောင် လျော်စရာရှိမှာ မဟုတ်ဘူး ”

“ရှင်းရှင်းပြောလိုက်စမ်းပါ မာမီရာ၊ ဒီမှာ ပန် နစ်နာကြေး ညည်း ဘယ်လောက်လိုချင်သလဲ ပြော၊ ညည်းကို မောင်လေးနဲ့ စပ်မှယောင်းမတော်ရတာ၊ အခု ငါ့မောင်က တခြားတစ်ယောက်နဲ့ ပါသွားပြီဆိုတော့ ညည်းနဲ့ ငါတို့ ဘာမှ ပတ်သက်ဖို့ မရှိတော့ဘူး၊ ငါတို့ လျော်ကြေးမပေးလည်း ဆင်းရဲမှာ တော့ ဆင်းရဲမှာ ပဲ၊ ငွေယူပြီး ဆင်းမလား၊ ခါးဝတ်ခါးစားနဲ့ သွားမလား”

“မမကြီး”

ပန် မွေ့ရာပေါ်မှာ ကျုံ့ကျုံ့လေးထိုင်နေရာမှ ခြေချထိုင်၍ မျက်ရည်တွေ ပိုးပိုးပေါက်ပေါ

က် ကျလာကြ၏။

"ပန် ပန်သွားပါ့မယ်၊ ဒါပေမဲ့ ကိုကို့ကို တော့ စောင့်ပါရစေနော်၊ ကိုကိုက သွားတော့ ဆိုရင် ပန့်ကို မမကြီးတို့ မနှင်ရပါဘူး ပန် ချက်ချင်း ထွက်သွားပါ့မယ်"

"အို အဲဒီလောက်ထိ ငါတို့ က ညည်းကို လက်ခံထားရင် နိုးနိုးတို့ ဘက်က ဘယ်ကျေနပ်မလဲ၊ သူတို့ ဖြစ်စေချင်တဲ့ အထဲမှာ ညည်းနဲ့ ပြတ်စဲစေချင်တာလည်း အဓိကပဲ၊ ဟိုက အပျိုလေးအေ့"

"ဟုတ်ကဲ့ပါ ဒါပေမဲ့"

"အို မပြောနဲ့ တော့၊ ညည်း ဒီနေ့ပဲ ဆုံးဖြတ် ၊ ကိုယ်ကြိုက်တာပြော၊ လိုချင်တာယူသွား၊ ညည်း မနက်ဖြန် သွားပေတော့၊ အေး မကျေနပ်လို့ ရုံးတက်ပြီး တိုင်မယ်တောမယ်ဆိုလည်း ကြိုက်တဲ့ ဆီသွား၊ ငါ့မောင်က အနေသာကြီး၊

ညည်းပဲ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်မှာ ”

ပန့်မျက်ရည်တွေ ရှိုက်သံမဲ့သွားသည် ။

ဆို့နင့်ကြေကွဲနေသည့် မျက်နှာမှာ အေးစက်သွေးခဲသွားသည့်နှယ်ပင်။

“ကောင်းပါပြီ ပန်သွားပ့ါမယ်၊ ဒါပေမဲ့ အရှုံးပေးသွားတာ မဟုတ်ဘူး ၊ ပန့်ရင်ထဲမှာ အချစ်ရှိနေသရွေ့ ဘယ်တော့မှ မရှုံးဘူး၊ အမုန်းနယ်ပယ်ထဲက လွတ်လပ်သွားတဲ့ ပန့်ရဲ့ အချစ်တွေနောက်ကို ပန်လိုချင်တဲ့ ချစ်ခြင်းအားလုံး လိုက်ပါလာကြမှာ ”

အချစ်ဟာ နှင်းပွင့်လေးပဲလား။

ဒါမှ မဟုတ်

အချစ်ဟာ မီးပွားလေးတစ်စလား။

အဖြူရောင်ပေါ်မှာ တင်နေတဲ့ ပဝါပါးလေး

ရဲ့ နောက်မှာ အချစ်ရှိနေတယ် ကိုကို။

နမ်းခဲ့တဲ့ ပါးကလေး။

ပြီးတော့ ချိုတယ်ဆိုတဲ့ နှုတ်ခမ်းလေးရယ်
။

ပြန်တွေးမိလို့ ကိုကို ပြုံးဖြစ်တဲ့ အခါ နား
လည်သွားမှာ ပါ။

အချစ်ဆိုတာ မြက်ဖျားနှင်းကလေးပါပဲ။

*

## အခန်း ( ၃၀ )

"ဟင် ချိန်း"

လှစ်ခနဲ မြင်လိုက်သည် နှင့် နောက်ကနေ ခေါ်ရင်း အတင်းလိုက်ဆွဲမိသည်။

ချိန်းက နောက်လှည့်ပြန်ကြည့်သည်။

"မယု ဟာ ဘယ်တုန်းက ပြန်ရောက်နေတာလဲ"

"တစ်ပတ်လောက်ရှိပြီ၊ ဒါနဲ့ မင်း မင်း ပုဂံ ဘုရားဖူး သွားတယ်ဆို"

"မဟုတ်တာ"

"နိုးနိုးနဲ့ ဆို"

“အန်ကယ်ပါ,ပါတယ်၊ နေမကောင်းလို့ ရှမ်းပြည်ဘက်မှာ အပန်းဖြေထွက်ခဲ့တာတဲ့ ၊ သူတို့ သားအဖနဲ့ ကျွန်တော် ပြည်မှာ ဆုံတာ၊ အန်ကယ်ကိုယ်တိုင် အားရင်လိုက်ပို့ပေးလိုက်ပါ ပြောလို့ ကျွန်တော်လိုက်ပို့ပေးတာ၊ မာမီ့ကိုတောင် ဖုန်းဆက်သေးတယ်လေ”

“ချိန်းရယ်”

မယု ချိန်းကို ကိုင်ထားသည့်လက်က ပြုတ်ကျသွား၏။

စျေးချိုရှေ့မှာ ရှုပ်ယှက်ခတ်သမျှလူတွေကို မမြင်တော့ဘဲ ပန့် မျက်ရည်ကြောင်းလေးတွေကိုသာ မြင်ယောင်လာခဲ့သည် ။

“ဘာဖြစ်လို့ လဲ မယု၊ အိမ်မှာ ဘာတွေဖြစ်နေလို့ လဲ”

မယု ဘာမှ ပြန်မပြောနိုင်မီ မျက်ရည်က အရင်ဝေ့လာသည် ။

ဟိုအိမ်က အမိုးရိပ်အောက်မှာ မဟုတ်ဘဲ ကင်းလွတ်ရာမှာ မို့ စိတ်က ဘာကိုမှ ထိန်းချုပ် မထားချင်တော့။

"မင်း မန္တလေးမှာ ရှိနေတာတောင် ကိုယ့် အစ်မတစ်ယောက်လုံးရဲ့ အိမ်ကို လာဖော်မရ ဘူးနော်"

ချိန်း အားနာသလိုပြုံး၍ လမ်းမပေါ်ကို လှ မ်းငေးသည် ။

"ကျွန်တော် ခရီးသွားရင် ဘယ်ဆွေမျိုးအိမ် ကိုမှ မတည်းတတ်တာ မယုသိသားနဲ့ "

"ဒါပေမဲ့ အခု မင်းသွားတာက နိုးနိုးနဲ့ အ တူဆိုတော့ နိုးနိုးနဲ့ ပဲ"

"ဟာဗျာ မယု ဘာတွေလျှောက်ပြောနေ တာလဲ"

"မယုပြောတာ မဟုတ်ဘူး ၊ အန်တီပြော

တာ၊ လာ ငါတို့ ဟိုဆိုင်မှာ မြီးရှည်သွားစားရင်း စကားပြောရအောင်”

ချိန်းကိုခေါ်၍ ဆိုင်ထဲဝင်ခဲ့ကြသည် ။

မယု သေချာထိုင်ပြီးကာမှ သေချာပြောပြ၍ မျက်ရည်ပါ ကျတော့သည် ။

“ပြောပါဦး ချိန်းရယ်၊ မင်းနဲ့ ပန် ဘာတွေဖြစ်သွားတာလဲ”

ချိန်း ဘာမှ မပြောဘဲ မျက်နှာကြီးနီရဲနေသည် ။

“တကယ်ဆို မဟုတ်ဘူး ဆိုလည်း မင်းသူ့ကိုထားပြီး ဒီလောက်အကြာကြီး နေဖို့ မကောင်းဘူး သိလား၊ သူ့ခမျာ”

ဆက်မပြောနိုင်ဘဲ မယု ငိုပြန်သည် ။

“သူ့ အိမ်မှာ ဒီလောက်ထိဖြစ်နေတာ ကျွန်တော် လုံးဝမသိဘူး၊ နည်းနည်းမှ ကို မရိပ်မိ

ဘူး၊ အဲဒါ မျိုးသိပ်ထားစရာလား မယုရယ်၊ ဒါ သည်းခံတာ မဟုတ်ဘူး ၊ ဒီလိုလူကို လူတော် လူကောင်းလို့ ဘယ်သူက ချီးမွမ်းမှာ လဲ၊ ညံ့ တာ၊ ဒါတွေကြောင့် သူနဲ့ ကျွန်တော် အမြင် တွေစောင်းပြီး စဖြစ်ကုန်တာပဲ”

“ဘာပဲဖြစ်ဖြစ် ဒီလောက်အေးဆေးတဲ့ မိန်း ကလေးကို မင်း ကြဲဖန်နားလည်ပေးသင့်ပါတ ယ်”

“ဘယ်မိန်းမမှ သည်းမခံနိုင်တဲ့ ကိစ္စမျိုးကို ကော သူဘာဖြစ်လို့ သည်းခံနေရတာလဲ၊ သူ့ ရှေ့မှာ ကျွန်တော်ရှိနေတာ ဘာကိုကြောက်နေ ဖို့ လိုလဲ”

ကရဏာဒေါသဖြင့် ပြောနေမိပေမယ့် ယောက်ျားအနားကိုပင် မကပ်ရဲအောင် အားငယ်ခဲ့ရှာသော ပန့်မျက်နှာလေးကို မြင်ယောင် ကာ သနားလို့ မဆုံး။

သူ့ခမျာ ကိုယ့်ဆီရောက်လာခဲ့သည့်အတွက် မိဘက စွန့်ပစ်ခဲ့သည် ။ အမွေတွေပါ ဆုံးခဲ့ရသည် ။

မလိုလားသော မျက်နှာတွေကြားမှာ အရိုက်အနှက်ခံ၍ မျိုသိပ်သည်းခံနေခဲ့ရှာ၏။ တကယ်တော့ သူလည်း ကွယ်ရာမှာ ဇွတ်မှိတ် ဒဏ်ခတ်နေခဲ့တာပါ။

ပန့်ကို နေ့စဉ် သတိရနေမိသည် ။

ကိုယ့်အပေါ်မှာ ရှောင်ဖယ်ဖယ် ဆက်ဆံတာတွေကော ဟိုတစ်ယောက်နှင့်မြင်လိုက်ရသည့် အပြစ်များ ပါ စုပေါင်းကာ ပေါက်ကွဲနေခဲ့မိသည် ။ ရင်ထဲမှာ ခံစားနေရသည် က အလူးအလိမ့်။

ချစ်၍ သဝန်တိုသည့်စိတ်သည် ဘာမဆိုလုပ်ရဲ၏။

နူးညံ့ခြင်းအားလုံး ပျောက်ဆုံးကာ စိတ်တို့

ဟာ အတိုင်းဆမဲ့ အေးစက်တင်းမာနေခဲ့သည်။

သို့သော် ထိုအုံဖွဲ့မှုမှာ လည်း သည် စိတ်က ခိုင်မာစွာရှိနေပြန်သည် ။

ခုတော့ အရာရာဟာ အသေးအဖွဲပဲ ဖြစ်ကုန်ပြီ။

ပန် ဘာဖြစ်ဖြစ် သူ မမေးတော့ပါ။

ကိုယ့်အတွက် စွန့်လွှတ်ဆုံးရှုံးခဲ့ရသမျှ ပန့်ကို သူ့ရင်ခွင်ထဲမှာ နွေးထွေးစေတော့မည်။

"ကျွန်တော် ဒီနေ့ပဲပြန်မယ်"

မယုမျက်နှာ ဝင်းခနဲ လက်သွားသည် ။

"မယုနဲ့ တွေ့ခဲ့တာကို အန်တီတို့ မသိစေနဲ့နော်၊ ချိန်းရယ် အစကတည်းက မင်းတို့ နှစ်ယောက် ပွင့်လင်းသင့်တယ်"

"ကျွန်တော်မှားတာပါ မယုရယ်၊ မာမီတို့

သူ့ကို ဒီလောက်ထိ မလိုလားကြမယ်လို့ လုံးဝ မထင်ခဲ့မိဘူး၊ သူတို့ မိန်းမသားချင်း သင့်မြတ်နေကြတယ်ပဲထင်တာ”

“ခုပြန်သွားတော့ မင်းဘာလုပ်မှာ လဲ”

“ပန့်ကို ကျွန်တော် ဆွဲထုတ်သွားမှာ ပေါ့။ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်အသိုင်းအဝိုင်းမှာတော့ ပန့်ကို တင့်တင့်တယ်တယ်ဖြစ်အောင် ကျွန်တော် ထားနိုင်ပါတယ်”

ချိန်း ထရပ်သလို မယု လိုက်ရပ်ပြီးရယ်သည် ။

စားစရာတွေထားပြီး ဒီတိုင်းကျန်ခဲ့တော့မည်အဖြစ်ကို ဘယ်သူမှ သတိမရ။

“မင်း ဘယ်လိုပဲထားထား ပန့် အရမ်းပျော်မှာ ပါ၊ သူလေ သူ့ အဲဒီလိုဘဝမျိုးလေးကို စိတ်ကူးတောင် မယဉ်ဝံ့ရှာပါဘူးဟယ်၊ သူထင်တာက အိမ်တွင်းရေးတစ်ခုခု သူပြောပြလိုက်ရင်

မိဘမောင်နှမဘက်က နင်ကနာပြီး သူ့ကိုမုန်း မယ်ပေါ့"

အဲဒီလောက်ထိ လူကဲခတ် ညံ့ရသလားဟု ယူကျုံးမရ တွေးမိပြန်သည် ။

ငါ့မျက်နှာ၊ ငါ့မျက်လုံးတွေမှာ မင်းကိုချစ်နေတဲ့ အချစ်တွေ ရှိမနေဘူးလား၊ နည်းနည်းလေးမှ မင်းမမြင်ဘူးလား ပန်ရယ်။

ချိန်း စိတ်မကောင်းစွာ တွေးမိရင်း ရန်ကုန်ပြန်ဖို့ ကို အမြန်ဆုံး စီစဉ်တော့သည် ။

တကယ်တော့ ဒါတွေကို နိုးနိုးတို့ ဘက်ကလည်း ဘာမှ သိကြတာမဟုတ်။ နိုးနိုး သူ့အပေါ် အရေးပေးလွန်းတာကို အခွင့်ကောင်းယူကာ မဟုတ်မဟတ်ပြောခြင်းမို့ သရေဖျက်မှုပင် မြောက်နေပြီ။

မာမီတို့ ဆန္ဒသည် ပန့်ကို သူနဲ့ ကွဲသွားစေဖို့ အဓိကဖြစ်နေတာ ဘာကြောင့်လဲ။ စိုးရိမ်သည့်

အတိုင်း သူပြန်သွားတော့ အိမ်မှာ ပန် မရှိ တော့ပါ။

"ဘာ ပန်မရှိတော့ဘူး ဟုတ်လား"

မေလင်း တံခါးဝကနေ ဆီးပြောတာကို သူ မယုံနိုင်။

အိမ်ပေါ် တောက်လျှောက်ပြေးတက်ကာ အခန်းထဲကို ဝင်လိုက်မိသေးသည် ။ အိပ်ရာ ပေါ်မှာ သူ့ခေါင်းအုံးနှင့် ပန့်ခေါင်းအုံးနှစ်လုံး က ထပ်လျက် မွေ့ရာခင်းကအစ ပြန့်ပြန့်ဖြူးဖြူးလေး ကျန်ခဲ့၏။

စားပွဲပေါ်မှာ လည်း စာအုပ်တွေ ပစ္စည်း တွေအားလုံး စီရီကျနစွာပဲရှိ၏။ အဝတ်ဗီရိုမှာ ဖွင့်ကြည့်တော့ ပန့်အဝတ်အစား တစ်စုံမှ မ လျော့ခဲ့။

ရင်ထဲမှာ အဆမတန် ပူလောင်သွား၏။

ခရီးဆောင်အိတ်  ဆလင်းဘတ်အိတ်ကအစ ဒီအတိုင်းရှိနေသဖြင့် သူ ပြန်ပြေးဆင်းလာခဲ့သည် ။

"မေလင်း မေလင်း"

"ရှင်"

မေလင်းက  သြဇာသီးစားရင်း  သူ့ရှေ့ပြေးလာ၏။

"ပန်းကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ နှင်လိုက်တာလား။ နင်တို့ ဘာလုပ်လိုက်တာလဲ"

"ဘယ်သိမလဲ ကိုကိုလေးရဲ့ "

အိမ်မှာ မာမီတို့ မရှိသေးသည့်အချိန် ကိုကိုလေး ရောက်လာသည် ။

ကိုယ်  အားလုံးသိပေမယ့်  တစ်ယောက်တည်းဆိုတော့ မပြောရဲ။

မသိဘူးပဲ ပြောချလိုက်သည်။

"ဒါဆို ပြောစမ်း၊ ပန့်ကို ဘယ်သူနှင်ချလိုက်တာလဲ"

"ဟို"

မေလင်း ဘာပြောရမှန်းမသိသေးမီ ကံကောင်းထောက်မစွာ မာမီတို့ ရောက်လာခဲ့သည်။

"ဘယ်သူမှ နှင်မချဘူး၊ သားရဲ့ မိန်းမ သူ့ဟာသူ ဆင်းသွားတာ၊ သားနဲ့ နိုးနိုး ဒီကနေ အတူတူပျောက်သွားတာကို သူထင်ရာတွေ စွပ်စွဲပြီး မပေါင်းနိုင်တော့ဘူးတဲ့ ၊ ဒီစကားတွေ ဟိုတစ်ဖက်က ကြားသွားရင် ကောင်းမလားသားရယ်၊ အမြဲတမ်း အေးအေးဆေးဆေးနေလာပြီး ဒီကိစ္စကျတော့ အို ဘီလူးသရဲစီးတာ ကျနေတာပဲ ဘယ်လိုမှ ကို ရှင်းပြလို့ မရဘူး၊ မာမီလည်း သည်းမခံနိုင်တော့တာနဲ့ သွားချင်

သွားလို့ ပြောလိုက်ရတာပေါ့၊ အဲဒါ မာမီတို့ ဘာလွန်တာရှိလို့လဲ”

အမူအရာ ကောင်းပါသည်။

စကားလုံးကလည်း ယုံလောက်ပါ၏။

ချိန်း သေသေချာချာ သိ လာပြီးမှ တောင် တွေခနဲဖြစ်သွားခဲ့သည်။

“ပန်လေ မင်းနဲ့ နိုးနိုး ထွက်သွားကြတာကို ခိုးရာလိုက်ပြေးကြသလိုလို သူတို့ ပြောကြ တော့ မယုရင်ခွင်ထဲဝင်ပြီး ကြိတ်ငိုရှာတာ သ နားစရာကောင်းလိုက်တာ ချိန်းရယ်၊ သူ့ရှေ့မှ မျက်နှာတည့်တည့်ကြည့်ပြီး မုန်းကြောင်း ရွံ့ကြောင်း ပြောနေတာတောင် သူ့ခမျာ တစ်ချ က်မှ မော့မကြည့်ရှာဘူး၊ နင့်အမေက ငါ့အဒေါ် ပါပဲ၊ ဒါပေမဲ့ဟာ သိပ်ကို တစ်ဖက်စောင်းနင်းဖြစ်လွန်းတော့ မမြင်ရက် တော့ဘူး။

“ဆွဲကြိုးကိစ္စမှာ လည်း ပန်တောင်မသိဘူး ငါသိတယ်၊ အဲဒီဆွဲကြိုးကို သူတို့ တိုင်ပင်ပြီး မေလင်းကိုယ်တိုင် တက်ခိုးတာ၊ နင်တို့ လည်း အဆင်မပြေဖြစ်အောင် မေလင်းကလည်း ရရင်သူယူရမှာ ဆိုပြီးတော့ပေါ့။ အိမ်မှာ ငွေလိုလို့ မဟုတ်ဘူး ၊ နင်တို့ တမင်ရန်ဖြစ်စေချင်တာ၊ မေလင်း ခုတလောကျမှ ဝတ်တဲ့ ဟန်းချိန်း လေးက အဲဒီကြိုးကို ဖျက်လုပ်ထားတာပဲ”

“ငါ ဒီမလာခင်တစ်ရက်ဆို အဝတ်လျှော်စက်ရောင်းပြီးပြီလို့ ပြောပြီး ပန့်ကို အဝတ်တွေ လျှော်ခိုင်းလိုက်တာ လက်ကလေးတွေမှာ ပေါက်ပြဲသွေးထွက်ရောပဲ၊ နင်စဉ်းစားကြည့်စမ်း လူတစ်ယောက်လုံးကို လူလိုဆက်ဆံတာမှ မဟုတ်တာ၊ နောက်ဆုံး နင်နဲ့ တွဲသွားတွဲလာ မလုပ်ရဘူး၊ နင်ဘာဝယ်ပေးပေး မယူရဘူးဆိုတာအထိ ဖြစ်လာတာ”

မယုပြောသမျှကို သတိရလာသည် ။

ချိန်းမျက်နှာမှာ နာကြည်းသော အပြုံးတစ်ခု ဖြစ်ထွန်းခဲ့၏။

ခုလည်း သူနဲ့ နိုးနိုး အတူထွက်သွားသည့်ကိစ္စအား ပုံကြီးချဲ့ပြောလွန်းလို့ ပန် ဆင်းသွားတာပဲဖြစ်မှာ ပါ။

ဒါမှ မဟုတ် နှင်ချလိုက်ကြတာလား။

"ကျွန်တော် တစ်ခုပဲမေးချင်တယ်၊ ပန် ဒီမှာမရှိတော့ရင် မာမီတို့ စိတ်ချမ်းသာမှာ လား"

"ဘယ်လို"

"မင်းဘယ်လိုပြောလိုက်တာလဲ မောင်လေးမင်းပြောပုံက"

"ကျွန်တော်မေးတာကိုပဲ ဖြေပါ"

သားအမိနှစ်ယောက်လုံး မျက်နှာပျက်သွားသည် ။

သို့သော် ချက်ချင်း ဖုံးဖိပျောက်ကွယ်ပစ်၏။

"သူဟာသူ ရှိတာ မရှိတာ တို့ နဲ့ မဆိုင်ပါဘူး၊ မင်းနဲ့ စပ်မှ ချွေးမတော်ရတာ၊ သား မရှိရင် တစိမ်းပဲ၊ ဒီအတွက် သူထွက်သွားတာကို လွမ်းဆွေးသတိရနေဖို့ လည်း မရှိဘူး၊ ဒီမှာ သားသားက သူထွက်သွားတဲ့ ကိစ္စကို မကျေနပ်နေတာလား"

ချိန်းက အဓိပ္ပာယ်မဲ့သော ခြောက်ကပ်ကပ် အပြုံးနှင့် ဆိုဖာပေါ်မှာ ထိုင်ချလိုက်သည် ။

"မာမီတို့ နဲ့ မပတ်သက်ဘဲ သူဟာသူ အထင်လွဲတာ ဆိုရင်တော့ ပြီးတာပါပဲ၊ ဒါမှ မဟုတ်လို့ မာမီတို့ ပယောဂတစ်ခုခုကြောင့် ဆိုရင် မာမီနဲ့ ကျွန်တော့်ကြားမှာ ဒီကွဲလွဲမှုကို ဘယ်တော့မှ ပြန်စေ့စပ်လို့ ရမှာ မဟုတ်တော့ဘူး၊ ပန်က သိပ်ကို သနားစရာကောင်းပါတယ် မာမီ"

"ဩော် လက်စသတ်တော့ မင်းက မာမီ့ကို

သံသယဝင်နေတာကိုး၊ အေး မင်းမိန်းမကို မာမီ ရက်စက်ခဲ့တာမျိုးရှိရင်တောင် မင်းကိုချစ်လို့ ပဲ ချိန်း၊ ကျောသားရင်သား ခွဲခြားနေဖို့ မလိုဘူး ကွဲပြား လာပြီသား၊ ကိုယ့်သားသမီးကို ဘယ်မိဘကမှ ကျောသားလို သဘောထားမှာ မဟုတ်ဘူး ၊ ချွေးမက ချွေးမပဲ၊ သမီး မဟုတ်ဘူး ၊ မာမီ သားနဲ့ ချွေးမ သားကိုပဲ မာမီလိုချင်တယ်”

“မာမီလည်း ချွေးမဖြစ်ခဲ့တာပဲ၊ တစ်ချိန်တုန်းက မာမီ့ယောက္ခမက မာမီ့ကို ဘယ်လိုဆက်ဆံခဲ့သလဲ၊ သူ့မေတ္တာကြောင့် မာမီ နွေးထွေးခဲ့သလား၊ သူရက်စက်လို့ မာမီ မျက်ရည်ကျခဲ့ရသလား၊ မိန်းမချင်း ဘဝချင်းစာနာတတ်ရင် ဝမ်းနည်းစရာတွေ ဖြစ်လာကြမှာ မဟုတ်ဘူး မာမီ၊ အခု မာမီ့မှာ သမီးတွေရှိသေးတယ်၊ သူတို့ တစ်နေ့ ယောက္ခမတွေ ရကုန်မှာ ”

"သား မင်း မင်း တိတ်စမ်း"

ချိန်းက ဟင့်ခနဲ မျက်နှာမော့ရယ်၏။

ဝမ်းသာအားရ မဟုတ်ပါ။

ကိုယ့်လက်ပူမှ ပူမှန်းသိကြသော လူတွေထဲမှာ မာမီက ထိပ်ဆုံးကပါလား။

"မင်း သူ့အတွက်ကို ဘာမှ ပူနေဖို့ မလိုဘူး၊ သူက သူ့ငွေးသမီး သူ အားကိုးရှိလို့ သွားတာ သွားပစေပေါ့"

"ကျွန်တော်ကတော့ ကြည့်မနေနိုင်ဘူး မာမီ၊ ပန်က ကျွန်တော့်မိန်းမ၊ ကျွန်တော် လိုက်ရှာရမှာ ပဲ၊ ပန့်ကို ကျွန်တော် စိတ်ချမ်းသာအောင်ထားမယ်၊ သူဖြစ်စေချင်သလို ဖြစ်စေရမယ်"

"သား"

"မောင်လေး မင်းမိန်းမဘက်ကို ဒီလောက်

ထိ ပါဖို့ မလိုဘူး၊ ငါတို့ တွေက မင်းရဲ့ ကောင်း ကျိုးပဲ ကြည့်ခဲ့ကြတာ၊ မင်းအပေါ် စေတနာ ထားကြတဲ့ သူတွေ”

“ဟုတ်တယ် အဲဒါကို ကျွန်တော်နားလည် တယ်၊ ဒါပေမဲ့ မမကြီးတို့ အတွက်တွေမှာ အဆိပ် တက်နေတယ်၊ အဆိပ်တွေက အားလုံးကို ဒု က္ခပေးမှာ ပဲ၊ ကျွန်တော်မလိုချင်ဘူး၊ ခုလည်း မယူဘူး၊ နောက်လည်း ဘယ်တော့မှ မယူဘူး၊ ကျွန်တော်သွားမယ်”

“ဘယ်ကိုလဲ၊ မင်းက ဘယ်သွားမှာ လဲ”

ချိန်း ထရပ်လိုက်တော့ ကျောပေါ်က ကျော ပိုးအိတ်လေးကို လွယ်ထားဆဲပဲရှိကာ ထာဝရ နှုတ်ဆက်နေသည့် ပုံစံဖြစ်သည် ။

ဒေါ်ဇင်မာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ် သွား၏။

သားပြန်လာလျှင် ပြောဖို့ စကားတွေက

စိပြီးသား။

အစီအစဉ်ထဲမှာ သားနဲ့ ပန်ဟာ လုံးဝ မျက်နှာချင်းမဆိုင်ဖြစ်တော့ဘဲ ပြတ်တောက်ကွဲကွာသွားရမည် ဖြစ်၏။

တကယ်ဖြစ်လာတော့ တစ်မျိုး။

ဒေါ်ဇင်မာက အကွက်မြင်သည် ။

လှုပ်ရှားသွားသည့်စိတ်ကို ချုပ်တီးလိုက်ပြီး သက်ပြင်းရှိုက်သည် ။

အေးစက်တင်းမာနေသည့် ချိန်းရှေ့ကနေ ပိတ်ရပ်ထားလိုက်ပြီး

"မင်းမသွားနဲ့ ဦးလေ၊ မင်းသွားရာနေလည်း စမ်းတဝါးဝါးနဲ့ ကြာသွားမှာ ပဲ၊ ဒီလိုတွေဖြစ်မှန်းသိလို့ မာမီက သူထွက်သွားကတည်းက ဘယ်သွားလဲဆိုတာကို လိုက်ကြည့်ထားတာ၊ သူလည်း

ကျေနပ်သွားအောင် မာမီ လိုက်ခေါ်ပေးမယ်၊ မာမီကိုယ်တိုင် ရှင်းပြမှ သူယုံမှာ ပါ"

အပြုံးတချို့ ဖန်ဆင်းပုံဖော်ကာ မာမီ့မျက်နှာကို ချိန်းက စိုက်ကြည့်၏။

ရင်ထဲမှာ ပဲ ဟားတိုက်ရယ်မိသည် ။

"ကျွန်တော် ဒီလောက်မအဘူး၊ မာမီကိုယ်တိုင် လုပ်ခဲ့ပြီး မာမီပြန်ပြီး နှောင်ဖွဲ့ပေးဖို့ ကြိုးစားတာ၊ ကျွန်တော်ရဲ့ ယုံကြည်မှုကို ယူပြီး နောက်ထပ်တစ်ခါ ဒီထက်ပိုင်တဲ့ အခြေအနေ တစ်ခု မရမချင်း ပန်နဲ့ကို မာမီ ဆုပ်ကိုင်ထားနိုင်ဖို့ မဟုတ်လား"

ချိန်းက ကျောပိုးအိတ် ကြိုးသိုင်းကို လက်မနှင့် ပြန်ချိန်း၍ ရယ်လိုက်၏။

နဖူးက ဆံပင်တစ်ချက်သပ်ရင်း ခေါင်းခါပစ်လိုက်သည် ။

“နေပါစေတော့ မာမီ၊ ကျွန်တော့်မိန်းမ မရှိတဲ့ နေရာမှာ တစ်နာရီ တစ်စက္ကန့်လေးမှ ထိုင်နေလို့ ရမှာ မဟုတ်မယ့်အတူတူ သူ့ကိုရှာရင်း လိမ့်နေခွင့်ရလည်း မဆိုးပါဘူး”

ခြေလှမ်းများကို လမ်းမပေါ်သို့ ဦးတည်ခဲ့သည် ။

မင်း ဘယ်မှာ လဲ ပန်။

ရင်ထဲမှာ ပူနေသည် ။

အဝေးမှာ ထင်ရာစိုင်းနေတော့ ဖြေလို့ ရခဲ့သေးသည် ။

သူ့အရိပ်ကလေးတွေ ရှိတဲ့ နေရာရောက်တော့ ဘယ်လိုမှ နေလို့ မရတော့ပါလား။

မင်းမရှိတော့တဲ့ နေရာမှ တစ်စက္ကန့်လေးတောင် ကိုယ်မပျော်တော့ဘူးဆိုတော့ စကားအဖြစ် မဟုတ်ဘူး ပန်။

မင်း အဲဒီလောက်ထိ ကိုယ့်ကို ဖြားယောင်းနိုင်ခဲ့တာ သိလား။

ခြေလှမ်းတွေ ကျဲနေပေမယ့် ဘယ်ဆီကိုမှန်းမသိ။

"ဟေ့ အံမာ ရက်ချိန်း"

နောက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ မျိုးမင်း

"မျိုးမင်း မင်း ချောင်းသာသွားတယ်ဆို

"အေးလေကွာ၊ ပြန်လာတာပေါ့၊ အလုပ်လုပ်ဖို့ သွားကြည့်တော့ မစွံပါဘူး၊ ဒါနဲ့ နေပါဦး မိန်းမကလည်း အမျိုးသမီးဘော်ဒါဆောင်ထဲဝင်သွားတယ်၊ လင်လုပ်သူကလည်း ကျောပိုးအိတ်နဲ့ မင်းတို့ က ဘာတွေလဲ"

"ဟင် မင်း မင်း ပန့်ကိုတွေ့ခဲ့တာလား"

ချိန်း ထိတ်ထိတ်ပျာပျာမေးတော့ မျိုးမင်း

က မျက်မှောင်ကုတ်ကြည့်၏။

"မင်းတို့ ပုံစံကြည့်ရတာ သိပ်မစွံပါလား၊ ဘာလဲ ပန်စိတ်ဆိုးပြီး အိမ်ကဆင်းသွားတာလား၊ ဒါမှ မဟုတ်"

"နေပါဦး မင်းထင်ကြေးပေးတာတွေ နောက်မှ ပေးပါ၊ ပန်ဘယ်မှာ လဲ၊ ဘယ်မှာ တွေ့ခဲ့တာလဲ မြန်မြန်ပြောစမ်းပါ"

"ဟား ရောဂါပဲ ဒီကောင်၊ ငါသဘောပေါက်ပြီ၊ ဒီတိုင်းမရဘူးကွာ၊ မင်း ငါ့ကို ဘယ်လိုပြုစုမလဲ ပြော ဟဲဟဲ၊ ငါမပြောရင် မင်းခြေတိုသွားမှာ နော်၊ ရက်မှ လ လမှ နှစ်သို့လည်း ပြောင်းသွားနိုင်သေးတယ်"

ချိန်း ဒေါသဖြစ်ဖြစ်နှင့် ဆွဲထိုးမလို့ လုပ်တော့မှ မျိုးမင်း တဟားဟားရယ်၍ လက်ကာခြေကာနှင့် ဖွင့်ပြောသည် ။

"ဟိတ်ကောင် ငါလိုက်ခဲ့ရဦးမလား"

“မလိုပါဘူး”

သူ ကားတစ်စီးငှားပြီး ဈေးခနဲ ဝင်ထိုင်သည် ။

ရင်ထဲမှာ ပျော်နေသည် ။

ခိုးကိုးရာမဲ့ အဆောင်ပေါ်မှာ မျက်နှာငယ်စွာရှိနေမည့် ပန်နှံကို သူ့ရင်ငွေ့ဖြင့် နွေးထွေးစေပါမည်။

*

# အခန်း ( ၃၁ )

အဆောင်လှေကားထစ်များကို ကျော်ဖြတ်လာခဲ့ရင်း "သီတာဆောင်"ဟု ရေးထားသည့် အခန်းရှေ့ရောက်တော့ ဘဲလ်တီးဖို့ လက်လှမ်းလိုက်စဉ်

"အန်တီချစ်ဘက်ကလည်း ထည့်တွက်ဦးပန်၊ မမချစ်တို့ ဆုံးသွားတာတောင်မှ သမီးရဲ့ အမွေတွေကို ဆက်ထိန်းပေးနေရတယ်၊ သမီးပြောသလို အမွေဖြတ်တာတွေ အမွေလွှဲတာတွေ သတင်းစာထဲထည့်ပြီး ဘာတွေမှန်းမသိဘဲ လျှောက်လုပ်ပေးရသေးတယ်၊ သမီးကကျတော့ ဘာမှ အန်တီချစ်ကို ရှင်းရှင်းလင်းလ

င်းမပြောဘူး၊ ခုချိန်ထိလည်း ပြန်လာဖို့ မပြော
သေးဘူး၊ ပြောစမ်းပါ ဒီလောက် နွမ်းပါးတဲ့
နေရာမှာ နေပြီး ဘာတွေလုပ်ဦးမလို့ လဲ၊ ဘာ
စိတ်ကူးတွေရှိသေးလဲ၊ ကိုလင်းလာတုန်းကလ
ည်း သေချာရှာပြီး တွေ့ခဲ့မေးခဲ့ဖို့ မှာ လိုက်တ
ယ်၊ စာလေးတစ်စောင်ပဲပေးပြီး ဘာမှ တိတိ
ကျကျ မပါဘူး"

"တော်ပါတော့ အန်တီချစ်ရယ်၊ အန်တီက
လည်း အများကြီးမေးပြီး သမီး ဘာမှ မပြော
သေးဘဲနဲ့ ဒေါသတွေ စွတ်ထွက်နေတာ"

"ဒေါသထွက်တာ မဟုတ်ဘူး လေ၊ တက
ယ်ဆို သမီးစိတ်နဲ့ မိဘနှစ်ပါးလုံး
ကားမှောက်ပြီး ဆုံးသွားခဲ့တာ၊ မိဘဆန္ဒအရ
လုံးဝအကြောင်းမကြားပါနဲ့ ဆိုလို့ သမီး ကိုယ့်
မိဘကိုတောင်မှ သင်္ဂြိုဟ်ခွင့်ရခဲ့လို့ လား၊ အန်
တီချစ်ကိုယ်တိုင် သမီးဘယ်မှာ မှန်းမသိလို့ မ

န္တလေးနဲ့ ရန်ကုန်ကို ဘယ်လိုမှ မမှာ နိုင်ဘူး၊ သမီးကျတော့ အန်တီချစ်ကို သိနေတာကိုး၊ အန်တီချစ် ဘာလုပ်ပေးပါ ညာလုပ်ပေးပါနဲ့ စာတစ်တန် ဖုန်းတစ်တန်နဲ့ ညွှန်ကြားလို့ အန်တီချစ် မမတို့ ရဲ့ နာရေးကြော်ငြာလည်း မထည့်ခဲ့ရဘူး၊ ရန်ကုန်က ဘယ်သူမှ မသိအောင်လည်း ဖုံးထားခဲ့ရတယ်"

"ဒါကတော့ မေမေတို့ က မန္တလေးကို ထွက်လာကြရင်း အဲဒီမှာ ဖြစ်တာဆိုတော့ ဒီမှာ အထူးတလည် ဖုံးဖိဖို့ မှ မလိုဘဲ အန်တီချစ်ရယ်၊ အမွေတွေနဲ့ ပတ်သက်ပြီး ပန်နဲ့ အမွေတွေနဲ့ ကို တွဲလျက်ကြီးမရှိချင်ဘူး"

"အလိုရှင်"

ဘဲလ်ကို မနှိပ်ဖြစ်ဘဲ ချိန်းလက်တွေ ပြုတ်ကျသွားခဲ့၏။

ပန် ဘာတွေလှုပ်ရှားနေတာလဲ။

နေရာမှာ တင်ရပ်နေမိရင်း နှားစွင့်ထားမိ ဆဲ။

"ပန်ချစ်တဲ့ ယောက်ျားနဲ့ သူ့ရဲ့ အသိုင်းအဝိုင်းဟာ လူတွေပြောကြသလို တကယ်ဟုတ်သလားဆိုတာ ပန် သေချာသိချင်တယ်၊ ပန့်ကို မိဘအရှိန်အဝါ စည်းစိမ်ဥစ္စာကြောင့်မဟုတ်ဘဲ သီးသန့်မြတ်နိုးတာကို လိုချင်တယ်၊ အဲဒါကြောင့် ဘာအမွေမှ ပိုင်ဆိုင်ခွင့်မရှိတော့တဲ့ မိန်းမတစ်ယောက်အဖြစ်ကို ခံယူခဲ့တာ၊ သမီး အဲဒီအတွက် အများကြီး စတေးလိုက်ရပါတယ် အန်တီချစ်ရယ်"

"ဖြစ်ရလေအေ၊ ဒါဖြင့် အခု သမီးကို သူတို့က ကန်ချလိုက်ကြတာပေါ့"

"ဟင့်အင်း မဟုတ်ပါဘူး၊ ပန်ဆင်းလာခဲ့တာ ဒီပြင်အကြောင်းရှိလို့ပါ၊ ကိုကိုကလေ လူတွေပြောကြသလို မဟုတ်ဘူး ၊ သူဟာ ငွေမ

က်ဖို့ နေနေသာသာ ငွေက လိုက်ရင်တောင် ဂရုမစိုက်တဲ့ သူပါ"

"သူက သမီးကိုချစ်ရဲ့ လား"

ပန့်အသံလေး တိတ်သွား၏။

"မသိဘူး၊ ဒါပေမဲ့ ဟိုတုန်းကတည်းက ကိုကို့ကို သမီးကပဲ ချစ်ရတာပါ၊ သမီးရဲ့ ဘ၀ ဆင်းရဲခြင်း ချမ်းသာခြင်းကို ကိုကိုက ဘာမှ စိတ်မဝင်စားဘူး၊ သူ့အချစ်ရဖို့ က သိပ်ကို တန်ဖိုးကြီးပါတယ် အန်တီချစ်ရယ်"

"ဖြစ်ရလေ ငါ့တူမရယ်၊ အန်တီချစ်လေ ဒီတူမလေးတစ်ယောက်တည်း ရှိတော့လို့ သာ အလိုလိုက်နေရတာ ရင်ထဲမှာ မချိတော့ဘူး။ ကိုယ့်စည်းစိမ် ကိုယ့်အဆောင်အယောင်နဲ့ ခန့်ခန့်ညားညားနေပါတော့ကွယ်၊ မမတို့ ဘယ်လို ပဲ မှာ ခဲ့မှာ ခဲ့ သူတို့ ဒေါသအလျှောက်ပြောခဲ့ကြတာပါ၊ တစ်ဦးတ

ညီးသော သမီးလေးပဲကွယ်၊ ပစ်ရက်နိုင်ပါ့မလား၊ တကယ်အမွေဖြတ်ချင်ရင် သူတို့ မသေဆုံးမီကတည်းက စီစဉ်သွားမှာ ပေါ့၊ ခုတော့ မိဘက ဘာမှ မဟုတ်ခဲ့ဘဲ သမီးကသာ စွန့်လွှတ်ခဲ့ရတဲ့ သမီးလိုလို ကြေငြာပစ်လိုက်တာ၊ အန်တီနဲ့ မန္တလေးကို ပြန်လိုက်ခဲ့ပါကွယ် နော်၊ သမီးချစ်တဲ့ သူတွေကိုလည်း ခေါ်ခဲ့ပါ။ သမီးတို့ချစ်ခြင်းကို အန်တီက ခွဲနေတာမှ မဟုတ်တာ၊ ဟိုမှာ သိုက်သိုက်ဝန်းဝန်း ပြန်နေပါကွယ်"

"သမီး ကိုကိုမပါဘဲ မလိုက်ဘူး၊ ကိုကိုက ဒီမှာ ပဲ ဒီလိုပဲ နေပါဆိုရင် နေမယ်၊ သွားဆိုရင် သွားမယ်၊ ပန် ကိုကို့ကို ချစ်တယ်"

ထိုစဉ်မှာ ပင် တံခါးက ရှပ်ခနဲ ပွင့်သွား၏။

အထဲက တစ်စုံတစ်ယောက် ထွက်လာခြင်းဖြစ်သည် ။

တံခါးပွင့်သွားရာကို ပန် အမှတ်တမဲ့ မော့

အကြည့်

ချိန်း ဆုတ်ဖို့ လွတ်ဖို့ လည်း ရုတ်တရက် အချိန်မရတော့ဘဲ

"ဟင် ကိုကို"

ချိန်း နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည် ။

"ကိုကို ကိုကို နေဦး"

ပန် အတင်းပြေးလိုက်သည် ။

"သမီး သမီး နေမကောင်းဘူးဆို၊ မပြေးနဲ့လေ"

နောက်က အော်ပြောလိုက်သံသဲ့သဲ့ကို ကြားလိုက်၏။

ချိန်း လှေကားထစ်တွေကို ခပ်သုတ်သုတ် ပြေးဆင်းရင်း လက်ရမ်းကိုကိုင်ကာ ရပ်ပစ်လိုက်သည် ။

"ကိုကို"

စိတ်လှုပ်ရှားနွမ်းလျှမှုများ နှင့် ပန် လေ့ ကားထိပ်ကနေ မိုက်ခနဲ ပြာဆင်းသွားသည် ။

"ပန်"

"ကိုကို အား မူးလိုက်တာ"

"သမီး သမီးလေး"

သူ ပန့်ကိုပွေ့၍ အဆောင်ထဲ ပြန်ဝင်ခဲ့ရ၏ ။

*

## အခန်း ( ၃၂ )

ပန် သတိရလာသည် နှင့် ငိုသည် ။

သူ့လက်ကို တင်းကျပ်စွာ ဆုပ်ဆွဲထားရင်း တုန်ယင်နေရှာ၏။

"ရက်စက်လိုက်တာ ကိုကိုရယ်၊ ပန့်ကိုထားပြီး ကိုကို ပြန်ထွက်သွားရက်တယ်နော်၊ ပန်လေ ကိုကိုနဲ့ မတွေ့မချင်း ဒီကနေ ထွက်သွားမယ်လို့ ထင်လို့ လား၊ ပန် ဘယ်တော့မှ မသွားဘူး"

"ပန်ရယ် ကိုယ်"

ဒေါ်သန်းသန်းချစ် သက်ပြင်းသဲ့သဲ့ချကာ နေရာမှ ထွက်သွား၏။

အဆောင်ပိုင်ရှင်လည်း အနားမှာ လာရပ်ပြီးမှ လှည့်ထွက်သွားလေသည် ။

"ဟိုတစ်ခါ ကိုကိုအထင်လွဲတဲ့ လူကြီးက လေ အဲဒါ အန်တီချစ်နဲ့ လက်ထပ်တော့မယ့်လူ ပါ ကိုကို၊ ဦးလင်းထွန်းတဲ့ ၊ အင်ဂျင်နီယာတစ် ယောက်ပါ၊ ပန် ပန် ကိုကိုမသိအောင် လုပ် ထားတာရှိလို့ ရုတ်တရက် မပြောပြနိုင်ခဲ့တာပါ၊ အဲဒါကလည်း ပန်မှားပါ တယ်၊ ပန် အချစ်ကို လောဘတကြီး လိုချင်ခဲ့ တာပါ၊ ကိုကို ကိုကို့ကို စော်ကားသလိုဖြစ်ခဲ့ရ င် ပန့်ကိုခွင့်လွှတ်ပါ၊ မုန်းတော့ မမုန်းပါနဲ့ ကို ကိုရယ်၊ ပန် ကိုကို့ကို သိပ်ချစ်တယ်"

သူ့ရင်ထဲမှာ ဘာတွေဖြစ်နေပါသနည်း။

ပူပြင်းလောင်မြိုက်နေသည် ။

ပန့်ကို သူမမုန်းပါ။ စော်ကားသည် ဟု လ ည်း မထင်ပါ။

တကယ်လည်း သူမ၏ စမ်းသပ်ချက်အတိုင်း ကိုယ့်မိသားစုဘက်က စိတ်ဓာတ်ရေးရာဟာ ရှက်ဖွယ်လိလိ ဖြစ်ခဲ့ရသည် ။

ပြီးတော့ သူနှင့်ပတ်သက်ပြီး ပန် အလူးအလိမ့် ပေးဆပ်ခံစားခဲ့ရတာတွေ သူ့ဘက်ကတော့ ချစ်တယ်ဆိုသည့်စကားကိုပင် မပြောဖြစ်ခဲ့တာ။

ဒါဟာ တကယ်တော့ ချစ်လွန်းလို့ ပဲဆိုတာ ခုချိန်ကျမှ ပြောရင် စိန်ရောင်ရွှေရောင်ကြားမှာ အရာထင်ပါဦးမှာလား။

ဒါကြောင့် ဒါတွေကို ရေငုံနှုတ်ပိတ်ပြီး သူလှည့်ပြန်ခဲ့တာပါ။ မင်းကို ကိုယ်သိပ်ချစ်ပါတယ် ပန်ရယ်။

အများ သူငါ ရေလဲသုံးတဲ့ ချစ်တယ်ဆိုတဲ့ စကားတွေထက် အဆများ စွာချစ်မိလို့ ကိုယ့်

အချစ်ကို တစ်နေ့ကျမှ တခမ်းတနား ဖွင့်ဟချ
င်စိတ်နဲ့ မျှသိပ်ခဲ့တာပါ၊ ခုတော့မှ ကိုယ်ဘယ်
လို ပြောရမှာ လဲ။

"ကိုကို"

"ဟင်"

"ချစ်တယ်ဆိုတဲ့ စကားကို ကိုကို ဘယ်
တော့မှ မပြောလည်း ပန် ကြားခွင့် မရှိရင် ရှိပါ
စေတော့၊ မုန်းတော့ မမုန်းပါနဲ့ နော်၊ ပန် ကိုကို့
ကို မခွဲနိုင်ဘူး"

"ပန်ရယ်"

သူ ပန့်နံဘေးမှာ ဝင်လှဲရင်း ပန့်ကိုယ်လေး
ကို သိမ်းကျုံး ပွေ့ဖက်ထားလိုက်မိ၏။

ပြီးတော့ တမ်းတမေ့မူးသော အနမ်းများ နှ
င့် အထပ်ထပ်တောင်းပန်မိရင်း

"မင်းကို ကိုယ်ဘယ်လို ချစ်ပြရမလဲ"

ဟု တိုးတိတ်စွာ ရေရွတ်လိုက်မိ၏။

ချိုသော နှုတ်ခမ်းသားလေးတို့ ဆီမှ သာယာမှုအပေါင်းမှာ သူ ဝပ်စင်းရင်း အချစ်ကို ပုလဲကလေးများ သဖွယ် သီကုံးနေခဲ့မိဆဲ။

*

ပရိတ်သတ်အတွက်

အမြဲတမ်း

ဗျူး